

www.burmeseclassic.com
တက္ကသိုလ် - ကိုဇွေး
ဂမ္ဘီရဆန်းကြယ်
ဝတ္ထုများ
ဂြိုဟ်မွှေတဲ့ အိပ်မက်
BURMESE CLASSIC .com
MYATLINN
www.burmeseclassic.com

www.burmeseclassic.com

# မြိတ်စာပေ

အမှတ်-၂၂၁၊(၃၁)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉၇၃၂၄၅၀၄၈၊ ၀၉၅၀၃၁၀၃၄


ပဥ္စ ဂုဏ် အဟံ ဝန္ဒာမိ
တက္ကသိုလ်-ကိုဌေး
ဂမ္ဘီရဆန်းကြယ် ဝတ္ထုများ(ဖြိုဟ်မွှေတဲ့အိပ်မက်)

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၇၂၁၂၁၁ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၅၆၁၀၁၁ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၁၂ခုနှစ်၊မေလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်ခင်ရှိရှိမြင့် |
| | | ဇေကာင်းဆုအော့ဖ်ဆက် |
| | | အမှတ်(၅၂/ခ)၊ရွှေယင်းမာလမ်း၊ |
| | | ၁၃ရပ်ကွက်၊ရန်ကင်း။ |
| ထုတ်ဝေသူ | - | ဦးလှနိုင်(မြိတ်စာပေ) |
| | | အမှတ်(၆၆)၊ဗိုလ်ဥဿုမလမ်း၊ |
| | | ကြည့်မြင့်တိုင်၊ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | မြိတ်စာပေ (ဖုန်း-၀၉၇၃၂၄၅၀၄၈) |
| | | ၂၂၁၊၃၁-လမ်း(အထက်)၊ရန်ကုန်။ |
| စီစဉ်သူ | - | ကိုလှနိုင်(မြိတ်) |
| အထက်မြန်မာပြည် | - | နဂါးစာပေ(မန္တလေး) |
| ဖြန့်ချိရေး | - | ထွန်းဦးစာပေ(မန္တလေး) |

၈၉၅.၈၄
တက္ကသိုလ်-ကိုဌေး
ဂမ္ဘီရဆန်းကြယ် ဝတ္ထုများ (ဖြိုဟ်မွှေတဲ့အိပ်မက်)/ရန်ကုန်။
မြိတ်စာပေ၊ ၂၀၁၂။
၁၉၅ - စာ ၊ ၁၂ × ၁၈စင်တီ
ဂမ္ဘီရဆန်းကြယ် ဝတ္ထုများ (ဖြိုဟ်မွှေတဲ့အိပ်မက်)၊


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဂမ္ဘီရကြေးမုံ | ၅ |
| ၂။ | အချစ်ကြွေး | ၃၃ |
| ၃။ | ဝိညာဉ်ကလဲ့စား | ၆၆ |
| ၄။ | ဖြိုးပြက်မွှေတဲ့အိပ်မက် | ၈၉ |
| ၅။ | လင်းယုန်ငှတ်တုတ်နှင့် ဆတ်မြေမနင်းသား | ၁၁၈ |
| ၆။ | ကိုယ်တွင်းနာ | ၁၄၈ |
| ၇။ | ပယောဂဝင်နေသောတောဝက် | ၁၇၁ |
| ၈။ | သေမင်းနှင့်ယှဉ်ပြိုင်၍ | ၂၀၀ |
| ၉။ | ပြဿဒါးနေ့ | ၂၂၃ |
| ၁၀။ | ပျောက်ဆုံးနေသောနှလုံးသားများ | ၂၄၆ |






# ဂမ္ဘီရကြေးမုံ

BURMESE CLASSIC .com

**ဇန်နဝါရီလ ၃ ရက်**

စာရင်းစစ်တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်မှာ ဘဝဇာတ်ဆရာ ခိုင်းစေသမျှ ငိုရ ကရတဲ့ဘဝဆိုတာမျိုး ဖြစ်ပါတယ်။ နေ့စဉ် နံနက် ၁၀ နာရီ ရုံးရောက်ပြီးတာနဲ့ ရုံးလုပ်ငန်းတွေကို ညနေ ၅ နာရီထိုးတဲ့အချိန်အထိ မနားတမ်းဆိုသလို လုပ်ရပြီး ညဘက်ရောက်ပြန်တော့ ည ၈ နာရီကနေ နောက်တစ်နေ့ နံနက် ၁ နာရီအထိ တစ်ထိုင်တည်း လုပ်သွားရပါတယ်။

ကျွန်တော် တစ်ယောက်တည်း စာရွက်စာတမ်းစာရင်း ဇယားတွေနဲ့ အလုပ်ရှုပ်နေတဲ့ အချိန်မှာ ကမ္ဘာလောကကြီးတစ်ခုလုံးက တော့ ဘာမှမဖြစ်သလို အိပ်မောကျချက် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော်တာဝန်ခံပြီး စစ်ဆေးပေးနေရတဲ့ စာရင်းတွေက "ပို့ကုန်အင်ဝေါ်သာစပွန်" လုပ်ငန်းက လယ်ဂျာစာအုပ်နဲ့ စာရင်းများပဲ ဖြစ်ပါတယ်။ ကျွန်တော်စစ်ဆေးပေးရမည့် လယ်ဂျာစာအုပ်ပေါင်း (၂၀) တိတိ ဖြစ်ပါတယ်။ အလွန်ပင် ရှုပ်ထွေးနက်နဲတဲ့ စာရင်းတွေဖြစ်ပါတယ်။ ဒီလုပ်ငန်းတစ်ခုလုံးကို အမှန်အတိုင်း စစ်ဆေးဖော်ထုတ်ပေးဖို့ ကျွန်တော့်ကို လုံးဝပုံအပ်ထားခြင်း ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အမှုဖွင့်ပြီး တရားရုံးမှာ တရားစွဲတင်ထားပြီးလည်းဖြစ်ပါတယ်။ စစ်ဆေးပြီးတာနဲ့စစ်ဆေးတွေ့ရှိချက် အားလုံးကို စာရွက် စာတန်းများနဲ့အတူ ရှေ့နေလက်ကို သတ်မှတ်အချိန်အတွင်း ပေးအပ် သွားရမှာဖြစ်ပါတယ်။

ဒီကနေ့နံနက် ၁၀ နာရီမှာပဲ ဦးနှန်ဆင်ဆိုသူက စစ်ဆေးချက်တွေကို ယခုလ ၂၀ ရက်နေ့အပြီး ပေးအပ်ဖို့ ထပ်ပြီးညွှန်ကြားလာပြန်ပါတယ်။ ကျွန်တော် အဓိကထားပြီး စစ်ဆေးပေးရမည့် အချက်တွေက စာရင်းထိန်းချုပ်ထားချက်များ၊ပျောက်ဆုံးနေတဲ့ ကိန်းဂဏန်းများနဲ့ ငွေကြေးအလွဲသုံးစားမှု ရှိ.မရှိဆိုတဲ့ အချက်တွေ ဖြစ်ပါတယ်။

ဒီစစ်ဆေးတွေ့ရှိချက် ရလဒ်ဟာ လူကြီးလူကောင်း တစ်ယောက်လည်းဖြစ်၊ မြို့တော်ကောင်စီဝင်တစ်ယောက်လည်းဖြစ်တဲ့ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးကို တရားခံဘဝ ရောက်သွားစေနိုင်မှာ ဖြစ်တယ်ဆိုတာကို ကျွန်တော်လုံးဝ နားလည်ထားပြီး ဖြစ်ပါတယ်။

စတင်စစ်ဆေးတဲ့ နေ့ကနေ တနင်္လာနေ့ရောက်တဲ့ အခါမှာတော့ ငွေကြေးအလွဲသုံးစား လုပ်ထားတာ သေချာတယ်ဆိုတဲ့ သဲလွန်စကို စပြီး တွေ့ရှိရပါတယ်။ တောကောင်အမဲကြီးများကိုသာ ပစ်ခတ်လိုတဲ့ တောလိုက် မုဆိုးတစ်ယောက်အဖို့ သားကောင်ကို ခြေရာခံမိသည်အထိ ပန်းခင်းတဲ့လမ်းမျိုး လျှောက်လှမ်းနိုင်မှာ





မဟုတ်ဘူးဆိုတာကို သဘောပေါက်ထားပါတယ်။

သားကောင်ကို မပစ်ခတ်နိုင်သေးခင် တောလိုက်မုဆိုးတစ်ဦးဟာ တောရဲ့အတိမ်အနက် အခြေအနေကိုကြည့်ပြီး ဘယ်လိုဖြတ်သန်းရမည်ဆိုတာကို စဉ်းစားဝေဖန်ရတာလိုစာရင်းစာအုပ် ၂၀ ကိုဘယ်လိုကိုင်တွယ်ရမည်ဆိုတာကို ဆုံးဖြတ်ချက်ချသွားရမှာ ဖြစ်ပါတယ်။

ဒီအဖြစ်မျိုးမှာ မီးကုန်ယမ်းကုန် လက်ကုန်အောင် လုပ်သွားရမည့် အလုပ်မျိုးဖြစ်သလို တစ်သက်မှာတစ်ခါ ကြုံတောင့်ကြုံခဲလှတဲ့ ပွဲကြီးတစ်ပွဲလည်း ဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

အဆိုပါ မြို့တော်ကောင်စီဝင်လူဝကြီးဆိုသူကို မြို့တော်ထမင်းစားပွဲကြီးတစ်ခုမှာစားပွဲထိပ်မှာ အဆီတဝင်းဝင်းနဲ့ ပေါင်ပေါ်တွင် အဝတ်ဖြူပိုင်းတစ်ခုကိုခင်းပြီး နေရာယူထားတာကို တွေ့ခဲ့ရဖူးပါတယ်။ သူနဲ့မျက်နှာချင်းဆိုင် စားပွဲထိပ်မှာတော့ ကိုယ်နေဟန်ခပ်သေးသေးနှင့်ပုဂ္ဂိုလ်တစ်ဦးက မျက်နှာမသာမယာနှင့် ထိုင်နေတာကို ကြည့်ရှုအကဲခတ်နေပုံရပါတယ်။

ယခု ကျွန်တော်စစ်ဆေးနေတဲ့အလုပ်ရဲ့ အခြေအနေမှန်ကို သာ သိရလျှင်တော့ ထိုလူဝကြီးဟာလည်းထိုလူငယ်လိုပဲမျက်နှာကောင်းနိုင်တော့မယ် မထင်ပါဘူး။

ဇန်နဝါရီလ ၆ ရက်

ကျွန်တော့်အနေနဲ့ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆိုပါက အလုပ်ကနေ ခွင့်ယူပြီး နားနေရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုလိုမိုးထဲလေထဲဖြစ်နေတဲ့ ကာလမျိုးမှာအနားယူဖို့ဆိုတာ စကားတောင်မဟာနိုင်တဲ့အခြေအနေမျိုးဖြစ်လို့ တကယ်လို့သာ ဆရာဝန် စကားအတိုင်း အနားယူလိုက်ပါက မိုက်မဲရာရောက်သွားမှာ သေချာပါတယ်။

အမှုပြီးမှသာ တစ်ခါတ်သို့မဟုတ် သင့်တော်သလိုအနားယူ

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုယ်တိုင်က အစကတည်းက ဆရာဝန်ဆီ မသွားသင့် တာအမှန်ပါ။ ဒါပေမဲ့ ဘယ်လိုစိတ်ကူးပေါက်ပြီး သွားမိခဲ့ရတာလဲလို့ မေးစရာဖြစ်လာ ပါတယ်။

ကျွန်တော်ဟာ ညဘက်မှာ တစ်ယောက်တည်းထိုင်ပြီး အလုပ် လုပ်ဖန်များလာတဲ့အခါ တစ်ကိုယ် လုံး ညောင်းညာကိုက်ခဲလာတဲ့အပြင် စိတ်တွေ ဂယောက်ဂယက် ဖြစ်လာ လေ့ရှိပါတယ်။ ကိုယ်တွေလက်တွေ ညောင်းညာကိုက်ခဲခြင်း တစ်မျိုး တည်းသာမဟုတ်ပါ။ ခေါင်းကိုက် ခြင်း၊ ဇက်ကြောတက်ခြင်းအပြင် မျက်စိတွေမှုန်ဝေလာတာမျိုး ဖြစ် လာတတ်ပါတယ်။ တစ်ခါတလေ မျက်စိတွေမှုန်နေတဲ့ ဝေဒနာမျိုးကိုပါ ခံစားလာရပါတယ်။

ကျွန်တော် မျက်စိဝေဒနာ သက်သာအောင်ဗံရှိမိုက်၊ ဒါမှမဟုတ် ကလိုရင်းပါတဲ့ ဆေးတစ်မျိုးမျိုးကို သုံးစွဲရရင် ကောင်းလိမ့်မယ်လို့ ထင် ပါတယ်။ ဒီလိုဆေးဝါးကုသမှုကို ခံယူ လိုက်ပါက အလုပ်ကိုရပ်ထားရမှာ ပါ။ ဒါပေမဲ့ စောစောကပြောသလို ရှုး မိုက်ရာကျမှာမို့ အနားယူဖို့ဆိုတာကို စိတ်ကူးမှ မကူးရဲပါဘူး။

ဒီလိုနဲ့ လယ်ရှာစာအုပ် ၂ အုပ်ကို စစ်ဆေးပြီးခဲ့တာမို့ တတိယ မြောက် လယ်ဂျာစာအုပ်ကို ဆက် လက်ကိုင်တွယ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**ဇန်နဝါရီလ ၄ ရက်**

ကျွန်တော့်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးရှိအကြောအချဉ်တွေတောင့် တင်းနေခြင်းဟာ ကျွန်တော့်ကျန်းမာ ရေးနဲ့အသက်ကိုပါ စိုးရိမ်ရတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။ ဆရာဝန်ထံ သွားပြီးပြသဖို့ လိုတာအမှန်ဖြစ်ပါ တယ်၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ကုလားထိုင်ပေါ်ထိုင်ပြီး ကလောင် တံတစ်ချောင်းကို ကိုင်ပြီးလှုပ်ရှား နေနိုင်သမျှမှာတော့ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတဲ့ပုံလို ဆက် လုပ်သွားရမှာ ဖြစ်ပါတယ်။

ဒီအထဲမှာပဲ ကျွန်တော်ဟာ ဝေဒနာကို မခံမရပ်နိုင်တော့တာ ကြောင့် ဒုတိယအကြိမ် ဆရာဝန်ထံ သွားလိုက်ရပြန်ပါတယ်။ ကျွန်တော့် အာရုံ ၅ ပါး ခံစားမှုမှန်သမျှကို တိတိကျကျ စစ်ဆေးမှတ်တမ်း တင် တာကို ခံယူရပါတယ်။

ကျွန်တော့် ရောဂါဟာ အထူးစိတ်ဝင်စားဖို့ကောင်းတဲ့အတွက် ယခုလို အသေးစိတ်စစ်ဆေးပြီး မှတ် တမ်းမှတ်ရာယူထားတာလို့ ဆိုပါ တယ်၊ ကျွန်တော့်မှာ ဒီလိုရောဂါ ပေါ်လာတာနဲ့ ကျွန်တော့်ရဲ့ မျက်စိ တွေဟာ မထင်မရှားနဲ့ မှုန်ဝါးဝါး ဖြစ် လာတတ်ပါတယ်၊ ဒီအခါမျိုးမှာ အမှန်တကယ်မရှိတဲ့ ရုပ်ပုံတွေကို မျက်စိရှေ့မှာ မြင်တွေ့လာရပါတယ်။

ဥပမာအားဖြင့် လူတစ် ယောက်အိပ်ပျော်ပြီး နိုးတစ်ဝက် မနိုး တစ်ဝက်ကာလမှာ အိပ်မက်မက်နေ တဲ့ လက္ခဏာမျိုး ပေါ်လာတာမျိုးပါ။ အိပ်မက်မက်ပြီး နိုးလာတာနဲ့ တစ် ပြိုင်တည်း အိပ်မက်တွေ ပြန်ပြီးမေ့ ပျောက်မသွားအောင် ချက်ချင်းမှတ် တမ်းတင်ထားဖို့ လိုပါတယ်။ ဒါမှသာ တခြား အာရုံတွေ ပေါ်လာတာနဲ့ အိပ် မက်တွေကို မေ့ပျောက်သွားတာမျိုး မဖြစ်မှာပါ။

ကျွန်တော့် အခန်းထဲမှာ ငွေသားနဲ့ ဘောင်ကွပ်ထားတဲ့ မှန် တစ်ချပ် ရှိပါတယ်။ ရှေးဟောင်း မှန်တစ်ချပ်ပါ။ ဒီမှန်ကို ရှေးဟောင်း ပစ္စည်းများကို အမြတ်တနိုးခုံမင်သူ မိတ်ဆွေတစ်ဦးက သူ့ရှာဖွေသိမ်း ဆည်းထားတဲ့အထဲမှ မေတ္တာလက် ဆောင်ပေးကမ်းထားခြင်းဖြစ်ပါတယ်။

ဒီမှန်ရဲ့ရာဇဝင်နဲ့ ပတ်သက် လို့ လမ်းဘေးမှာ လက်လီပြန်လည် ရောင်းချတဲ့ ကုန်စုံဆိုင်တစ်ဆိုင်က ဝယ်ယူလာတယ်ဆိုတာလောက်သာ သိရပြီး ဒီမှန်ကို ဘယ်တိုင်းပြည် ဘယ်ဒေသက လာတယ်ဆိုတာကို တော့ မသိရဘူးလို့ ပြောပါတယ်။

မှန်အရွယ်အစားက တော် တော်ကြီးတယ်လို့ ဆိုနိုင်ပါတယ်။ အကျယ် ၃ ပေရှိပြီး အမြင့် ၂ ပေရှိ ပါတယ်။ ဒီမှန်ကို ကျွန်တော်တာရေး







www.burmeseclassic.com

www.burmeseclassic.com



စားပွဲရဲ့ဘယ်ဘက်မှာရှိတဲ့ စားပွဲငယ်တစ်လုံးရဲ့ နောက်ဘက်မှာ ထောင်ထားပါတယ်။ အလွန်ပင် ရှေးကျဟောင်းနွမ်းနေပြီဖြစ်တဲ့အတွက် မှန်ပေါ်မှာပါရှိတဲ့ အမှတ်တံဆိပ်နဲ့အခြား စာတမ်းအမှတ်အသားတို့ကို မတွေ့ရတော့သလို သက္ကရာဇ်ဘယ်နစ်နှစ်က ထုတ်လုပ်ခဲ့တယ်ဆိုတာကိုလည်း မသိနိုင်တော့ပါဘူး။

ဒါပေမဲ့ မှန်ဘောင်ရဲ့ ပတ်လည်တစ်လျှောက်လုံး ရွှေဘက်ကို စရွေးစွန်း အတန်ငယ်ထုတ်ပေးထားတဲ့အတွက် မူလမှန်သားအရည်အသွေးနဲ့ ပေါင်းစပ်ပြီး အမြင်ကြည်လင်တာမို့ ကြည့်ရှုရာတွင် ပိုပြီး အားကောင်းနေပါတယ်။ ခေတ်ပေါ်မှန်များနှင့်မတူဘဲ ကြည်လင်ပြတ်သားတဲ့ ရုပ်ပုံတွေကို ရှင်းရှင်းမြင်တွေ့နိုင်က ဒီမှန်ကိုကြည့်ရတဲ့အရသာမှာ ထူးထူးကဲကဲ ခံစားရမှု ရှိနေပါတယ်။

ဒီမှန်ကို ကျွန်တော်ထိုင်တဲ့ စားပွဲနဲ့ အဆင်ပြေအောင် တပ်ဆင်ထားတဲ့အတွက် ကျွန်တော့်နောက်ကျောဘက်မှာရှိတဲ့ ပြတင်းပေါက်မှာ တပ်ဆင်ထားတဲ့ အနီရောင်ခန်းဆီးမှလွဲပြီး အခြားဘာကိုမှမမြင်ရပါဘူး။

ဒါပေမဲ့ မနေ့ညကတော့ ထူးထူးခြားခြားနဲ့ ဆန်းကြယ်တဲ့ ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီအချိန်မှာ နာရီအတန်ကြာအောင် ကျွန်တော်အလုပ်လုပ်နေဆဲ ဖြစ်ပါတယ်။ ထုံးစံအတိုင်းပဲ ကျွန်တော့်ဇက်ကြောတွေ ထိုးတက်လာတာကို တောင့်ခံနေရပါတယ်။ ဒီကမှတစ်ဆင့် ခေါင်းထဲမှာ မူးနောက်လာတဲ့ ဝေဒနာကို ဆက်လက်ခံစားလာရပါတယ်။ မျက်စိတွေထဲမှာလည်း နှင်းမှုန်တွေကျလာနေသလို ဝိုးတဝါး ဖြစ်လာတဲ့အတွက် လုပ်လက်စ အလုပ်ကို မကြာခဏ ရပ်နားပြီး မျက်စိအမြင်ရှင်းအောင် ထပ်တလဲလဲ လုပ်ပေးနေရပါတယ်။

ဒီလိုဖြစ်နေတုန်းမှာပဲ ကျွန်တော့်မျက်လုံးတွေ မှုန်ဝါးနေတာကို သေချာအောင်ဆိုပြီး ကျွန်တော့်ဘေးစားပွဲမှာ ထောင်ထားတဲ့မှန်သား





ပြင်ထဲကို အမှတ်တမဲ့ဆိုသလို ကြည့်ဖြစ်သွားခဲ့ပါတယ်။ အခါတိုင်းဆိုရင် ဒီမှန်ကို ကြည့်လိုက်တိုင်း မှန်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ပြတင်းပေါက်ခန်းဆီးအနီစကြီးကိုသာ တွေ့နေရမြဲဖြစ်ပါတယ်။ ယခု အခါတိုင်းလို မြင်တွေ့နေကြ အနီရောင်ပြတင်းပေါက်ခန်းဆီးအစား တစ်သက်နဲ့တစ်ကိုယ် မမြင်မတွေ့ရဘူးသေးတဲ့ အထူးအဆန်းဆုံး ရုပ်ပုံလွှာကို တွေ့မြင်လိုက်ရခြင်းပဲဖြစ်ပါတယ်။

အခါတိုင်းလို အနီရောင်ခန်းဆီးကို မမြင်ရတာဟာ မှန်သားပြင်ပေါ်မှာ ရေခိုးရေငွေ့နဲ့ အခြားအမှုန်အမွှားတွေ ဖုံးကွယ်ထားတာကြောင့် ဖြစ်နိုင်တယ်လို့ ပထမပိုင်းမှာ ထင်မိခဲ့ပါတယ်။ ဒါပေမဲ့ တကယ်ကိုင်တွယ်စမ်းသပ် ကြည့်တဲ့အခါမှာတော့ မှန်သားပြင်ပေါ်မှာ ဘာတစ်ခုမှမရှိဘဲ မှန်ရဲ့နောက်ဘက်ထိ တိုးလျှိုပေါက် ဟင်းလင်းဖြစ်နေတာကို မြင်နေရပါတယ်။

ကျွန်တော်ဟာ အံ့အားသင့်ပြီး မှန်ထဲက ဟင်းလင်းပြင်ကြီးကို စူးစူးစိုက်စိုက်ငေးမောကြည့်ရှုနေမိပါတယ်။ ဒီအချိန်အတွင်းမှာပဲ တိမ်တိုက်ကြီးတစ်ခု ပေါ်လာပါတယ်။ အချိန်အနည်းငယ်အတွင်းမှာပဲ တိမ်တိုက်ကြီးဟာ လေပွေကြီးတစ်ခု အဖြစ်ကို ပြောင်းလဲပြီး အရှိန်ပြင်းစွာနဲ့ ပတ်ချာလည်နေတာကို တွေ့မြင်နေရပါတယ်။

ကျွန်တော့်အနေနဲ့ မြင်တွေ့နေရတာကို သံသယရှိလာတဲ့အတွက် တကယ်ဟုတ်ရဲ့လား သေချာအောင် နောက်ကိုပြန်ကြည့်မိပါတယ်။ ကျွန်တော့်နောက်ဘက်မှာတော့ အခါတိုင်း မြင်ရိုးမြင်တွေ့နေကျအတိုင်း အနီရောင် ခန်းဆီးကြီးကိုသာ ပုံမှန်အတိုင်း တွေ့မြင်နေရပါတယ်။ နောက်ကို ပြန်ကြည့်မိတာကတော့ မှန်ထဲကအတိုင်းဆိုပါက မီးစွဲလောင်နေတယ်လို့ ယူဆလိုက်မိတဲ့အတွက် ဖြစ်ပါတယ်။

ဒါပေမဲ့ အခန်းတစ်ခုလုံးဟာ လုံးဝတိတ်ဆိတ်ငြိမ်သက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကို တွေ့ရပါတယ်။ အခန်းနံရံမှာ တပ်ထားတဲ့ တိုင်ကပ်နာရီကြီးရဲ့ ချိန်သီးက ဟိုဘက် ဒီဘက် ရွေ့ရှားတိုင်း တစ်တစ် တစ်တစ်ဖြင့် မှန်မှန်မြည်လျက်သာရှိနေပြီး မှန်ထဲမှာ တွေ့ရတဲ့တိမ်လေပွေကြီးနဲ့ တူတာဆိုလို့ ဘာမှမတွေ့ရပါဘူး။

အဆိုပါ မြူ ဒါမှမဟုတ် တိမ် ဒါမှမဟုတ် မီးခိုး ဒါမှမဟုတ် ဘယ်လိုပဲ ခေါ်ခေါ်ဆိုတာတွေဟာ ကျွန်တော် သေသေချာချာစိုက်ကြည့်နေတုန်းမှာပဲ အစိုင်အခဲ ၂ ခု အဖြစ်ကို ပြောင်းသွားပြီး တစ်ခုနဲ့ တစ်ခု သိပ်မကွာဝေးလှဘဲ အလွန်နီးနီးကပ်ကပ် ပေါင်းစပ်သွားကြပါတယ်။

ကျွန်တော်အနေနဲ့ ထူးဆန်းလှတာကြောင့် ကြောက်လန့်ရမှာထက် ဘာတွေဆက်ဖြစ်လာမလဲ ဆိုတဲ့ သိချင်တဲ့စိတ်ဇောကြောင့် နေရာမှမထနိုင်ဘဲ ဆက်ပြီး ငေးစိုက်ကြည့်နေလိုက်မိပါတယ်။ မကြာမီအတွင်းမှာပဲ စောစောက အခိုင်အခဲ ၂ ခုတို့ဟာ လူတစ်ယောက်ရဲ့ မျက်လုံး ၂ လုံးအဖြစ် တဖြည်းဖြည်းချင်း ပုံပေါ်လာတာကို မြင်တွေ့လာရပါတယ်။

အဲဒီ မျက်လုံး ၂ လုံးဟာ ကျွန်တော့်အခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ်ဖြင့် ဂရုတစိုက်လှေ့လာ ကြည့်ရှုနေတာကို တအံ့တသြတွေ့လိုက်ရပါတယ်။ ဒီမျက်လုံး ၂ လုံးကို ဆက်ပြီးကြည့်နေဆဲမှာပဲ ထိုမျက်လုံး ၂ လုံး ပိုင်ရှင်အမျိုးသမီးတစ်ဦးရဲ့ ဦးခေါင်းပုံကို ဆံပင်နဲ့အတူ ပေါ်ထွက်လာတာ တွေ့ရပြန်ပါတယ်။

ဦးခေါင်း၊ ဆံပင်နဲ့ မျက်နှာရုပ်အင်္ဂါလက္ခဏာတို့က မှုန်ဝါးဝါးဖြစ်နေပေမယ့် မျက်လုံး ၂ လုံးကဖြင့် ပီပီသသရှိလှပါပေတယ်။

အလွန်ပင်နက်မှောင်ပြီး ရူးရတောက်ပလှတဲ့ မျက်လုံးများဖြစ်ကြပါတယ်။ ဒီမျက်လုံးတွေကို လေ့လာကြည့်တဲ့အခါမှာ တစ်စုံတစ်ခုကို မကျေနပ်သည့်အတွက် အပြင်းအထန် စိတ်လှုပ်ရှားခြင်း၊





ဒေါသထွက်ခြင်းနှင့် ကြောက်ရွံ့တုန်လှုပ်ခြင်း လက္ခဏာမျိုး အားလုံးရောထွေးပြီး ခံစားနေရဟန် ပေါ်လွင်နေပါတယ်။ ကျွန်တော့်တစ်သက်လုံးမှာ ယခုလောက် တင်းမာနေတဲ့အကြည့်၊ စက်ဆုပ်ရွံရှာမုန်းတီးတဲ့အကြည့်မျိုးနဲ့ ကြည့်တဲ့မျက်လုံးမျိုးကို ထင်ထင်ရှားရှား မတွေ့ခဲ့ဘူးသေး။ ဒါကို ဝန်ခံရမှာဖြစ်ပါတယ်။

ထိုမျက်လုံးတွေဟာ မေ့ပျောက်လို့မရနိုင်အောင် အသက်ဝင်လွန်းလှတယ်လို့ ဆိုချင်ပါတယ်။ ဒီမျက်လုံးတွေက မှန်ရှေ့မှာထိုင်နေတဲ့ ကျွန်တော့်ကို ကြည့်နေတာမျိုး မဟုတ်ဘဲ ကျွန်တော့်ကို ကျော်လွန်ပြီး အခန်းထဲဆီကိုသာ စူးစူးစိုက်စိုက် ကြည့်နေတာမျိုး ဖြစ်ပါတယ်။

ဒီအချိန်ကလေးမှာပဲ ကျွန်တော် ထိုင်ရတာကြာလာတော့ ညောင်းလို့ နေရာပြင်ထိုင်လိုက်မိပါတယ်။ ကျွန်တော့်လက်တွေကိုလည်း နဖူးပေါ် တင်လိုက်မိပါတယ်။ ဒါတင်မကသေးဘဲ ကျွန်တော့်စိတ်ကိုလည်း ပြန်လည်သတိဝင်လာအောင် အားထုတ်လိုက်မိပါတယ်။

ဒီလိုအခြေအနေ ပြောင်းလိုက်မိတာနဲ့တစ်ပြိုင်နက် စောစောက ကျွန်တော် မထင်မရှားမြင်တွေ့နေရတဲ့ အမျိုးသမီးရဲ့ ဦးခေါင်းပုံဟာ တစ်မုဟုတ်ချင်းဆိုသလို ထူးဆန်းစွာ ပျောက်ကွယ်သွားပါတယ်။ မှန်သားပြင်ဟာလည်း တဖြည်းဖြည်းချင်း ပြန်လည်ကြည်လင်လာပြီး ပြတင်းပေါက်မှာတပ်ဆင်ထားတဲ့ အနီရောင်ခန်းဆီးဟာ မူလအတိုင်းပြန်လည် ပေါ်လာပါတော့တယ်။

သဘာဝလွန်ဖြစ်ရပ်တွေကို မယုံကြည်သူ၊ ဘာသာရေး အယုံအကြည်နည်းသူတစ်ဦးအနေနဲ့ဆိုရင် အခုလို မြင်ရတွေ့ရတာတွေဟာ မဟုတ်မှလွဲရော အလုပ်လုပ်ရင်း အိပ်ငိုက်သွားရာက ကယောင်ကတမ်းနဲ့ အိပ်မက်မက်ပြီးမှ ယခုလို ကယောင်ချောက်ချားနဲ့ ရုပ်ပုံတွေမြင်တွေ့တာဖြစ်နိုင်တယ်လို့ အသံသာယနဲ့ ပြောကြမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းဝန်ခံရမယ် ဆိုရင် ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ အင်္ဂ ပျော်ဘူးဆိုတာတို့ အိပ်ငိုက်နေတယ်ဆိုတာတို့ လုံးဝ မရှိခဲ့ဘူးဆိုတာကို ကျိန်တွယ်ဖြော၍ ပါတယ်။ သို့တိုင်အောင် မှန်ထဲက ရုပ်ပုံမျိုးကို ကျွန်တော် မြင်ရခြင်းမျိုးဟာ စိတ်သောကများလွန်းရာမှ အိပ်မပျော်တဲ့ရောဂါ စွဲကပ်လာပြီး ဖြစ်ပေါ်လာရတဲ့အကျိုးတရားကြောင့် အမြင်အာရုံမှားပြီး စိတ်ကူးယဉ်မျိုး ဖြစ်လာအောင် မိမိစိတ်က ဖန်တီးတာမျိုး ဖြစ်နိုင်တယ်ဆိုပြီး မိမိကိုယ်မိမိ ဆင်ခြေကဲကြည့်မိပါတယ်။ ဒါဆိုပြန်ရင်လည်း မှန်ထဲမှာ ကျွန်တော် မြင်လိုက်ရတဲ့ အမျိုးသမီးက ဘယ်သူဖြစ်နိုင်ပါသလဲ။ နက်မှောင်စူးရှတောက်ပြောင်တဲ့ မျက်လုံးတွေထဲမှာ ကြောက်ရွံ့ထိတ်လန့်မှု လွန်ကဲပြီး စိတ်လှုပ်ရှားနေတဲ့ ပုံမျိုးမြင်နေရတာကကော ဘာကြောင့်ပါပဲ။ ကျွန်တော်ဘာသာ မေးခွန်းထုတ်ပြီး အဖြေမှန်ရအောင် ရှာကြည့်မိပါတယ်။

ခက်တာက . . . ဒီအဖြစ်အပျက်ကို မြင်တွေ့ရတာက ကျွန်တော် တစ်ဦးတည်း ကိုယ်တိုင်နဲ့ ကျွန်တော့်လုပ်ငန်း ဆောင်ရွက်နေချိန်အတွင်းမှာသာ ဖြစ်ပွားရတဲ့ အချက်ပါပဲ။

ပထမဦးဆုံးအကြိမ်အနေနဲ့ အခါတိုင်းရက်များထက် ကျွန်တော် လုပ်ငန်းပြီးစီးမှု စံချိန်လျော့ကျသွားတာကို တွေ့ရပါတယ်။ အခုလိုဖြစ်ရတာဟာ ဒီညမှာမှ ကျွန်တော့်ရဲ့စိတ်တွေ ပုံမှန်မဟုတ်တော့တဲ့ ဝေဒနာကို ခံစားလိုက်ရတာကြောင့် ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

နက်ဖြန်အတွက် ကျွန်တော် နိုးနိုးကြားကြားရှိပြီး သတိနဲ့နေသွားပါမည်။ ဖြစ်ချင်ရာဖြစ်လာစမ်းပါစေ။ သတိရှိရှိ စောင့်ကြည့်ဆောင်ရွက်သွားပါမည်။

ဇန်နဝါရီလ ၁၁ ရက်





အစစအရာရာ အဆင်ပြေနေဆဲပဲဖြစ်ပါတယ်။ ကျွန်တော် စစ်ဆေးရေးအလုပ်ဟာလည်း တိုးတက်ကောင်းမွန်လျက် ရှိနေပါတယ်။ ကျွန်တော်နဲ့ မှုလတာဝန်ဖြစ်တဲ့ မသမာမှုပြုလုပ်ထားတဲ့ ပုဂ္ဂိုလ်ကြီးကို အရေးယူနိုင်အောင် တစ်ဆင့်ချင်း တစ်ဆင့်ချင်း တိုးတက်ဆောင်ရွက်သွားနိုင်အောင် သတိလက်လွတ်ခြင်းမရှိစေရအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ကျွန်တော်ပြောခဲ့တဲ့ စားပွဲပေါ်ကမှန်က ကျွန်တော့်ရဲ့ဦးနောက်နဲ့ အာရုံကြောတွေကို ဘာရိုမီတာလို့ခေါ်တဲ့ လေဖိအား သွေးဖိအားတိုင်းကိရိယာတစ်ခုနဲ့ တစ်နည်းတစ်ဖုံ ဆက်နွယ်နေသလို ဖိအားပေးလျက်ရှိနေတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ညတိုင်း ညတိုင်း ကျွန်တော့် အလုပ်ပြီးခါနီးရောက်ပြီဆိုရင် ပြောခဲ့တဲ့ တိမ်ထုကြီးက မှန်ထဲမှာ ပေါ်လာလေ့ရှိပါတယ်။

စိတ်ပညာရှင် "ဒေါက်တာဆင်ကလဲယား" ကို ဒီအကြောင်းပြောပြတဲ့အခါမှာ ဒေါက်တာဟာ အထူးစိတ်ဝင်စားသွားပါတယ်။ ဒါကြောင့် ဒီမှန်ကို လေ့လာကြည့်ချင်တယ်ဆိုပြီး ညနေခင်းဘက် လာရောက်မယ်လို့ ချိန်းဆိုထားပါတယ်။ ညနေဘက်မှာ ဒေါက်တာ "ဆင်ကလဲယား" ရောက်လာပြီး ဒီမှန်ကြီးကို မှန်ဘီလူးနဲ့ အသေးစိတ်ထပ်မံကြည့်ရှု လေ့လာပါတယ်။ ကျွန်တော် လေ့လာကြည့်ရှုခဲ့စဉ်က မှန်ရဲ့နောက်ကျောဘက်မှာရှိတဲ့ သတ္တုပြားပေါ်မှာ လက်ရေးစာလုံးများနဲ့ ခပ်သော့သော့ ရေးထားတဲ့အတွက် ဖတ်ရခက်တဲ့ စာလုံးတချို့ကို တွေ့ရပါတယ်။

ယခု ဒေါက်တာဆင်ကလဲယား ထပ်မံကြည့်ရှုတဲ့အခါမှာတော့ Sanc. x Pal ဆိုတဲ့စာလုံးတချို့ကို ထပ်ပြီးတွေ့လာရပါတယ်။ ဒါပေမဲ့ ဒီစာလုံးများနဲ့ပတ်သက်ပြီး ဘယ်လိုမှ အဓိပ္ပာယ် ဖော်ထုတ်ပေးနိုင်တာ မတွေ့ရပါဘူး။ ဘယ်လိုမှ အဓိပ္ပာယ် ဖော်ထုတ်ပေးနိုင်တာ မတွေ့ရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မှန်ထဲမှာ ဘာတွေကိုပဲတွေ့ရတွေ့ရ ကျွန်တော့်မှာ ဖြစ်နေတဲ့ ဂါလကွကာတစ်ခုခုကြောင့်သာ ဖြစ်ရမယ်ဆိုပြီး မှန်ကြီးကို အဝေးတစ်နေရာကို ရွှေ့ထားလိုက်ဖို့ အကြံပေးပါတော့တယ်။

တကယ်ဆိုရင် ဒီမှန်က ကျွန်တော့်အတွက် အဓိကအန္တရာယ်ဖြစ်စေတာ မဟုတ်ဘူးလို့ ထင်ပါတယ်။ ကျွန်တော့်ကို တကယ်တမ်းအန္တရာယ်ပေးလာနိုင်တာက ကျွန်တော် တာဝန်ခံစစ်ဆေးပေးနေရတဲ့ လယ်ဂျာစာအုပ်ကြီးများသာ ဖြစ်တယ်လို့ ထင်ပါတယ်။ ဒါကြောင့် ရွှေ့ခြင်းရွှေ့ရင် ဒီစာအုပ်ကြီးတွေကိုသာ တခြားကိုရွှေ့သင့်တယ်လို့ ထင်ပါတယ်။ ဒါတောင်မှ ဒီကနေ့ အထိဆိုရင် လယ်ဂျာစာအုပ် ၈ အုပ် စစ်ဆေးပြီးနေလို့ တိုးတက်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။

ဇန်နဝါရီလ ၁၃ ရက်

ဒေါက်တာဆင်ကလဲယား အကြံပြုတဲ့အတိုင်း မှန်ကြီးကို အခြားတစ်နေရာသို့ မရွှေ့မိတာ ကျွန်တော့်အနေနဲ့ အမြော်အမြင်ရှိတဲ့လူတစ်ယောက်လို့ ဆိုရမလိုဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့အခါက မယုံကြည်နိုင်လောက်အောင် ထူးဆန်းတဲ့အဖြစ်မျိုးကို တွေ့လာရလို့ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ဆန်းကြောင့်ပဲ မှန်ကို ဘယ်မှမရွှေ့တော့ဘဲ နဂို ထားမြဲအတိုင်း ဆက်လက်ထားရှိလိုက်ပါတယ်။

လောကကြီးမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ဘယ်သူက အသေးစိတ်လိုက်ပြီး အဓိပ္ပာယ်ကောက်ယူပေးနိုင်ပါ့မလဲ။

ထိုနေ့က အချိန်နာရီအားဖြင့် ကျွန်တော့်စိတ်အထင် ပြောရရင် နံနက် ၁ နာရီလောက်ဖြစ်မယ်လို့ ထင်ပါတယ်။ အလုပ်သိမ်းတော့မှပဲဆိုပြီး ကျွန်တော့်ရဲ့လယ်ဂျယ်စာအုပ်ကြီးတွေကို ပြန်ပိတ်ပြီး သိမ်းနေပါပြီ။





နောက်ပြီးမှ အိပ်ရာဆီသို့ ယိုင်တိယိုင်ထိုးနဲ့ လျှောက်လှမ်းစပြုနေပါပြီ။ ဒီအချိန်လေးမှာပဲ မှန်ထဲကအမျိုးသမီးရဲ့ ပုံရိပ်ကို ကျွန်တော်တွေ့လိုက်ရတာ ဖြစ်ပါတယ်။ ယခင်ညတွေမှာလို မျက်စိထဲမှာ ဝိုးဝါးပြီးမှ တဖြည်းဖြည်းခြင်းဖြစ်ပေါ်လာတာမျိုး မဟုတ်ဘဲ။ အဲဒီအဆင့်ကို ကျော်ပြီးမှ တကယ်လူသားပကတိရုပ်ပုံကို တိုက်ရိုက်ဖြစ်လာရတာမျိုး ဖြစ်ပါတယ်။

မှန်ထဲကအမျိုးသမီးမှာ သောကမီးတွေ တောက်လောင်နေပုံပေါက်နေပေမယ့် မြင်ရသူတိုင်း စွဲမက်ဖွယ်ကောင်းလောက်အောင် ရမ္မက်ဇော ကြွနေတဲ့အလှကြောင့် ကျွန်တော့်မှာ ရင်သပ်ရှုမောခြင်း ကြည့်နေမိပါတယ်။ မှန်ထဲမှာပေါ်လာတဲ့ ရုပ်ပုံအရွယ်စား သေးငယ်ပေမယ့် ကြည်လင်ပြတ်သားလွန်း၍သာမို့ အပြင်တင်မြင်ရသလို ပကတိတိုင်း ပီပြင်လှပါတယ်။ သူမ ဝတ်ဆင်ထားတဲ့ အဝတ်အထည်တွေကိုလည်း ကျွန်တော့်ခေါင်းထဲမှာ အသေးစိတ် မှတ်သားထားမိပါတယ်။

ဒီအမျိုးသမီးဟာ မှန်ရဲ့ ဘယ်ဘက်အစွန်ကျကျမှာထိုင်နေတာကိုတွေ့ရပါတယ်။ သူမရဲ့နောက်ကျောဘက်ကို ကျော်ပြီး ကြည့်မယ်ဆိုရင် အရိပ်လိုလို လူနဲ့တူတဲ့ပုံသဏ္ဍာန်တစ်ခုကို မသဲမကွဲတွေ့ရပါတယ်။ သူမရဲ့ဘေးမှ ဝပ်တွားလျက်တိုးလျှိုးတောင်းပန်နေတဲ့ပုံမျိုး ထင်ရပါတယ်။ မသဲမကွဲ ပုံမျိုးဆိုရပေမယ့် အမျိုးသားတစ်ဦးရဲ့ ပုံရိပ်ဆိုတာကိုတော့ တပ်အပ်သေချာ ပြောနိုင်ပါတယ်။ အဲဒီအမျိုးသားရဲ့ နောက်ဘက်ကို ဆက်လက်ကြည့်မယ် ဆိုရင် တိမ်ခိုးတွေနဲ့ ရုတ်ရုတ်သဲသဲနဲ့ လှုပ်ရှားနေကြတဲ့ လူ့ရိပ်ပုံတွေကို မြင်နေရပါတယ်။

ကျွန်တော် မြင်နေရတဲ့ မြင်ကွင်းဟာဆိုရင် ဓာတ်ပုံကားတစ်ချပ်လို မဟုတ်ဘဲ။ အသက်ဝင်လှုပ်ရှား ကပြနေတဲ့ ဇာတ်ဝင်ခန်းတစ်ခန်းကို ကြည့်နေရတာမျိုး ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမျိုးသမီးဟာ တစ်စုံတစ်ရာ အတွက် တိုးလျိုးတောင်းပန်ရင်း ကတုန်ကယင်ဖြစ်နေတဲ့ ပုံစံမျိုးပါပဲ။ သူမရဲ့ဘေးက အမျိုးသားကတော့ အရှိအသေပြုနေဟန်ဖြင့် သူ့ရဲ့ ဦးခေါင်းကို ညွှတ်ထားပါတယ်။

စောစောပိုင်းက မထင်မရှားရှိနေတဲ့ လူရိပ်ပုံတွေဟာ မမျှော်လင့်ဘဲ အသက်ရှင်ပြီး လှုပ်ရှားလာကြရာမှ လက်ဟန်ခြေဟန်အမူအရာများ ပါလာပြီး လှုပ်လှုပ်ရွရွဖြစ်လာကြပါတယ်။ ကျွန်တော့်ရဲ့ ပြင်းပြတဲ့ စိတ်ဝင်စားမှုက အကြောက်တရားကို မေ့လျော့နေစေပါတယ်။

ဒီပြင်ကွင်းဟာ ကျွန်တော့်ကို ရူးသွပ်သွားစေနိုင်တာ အမှန်ပါပဲ။ ဒါပေမဲ့ မကြည့်ရဘဲနေရမည်ဆိုပါကလည်း ပိုပြီးဆိုးနိုင်တာကြောင့် ဆက်လက်ပြီး သေသေချာချာပင် ကြည့်နေမိခြင်း ဖြစ်ပါတယ်။ မှန်ထဲက အမျိုးသမီးနဲ့ ပတ်သက်လို့ ကျွန်တော်တွေ့ရတာမှန်သမျှကို သေးသေးမွှားကလေး ကစပြီး ပြန်ပြောနိုင်ပါတယ်။

သူမဟာ အလွန့်ကို ချောမောလှပပြီး နုနယ်ပျိုမျစ်သူတစ်ဦးဖြစ်ပါတယ်။ အသက်အရွယ်အားဖြင့် ၁၅ မှ ၂၀ နှစ်အတွင်းလောက်ဖြစ်မယ်လို့ မှန်းဆမိပါတယ်။ သူမရဲ့ ဆံပင်ဆိုရင် အထူးပဲ ကောင်းမွန်လှပြီး အညိုရောင် တောက်ပနေပါတယ်။ သစ်ကြားသီးပုံသဏ္ဌာန် ရွှေဆံထိုးတစ်ချောင်းကို ဆံပင်ထဲမှာ အလှတပ်ဆင်ထိုးစိုက်တာ တွေ့ရပါတယ်။

ထိပ်ပိုင်းဘက်မှာ အနည်းငယ်ပြားဝိုက်တဲ့ ကက်ဦးထုပ်မျိုးကို ရှေ့ဘက် ခပ်စိုက်စိုက်ငိုက်ကျအောင် ဆောင်းထားပါတယ်။ ဦးထုပ်ရဲ့အနားပတ်လည်မှာ ပုလဲလုံးများနဲ့ သီကုံးတပ်ဆင်ထားပါတယ်။ သူမရဲ့မြင့်မားပြီး ကျက်သရေရှိလှတဲ့ မဟာနဖူးက သူမရဲ့အလှကို အယဉ်ဆင့်ပေးထားသလို ဖြစ်လာစေပါတယ်။ ဒီလို မဟာနဖူးမျိုး ပိုင်ဆိုင်ထားသူများဟာ ကျွန်အမျိုးသမီးများထက် စိတ်စွမ်းအား ကိုယ်ခွန်အား ပိုမိုကြီးမားသူများ ဖြစ်ကြတယ်လို့ ဆိုပါတယ်။ ထပ်ပြီးပြောရရင် ဒီအမျိုးသမီးရဲ့ မျက်နှာမျိုးဟာ အမျိုးသမီးတိုင်း ပိုင်ဆိုင်ထားချင်ကြတဲ့ မျက်နှာမျိုးဆိုတာ သေချာပါတယ်။ ပီပြင်တဲ့ မျက်ခုံးများက ထူထဲတဲ့ မျက်ခမ်းများရဲ့အထက်မှာ ပြေပြေကလေး ညွတ်ကွေးနေပါတယ်။ အဲဒီမျက်ခမ်းရဲ့ အောက်မှာမှ အထက်ဘက်ကို ကော့ပျံနေတဲ့ မျက်တောင်မွေးများနဲ့ အံ့သြဖွယ်ကောင်းအောင် နက်မှောင်ကြီးမားတဲ့ မျက်လုံးအစုံတို့က မြင်ရသူတိုင်းကို ညို့ယူလွှမ်းမိုးနေသယောင် ရှိနေပါတယ်။

သူမရဲ့ ပါးပြင်မှာက ပန်းနုသွေးရောင်ဖျော့ဖျော့နှင့် ချောမွတ်သန့်ရှင်းလို့နေပါတယ်။ မပွင့်တပွင့်ဖြင့် ရှိနေတဲ့ နှုတ်ခမ်းလွှာအစုံတို့မှာ ဝေဒနာ တစ်စုံတစ်ရာကို ခံစားနေရဟန်နဲ့ အတန်ငယ်ဖြူလျော်နေပါတယ်။ တစ်မျက်နှာလုံးမှာ အကျော့ဆုံး အရှင်းဆုံးဖြစ်ကြတဲ့ မေးရိုးနဲ့





လည်တိုင်တို့ကလည်း ပန်းပုထုထွင်းထားဘိအလား သေးသေးသွယ်သွယ်နဲ့ ပြေပြစ်လှပါတယ်လို့ ဆိုချင် ပါတယ်။

သူမဟာ ကုလားထိုင်တစ်လုံးပေါ်မှာ ရှေ့ဘက်ကို အားပြုပြီး ခပ်မတ်မတ်ထိုင်နေပါတယ်။ ကြည့်ရတာ တစ်စုံတစ်ရာ ဒေဝနာကို ခံစားနေရပြီး ဥပမာအကြောတက် ရောဂါမျိုးကို ခံစားနေရသလို သတိလွတ်ကင်းရာက ရှေ့ဘက်ကို စူးစိုက်ကြည့်နေပုံမျိုးဖြစ်နေပါတယ်။ ကိုယ်ပေါ်မှာတော့ ကတ္တီပါအနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး လည်ပင်းမှာ တောက်ပတဲ့ ကျောက်မျက်လည်ဆွဲကို ရွှေလက်ဝါးကပ်တိုင်နဲ့ အတူ ဆွဲထားပါတယ်။ ယခု အချိန်ထိ ဖော်ပြတာတွေကတော့ မှန်ထဲက အမျိုးသမီးရဲ့ပုံကို ကျွန်တော် မြင်တွေ့တဲ့အတိုင်း ဖော်ပြရခြင်းဖြစ်ပါတယ်။

သူမ ယခုလိုဒုက္ခခံစားနေရသည်မှာ အတိတ်ဘဝက ပြုမှားခဲ့သော အကုသိုလ်ဝဋ်ကြွေးကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်ပေးဆပ်ရတာ ဖြစ်လိမ့်မည်လို့ ထင်မြင်ရ ပါတယ်။

သူမရဲ့ ကိုယ်အောက်ပိုင်းမှာတော့ အနက်ရောင်စကတ်ကို ဝတ်ဆင်ထားပြီး စကတ်ရဲ့ဘယ်ဘက်ဘေးမှာ ပုံစံမကျဖြစ်နေတဲ့ ဖဲပွင့်တွေကို တပ်ဆင်ထားပါတယ်။

သေသေချာချာ ဂရုစိုက်ပြီး အသေးစိတ်လိုက်ကြည့်တဲ့အခါမှာ အမျိုးသားတစ်ယောက်ရဲ့လက်က တစ်စုံတစ်ရာ ရောဂါကြောင့် သူမရဲ့ စကွက်ကို နိုင်မြဲနေအောင် အသေကိုင်ဆွဲထားတာကို တွေ့ရပါတယ်။ အဲဒီအမျိုးသားရဲ့ ဆုပ်ကိုင်လက်ကိုသာ အမှောင်ထုနောက်ခံကြောင့် ထင်ထင်ရှားရှား ဖြစ်နိုင်ပေမယ့် ကျန်ဝပ်တွားနေကြတဲ့ပုံရိပ်တွေကိုတော့ ဝိုးတဝါးမျှသာ မြင်တွေ့နိုင်ပါတယ်။ ထိုအမျိုးသားရဲ့ လက်တစ်ဖက်ဟာ မကောင်းတဲ့အတိတ်နိမိတ်ကို ဆောင်မည့်လက်မျိုး ဖြစ်နိုင်ပါတယ်။

ဒီအမျိုးသားဟာ ဘေးဥပဒ်အန္တရာယ်တစ်စုံတစ်ရာကျရောက်တော့မှာကို သိရှိစိုးရိမ်ပြီး ထိတ်လန့်တုန်လှုပ်နေတယ်ဆိုတာကို အသေအချာပြောနိုင်ပါတယ်။ ဘယ်လိုဘေးအန္တရာယ်မျိုးဖြစ်လို့ ဒါလောက်ကြောက်နေတာလဲ။ ဘာကြောင့် အမျိုးသမီးရဲ့စကတ်ကို မလွှတ်တမ်းဆုပ်ကိုင်ထားရပါသလဲ။

ဒီမေးခွန်းတွေရဲ့အဖြေကတော့ မြင်ကွင်းရဲ့ နောက်ဘက်မှာ မြင်နေရတဲ့ ရှန်းရှင်းဆန်ခတ် လှုပ်ရှားနေကြတဲ့ပုံရိပ်တွေကို ကြည့်ရင် သိရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ဘက်က ရုတ်ရုတ်သဲသဲလုပ်နေကြတဲ့သူတွေဟာ ကျွန်တော် ပြောခဲ့တဲ့အမျိုးသားနဲ့ အမျိုးသမီး ၂ ဦးလုံးကို လိုက်ပြီး ဒုက္ခပေးနေကြတာကြောင့် ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဒီအဖြစ်အပျက်တွေကြည့်ရင်း ကြည့်ရင်း ပိုပြီး စိတ်ဝင်စားလာတဲ့အတွက် ကျွန်တော့်တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲတာကို ဖြစ်ချင်ရာဖြစ်ပေ





တော့ဟု ဥပေက္ခာပြုထားလိုက်ပြီး မှန်ကို မျက်စိမခွာဘဲ ဆက်ပြီးကြည့်နေမိပါတယ်။

ဒါပေမဲ့ ရုပ်ပုံတွေ တဖြည်းဖြည်းမှေးမှိန်လာရာမှ လုံးဝပျောက်ကွယ်သွားပြီး မှန်သားပြင်ဟာလည်း နဂိုအတိုင်း ပြန်လည်ကြည်လင် လာပါတော့တယ်။ ဆရာဝန်က ကျွန်တော့်ကို တစ်ရက်အနားယူဖို့ အကြံပြုပါတယ်။ ကျွန်တော်လည်း အလုပ်တွေ တိုးတက်ပြီးမှုရှိနေတဲ့အတွက် တစ်ရက်အနားယူလိုက်ပါတယ်။

ဒီပုံရိပ်တွေကို မြင်တွေ့နိုင်ခြင်းဟာ ကျွန်တော်ကိုယ်ခန္ဓာ ညောင်းညာကိုက်ခဲတဲ့ ဝေဒနာနဲ့ ဆက်နွှယ်ဖြစ်ပေါ်နေတယ်ဆိုတာ ထင်ရှားသိသာနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် နေ့ခင်းဘက်က အနားယူထားတဲ့အတွက် ယခု ညဘက်မှာ ညောင်းညာကိုက်ခဲခြင်း မရှိတာမို့ အခါတိုင်းလို မှန်ရှေ့မှာထိုင်ပြီး တစ်နာရီလောက်ကြာအောင် ကြည့်နေပေမယ့် မှန်ထဲမှာ ဘယ်ပုံရိပ်မျိုးမှ ပေါ်မလာတော့တာကြောင့် ဖြစ်ပါတယ်။

ကျွန်တော် တစ်ရက်အနားယူလိုက်မိခြင်းကြောင့် အဖြစ်အပျက်တွေကို နှင်ထုတ်လိုက်သလို ဖြစ်သွားပြီး ဇာတ်လမ်းမကြည့်ရဘဲ ပျက်ထွက်သွားခြင်း ဖြစ်ပါတယ်။ ကျွန်တော် တွေ့ရမြင်ရတဲ့ မှန်ထဲက ဇာတ်လမ်းကို အလေးအနက်ထားပြီး အဓိပ္ပာယ် ဖော်ဆောင်နိုင်ပါ့မလား ဆိုတာကို တွေးတောအံ့ဩမိပါတယ်။

ဒီနေ့ညနေပိုင်း အလင်းရောင်ကောင်းကောင်း ရနေသေးတဲ့ အချိန်မှာ မှန်ချပ်ကြီးကို သေသေချာချာပြန်လည်စစ်ဆေးပြီး လေ့လာကြည့်မိပါတယ်။ ဒီအခါမှာတော့ ယခင်တွေ့ခဲ့တဲ့ စာသား SANC.x Pal ဆိုသော စာလုံးတွေအပြင် ရိုးရာဆွေစဉ်မျိုးဆက်အလိုက် ရေးသားထားတဲ့ နောက်ထပ် စာလုံးများကို ငွေပြားပေါ်မှာ ထပ်မံပြီး တွေ့ရှိနိုင်ပါတယ်။ ဒီလိုအရေး အသားမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



က အလွှန်ပဲရေးကျလှပြီး ယခုခေတ်မှာတော့ တိမ်မြုပ်ပျောက်ကွယ်လုနီးဖြစ်နေပါပြီ။

ကျွန်တော် တွေ့သမျှခွဲခြားစိတ်ဖြာပြီး ဖော်ထုတ်ကြည့်တဲ့အခါ အထက်ဖက် ၂ ခု အောက်ဘက်မှာ ၁ ခုပါတဲ့ လုံးသွားပုံ ၃ ခု ရေးမှတ်ထားတာကို တွေ့ရပါတယ်။ နောက်တစ်ရက်ရောက်တော့ ကျွန်တော်တွေ့ထားတဲ့ စာလုံးအမှတ်အသားတွေကို ဒေါက်တာဆင်ကလဲယားကို ပြကြည့်ပါတယ်။ ဒေါက်တာဆင်ကလဲယားက ရေးက ရေးသားခဲ့တဲ့ မျိုးရိုးစဉ်လာနဲ့ သက်ဆိုင်တဲ့ အမှတ်အသားတွေ ဖြစ်တာဟုတ်မှန်ကြောင်း သဘောတူပါတယ်။

ဒေါက်တာဆင်ကလဲယားဟာ ကျွန်တော် ရှင်းလင်းပြောဆိုသမျှကို အလေးအနက် နားထောင်ပြီး မရှင်းလင်းတာတွေကို မေးခွန်းထုတ်ပြီး လေ့လာမှတ်သားပါတယ်။

ဒါပေမဲ့ ဆရာဝန်ဟာ ကျွန်တော့်စကားတွေ နားထောင်ပြီး စိတ် ၂ မျိုး ပြောင်းသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ ရယ်စရာကောင်းတယ်လို့ ထင်မိပါတယ်။

ပထမစိတ်ကူးနဲ့ ဆန္ဒက ကျွန်တော့်ရောဂါ သက်သာပျောက်ကင်းစေလိုတဲ့ဆန္ဒ၊ ဒုတိယစိတ်ဆန္ဒက ကျွန်တော့်ကို နတ်ဝင်သည်အဖြစ် ယုံကြည် လက်ခံလာသောစိတ်ဆန္ဒတို့ ဖြစ်ပါတယ်။ ကျွန်တော့်အပေါ်လေးစားမှု ပိုမိုထားရှိလာတဲ့အတွက် ကျွန်တော့်ရဲ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်ကို အလေးထား ဖြေရှင်း ဆောင်ရွက်ပေးသင့်တယ်လို့ ယူဆလာပုံရပါတယ်။

အနားယူဖို့ကိစ္စနှင့် ပတ်သက်ပြီး အလုပ်မပြီးမချင်း အနားယူမှာ မဟုတ်ကြောင်း ပြတ်သားစွာ ပြောထားခဲ့တဲ့အတွက် တစ်ဖက်သတ် အတိုက်အခံသဘောမျိုး ဖြစ်အောင် ဆက်လက်တိုက်တွန်းခြင်း မပြုတော့တာကို တွေ့ရပါတယ်။





ဇန်နဝါရီလ ၁၇ ရက်

အနားယူလိုက်တဲ့အကျိုးဆက်ကြောင့်ဖြစ်နိုင်ပါတယ်။ နောက်ပိုင်း ၃ ညတိုင်တိုင် ဘာထူးခြားမှုကိုမှ မတွေ့ရတော့ပါဘူး။ နောက်ထပ် ကျွန်တော် ဆက်လုပ်သွားရမည့် အလုပ်ကလည်း လေးပုံတစ်ပုံသာ ကျန်တော့တာဖြစ်ပါတယ်။ ဒါတောင်မှ တရားရုံးရှေ့နေတွေက အစီရင်ခံစာကို တဂျီဂျီတောင်းနေကြတာကြောင့် တက်သုတ်ရိုက်ပြီး လုပ်ပေးနေရပါတယ်။

ကျွန်တော့်အနေနဲ့ စစ်ဆေးမှုကို အမြန်ပြီးအောင်နဲ့ ရှေ့နေအတွက် အချိန်အလုံအလောက်ရအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အထက်မှာ ပြောခဲ့တဲ့အတိုင်းပဲ မြို့မျက်နှာဖုံးတစ်ဦးလည်းဖြစ်၊ အမှုကလည်း ကောက်ကျစ်ပြီး မသမာထားတဲ့အမှုဖြစ်တာကြောင့် ယခုလိုအချိန်မီဆောင်ရွက်ပေးနိုင်တဲ့အတွက် ကျွန်တော့်အတွက် ယုံကြည်မှုနဲ့ နာမည်ကောင်းရနိုင်တဲ့အမြတ်ကို ခံစားရနိုင်ပါတယ်။

အမှုမှာ မှားယွင်းဖော်ပြထားတဲ့ စာရင်းတွေ၊ လက်ကျန်စာရင်းတွေကို မှားယွင်းဖော်ပြထားတာ၊ မ,တည်ရင်းနှီးငွေထဲက အစုအမြတ်တွေကို ထုတ်ယူထားတာ၊ အရှုံးစာရင်းတွေကို အမြတ်ငွေဘက်မှာ ရေးသွင်းထားတာ၊ လုပ်ငန်းသုံးငွေတွေကို ထိန်ချန်ထားတာ။ အသေးသုံးငွေတွေကို လိမ်လည်စာရင်းပြထားတာတွေကို တွေ့ရပြီဖြစ်ပါတယ်။ ဒါတွေဟာ အမှုအတွက် နိုင်လုံတဲ့ သက်သေအထောက်အထားတွေ ဖြစ်နေပါပြီ။

ဇန်နဝါရီလ ၁၈ ရက်

ကျွန်တော့်မှာ ခေါင်းကိုက်ဖက်ကြောတက်ဝေဒနာတွေ ပြန်ပေါ်လာပြန်ပါတယ်။ ဒီဝေဒနာတွေဟာ မကောင်းတဲ့လက္ခဏာတွေဆိုတာ ကျွန်တော် သိပြီးသား ဖြစ်နေပါတယ်။ ဒါပေမဲ့ မှန်ထဲက လျှို့ဝှက်ဖြစ်ရပ်ဆန်း ဇာတ်လမ်းကို အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နိုင်မှာဖြစ်တာမို့ သိပ်ဝမ်းနည်းနေဖို့ အကြောင်းမရှိလို့ ယူဆထားပါတယ်။

မျှော်လင့်ထားတဲ့အတိုင်းပဲ ဒီအခါအဖြစ်စုံကို ပိုမိုမြင်တွေ့လာရပါတယ်။ အမျိုးသမီးရဲ့စကက်ကို ဆုပ်ကိုင်ထားတဲ့ အမျိုးသားရဲ့လက်ကို ယခင်ကလောက် ဝိုးတိုးဝါးတား မဖြစ်တော့ဘဲ အမျိုးသမီးရဲ့ပုံရိပ်နည်းတူ ကြည်လင် လာတာတွေ့ရပါတယ်၊ အမျိုးသားမှာ အသားခပ်ညိုညို၊ မုတ်ဆိတ်မွေးရှည်ရှည်နဲ့ ဖြစ်ပါတယ်။ အမျိုးသားဟာ စုတ်စုတ်ပြတ်ပြတ်ဖြစ်နေတဲ့ ဖိပွင့်ကို သားမွေးအနားလုပ်ထားတဲ့ အနီရောင်ခေတ်ပေါ် ဝတ်ရုံကို ဝတ်ဆင်ထားတာတွေ့ရပြီး ဝတ်ရုံတစ်ခုလုံး ဟောင်းနွမ်းနေပြီဖြစ်တာ တွေ့ရပါတယ်၊

သူကြည့်ရတာ အသက်အန္တရာယ်တစ်စုံတစ်ရာကို ကြောက်ရွံ့တဲ့အတွက် နောက်ဘက်ကို လှည့်ပြီး သမင်လည်ပြန် ကြည့်နေတာမျိုးတွေ့ရပါတယ်။ သူ့ရဲ့လက်တစ်ဖက်ထဲမှာ ဓားချွန်တစ်ချောင်းကို ဆုပ်ကိုင်ထားပေမယ့် ဒီဓားကို အသုံးပြုပြီး ထိုးရဲသတ်ရဲမည့်ပုံမျိုး မတွေ့ရပါ။ အကြောက်လွန်ပြီး တုန်လှုပ်နေတာကိုသာ တွေ့ရလို့ပါ။

ဒီအချိန်မှာပဲ အမျိုးသမီးနဲ့ အမျိုးသားတို့ရဲ့ နောက်ဘက်မှ ပုံရိပ်များ စတင်ပေါ်ပေါက်လာပါတော့တယ်၊ ကြောက်မက်ဖွယ်ကောင်းတဲ့ မျက်နှာမျိုးတွေ၊ မုတ်ဆိတ်မွေးဖားလျားနဲ့ မည်းနက်တဲ့ အသားအရောင်နဲ့လူတွေရဲ့ ပုံရိပ်သဏ္ဍာန်တွေဟာ နှင်းမှုန်တွေ မြူနိုးတွေလိုကြားမှာ ပီပီသသကြီးပေါ် ထွက်လာပါတယ်၊ ဒီလူတွေထဲမှာ ပါးရိုးချောင်ချောင် မျက်လုံးဟောက်ပက်ပက်နဲ့ အရိုးပြိုင်းပြိုင်းထနေတဲ့ လူတွေလည်း ပါပါတယ်။ အရိုးပြိုင်းပြိုင်းနဲ့လူဟာ တိရစ္ဆာန်တစ်ကောင်လို ကြောက်မက်ဖွယ်ကောင်းနေပါတယ်၊ သူ့လက်ထဲမှာ ဓားချွန်ဝခ်ချောင်းကိုင်ထားတာ တွေ့ရပါတယ်။

အမျိုးသမီးရဲ့ ညာဘက်မှာ





တော့ ဆံပင်အဝါရောင်နဲ့ အရပ်ခပ်မြင့်မြင့်လူရွယ်ဟာ တစ်စုံခုကို အလိုမကျဖြစ်နေဟန်နဲ့ သူ့ရဲ့မျက်နှာထားက တင်းမာလွန်းနေတာတွေ့ရပါတယ်။ အမျိုးသမီးက လူငယ်ဖြစ်သူကို အသနားခံတဲ့ မျက်နှာအမူအရာမျိုးနဲ့ ကြည့်ရှုနေပါတယ်။ အောက်ဘက်မြေကြီးပေါ် ဝပ်တွားနေတဲ့ အမျိုးသားကလည်း အလားတူ အသနားခံသောမျက်နှာမျိုးနဲ့ လူငယ်ကို ကြည့်နေပါတယ်၊

လူငယ်ရဲ့ဟန်ပန်က အမျိုးသမီးနဲ့အမျိုးသားတို့ ကံကြမ္မာကို သေစေ ရှင်စေလို့ အဆုံးအဖြတ်ပေးနိုင်တယ်လို့ ယူဆရပါတယ်။ မြေကြီးပေါ် ဝပ်တွားနေတဲ့အမျိုးသားဟာ အမျိုးသမီးရဲ့စကက်အတွင်း ရောက်နိုင်သမျှ ရောက်အောင် အကြောက်လွန်ပြီး တိုးဝင်နေပါတယ်။ တစ်ချိန်တည်းမှာပဲ အရပ်မြင့်မြင့်နဲ့ လူငယ်ကလည်း အောက်က ဝပ်တွားနေတဲ့ အမျိုးသားဖြစ်သူကို အမျိုးသမီးကို ဆွဲထားရာကနေ တခြားကို အတင်းအဓမ္မ ဆွဲယူခေါ်ထုတ်နေပါတယ်။

မှန်သားပြင် မူလအတိုင်း ပြန်လည်ကြည်လာခြင်း မရှိသေးခင်အထိ မြင်ရသော ရှုခင်းများဖြစ်ကြပါတယ်။ ဒီဇာတ်လမ်းဟာ ဘယ်သောကာလက စခဲ့ပြီး ဘယ်အချိန်ကျခါမှ ဆုံးမည်ဆိုတာကို သိနိုင်လိမ့်မည်မဟုတ်ပါ၊ ယခုဖြစ်ရပ်ဟာ စိတ်ကူးယဉ်မဟုတ်ဘဲ အဟုတ်တကယ်ဖြစ်ခဲ့တယ်ဆိုဟာကိုသာ ပြောနိုင်ပါတယ်။

တစ်ချိန်က တစ်နေရာရာမှာ အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတစ်ခုခုဟာ ဒီမှန်အဟောင်းကြီးပေါ်မှာ အကြောင်းအားလျော်စွာ ပြန်ပြီး ထွက်ပေါ်လာတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်သောအခါက ဘယ်နေရာမှာဆိုတာကိုတော့ မပြောနိုင်ပါ။

**ဇန်နဝါရီလ ၂၀ ရက်**

ကျွန်တော့်ရဲ့လုပ်ငန်းဟာ ပြီးဆုံးဖို့အချိန်နီးကပ်နေပြီ ဖြစ်ပါတယ်၊ ကျွန်တော့်ရဲ့ခေါင်းထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်တော့လောက်အောင် နာကျင်ကိုက်ခဲနေတာမို့ တစ်စုံစုမှ မလုပ်ရင် [illegible]ရောက်ရတော့မည့် အခြေအနေမျိုးကို ရောက်နေပြီဖြစ်ပါတယ်။ ကျွန်တော့်အလုပ်ကို အကန့်အသတ်နဲ့ လုပ်လာခဲ့ရာမှာ ဒီကနေ့ညဟာ နောက်ဆုံးညဖြစ်ပါစေလို့ ဆုတောင်းနေမိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အလုပ်ကို ဒီနေ့ည တစ်ထိုင်တည်း ပြီးအောင် လုပ်သွားမည်လို့ သန္နိဋ္ဌာန်ချထားလိုက်ပါတယ်။

**ဖေဖော်ဝါရီလ ၇ ရက်**

ကျွန်တော် သန္နိဋ္ဌာန်ချထားတဲ့အတိုင်း အလုပ်ကိုဆက်ပြီး လုပ်ကိုင်နေခဲ့ရာ ယနေ့ညပိုင်း ကျွန်တော်တွေ့ရတဲ့ ဇာတ်လမ်းများမှာ ဘုရားတ.ယူရလောက်အောင် ထူးဆန်းလွန်းလို့ ကျွန်တော့်ကိုယ်ကျွန်တော် ဟုတ်မှဟုတ် သေးရဲ့လို့ ထင်ရပါတော့တယ်။ ဒါနဲ့ပဲ ကျွန်တော့် တွေ့ရှိချက်တွေ မေ့ပျောက် မသွားနိုင်အောင် နေ့စဉ်မှတ်တမ်းစာအုပ်ထဲကို ရေးသွင်းထားလိုက်ပါတယ်။

နောက် ၃ ပတ်အကြာမှာမှ ကျွန်တော့်ဇာတ်လမ်းကို ဒေါက်တာဆင်ကလဲယားရဲ့ဆေးကုခန်းမှာ ရှင်းပြခွင့်ရပါတော့တယ်။ ယနေ့မှာတော့ ကျွန်တော်ဟာ ပုံမှန်အခြေအနေကို ပြန်ရောက်လာပြီဖြစ်တဲ့အတွက် ကောင်းကောင်းကြီးအနားယူနေနိုင်ပြီ ဖြစ်ပါတယ်။ တရားရုံးသို့ သွားရောက် အစစ် မခံရသေးခင်အချိန်မီလည်း ပြီးဆုံးခဲ့တဲ့အတွက် စာရင်းဇယားတွေကို ရှေ့နေ လက်ထဲအပ်နိုင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

အလွဲသုံးစားပြုလုပ်သူကို စစ်ဆေးဖော်ထုတ်တဲ့အလုပ် ပြီးသွားပြီဖြစ်တဲ့အတွက် ကျွန်တော် တွေ့ကြုံခဲ့ရတဲ့နောက်ဆုံးည ဇာတ်လမ်းကို ဆက်လက်ပြီး တင်ပြသွားနိုင်ပြီ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဘယ်လောက်ပဲ သတိထားပြီး စိတ်ကို ထိန်းချုပ်၊ ဝေဒနာကို အောင့်အီး





ထားနေပေမယ့် ကျွန်တော် အလုပ်လုပ်နေတဲ့အချိန် တစ်လျှောက်လုံး လိုမှာပဲ။ မှန်သားပြင်ထဲမှာ ဘာတွေဖြစ်ပျက်နေကြတယ်ဆိုတာကို ကျွန်တော့်ရဲ့အာရုံငါးပါးတို့က ပြောပြနေတဲ့အတွက် ကျွန်တော့်အနေနဲ့ အလိုအလျောက် သိနေပြီးဖြစ်ပါတယ်၊ ဒါပေမဲ့ အလုပ်မပြီးမှာစိုးရိမ် ကြောင့်ကြမှုရှိနေတဲ့အတွက် ကျွန်တော် မှန်ကြီးကို မော့မကြည့်မိအောင် အထူးသတိထားနေရပါတယ်။

နောက်ဆုံးမှာ ဇက်ကြောနဲ့ နားထင်ကြောများ ထိုးတက်လာတာကို မခံနိုင်တော့တဲ့ အဆုံးမှာ ကလောင်တံကို ပစ်ချလိုက်ပြီး မော့ကြည့်လိုက်တဲ့အခါမှာ ဇာတ်လမ်းအဆက်ကို ထပ်မံမြင်တွေ့ရပါတော့တယ်။

ရှေ့မှာထောင်ထားတဲ့မှန်ကြီးတစ်ချပ်လုံးဟာ မီးရောင်တွေ ထိန်ထိန်ညီးနေတဲ့ ဇာတ်စင်ကြီး တစ်ခုလိုဖြစ်နေပါတယ်။ ထိုဇာတ်စင်ကြီးနဲ့တူတဲ့ မှန်ကြီးထဲမှာ ဇာတ်လမ်းတစ်ခုရဲ့ ဇာတ်ဝင်ခန်းတစ်ခုကို တင်ဆက်ထားပါတယ်။ မှန်သားပြင်ပေါ်မှာ မြူနှိုး၊ မြူမှုန် လုံးဝကင်းစင်နေတာကြောင့် ကြည်လင်သန့်ရှင်းလျက်ရှိနေပါတယ်။

အလွန် ထူးဆန်းတာက ကျွန်တော့်အာရုံကြောများကို ကျွန်တော် မမြင်မတွေ့နိုင်တဲ့ တစ်စုံတစ်ရာက ပြင်းပြင်းထန်ထန် ဖိနှိပ်ဆုပ်ကိုင်လေ မှန်ထဲက ပုံရိပ်တွေက ပိုပြီး ကြည်လင်ပြတ်သားလာလေ ဆိုတဲ့ အချက်ပဲ။ ရုပ်ပုံတိုင်း လှုပ်ရှားမှုတိုင်းဟာလည်း တကယ့်လူသားပကတိအတိုင်း အသက်ဝင်လှပါတယ်။

ယခုညတွေ့ရတဲ့ ဇာတ်ကောင်များဟာ ယခင်ညများက ဇာတ်ကောင်များပင် ဖြစ်ပေမယ့် ဇာတ်လမ်းက ရှေ့တစ်ဆင့်တိုးတက်လာနေတဲ့ ဇာတ်လမ်းဖြစ်နေပါတယ်။

အရပ်မြင့်မြင့်နဲ့ လူငယ်တ အမျိုးသမီးကို သူ့လက်တွေနဲ့ သိမ်းကြုံး ပွေ့ဖက်ထားပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ဒီလူငယ်ကို မလိုလား ဟန်နဲ့ မနှစ်မြို့တဲ့ အကြည့်နဲ့ ပြန်ကြည့်နေတာ တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ အမျိုးသားရဲ့လက်ထဲမှ ရုန်းထွက်ဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်။

ကျန်တဲ့လူတွေက အမျိုးသမီးရဲ့စကက်ကို ဆွဲကိုင်ထားပြီး တိုးလျှိုးတောင်းပန်နေသူကို အတင်းအဓမ္မဆွဲခေါ်နေကြပါတယ်။ တစ်ချိန်တည်းမှာပဲ ရုန့်ရင်းကြမ်းတမ်းသော အမူအရာရှိပြီး မုတ်ဆိတ်မွေးဖားလျားနဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ ယောက်ျားကြီး တစ်ဒါဇင်တို့က ဒီလူကို ဝိုင်းရံထားလိုက်ကြပါတယ်။ တစ်ဆက်တည်းဆိုသလို ထိုလူကို ဓားတွေနဲ့ ခုတ်ပိုင်းပါတော့တယ်။ ထိုယောက်ျားကြီးအားလုံးပဲ ရက်ရက်စက်စက်ခုတ်ပိုင်းနေကြလေရာ ဓားကိုင်ထားတဲ့ ထိုလူကြီးတွေရဲ့ လက်များက အထက်တက်သွားလိုက် အောက်ပြန်ကျလာလိုက်ဖြင့် စည်းချက်မှန်နေပါတယ်။

ထိုယောက်ျားရဲ့ ခန္ဓာကိုယ်က သွေးတွေဟာ မမြင်ရက်စရာဖြစ်အောင် ဒလဟောပန်းထွက်နေကြပါတယ်။ ဓားခုတ်ခံရသူများ အနီရောင်ဝတ်စုံဝတ်ဆင်ထားသည် ဖြစ်ပေရာ သွေးများစိုရွှဲလာတဲ့အခါ ပန်းရောင်ကနေ ကြက်သွေးရောင်သို့ ပြောင်းလာပြီး အမှည့်လွန်သွားတဲ့ ဆီးသီးမှည့်ကြီးအလား သွေးတွေက ခြင်းခြင်းနီ နေပါတယ်။ တစ်ချိန်လုံးပဲ ထိုလူကြီးတွေက ဓားဖြင့်ခုတ်ပြီးရင်း ခုတ်ရင်းဖြင့် ထိုသူ၏ ဓားဒဏ်ရာမှ သွေးတွေကလည်း ထွက်ပြီးရင်း ထွက်ရင်းဖြင့် အသည်းတုန်အူတုန် အနိဋ္ဌာရုံမြင်ကွင်း ဖြစ်နေပါတယ်။ ထိုသူသေအံ့ဆဲဆဲ အသက်ငင်နေသည့်တိုင်အောင်ပဲ ဒီယောက်ျားကြီးတွေက ထိုသူကို ဝိုင်းပြီးခြေဖြင့် ကန်ကြောက်ရင်း တံခါးဆီကို ခေါ်ထုတ်သွားကြပါတယ်။

တံခါးဆီသို့ပါသွားတဲ့ ထိုသူကို အမျိုးသမီးဖြစ်သူက သူမရဲ့ပခုံးပေါ်က ကျော်ပြီး ပါးစပ်အဟောင်း





သားဖြင့် သမင်လည်ပြန်ကြည့်နေတာကို တွေ့ရပါတယ်။ ဒီအမျိုးသမီးထံက ဘာသံမှမကြားရပေမယ့် ဝမ်းနည်းလွန်း၍ ရှိုက်ကြီးတငင် ငိုကြွေးနေတယ်ဆိုတာ သိသာနိုင်ပါတယ်။

ဒီနောက်ပိုင်းမှာတော့ ကျွန်တော့်ရဲ့ စိတ်ကပဲ ကယောင်ချောက်ချားဖြစ်လို့ပဲလား၊ အလုပ်ဒဏ်ဖိအားကြောင့်ပဲလား မပြောတတ်ပါ။ ကျွန်တော့်အနေနဲ့ လုံးဝမဟန်နိုင်တော့ဘဲ အခန်းတစ်ခုလုံးနဲ့ ကျွန်တော့်အောက်ရှိ ကြမ်းပြင်တစ်ခုလုံး ချာလည်ပတ်လည်လည်ရင်း ပျောက်ကွယ်သွားတယ်လို့ ထင်ရပြီး ကျွန်တော်ဟာ လုံးဝသတိလစ်သွားပါတော့တယ်။

နောက်နေ့နံနက်မှာတော့ အခန်းပိုင်ရှင်ရောက်လာပြီး မှန်ရှေ့မှာ စန့်စန့်ကြီးလဲကျနေတဲ့ ကျွန်တော့်ကို တွေ့ရတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ ၃ ရက်၊ ဒေါက်တာဆင်ကလဲယားရဲ့ဆေးခန်းမှာ နစ်နစ်မြိုက်မြိုက် အိပ်မောကျနေရာမှ နိုးလာတဲ့အထိ ဘာကိုမှ မမှတ်မိတော့ပါ။

**ဖေဖော်ဝါရီလ ၉ ရက်**

ဒီနေ့ရောက်မှ ဒေါက်တာဆင်ကလဲယားကို ကျွန်တော့်ဇာတ်လမ်းကို ပြန်လည်ပြောပြနိုင်ခြင်း ဖြစ်ပါတယ်။ အရင်က ဒီလိုပြောတာကို ခွင့်မပြုပေမယ့် အခုကြိမ်မှာတော့ ခွင့်ပြုပေးတဲ့အပြင် အလေးထားပြီး စိတ်ဝင်တစား နားထောင်လာတာကို သတိထားမိပါတယ်။

ဒေါက်တာ။ ။"မိတ်ဆွေကြီးအနေနဲ့ မိတ်ဆွေကြီးတွေ့ရတဲ့ ဇာတ်လမ်းနဲ့ အလားတူတဲ့ အဖြစ်ပျက်ကို ရာဇဝင်မှတ်တမ်း စာအုပ်တွေထဲမှာ လေ့လာဖော်ထုတ်နိုင်ပြီလား"

ဒေါက်တာဆင်ကလဲယားက ကျွန်တော့်ကို သံသယရှိနေပုံမျိုးနဲ့ မေးလာပါတယ်။

ကျွန်ုပ်။ ။ "ဒေါက်တာကော



www.burmeseclassic.com

www.burmeseclassic.com



လေ့လာလား"

ကျွန်တော့်မှာ အမှန်ပင် လေ့လာထားခြင်းမရှိတာမို့ မဖြေနိုင်ဘဲ သူ့ကို မေးခွန်းပြန်ထုတ်လိုက်မိပါတယ်။

ဒေါက်တာ။ ။ "ဒီကိစ္စဟာ တကယ်တော့ မယုံနိုင်လောက်အောင် ထူးဆန်းပါပေတယ်။ ဒါပေမဲ့ ဒီအဖြစ်အပျက်အားလုံးက မိတ်ဆွေကြီးတစ်ယောက်သာ တွေ့ရ၊ မြင်ရတာတွေဖြစ်တာမို့ ကျော်လွန်လာခဲ့ပြီလေ။ ဘယ်လိုပါဆိုတာကို တခြားဘယ်သူမှ ရှင်းမပြနိုင်ဘူးပေါ့။ ညနေပိုင်း ကျွန်တော် လာတော့မှ မိတ်ဆွေကြီး လေ့လာနိုင်ဖို့ မှတ်တမ်း မှတ်ရာတွေ ယူလာခဲ့ပါမယ်"

ထိုနေ့ညနေခင်းရောက်တော့ ဒေါက်တာဟာ ဟောင်းနွမ်းမှိုတက်နေတဲ့ အလုပ်အချို့ကို ယူလာပြီး ကျွန်တော် အိပ်ရာပေါ် ချထားလိုက်ပါတယ်။ ပြီးမှ ...

ဒေါက်တာ။ ။ "မိတ်ဆွေကြီး အားလပ်တဲ့အချိန်မှာ ဖတ်ရှုလေ့လာကြည့်ပါ။ ဖတ်ပြီးရင် ဟုတ်မဟုတ် အတည်ပြုနိုင်ရလိမ့်မယ်။ မိတ်ဆွေကြီးတွေကြုံခဲ့ရတဲ့ ဇာတ်လမ်းဟာ လွန်ခဲ့တဲ့ သက္ကရာဇ် ၁၅၆၆ ခုနှစ် မတ်လက ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်။ သတ်တဲ့သူတွေက စကော့လူမျိုး မှူးမတ်နွယ်ဝင်တွေဖြစ်ပြီး အသတ်ခံရတဲ့သူ၏ "ရစ်ဇီယို" ဆိုသူဖြစ်ပါတယ်။ ဘုရင်မကြီး မေရီရဲ့ရှေ့မှောက်မှာ လုပ်ကြံသတ်ဖြတ်ကြတာ ဖြစ်ပါတယ်။ မိတ်ဆွေကြီး ပြောပြတဲ့ အမျိုးသမီးပုံပန်းသဏ္ဌာန်အရဆိုရင် ဘုရင်မကြီး မေရီဖြစ်တာ သေချာပါတယ်။ မဟာနဖူးနဲ့ မို့မောက်တဲ့ မျက်ခုံး၊ မျက်လုံးတို့ ပိုင်ဆိုင်တဲ့နေရာမှာ ၂ ယောက်မရှိနိုင်တဲ့ အလှပိုင်ရှင်မျိုး ဖြစ်ပါတယ်။

အရပ်ရှည်ရှည် လူငယ်က





မေရီရဲ့ခင်ပွန်း "ဒန်ဒကေ" ဖြစ်ပါတယ်။ ရာဇဝင်မှတ်တမ်းတွေထဲမှာ "ရစ်ဇီယို" ဟာ ဖဲပွင့်ထိုးထားတဲ့ သားမွေးဝတ်စုံအပွကြီးနဲ့ နီညိုရောင်ကတ္တီပါ ကိုယ်ကျပ်ဘောင်းဘီ၊ ခြေအိတ်ရှည်တွေကို ဝတ်ဆင်တယ်လို့ ဖော်ပြထားပါတယ်။ သူ့လက်တစ်ဖက်က ဘုရင်မကြီးရဲ့ဝတ်ရုံတော်ကို ဆုပ်ကိုင်ထားပြီး ကျန်လက်တစ်ဖက်က ဓားကို ဆုပ်ကိုင်ထားပါတယ်။

မိတ်ဆွေကြီး မြင်တွေ့လိုက်ရတဲ့ ကြောက်မက်ဖွယ် မျက်နှာအသွင်အပြင်နဲ့ မျက်တွင်းဟောက်ပက်ကျနေတဲ့သူကတော့ နာမကျန်းဖြစ်ပြီး မကြာခင်ကမှ နာလန်ထလာတဲ့ "ရုသ်မင်" ဆိုသူ ဖြစ်ပါတယ်။ အသေးစိတ် လေ့လာချက်အရ တိတိကျကျမှန်ကန်နေတာ တွေ့ရပါတယ်"

ကျွန်ုပ်။ ။ "ဒါဖြင့်ရင် လူတွေအများကြီးထဲက ကျွန်တော့်ကျမှ လာတွေ့မြင်နိုင်တာကကောဗျာ"

ဒေါက်တာ။ ။ "ဘာကြောင့်လဲဆိုတော့ မိတ်ဆွေကြီးမှာ ယခုအဖြစ်အပျက်မျိုးတွေကိုလက်ခံနိုင်တဲ့ ကိုယ်စိတ်စွမ်းရည်နဲ့ ဉာဏ်ရည် ဉာဏ်သွေးတွေရှိတယ်။ နောက်တစ်ချက်က ဒီရုပ်ပုံတွေကို ဖော်ထုတ်ပေးနိုင်တဲ့ ဒီဂမ္ဘီရမှန်ကြီးကို ပိုင်ဆိုင်ထားတဲ့သူလည်း ဖြစ်နေလို့ဆိုတဲ့ အချက်လည်း ပါပါတယ်"

ကျွန်ုပ်။ ။ "ဒီမှန်ကြီးဟာ ဘုရင်မကြီးမေရီပိုင်ဆိုင်တဲ့မှန်ကြီးလို့ ဆိုနိုင်ပါသလား"

ဒေါက်တာ။ ။ "သေချာပါတယ်။ ဘုရင်မကြီး မေရီရဲ့ မှန်ဖြစ်ပါတယ်။ မေရီဟာ ပြင်သစ်ပြည်ရဲ့ ဘုရင်မကြီး ဖြစ်ခဲ့ဖူးပါတယ်။ ဘုရင်မကြီးပိုင်ဆိုင်တဲ့ ပစ္စည်းမှန်သမျှကို တော်ဝင်တံဆိပ်တွေ ရိုက်နှိပ်ထားပါတယ်။ ဒါကြောင့် မိတ်ဆွေကြီးပြောခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံသွားပုံ ၃ ခုဆိုတာ ပြင်သစ်ကြာပန်းပုံ ဖြစ်ပါတယ်။ အဲဒါ တော်ဝင်အမှတ်အသားပဲ ဖြစ်ပါတယ်"

ကျွန်ုပ်။ ။"စာတန်းအမှတ်အသားတွေရဲ့ အဓိပ္ပာယ်က ဘာကိုဆိုလိုပါသလဲ"

ဒေါက်တာ။ ။"ဒါကို အရှည်ကောက် အဓိပ္ပာယ် ဖော်ထုတ်ကြည့်ရင် ခရစ်တော်ရဲ့ ဘုံဗမ္မာန်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်"

ကျွန်ုပ်။ ။"ဒါဆိုရင် ခရစ်တော်ကို ကွပ်မျက်ခဲ့ရာက လာတဲ့ လက်ဝါးကပ်တိုင်သို့ ဆိုနိုင်တော့ပေါ့နော်"

ဒေါက်တာ။ ။"ဒီအတိုင်း မှန်ပါတယ်။ ခရစ်တော် သတ်ဖြတ်ခြင်းခံရတဲ့ လက်ဝါးကပ်တိုင်တည်ရှိရာက လာတဲ့ မှန်ကြီးပါတယ်။ ဒီအတွေ့အကြုံကို မိတ်ဆွေကြီးတစ်ဦးတည်းသာ တွေ့ ကြုံခွင့်ရလိုက်ပြီး ယခုလုံးဝ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ပါတယ်၊ မိတ်ဆွေကြီးဟာ အလွန်ကံကောင်းသူဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီအတွေ့အကြုံမျိုးကို နောက်တစ်ကြိမ် ထပ်မံပြီး တွေ့ကြုံနိုင်ဖို့ အခွင့်အလမ်း မရှိနိုင်တော့ဘူးလို့ ယုံကြည်ထားတဲ့ အတွက်ကြောင့်ဖြစ်ပါတယ်။

Sir Arthur Conandolye ၏ The Silver Mirror ကို အကျဉ်းရုံးပြီး ဘာသာပြန်ပါသည်။





# အချစ်ကြေး

လွန်ခဲ့သောနှစ်ပေါင်း (၇၀) ခန့်က တောင်ငူဒိစတြိတ်ဖြူးမြို့ ပဲခူးလမ်းမပေါ် တစ်နေရာတွင် အင်္ဂလိပ်ဆေးခန်း တစ်ခုရှိခဲ့ဖူးလေသည်၊ ထိုဆေးခန်းပိုင်ရှင်ဖြစ်သူမှာ ရဟူဒီလူမျိုး ဘရှုးဝါးဆိုသူ ဖြစ်လေသည်။

နာမည်ရင်းမှာ ဘရှုးဝါး ဖြစ်သော်လည်း အများအားဖြင့် နာမည်ရင်းကို ခေါ်ဆိုကြခြင်းမပြုကြဘဲ တချို့က အသေအပျောက်များသည်ကို အကြောင်းပြုပြီး ရဟူဒီပေါက်တူး ဟူ၍လည်းကောင်း ဒေါက်တာကြေးစည် ဟူ၍လည်းကောင်း ခေါ်ဆိုကြလေ၏။

အဆိုပါ ဘရှုးဝါးဆိုသူမှာ ရဟူဒီလူမျိုးပင်ဖြစ်လင့်ကစား မြန်မာပြည်တွင် ငယ်စဉ်ကစပြီး နေထိုင်ကြီးပြင်းလာသည်နှင့်အညီ ရုပ်ကို မမြင်ဘဲ စကားပြောသံကိုသာ နားထောင်မည်ဆိုပါက ဗမာတစ်ယောက်ပြောတာပါဟု ဆိုရမလောက် ဗမာလိုပီပီသသ ပြောဆိုနိုင်သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်၊ ဗမာစကားအပြင် အင်္ဂလိပ်စကားနှင့် ဟိန္ဒူစတန်နီ ဘာသာစကားတို့ကိုလည်း အထိုက်အလျောက် ပြောဆိုနိုင်သူဖြစ်လေသည်။

ဖြူးမြို့သည် ဒုတိယကမ္ဘာစစ် မတိုင်မီ (၁၅) နှစ်ခန့်လောက်စပြီး စပါး၊ ကြံ၊ မြေပဲနှင့် ပဲအမျိုးမျိုး၊ ငါးပိ၊ ငါးခြောက် စသည့် ကုန်ပစ္စည်းများ ရောင်းဝယ် ဖောက်ကားမှုအားကောင်းလာသောကြောင့် တစ်နေ့တခြား စည်ကားလာသောမြို့ ဖြစ်လေ၏။

ထိုအထဲတွင် တောရွာကျေးလက်နေ လူတန်းစားများ မြို့ပေါ်သို့ ပြောင်းရွှေ့ရောက်ရှိ လာကြခြင်းသည်လည်းကောင်း၊ ဖြူးမြို့၏ မြောက်ဘက် (၄)မိုင်အကွာရှိ ဇေယျဝတီသကြားစက်ကို အကြောင်းပြုပြီး အိန္ဒိယမှ ဟိန္ဒူလူမျိုးများနှင့် အခြားအနွယ်ဝင်လူမျိုးများ ရွှေ့ပြောင်းရောက်ရှိလာခြင်းသည်လည်းကောင်း အဓိကအကြောင်းရင်းများဖြစ်လေ၏။

ထိုသို့ရောက်ရှိလာကြသူ အိန္ဒိယလူမျိုးများအနက် အတော်များများမှာ ဇေယျဝတီမြို့ ပတ်ဝန်းကျင်ကျေးရွာများတွင် အခြေချ နေထိုင်ကြပြီး စပါးနှင့် ကြံကိုအဓိကထား လုပ်ကိုင်အသက်မွေးကြလေ၏။

အချို့မှာ ဖြူးမြို့သို့ ရောက်ရှိလာကြပြီး အနီးပတ်ဝန်းကျင် ကျေးရွာများနှင့် ဖြူးချောင်းဝဲယာ တစ်လျှောက် အရှေ့ဘက်စစ်တောင်းမြစ်ဝှမ်းအထိ ပျံ့နှံ့နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အားထားလုပ်ကိုင်ကြသူများ ဖြစ်ကြလေ၏။ ထိုအထဲတွင် တချို့လူရည်လည်ပညာတတ်လူတန်းစားများက ရှေ့နေအလုပ်၊ အုပ်ချုပ်ရေးဘက်တွင် ဝန်ထမ်းအလုပ်၊ ကျန်းမာရေးမှူး၊ ဆရာဝန်နှင့် ကုန်ရောင်းကုန်ဝယ် အလုပ်မျိုး အထိ ထိုးဖောက်လုပ်ကိုင် လာကြပြီး ပညာမဲ့ အရင်းမဲ့များကမူ သန့်ရှင်းရေး၊ မီးရထားလုပ်သား၊ ကုန်ထမ်းအလုပ်သမားအထိ





ရာလုပ်ငန်းများကို လုပ်ကိုင်ကြလေ၏။ အချိန်အခါအားဖြင့် ကိုလိုနီလက်ထက် အရင်းရှင်စနစ် ကြီးစိုးသောကာလ ဖြစ်လေ၏။ အငှားရှင် ချစ်တီးကုလားလူမျိုးတို့သည် ငွေတိုးချေးစားသောလုပ်ငန်းဖြင့် ကြီးပွားချမ်းသာသော အရင်းရှင် မြေပိုင်ရှင်ကြီးများ ဖြစ်လာကြ သူများလည်း ရှိကြလေ၏။

အထက်တွင်ဖော်ပြခဲ့သော ယဟူဒီလူမျိုး ဘရူးဝါးဆိုသူမှာလည်း အိန္ဒိယနွယ်ဖွားတစ်ဦး ဖြစ်ဟန်ရှိလေသည်၊ ဆေးပညာအတတ်နှင့် ပတ်သက်ပြီး မည်သည့်ပညာအရည်အချင်း၊ မည်သည့်ဘွဲ့ရသည်အထိ တတ်မြောက်အောင်မြင်ခဲ့သည်ကို မည်သူမျှ မသိရပေ။ မည်သူကမှလည်း စပ်စပ်စုစုပြုပြီး မေးမြန်းခြင်း မရှိကြပေ။

ဖြူးဈေးအရှေ့ဘက်ထိပ် ပူးကားလမ်းမကြီးကို မေးတင်ပြီး ဘူတာရုံနှင့် မျက်စောင်းထိုးတွင် ဆေးခန်းဖွင့်ထားသည်ကိုသာ သိကြလေ၏။ မည်သို့ပင်ဆိုစေ ဖြူးမြို့တွင် အစိုးရဆေးရုံတစ်ခုတည်းကိုသာ အားကိုး အားထားပြုနေရလေရာ အခြားဆေးခန်းများ မရှိသောကြောင့်လည်းကောင်း၊ ဝင်ထွက်သွားလာရ လွယ်ကူသောကြောင့်လည်းကောင်း၊ ဘရူးဝါးအနေဖြင့် ချိုသာပျူငှာသော ဆက်ဆံရေးနှင့် ပြောမနာ ဆိုမနာ သည်းခံနိုင်သော အရည်အချင်းများရှိသောကြောင့် လည်းကောင်း၊ အရေးအကြောင်း ရှိလျှင် နေ့ညမရွေး ဤဆေးခန်းသို့သာ ပြေးလာကြရလေ၏။

ဆေးခန်းသို့လာရောက်ပြီး ဆေးဝါးကုသမှု ခံယူကြသူများထဲတွင် ဖြူးချောင်းကမ်းပါးရှိ ရေလျှံကြီးကျေးရွာမှ မနန်းဆိုသူ အပျိုကြီးတစ်ယောက်လည်း ပါဝင်လေ၏။ မနန်းမှာ ရှမ်းဗမာစပ်ဖြစ်ရာ အရပ်မနိမ့်မမြင့် အသားအရေ ဖြူဝင်းဝင်း မျက်ခုံးမျက်လုံးကောင်းပြီး နှာတံစင်းစင်းနှင့် နှစ်သက်ဖွယ်ရှိသူ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အမျိုးသမီးများတွင် ဖြစ်လေ့ရှိသော ရောဂါမျိုးဖြစ်သည့် မီးယပ်ဝေဒနာ စွဲကပ်နေပေရာ အရပ်ထဲမှ ဗိန္ဓော၊ ပယောဂနှင့် နားလည်တတ်ကျွမ်းသည်ဟု ဆိုကြသူများထံ လပေါင်းရှည်ကြာ ကုသပါသော်လည်း တရောင်ရောင် တပိန်ပိန် အခြေအနေမျိုးမှ တိုးတက်လာသည်မရှိဘဲ နောက်ဆုံးမှ ရဟူဒီပေါက်တူးထံ ရောက်လာခြင်းဖြစ်လေ၏။ ထူးခြားသည်မှာ မနန်း၏ရောဂါကို ဒေါက်တာဘရှူးဝါး ကုသသောအခါ ၃ လခန့်မှာပင် သက်သာပျောက်ကင်းလေ၏။ မနန်း၏မိဘဆွေမျိုးများက ကံစပ်လို့ပါဟုဝမ်းသာအားရ ပြောကြသောအခါ မနန်း၏မိဘများနှင့် ခင်မင်ရင်းနှီးသူများက ဒီတစ်ခါပြန်ဖြစ်ရင် ခက်ချေလိမ့်မည်။ အရုပ်ဟာက ဒေါက်တာတကာတို့ရဲ့ ဘိုးအေဇီဝကနှင့် ပက်ပင်းတိုးတာမျိုးပဲ။ ကံစပ်နေမှတော့ မထူးပါဘူး။ ကျန်တာတွေပါ အကုန်စပ်လိုက်ပါတော့လားဟု စေတနာအရင်ခံနှင့် အားပေးတိုက်တွန်းကြလေ၏။ ဤသို့သော အခြေအနေမျိုးမှာပင် မနန်းမှာလည်း ဒေါက်တာဘရှူးဝါးအား အသက်သခင်ကျေးရူးရှင်အဖြစ် အကြည်ညိုလွန်း၊ ဒေါက်တာဘရှူးဝါးကလည်း ရှမ်းဗမာကပြားလေး မနန်းအား သဒ္ဓါကျွန်လေတော့ရာ မုဆိုးဘိုဘဝဖြင့် (၃) နှစ်ခန့်နေလာသူ ဒေါက်တာဘရှူးဝါးသည် မနန်းမိဘများထံ တောင်းရမ်းပြီး မြန်မာဓလေ့ထုံးတမ်းနှင့်အညီ စုလျားရစ်ပတ် လက်ထပ်လိုက်လေ၏။

ထိုမှနောက်ပိုင်းတွင် ဒေါက်တာဘရှူးဝါးသည် မိမိဆေးခန်းတွင် အနောက်တိုင်းဆေး အမျိုးမျိုးသာမက မြန်မာတိုင်းရင်းဆေးများကိုပါ ထပ်မံဖြည့်တင်းပြီး မနန်း၏ အကူအညီဖြင့် ဆေးဆိုင်ကို တိုးချဲ့ရောင်းချလေ၏။

ထိုနှစ်ဆောင်းရာသီကုန်လုနီးတစ်ရက်တွင် အရပ်မြင့်ပြီး အသားဖြူဖြူ၊ နာတံပေါ်ပေါ်၊ မျက်ခုံးမျက်လုံးကောင်းကောင်းနှင့် လုပကျော့ရှင်းပြီး





မွန်မွန်ရည်ရည်ရှိ အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးသည် ဒေါက်တာဘရှူးဝါး၏ဆေးဆိုင်သို့ ရောက်ရှိလာလေ၏။

ဘရှူးဝါး၏ ဇနီးမနန်းက နွေးထွေးစွာဖြင့် . . .

"ညီမ ဘာများအလိုရှိပါသလဲ" ဟု မေးမြန်းလေရာ အမျိုးသမီးငယ် က . . .

"ARSENIC လိုချင်ပါတယ်" ဟု ပြန်ဖြေလေ၏။ မနန်းမှာ အမျိုးသမီးငယ်ပြောသော "အာဆင်နစ်" ဆိုသော အင်္ဂလိပ်စကားကို ကောင်းစွာ နားမလည်သောကြောင့် ဇဝေဇဝါဖြစ်နေလေရာ . . .

"ကြွက်သတ်ဖို့ အာဆင်နစ် အဆိပ်ဆေး လိုချင်လို့ပါ" ဟု ထပ်မံပြောဆိုလေ၏။

ထိုစဉ်မှာပင် ဘရှူးဝါး ရောက်ရှိလာပြီး အကျိုးအကြောင်းကို ထပ်မံ မေးမြန်းပြန်လေ၏။ ထိုအခါမှ ဘရှူးဝါးက အမျိုးသမီးငယ်နှင့် နီးကပ်အောင် ရှေ့သို့တိုးသွားပြီး . . .

"အာဆင်နစ်ဆိုတာ အဆိပ်ဆေးတစ်မျိုးဖြစ်ပါတယ်။ လူတွေရဲ့အသက်ကို အန္တရာယ်ပေးနိုင်ပါတယ်။ ဘာလုပ်ဖို့လဲ" ဟု ထပ်ပြီးမေးမြန်းလေ၏။

"ကြွက်သတ်မလို့ပါ" ဟု စိတ်တိုသည့် အမူအရာလုံးဝမပြဘဲ ရယ် ရယ်ပြုံးပြုံးပင် ဖြေကြားပြန်လေ၏။

ဒေါက်တာဘရှူးဝါးသည် အမျိုးသမီးငယ်၏ ပြုံးရယ်ပုံ၊ ယဉ်ကျေးသိမ်မွေ့ပုံနှင့် မိမိမြင်တွေ့နေကျ ဤဖြူးမြို့သူများထက် ထူးခြားနေမှုများကြောင့် ဤမိန်းကလေးကို အထူးပင် စိတ်ဝင်စားသွားလေ၏။ မိမိ၏ဇနီး မနန်းကို တစ်ချက်ဝေ့ကြည့်မိရာ မနန်းမှာလည်း မိမိကဲ့သို့ အလားတူပင် ဤအမျိုးသမီးငယ် အပေါ် စိတ်ဝင်စားပုံရှိနေပြန်သည်ကို တွေ့ရလေ၏။

မိမိကိုယ်တိုင်က လူ



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ကာကွယ်စောင့်ရှောက်ပေးရမည့် ဆေးဆရာတစ်ဦးဖြစ်နေသည့် အားလျော်စွာ အာဆင်နစ်ကဲ့သို့ လူ့အသက်ကို သေစေနိုင်သည့် အဆိပ်ဆေးကို လူတိုင်းအား လွယ်လင့်တကူ ရောင်းချပေးရန် ဆန္ဒမရှိသူ ဖြစ်ရကား . . .

"ကြွက်သတ်ဖို့ဆိုရင် ဒီဆိုင်မှာ တခြားဆေးတွေရှိပါသေးတယ်။ အာဆင်နစ်လို အာနိသင်ရှိတဲ့ အဆိပ်မျိုးတွေပါပဲ။ အဲဒီတခြားဆေးတစ်မျိုးမျိုးကို သုံးရင်ပိုပြီးကောင်းမယ် ထင်ပါတယ်" ဟု တလေးတစား ရှင်းပြရင်း အကြံပေးကြည့်ပြန်လေ၏။ ထိုအခါ အမျိုးသမီးငယ်က . . .

"အခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး။ ကျွန်မ အာဆင်နစ်အဆိပ် ဆေးမှုန့်ကိုပဲ လိုချင်ပါတယ်။ ကြွက်သတ်တဲ့နေရာမှာ အာဆင်နစ်ဟာ အခြားဆေးတွေထက် ထိရောက်မှုရှိတယ်လို့ သိထားရပါတယ်" ဟု သိမ်သိမ်မွေ့မွေ့ပင် ပြန်လည်ဖြေကြားလေ၏။

"တစ်ခုတော့ ရှိတယ်။ ဒီဆေးကိုဝယ်ရင် ဝယ်ယူတဲ့သူက ဒီဆေးကို မည်သို့အသုံးချရန် ဝယ်ယူကြောင်း ဝန်ခံလက်မှတ်ကို ကြိုတင်လက်မှတ် ထိုးရပါလိမ့်မယ်။ ဒီလိုလိပ်စာနဲ့တကွ ဖော်ပြပြီး လက်မှတ်ရေးထိုးနိုင်ပါ့မလား"

ဟု နောက်ဆုံးပြောလိုက်လေ၏။

"ဟုတ်ကဲ့ရှင့်။ ကျွန်မ လက်မှတ်ထိုးပေးနိုင်ပါတယ်။ ကျွန်မရဲ့ နေရပ်လိပ်စာကိုလည်း ရေးပေးခဲ့ပါမယ်"

ဟု တည်ငြိမ်အေးဆေးစွာဖြင့် ဖြေဆိုလေရာ ဘရှူးဝါးလည်း မနန်းကိုကြည့်ပြီး ဆေးကို ရှနစ်တကျ ချိန်တွယ် ရောင်းချပေးရန်နှင့် မှတ်တမ်းစာအုပ်တွင် ဆေးဝယ်ယူကြောင်း ဝန်ခံ လက်မှတ်ရေးထိုးစေရန် မှာကြားခဲ့လေ၏။

သို့ဖြင့် နောက်ဆုံးတွင်





အမျိုးသမီးငယ်သည် ဆေးရောင်းမှတ်ပုံတင်စာအုပ်တွင် "ခင်လေးနွယ်" ဟူသော အရပ်နာမည်အပြင် "ဟယ်လင်ဘရောင်း" ဟူသော ကျောင်းနာမည်ကိုပါ ၂ မျိုးစလုံး ရေးသားဖော်ပြပြီး မြန်မာနာမည် "ခင်လေးနွယ်" ဟူသော လက်မှတ်တိုရေးထိုးပြီး ပြန်လည် ထွက်ခွာသွားလေ၏။

ဘရှူးဝါးတို့ ဇနီးမောင်နှံနှစ်ဦးလုံးပင် ဤမိန်းကလေးကား ဖြူးမြို့ကတော့ မဖြစ်နိုင်ဘူး။ ဗမာနဲ့ မတူဘဲ ဘိုမကလေးနဲ့တူလိုက်တာ။ ဒါပေမဲ့ ဗမာစကားကို ငါ့ထက်တောင် ပီပီသသပြောနိုင်သေးတယ်။ တော်တော်ထူးဆန်းတာပဲ ဟု မှတ်ချက်ချရင်း ငေးမောကျန်ရစ်လေ၏။

နောက် ၃ လခန့်အကြာတွင် အဆိုပါ "ခင်လေးနွယ်" သည် ရာဇသတ်ကြီးဥပဒေအရ လူ့အသက်ကို သေစေရန် ကြံစည်အားထုတ်မှုအပြင် လူသတ်မှုတို့ဖြင့် တရားစွဲဆိုခြင်းခံရပြီး တောင်ငူဒိစတြိတ်စက်ရှင်တရား သူကြီးရုံးတော်သို့ ရောက်လာလေ၏။

တရားစွဲဆိုထားချက်များမှာ ပထမအချက်အနေဖြင့် မောင်ဖိုးချစ်ဆိုသူ လူပျိုလူငယ်အား သေစေလိုသောစိတ်ဆန္ဒဖြင့် အဆိပ်ခတ်တိုက်ကျွေးမှု၊ ဒုတိယအချက်အနေဖြင့် အဆိုပါ မောင်ဖိုးချစ်အား အဆိပ်ကျွေးပြီး သတ်ခဲ့မှုတို့ ဖြစ်လေသည်။

အမှုကိုစစ်ဆေးစီရင်မည့်နေ့တွင် ဖြူးမြို့ အဆိုပါအမှုနှင့်ပတ်သက်သည့် တရားလို တရားခံဘက်မှ နီးစပ်ရာဆွေမျိုးများနှင့် အပေါင်းအသင်းများသည် နံနက် ၉ နာရီတွင် တောင်ငူသို့ထွက်ခွာသည့် လော်ကယ်ရထားဖြင့် စုဝေးလိုက်ပါလာကြလေ၏။

တောင်ငူမြို့တွင်လည်း ဤလူသတ်မှုအကြောင်း တစ်ဆင့်စကားတစ်ဆင့်ကြားဖြင့် ဟိုးလေးတကြော်ဖြစ်နေရာ စိတ်ဝင်စားကြသူများသည် နံနက် ၉ နာရီအောက်မှစပြီး



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးသို့ လာရောက်စောင့်ဆိုင်းကြလေသဖြင့် တရားရုံးဝင်းတစ်ခုလုံး လူများ ပြွတ်ရှတ်သဲသဲဖြင့် စည်ကားလျက်ရှိလေ၏။ တရားရုံးအနီးရှိ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် မုန့်ဟင်းခါးဆိုင် အားလုံးပင် နံနက် ၁၀ နာရီ မထိုးမီ ရောင်းကုန်သွားလေတော့၏။

လက်ဖက်ရည်ဆိုင်ရှင် ကာကာကြီးဆိုသူက . . .

"ဒီနေ့တော့ ဒိုင်ဗိုက်တယ်ဗျို့။ ဒီလိုအမှုမျိုးချည်း နေ့တိုင်းသာ တက်နေမယ်ဆိုရင် ကျုပ်တို့သူဌေးဖြစ်ဖို့ သေချာတယ်ဗျို့"

ဟုဆိုလေရာ ထမင်းဆိုင်ပိုင်ရှင် ဒေါ်ဝက်မကြီးက . . .

"ဟဲ့ . . . ခွေးပါးစပ်၊ ဝက်ပါးစပ်၊ လွဲပါစေ၊ ဖယ်ပါစေ၊ ပါးစပ်ပုပ်ကြီးနဲ့ ဒီလိုပဲ ပြောရသလား။ နင် သူဌေးဖြစ်ချင်တာနဲ့ပဲ နေ့တိုင်း လူတွေ သေပေး နေရဖ်တော့မှာလားဟဲ့။ တစ်ရက်မဟုတ်တစ်ရက် နင်ပါ အသတ်ခံရတဲ့အထဲ ပါသွားတော့မပေါ့ဟဲ့"

ပြောမှာ ကာကာကြီးဆိုသူ ငြိမ်သွားလေ၏။

ရုံးတံခါးဖွင့်လိုက်သည်နှင့် မြို့သူမြို့သားများသည် အလွန်စိတ်ဝင်စားကြသောကြောင့် ထိုင်ခုံနေရာ ရရှိရေးအတွက် တရားရုံးခန်းမအတွင်းသို့ သူ့ထက်ငါ ပြေးဝင်ကြလေ၏။

ဤလူသတ်မှုကား ဒေသအတော်များများတွင် ဖြစ်လေ့ဖြစ်ထရှိသော သာမန်ခိုက်ရန်ဖြစ်ပွားရာမှ သို့မဟုတ် မူးယစ်သောက်စားကြရာမှ ဖြစ်ပွားလေ့ရှိသည့် ဒေါသအလျောက် ဖြစ်ပွားသော လူသတ်မှုမျိုး မဟုတ်ပါပေ။

ထိုခေတ်အချိန်ခါက နာမည်ကြီး ရေပန်းစားနေသော စိတ်ကူးယဉ်ဇာတ်လမ်းများအတိုင်း အချစ်၊ အကြမ်း၊ အလွမ်း၊ အဆွေးနှင့် ကြေကွဲရခြင်းအပြင် သေကွဲကွဲပြီး ကေကွင်းရခြင်းတို့ဖြင့် နိဂုံးချုပ်ရသော ဇာတ်လမ်းမျိုး ဖြစ်လေသည်။

မောင်ဖိုးချစ်နှင့် ခင်လေးနွယ် တို့ကား လူငယ်တို့သဘာဝအစပိုင်းတွင် နှစ်ကိုယ်တူချစ်ရည်မျှခဲ့ကြလေ၏။ ရှင်အတူသေမကွဲ ချစ်လမ်းခရီးကို အတူတူ လက်တွဲလျှောက်ကြမည်ဟု ကတိသစ္စာအကြိမ်ကြိမ်အခါခါ ဆိုထားကြသူများ ဖြစ်ကြသည့်အပြင် အချစ်တွင် မျက်စိမပါဘူး ဟူသော အစဉ်အလာစကားကို ၂ ဦးစလုံး စိတ်တူကိုယ်တူ လက်ခံခဲ့ကြသူများလည်း ဖြစ်ကြလေ၏။

သို့ရာတွင် ခင်လေးနွယ်သည် မောင်ဖိုးချစ်၏ နောက်ပိုင်းရာဇဝင်ကို ကြားသိလာရသောအချိန်တွင် အချစ်စိတ်များ လျော့ပါးလာပြီး စံပယ်လိုလို နှင်းဆီလိုလိုဖြင့် ရေးကထားခဲ့သော ကတိစကားလှလှများကို တဖြည်းဖြည်းချင်း ချိုးဖောက်စပြုလာ၏။ အချစ်တွင် မျက်စိမပါဘူးဟု ရှူးရှူးမိုက်မိုက် လက်ခံထားခဲ့ငြားလည်း ဦးနောက်က တာရှည်စွာ လက်မခံနိုင်တာမျိုး ခံစားလာရ၏။

နုနုငယ်ငယ် ဆယ်ကျော်သက်အရွယ်မို့ အချစ်ကို နှလုံးသားဖြင့် ချစ်ရမည်လား၊ ဦးနှောက်ဖြင့် ချစ်ရမည်မလားဆိုသည်ကို အမှန်အတိုင်း မဝေခွဲနိုင်ခဲ့ပေ။

မိမိချစ်သူ မောင်ဖိုးချစ် ဆိုသူမှာလည်း ပညာရေးတွင် မူလတန်းအဆင့်သာရှိသူဖြစ်ပြီး ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ဆုံးပါးသွားခဲ့ကြရာ ဒက္ခိဏာရုံကျောင်းမှ ဦးပဥ္စင်းတစ်ပါးက ပြုစုစောင့်ရှောက်လာခဲ့သဖြင့် လက်ရှိအခြေအနေမျိုး ရောက်ခဲ့သည်ကို ကြားသိလာရ၏။

ဦးပဥ္စင်း၏ ဆွမ်းကွမ်း၊ ဒကာ ဒကာမဖြစ်ကြသော တာကြားရပ်နေ ငါးပိ၊ ငါးခြောက် ပွဲရုံပိုင်ရှင် ဦးမောင်ကိုနှင့် ဇနီးတို့က ၎င်းတို့ပွဲရုံတွင် တာလီ စာရေးအလုပ် လိုအပ်၍ က ငါးပိငါးခြောက်များကို ထွက်သွားချိန်၊ ကုန်တင်၊ ကုန်ထမ်းသည်ဖြင့် အလုပ်ကြမ်းနှင့် လက်တိုလက်







www.burmeseclassic.com

www.burmeseclassic.com



တောင်း နိုင်းသမျှ ကူညီလုပ်ပေးရသူ ဖြစ်လေ၏။ နံနက်ဆိုင်ဖွင့်ချိန် ဆိုင်ဖွင့်ရ၏။ လက်ဖက် ရည်တစ်ခွက် သောက်ရပြီး နေ့လယ်ပိုင်းတွင် ဟင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ထမင်းတစ်နပ်ကို အလကားစားရ၏။ တစ်ရက်လုပ်ခ ၂ ရက် ရှင်းပေး၏။

တစ်ရက်တွင် ခင်လေးနွယ်သည် ဖြူးဈေးအတွင်းသို့ ဈေးဝယ်သွားရာ ငါးခြောက်အိတ်ထမ်းနေသော ချစ်သူမောင်ဖိုးချစ်ကို အမှတ်မထင် တွေ့ရလေ၏။ ခင်လေးနွယ်မှာ မောင်ဖိုးချင့်၏ ရုပ်ရည်နှင့် ပြောရေးဆိုစရှိသည်ကို အထင်ကြီးမိထားသူဖြစ်လေရာ ဤကဲ့သို့ ကူလီအလုပ်မျိုးကို မလုပ်တန် ကောင်းပေဟု ထင်မှတ်ထားခဲ့ပေ၏။ ကိုယ်တိုင်မြင်တွေ့လိုက်ရသောအခါတွင် မိမိမျက်စိကိုပင် မိမိမယုံနိုင်အောင်ဖြစ်သောကြောင့် နောက်တစ်ခေါက် ပြန်ကြည့်မိလေ၏။

မိမိချစ်သူ မောင်ဖိုးချစ်မှ မောင်ဖိုးချစ်အစစ်ကြီး ဖြစ်နေလေ၏။ ကျောပေါ်တွင် ပုဆိုးအဟောင်းတစ်ထည်ကို တင်ပြီး ငါးခြောက်အိတ်ကြီးကို ပွဲရုံရှေ့ရပ်ထားသော ကုန်ကားပေါ်သို့ တင်နေလေ၏။

“လက်စသတ်တော့ ငါ့ရည်းစားက ကူလီတစ်ယောက် ဖြစ်နေပါတကား” ခင်လေးနွယ်၏ ရင်ဝယ် နောင်တတရားဖြင့် ဗလောင်ဆူလာလေတော့၏။

“ဒီလိုအတန်းအစားကိုမှ ဘာကြောင့်များ ငါ ရွေးပြီး ချစ်ခဲ့မိပါလိမ့်၊ ငါတော့ မှားပြီ” ဟု ဝမ်းနည်းပူဆွေးမှုကို ခံစားရလေတော့၏။

“ဒီလို အတိတ်ဆိုးနိမိတ်ဆိုးတွေ မြင်ရဖို့အတွက် ဒီကနေ့မှ တမင် ထွက်ခဲ့မိလေသလား၊ ဒယ်ဒီသာ သိသွားလျှင်တော့ . . .” ဟူသော အတွေး ဝင်လာသောအခါတွင် အေးမြသော နံနက်ခင်းဖြစ်ပါလျက် တစ်ကိုယ်လုံးမှ ချွေးများစိမ့်၍ ထွက်လာလေ၏။ ထို့နောက် ဘာကိုမှ အာရုံမခံစားနိုင်သကဲ့သို့ ဖြစ်လာ





သဖြင့် ဈေးမဝယ်တော့ဘဲ အိမ်ပြန်ခဲ့လေတော့၏။

နောက်တစ်ရက်တွင် မောင်ဖိုးချစ်ကို ချိန်းဆိုပြီး ၂ ဦးသား တွေ့ဆုံကြရာဝယ် သနားချစ်နှင့် မနှစ်မြို့တော့သော ခံစားချက်တို့ ရောပြွမ်းပြီး ခါတိုင်းထက် ချစ်အားပိုလေဟန်ဖြင့် ပိုမိုနွေးထွေးစွာ ဆက်ဆံရင်း ချစ်တင်းနှောရင်း ဘဝရှေ့ရေးကို ဆွေးနွေးကြ၏။ မောင်ဖိုးချစ်၏ ဘဝရှေ့ရေးကား ရင်လေးစရာ ကောင်းလှ၏။ မရေရာ မသေချာသကဲ့သို့ အေးတိအေးစက် နိုင်လွန်းလှ၏။ ဤခရီးမနီးပါဟု ဆိုရမည်ဖြစ်ပေသည်။

ပွဲရုံတွင် ကုန်ထမ်းပြီး ကူလီလုပ်စားရသော လူအောက်တန်းလွှာမှ လူတစ်ယောက်ကို ဒယ်ဒီကဲ့သို့သော ဗိသုကာကန်ထရိုက်တာက လက်ခံနိုင်ပါမည်လား။ မိမိဘဝတွင်းသို့ ဘယ်ပုံမျိုးဝင်လာလို့ရပါမှာလဲ၊ မောင်ဖိုးချစ်နှင့် ဆုံတွေ့လေတိုင်း . .

“နွယ့်ကို မောင်အသက်ပေးချစ်မှာပါ။ နွယ့်ကိုသာ မောင်လက်လွှတ်ဆုံးရှုံးရမယ်ဆိုရင် မောင်တော့ သေမှာပဲ။ မောင် နွယ့်ကိုချစ်တယ်ဆိုတာဟာ မောင့်ရဲ့ ဖြူစင်တဲ့ အသည်းနှလုံးနဲ့ ချစ်တာပါ။ ဒါကို မောင် ကျမ်းကျိန်ပြီးပြောရဲတယ်။ နွယ်ဟာ အထက်တန်းလွှာက မနေရှင်၊ ဂုဏ်ကြီး ရှင်တစ်ဦးရဲ့သမီးဆိုတာကို အစကမ မသိရိုးအမှန်ပါကွယ်။ ထပ်ခါတလဲလဲ ပေးခဲ့သော ကတိစကားလှလှများကို ခင်လေးနွယ်၏နားဝယ် များသကာနယ် ချိုသာခဲ့လေ၏။

“နီး . . . နီး . . . ဒယ်ဒီ သိရင်တော့ ဒုက္ခပါပဲ။ ငါ အချိန်မီ အောင် ရုပ်တန်းကာရပ်မှ။ ဘယ်လိုများ လုပ်ရပ့်။ ကိုင်းပါလေ လူတောင် မှ တစ်နေ့ကျရင် သေရသေးတာ၊ အခုရှုပ်မှ နောင်ရှင်းဆိုတယ် မဟုတ်လား။ ရေရှည်မှာ ၂ ယောက်လုံး ကောင်းသွားမည့်ကိစ္စမျိုး ဖြစ်လာမှာပါ”

“ကြံစည်စိတ်ကူးရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်မခက်ခဲလှပေ။ သူနဲ့ဆက်ပြီး အတူတူလက်မတွဲနိုင်တော့လို့ ယခင်ပေးမိခဲ့တဲ့ ကတိတွေကို ဒီနေ့ကစပြီး ပယ်ဖျက်လိုက်ပါပြီ။ နောက်ထပ်နွယ့်ကိုတွေ့ဖို့ မလိုတော့ပါဘူးပေါ့။ ဒါလောက်လေးပြောလိုက်ရုံပဲ မဟုတ်လား"

ဤကား ခင်လေးနွယ်၏ စိတ်ကူးဖြစ်၏။ သို့တိုင်အောင် ဒီကနေ့ ချစ်သူမောင့်ကို တကယ်တမ်း ပြောလိုက်ရတော့မည့်အခါတွင်မူ မလွယ်ကူကြောင်း သိလာရသည်။ မောင်က ဘာမှမပြောဘဲ ဒါဆိုလည်း ပြီးတာပဲ။ နွယ့် သဘောပါပဲလို့ ပြောလေမလား။

ရှေ့တွင်ထိုင်ပြီး မိမိအား ရွှန်းရွှန်းစားစားကြည့်နေသော မောင်ဖိုးချစ်ရဲ့ မျက်နှာကိုပင် ရဲရဲမကြည့်ရဲ။ မကြည့်ရက်တာလည်း ဖြစ်နိုင်ပေသည်။

"ကိုင်းလေ . . . မထူးပါဘူး။ ပြောမှဖြစ်မှာမို့ ပြောရတော့မှာပဲ"

ခင်လေးနွယ်သည် စိတ်ကို တင်းထားပြီး တည်ငြိမ်မှုရအောင် အားယူလိုက်သည်။ ပြီးမှ . . .

"မောင် . . . မောင့်ကို နွယ် အရေးကြီးဆုံးစကား ပြောစရာရှိတယ်။ နွယ့်စကားကိုကြားရင် မောင် စိတ်မဆိုးလိုက်ပါနဲ့နော်"

နွယ်က မောင့်ကို အကဲခတ်ရင်း သွေးတိုးစမ်းပြီးမှ တစ်ခွန်းချင်း ပြောလေ၏။

မောင်ဖိုးချစ်သည် နွယ့်အပါးသို့ တိုးကပ်သွားပြီး နွယ်ပခုံးနစ်ဖက်ကို ကြင်နာမှုဖြင့် ဆုပ်ကိုင်ရင်း နွယ်ရဲ့မျက်လုံးများကို ကြည့်လိုက်၏။

"နွယ်ရယ် ဒီအခြေအနေ ရောက်နေမှ ပြောမယ့်အရေးကို စကားတွေ ခံနေရသေးတာလဲ။ နွယ် ပြောခဲ့သမျှ မောင် ဘယ်တုန်းကများ စိတ်ဆိုးခဲ့ဖူးလို့လဲ။ ကဲပါ . . . ပြောမှာသာပြောပါ။ ကြားချင်လှပြီ"

မောင်ဖိုးချစ်က ခင်လေးနွယ်၏ ပါး ၂ ဖက်ကို သူ့လက်ဝါးနှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း မေးလေ၏။





နွယ်သည် ခေတ္တတွေဝေနေပြီးမှ . . .

"မောင် စိတ်မဆိုးဘူးနော်။ မောင့်ကို မပြောမဖြစ်လို့သာ ပြောရတာပါ။ တကယ်တမ်းကျတော့ နွယ့်ပါးစပ်က ပြောမထွက်ဘူး"

ခင်လေးနွယ်၏ပါးပြင်ပေါ်သို့ မျက်ရည်များ စီးဆင်းကျလာသည်ကို မောင်ဖိုးချစ် တွေ့ရလေ၏။

"နွယ်ကလည်းကွာ . . . ဘာကိစ္စများမို့လဲ။ မောင် ရင်ထိတ်လိုက်တာ။ နွယ်မျက်ရည်ကျတာ မောင် မမြင်ရက်ပါဘူး။ မငိုပါနဲ့ကွယ်"

ခင်လေးနွယ်၏ပါးမှ မျက်ရည်များကို လက်ဝါးဖြင့် ဖွဖွလေး သုတ်ပေးလေ၏။ ထို့နောက် ပါးချင်းအပ်ထားလိုက်လေ၏။

မောင်ဖိုးချစ်က ထိုသို့ အကြင်နာတရားဖြင့် နှစ်သိမ့်မှုပေးခါမှ ခင်လေးနွယ်သည် ငိုချင်ရက်လက်တို့ဆိုတာမျိုးဖြစ်လာပြီး ရှိုက်ကြီးတငင် ငိုလေတော့၏။ နောက်မှ စိတ်ကို အနိုင်နိုင်ထိန်းရင်း . . .

"မောင်နဲ့နွယ်တို့ရဲ့ အချစ်ရေးကိစ္စတွေကို ဒီကနေ့မှာပဲ နောက်ဆုံးထားပြီး ရပ်လိုက်ကြပါစို့ မောင်ရယ်။ တစ်နေ့မဟုတ် တစ်နေ့ဆိုသလို ဒက်ဒီ သိလာတော့မှာ အမှန်ပဲ။ နွယ် ဒက်ဒီကို ရင်မဆိုင်ရဲဘူး။ မနေ့ညက ဒက်ဒီ ရန်ကုန်က ပြန်လာပြီ။ ဧည့်သည်တွေလည်းပါလာတယ်။ ဒက်ဒီနဲ့လုပ်ဖော်ကိုင်ဖက်တွေပဲ"

ဒီမျှသာပြောပြီး ခင်လေးနွယ်က စကားကို ရပ်ထားလိုက်၏။ မောင်ဖိုးချစ်က . . .

"မောင် နားမလည်ဘူးနွယ်ရယ်။ ဒက်ဒီလာတာ ဧည့်သည်လာတာတွေနဲ့ မောင်တို့က ဘာဖြစ်လို့ ရပ်လိုက်ရမှာတဲ့လဲ။ ဘာလဲ နွယ်ရဲ့ ဒက်ဒီက ကိုယ်တို့နှစ်ဦးကို သဘောမတူဘူးလို့ ပြောလိုက်ပြီလား"

မောင်ဖိုးချစ်က ခင်လေးနွယ်၏ နဖူးကို တိုက်ပြီး အားမလိုအားမရဖြင့် မေးပြန်လေ၏။

"မဟုတ်ဘူး"

ခင်လေးနွယ်သည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဟူသော စကားတစ်ခွန်းသာ ပြောနိုင်၏။

"ဒါဆိုရင် ဘာဖြစ်သေးလဲ။ မောင်တော့ နွယ့်ကို လက်လွှတ်ပြီး အဆုံးအရှုံးလည်း မခံနိုင်ဘူး။ နွယ့်ကို လက်လွှတ်ရမှာကို သိပ်ကြောက်တယ်။ နွယ့်ရဲ့ဒက်ဒီ သဘောမတူဘူးဆိုရင် နွယ့်ကို မောင်နိုးပြေးမယ်။ နွယ်တို့လို မချမ်းသာပေမယ့် နွယ့်ကို မောင်ကျွေးနိုင်ဆင်နိုင်ပါတယ်။ မြို့အရှေ့ဘက် ၇ မိုင်ကွာလောက်မှာ မောင့်ရဲ့ဇာတိရွာရှိတယ်။ မောင့်မိဘတွေပိုင်တဲ့ လယ်တွေ ရွာမှာရှိသေးတယ်။ ဟိုမှာ လယ်လုပ်စားမယ်။ မောင် တောင်သူအလုပ်တွေကို လုပ်တတ်ပါတယ်။ ဘာမှပူစရာမရှိပါဘူး။ ဟိုမှာ နွယ်မပျော်ဘူးဆိုရင် တစ်နှစ်လောက်နေပြီး မြို့ပေါ်ကို ပြန်လာကြတာပေါ့။ မကောင်းဘူးလား"

မောင်ဖိုးချစ်ပြောသော တောရွာသို့ နိုးပြေးမည်ဆိုသော စကား၊ လယ်လုပ်စားမည်ဆိုသော စကားများကို ကြားရသောအခါ ခင်လေးနွယ်၏ မျှော်မှန်းထားချက်များနှင့် ပို၍ပင် အလှမ်းကွာသွားလေ၏။

"မောင် ပြောသလို နိုးရာလိုက်ပြေးဖို့ ရွာပြန် လယ်လုပ်စားကြဖို့ ဆိုတာမျိုးက နွယ့်အဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မောင်ရယ်။ ထားပါတော့လေ။ နွယ်လာနေတာ အချိန်တော်တော်ကြာသွားပြီ။ ဒယ်ဒီနဲ့ ဧည့်သည်တွေ မျှော်နေကြလိမ့်မယ်။ နွယ် ပြန်တော့မယ်နော်"

လမ်းမပေါ်ရောက်သောအခါ လမ်းမပေါ်တွင် လူသူရှင်းသလောက်ဖြစ်နေလေသည်။ ထင်သည့်အတိုင်းပင် ခင်လေးနွယ်၏ ဒယ်ဒီဆိုသူနှင့် ရန်ကုန်မှ လိုက်လာသော ဧည့်သည်များက ခမ်းနားလှသော အိမ်ကြီး၏ အိမ်ရှေ့ဘက်ရှိဧည့်ခန်းမှာ စောင့်ကြို၍ စကားပြောလျက်ရှိသည်ကို တွေ့ရလေ၏။

ထိုနေ့တွင် ဒက်ဒီမိတ်ဆက်ပေးသော ဆန်နီဆိုသူ ထိုဧည့်သည်နှင့် ချစ်သူမောင်ဖိုးချစ်တို့၏ ရုပ်ပုံလွှာဟန်အမူအရာနှင့် ပြောစကားဆို





စကားများကို မြင်ယောင်ရင်း မိမိကိစ္စကို မည်သို့ဆုံးဖြတ်ရမည်ကို စဉ်းစားတွေးတောရင်း အိပ်ရာထက်တွင် လူးလွန့်နေရာမှ နောက်ဆုံးတွင် ဘယ်သောအခါမှပြင်မရသော ဆုံးဖြတ်ချက်ကို ချလိုက်ပြီးမှ အိပ်ပျော်သွားလေတော့၏။

တရားရုံးသို့ လာရောက်နားထောင်ကြသော ပရိသတ်မှာ အမှု စတင်စစ်ဆေးမည့်အချိန်ကို မျှော်လင့်စောင့်စားလျက် ရှိလေ၏။ နံနက် ၁၀ နာရီထိုးသည်နှင့် တရားသူကြီး၏ ရှေ့ဖတ်စာရေးက တရားသူကြီးမင်း ကြွရောက်လာပါပြီဟု တစ်ခန်းလုံးကြားလောက်အောင် သတိပေးလိုက်ရာ ရုံးခန်းမကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ထိုအချိန်မှာပင် တရားသူကြီး ၃ ဦးတို့သည် ခမ်းနားစွာဖြင့် ရှေ့နောက် တန်းစီလျက် ခန်းမတွင်းသို့ ဝင်ရောက်လာလေရာ ပရိသတ်အားလုံးတို့သည် မတ်တတ်ရပ်လိုက်ကြလေ၏။ တရားခွင်တွင် အထူးအစီအစဉ်ဖြင့် သီးသန့်စီစဉ်ပေးထားသည့် ကုလားထိုင်မြင့်ကြီးများပေါ်တွင် အသီးသီး ဝင်ရောက်ထိုင်လိုက်ကြပြီး နောက်မှ ပရိသတ်အားလုံးက လိုက်၍ထိုင်ကြလေ၏။

တရားသူကြီးအားလုံးပင် တည်ကြည်သမာဓိရှိပြီး ဥပဒေဘောင်အတွင်းမှ အဂတိကင်းရှင်းစွာ တရားစီရင်ဆောင်ရွက်တတ်သော လူကြီးလူကောင်းများဖြစ်ကြလေ၏။ လူသတ်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသော အမှုသည် တရားခံနှင့် အဆင့်အတန်းနှင့် အသိုင်းအဝိုင်းများစွာ ကွာခြားမှု မရှိကြသူများလည်း ဖြစ်ကြလေ၏။

ထိုအချိန်မှာပင် ပရိသတ်အားလုံးတို့၏ မျက်လုံးများသည် တရားသူကြီး ၃ ဦးတို့ထံမှတစ်ဆင့် တရားခံဝင်လာမည့် ဝက်ခြံပေါက်ဆီသို့ ပြောင်းရွှေ့ကျရောက်သွားလေ၏။ အရုပ်အမောင်းမြင့်မားပြီး ခန္ဓာကိုယ် ထွားကျိုင်းသန်မာပုံရသော ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းတစ်ဦးနှင့် ၎င်း၏နောက်မှ တရားခံဆိုသူ အမျိုးသမီးတစ်ဦး ဝင်ရောက်လာကြလေ၏။ တစ်ချိန်တည်းမှာပင် ပရိသတ်များထံမှ ဝေါခနဲ ဟူသော တီးတိုးစကားသံများ ပျံ့လွင့်လာလေ၏။

"အလိုလေး . . . တရားခံသာပြောမယ်။ ချောလိုက်လှလိုက်တဲ့ မိန်းကလေးပါလား။ ဒီလိုရုပ်ရည်နဲ့ မိန်းကလေးက ကိုယ့်ချစ်သူကို အဆိပ်ကျွေးသတ်တယ်ဆိုတာများ နားရှိလို့သာ ကြားရတယ်။ ဘယ်လိုမှ မယုံနိုင်စရာပဲ"

"ကိုယ့်လူ တွေ့ပြီမဟုတ်လား။ ရုပ်ကလေးကတော့ သနားကမားနဲ့ စိတ်က ဘီလူးစိတ်၊ ကိုယ့်ရည်းစားကို ကြွက်သတ်ဆေးကျွေးသတ်တယ်ဆိုတာများ ရက်စက်မှုအပေါင်း သရဖူဆောင်းတယ် ဆိုထိုက်ပါရဲ့။ ယုတ်မာချက်ကဖြင့် ကမ်းကုန်ပါပေတယ်။ ဒါကြောင့် လောကနိတိ ကျမ်းဂန်ထဲမှာ မြစ်အားလုံးဟာ ကောက်ကွေ့သလို မိန်းမမှန်သမျှဟာ ဆိတ်ငြိမ်ရာအရပ်ကို ရရင် မကောင်းမှုကို ပြုတတ်တယ်လို့ ဆိုတာပေါ့။ ဒါတင် ဘယ်ကလိမ့်မတုံး။ မာယာတစ်သိန်း အပလိန်း အနန္တ ဉာဏ်ဝက်တ္တဆိုတာ သူတို့ပေါ့ဗျာ။ နောက်ပြီး လှေနဲ့မြင်းလိုပဲ စီးတဲ့သူနောက် ကောက်ကောက်ပါတတ်တယ်လို့ ဆိုထားသေး မဟုတ်လား"

"ဒါထက် ဒီဘက်က နောင်ကြီးက မိန်းမတွေမကောင်းကြောင်းချည်း ပြောနေပုံထောက်တော့ မိန်းမ မယူဘဲ လူပျိုကြီးလုပ်နေပုံရတယ်။ စိတ်မရှိနဲ့နော် ပြောတာကို သဘောကျလို့ မေးကြည့်တာပါ"

"လူပျိုကြီး မဟုတ်ပါဘူးဗျာ။ ကလေး ၆ ယောက်အဖေပါ"

"ခင်ဗျားတို့ ဘာပြောပြော ကျုပ်ကတော့ မိန်းကလေးကို သဘောကျလှသဗျာ။ အမှန်အတိုင်းပြောရရင် မရက်ပါဘူး။ ဒီမိန်းကလေးကိုသာ ရမယ်ဆိုရင် အခုရရင် အခုတောင်လိုချင်သေး"





"ကျုပ်သာဆိုရင် ဒီလိုမိန်းကလေးမျိုးရလို့ကတော့ ၂ ခါပြန်တောင် သေရဲပါရဲ့"

ပရိသတ်များထဲမှ ထိုသို့ တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြစဉ်အတွင်းမှာပင် တရားခံအမျိုးသမီးသည် ဝက်ခြံအတွင်းရှိ တရားခံအတွက် ချထားပေးသော ကုလားထိုင်တွင် ဣန္ဒြေရစွာဖြင့် ထိုင်ချလိုက်လေ၏။

တရားခံအမျိုးသမီး၏ ရုပ်ရည်နှင့် ဟန်ပန်အမူအရာကိုကြည့်ပြီး ဘိုကပြား၊ ကုလားကပြား၊ ဘိုမအစစ် စသည်ဖြင့် ခန့်မှန်းထင်ကြေးပေးနေကြလေ၏။

အမှန်တကယ်လည်း အရပ်အမောင်းပြင့်မားပြီး ချောမောလှပသည့်အပြင် ကျက်သရေရှိသူတစ်ယောက်လည်း ဖြစ်နေပေသည်။ ဝတ်ဆင်ထားသော အဝတ်အစားများမှာ သူမ၏ရုပ်အဆင်းနှင့် လိုက်ဖက်အောင် သေသပ်စွာ ချုပ်လုပ်ထားသည့်အပြင် သူမ၏မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်အောင်လည်း သူမ၏ခံ့ကော့သော လွှလွှကို ပြုပြင်ထားလေသည်။

သူမ၏ဦးခေါင်းထက်တွင်ကား ထိုခေတ်က အင်္ဂလိပ်ရုပ်ရှင်မင်းသမီးချော ဆောင်းလေ့ရှိသော မေးသိုင်းကြိုးပါ ဖာအနားတပ် အနက်ရောင်ဦးထုပ်ကို လှတစ်မျက်နှာ ဟုဆိုရလောက်အောင် မျက်နှာနှင့် ပနံရစွာ ကုပိုကရို ဆောင်းထားပုံမှာ တရားခံပါဟုဆိုရန် ခက်လှပေ၏။ ဦးထုပ်ဖာ အနားစ...ကို အပေါ်သို့ပင့်တင်လိုက်သော...ခါ သူမ၏ ဖြောင့်စင်းပေါ်လွင်သော နှာတံနှင့် ကြယ်ကလေးများ...သို့ တလက်လက်တောက်ပနေသော သူမ၏မျက်လုံးဝိုင်းများကို တွေ့ရ...၏။ ထို့ပြင် လေးကိုင်းသဖွယ် ပုံ...ကျလှသဖြင့် အပြစ်ပြောဖွယ်ရှိ...သော နှုတ်ခမ်းလွှာတင်ရုံကလည်း ... ကကဲ့သို့ ရယ်ရွှင်ပြုံးတုံ့ မပြုံး... ဆိုရချေမည်။

သူမအပေါ် စွဲ...သော



www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှုများနှင့်ပတ်သက်၍ ခွဲချက်တစ်ခုချင်းအလိုက် တရားသူကြီးက ဖတ်ကြားပြသသောအခါ အဆိုပါ ခွဲချက်တစ်ခုချင်းကိုပင် တရားသူကြီးနှင့် ပရိသတ်အားလုံး ကြားလောက်အောင် စိတ်အေးတည်ငြိမ်စွာနှင့် ပြန်လည်ရှင်းလင်းလျှောက်ထားလေ၏။

နောက်ဆုံး အမှုနှင့်ပတ်သက်ပြီး အပြစ်ရှိ မရှိ တရားသူကြီးက မေးမြန်းသောအခါတွင် မိမိတွင် အပြစ်မရှိကြောင်း ငြင်းဆိုလေ၏။ ထိုအခါ ပရိသတ်များထံမှ အမျိုးမျိုး တီးတိုးဝေဖန်ပြောဆိုသံများ ထွက်လာပြီး ရုံးခန်းတစ်ခုလုံး ဖုံးလွှမ်းသွားလေ၏။

ဤသို့ဖြင့် ဘိုကပြားမလေး မခင်လေးနွယ်နှင့် သေဆုံးသူ မောင်ဖိုးချစ်တို့၏ အချစ်ဇာတ်လမ်းမှာ ဖြူးမြို့တွင်သာမက တောင်ငူဒိစကြိတ်မြို့ကြီးတွင်ပါ တစ်စတစ်စဖြင့် ဟိုးလေးတကြော်ဖြစ်သွားလေတော့၏။

မောင်ဖိုးချစ်ဆိုသူမှာ ဖြူးမြို့ အရှေ့ဘက် ၇ မိုင်ခန့်အကွာ ကျော်လှ ရွာမှဖြစ်ပြီး ငယ်စဉ်ကပင် မိဘနှစ်ပါးလုံး ကွယ်လွန်သွားခဲ့ရာ သားချင်း ဆွေမျိုးတော်စပ်သူ ဖြူးမြို့ ဒက္ခိဏာရုံကျောင်းတိုက်နေ ဦးပဍ္ဍင်းတစ်ပါးက ကျောင်းထိုင်ဆရာတော်ကြီး၏ ခွင့်ပြုချက်ဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့ရပြီး သင်ပုံးကြီး၊ မင်္ဂလာသုတ်၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး အထိ ဘုန်းကြီးကျောင်းစာပေ တတ်မြောက်ခဲ့လေ၏။

၎င်းဆယ်နှစ်သားအရွယ်ရောက်မှ ဖြူးမြို့က အုတ်ဖြတ်လမ်းဆရာ ဦးဖိုးထိုက်၏ မူလတန်းကျောင်းသို့ ဆက်လက်ပညာ သင်ကြားခွင့်ရပြီး စတုတ္ထတန်းကို အောင်မြင်ခဲ့လေ၏။ သို့ရာတွင် ကျေးဇူးရှင် ဦးပဍ္ဍင်းမှာ စာချတန်းအောင်မြင်ပြီးနောက် ဆက်လက်ပညာသင်ကြားရန် မန္တလေးမြို့ စာသင်တိုက်တစ်ခုသို့ ရွှေ့ပြောင်းသွားရလေရာ မောင်ဖိုးချစ်၏ပညာရေးမှာ ရပ်ဆိုင်းသွားခဲ့ရလေတော့သည်။





တစ်နှစ်ခန့် ယောင်လည်လည်ဖြစ်နေစဉ် စားဝတ်နေရေး အခက်အခဲရှိလာသောကြောင့် ဖြူးမြို့ ပဲခူးလမ်းတောင်ပိုင်းနေ ငါးပိ၊ ငါးခြောက်ပွဲရုံ ပိုင်ရှင် ဦးမောင်ကို၏ ပွဲရုံတွင် ဝင်ရောက် အလုပ်လုပ်ရလေ၏။ ပွဲရုံတွင် နံနက် ၆ နာရီ ဈေးဖွင့်သည်နှင့် ပွဲရုံဖွင့်ပေးရပြီး ကုန်ပစ္စည်းခင်းကျင်းပေးခြင်း၊ ကတ္တားချိန်၊ စာရင်းမှတ်ခြင်း၊ ဖောက်သည်ဆိုင်များသို့ ငါးပိအိတ် ပို့ရခြင်း အပြင် ပွဲရုံက လက်တိုလက်တောင်းနိုင်းသမျှ ညနေဈေးပိတ်သည်အထိ လုပ်ရလေ၏။ ဘဝချင်း၊ ဓနချင်း ကွာခြားလှသည့် သူတို့နှစ်ဦး မည်သို့ဆုံဆည်းခဲ့ကြသည်ကို မည်သူမျှ မသိခဲ့ကြလေပ။

သို့ရာတွင် ချစ်သူတို့ဘဝ ရောက်ရှိလာပြီးနောက်ပိုင်းရောက်မှ ဖြူး မြို့မြောက်ဘက်ရှိ ဖြူးချောင်းတံတားသို့လည်းကောင်း၊ ချောင်းဘေးဝဲယာတွင် စိုက်ပျိုးထားသည့် စိမ်းလန်းစိုပြည်လှသော ပဲစဉ်းငုံ၊ မြေပဲနှင့် ယာခင်းများတွင်လည်းကောင်း၊ ဖြူးမြို့အနောက်ဘက် ၄ မိုင်ခန့်အကွာ မှိုင်းပြာရီဝေ နေသော ပဲခူးရိုးမတောင်တန်းတစ်ခုပေါ်ရှိ မြသိန်းတန်ဘုရားသို့ သွားရောက်ကြရာတွင်လည်းကောင်း မောင်ဖိုးချစ်နှင့်အတူ လိုက်ပါရင်း ပျော်ရွှင်ကြည်နူးခဲ့ကြလေ၏။

သို့တိုင်အောင် အချစ်စစ် အချစ်မှန်တို့၏ လမ်းခရီးသည့် အမြဲတစေ ဖြောင့်ဖြူးနေလေ့မရှိနိုင်သည့် အတိုင်းပင် နောက်နှစ်ဆောင်းကုန်၍ နွေကူးလာသောအခါ လူချင်းတွေ့ခွင့် နည်းပါးလာခဲ့ပြီး ကမ္ဘာကြီးခြားသကဲ့သို့ ခံစားလာရလေ၏။ အောင်သွယ်တော်မှတစ်ဆင့် စာဖြင့်သာ ဆက်သွယ်ရသည့်အခါများရှိလာခဲ့လေ၏။

အဆိုပါအချစ်သဝဏ်လွှာများသည် နောက်ပိုင်းတွင် တရားရုံး သက်သေခံစာရွက်စာတမ်းများ ဖြစ်လာခဲ့တော့သည်။

အဆိုပါစာများကို တရားသူကြီး ရှေ့မှောက်တွင် တရားလို



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေက ဖတ်ကြားတင်သွင်းလျှောက်ထားလေ၏။ ထိုစာများထဲတွင် ခင်လေးနွယ်၏ ခံစားချက်များကို ရင်ဖွင့်ရေးသားထားရာ ချစ်သူ မောင်ဖိုးချစ်နှင့် ခင်လေးနွယ် ကိုယ်တိုင်သာ ခံစားနိုင်မည့် အတွင်းရေးများ ဖြစ်ကြလေ၏။

ဤင်းစာများကို ၏သည် မရွေး တရားလိုရှေ့နေဘက်မှ ဖတ်ကြား လျှောက်ထားနေချိန်တွင် ခင်လေးနွယ်မှာ ရင်တမမနှင့် နားထောင်နေရလေသည်။ ခင်လေးနွယ်ဘက်မှ လိုက်ပါလျှောက်ထားသော တရားခံရှေ့နေကြီးက စာပိုဒ်အချို့ကို ချန်လှပ်ပေးရန် ကန့်ကွက်လျှောက်ထားသောအခါမှ တရားသူကြီးက တားမြစ်ရာ ထိုအခါမှပင် ခင်လေးနွယ် သက်ပြင်းချနိုင်လေတော့သည်။

တရားလိုရှေ့နေကြီး ဖတ်ကြားလျှောက်ထားသော စာတစ်စောင်ထဲတွင် . . .

"ချစ်လှစွာသော မောင်" ဟူ၍လည်းကောင်း၊

"ပြီးခဲ့တဲ့ညက မောင်နဲ့အတူရှိနေခဲ့ပြီး ဒီညမှာတော့ နွယ်တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေရပါပြီ။ နွယ်ဖြင့် မောင်နဲ့ပဲ အတူတူနေချင်လှပါပြီ မောင်ရယ်၊ နွယ်ဖြင့်လေ မောင့်ကိုပဲ တစ်နေ့ထက်တစ်နေ့ တိုးလို့ ချစ်မိနေပါပြီ။ မောင်ဟာ နွယ့်အတွက် တစ်မိုးအောက် တစ်ယောက်တည်းသော ချစ်သူပါ" ဟူ၍လည်းကောင်း ရေးသားဖော်ပြထားလေ၏။

အခြားစာတစ်စောင်ထဲတွင်မူ . . .

"ယောက်ျားတွေထဲမှာ မောင်ဟာ အကောင်းဆုံး ချစ်ဦးသူဖြစ်ပါတယ်" ဟူ၍လည်းကောင်း ဖွင့်အံဖော်ပြထားလေသည်။

ငါးပိပွဲရုံတွင် ကုန်ထမ်းရေး၊ တာလီစာရင်းမှတ်ရေး၊ အခြားတောက်တိုမယ်ရလုပ်ကိုင်ရသော အောက်တန်းလွှာမှ ငနံချာဖြစ်နေရှာသည့် မောင်ဖိုးချစ်မှာ လူကုံထံသူဌေးသမီး ခင်လေးနွယ်ထံမှ ထိုသို့မျိုးသော ချစ်စာလွှာများကို လက်ခံရသောအခါ . . .

"နဖူးစာရွာလည်ပုံ ဆန်းကြယ်လှပေမို့ ကံကောင်းလှပေစွ။ ဒိတစ်ခါတော့ဖြင့် သူဌေးသမီးဆိုသူနှင့် သေရွာပေါက် လက်ထပ်ထိမ်းမြားခွင့် ရပေတော့မည်။ အတိတ်ကာလတစ်လျှောက် ဆင်းရဲပြီး မွဲကြောရှည်လာခဲ့ရတဲ့ ငါ့ဘဝ မကြာမီ နိဂုံးကမ္ဘာအဆုံးသတ်ရပေတော့မည်" ဟု စိတ်ကူးဖြင့် မြူးပျော်မိခြင်းနှင့်အတူ ဝမ်းသာပီတိဖြစ်နေမိတော့သည်။

သို့ရာတွင် မောင်ဖိုးချစ်၏ ဝမ်းသာပီတိသည် များစွာကာလ မကြာရှည်ပါပေ။ ဤင်းအနေဖြင့် ဘယ်သောအခါမှ မခွဲနိုင်ပါဟု ပြောခဲ့သောချစ်သူ ခင်လေးနွယ်သည် ဤင်းနှင့်ဂုဏ်ရည်တူအလွှာမှ အင်္ဂလိပ်-မြန်မာ ဘိုကပြား စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ သား "ဆန်နီ" ဆိုသူနှင့် စေ့စပ်ကြောင်းလမ်းသွားပြီဆိုသော သတင်းကို ကြားသိလိုက်ရသော အခါတွင် အချိန်ကြာမြင့်စွာ မျှော်လင့်ထားခဲ့ချက်များမှာ ခဲလေသမျှ သဲရေကျဘိအလား ကိုယ်ရော စိတ်ပါ ဖော်မပြနိုင်လောက်အောင် ချုံးချုံးကျပြီး ပြိုကွဲပျက်စီးရလေတော့၏။

ပို၍ခံစားရသည်မှာ ခင်လေး နွယ်ကိုယ်တိုင်ကပါ ယခင် ဤင်းတို့နှစ်ဦး ကတိသစ္စာပြုထားချက်များကို ယနေ့မှစပြီး လုံးဝဖျက်သိမ်းကြောင်း ရေးသားထားသည့် ခင်လေးနွယ်၏ ဖြတ်စာကို လက်ခံရရှိလိုက်ခြင်းပင် ဖြစ်လေ၏။

အချစ်စိတ်ကြောင့် အရူးတစ်ပိုင်းဖြစ်သွားရှာသော မောင်ဖိုးချစ်က ဤကိစ္စမှာ ခင်လေးနွယ်၏ ဖခင်လက်ချက်ကြောင့် ဟု ယူဆကာ မောင့်အနေဖြင့် နွယ့်ကို လုံးဝမပြတ်နိုင်ကြောင်း၊ ယခင်ကတိများကိုလည်း လုံးဝမဖျက်နိုင်ကြောင်း၊ နွယ့်ရဲ့အဖေကို စာရေးပြီး အသနားခံမည် ဖြစ်ပါကြောင်း၊ မောင်ကိုယ်တိုင် ရှင်းလင်းတောင်းပန်ရမည်ဆိုပါကလည်း တောင်းပန်မည် ဖြစ်ပါ







www.burmeseclassic.com

www.burmeseclassic.com



ကြောင်း အောင်သွယ်တော်မှတစ်ဆင့် စာရေးအကြောင်းပြန်လေ၏။

မောင်ဖိုးချစ်ထံမှ စာကိုဖတ်ရသောအခါ ခင်လေးနွယ်မှာ အလွန်အမင်း တုန်လှုပ်သွားပေရာ ချက်ချင်းပင် အကြောင်းပြန်စာရေးလေ၏။

"ကျွန်မ ဒီစာကိုရေးသားပြီး ဒူးထောက်တောင်းပန်လိုက်တာ ဖြစ်ပါတယ်။ မောင့်ရဲ့အသနားခံစာအတွက် အဆုံးအဖြတ်ပေးမည့်စာမျိုးကို ကျွန်မထံမှ နောက်ထပ် လုံးဝမမျှော်လင့်ပါနဲ့။ ကျွန်မဆီကိုလည်း နောက်ထပ် ဘာစာမျိုးမှမရေးပါနဲ့တော့။ ကျွန်မနဲ့ ဒယ်ဒီဆီကိုပဲဖြစ်ဖြစ် ကျွန်မနဲ့ပတ်သက်တဲ့ ဘယ်သူ့ဆီကိုပဲ ဖြစ်ဖြစ် လုံးဝ စာမရေးပါနဲ့။

ကျွန်မကိုလည်း လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဘာမှမလုပ်ပါနဲ့"

ဟုပြတ်သားစွာ အကြောင်းပြန်လေ၏။

ထိုပြန်ကြားစာကိုရသောနေ့သည် မောင်ဖိုးချစ်အဖို့ ကမ္ဘာကြီးတစ်ခုလုံး ပျက်သုဉ်းလေပြီဟု ထင်ရသောနေ့တစ်နေ့ ဖြစ်လေ၏။

ထိုကာလအတွင်းမှာပင် လွန်ခဲ့သောလပိုင်းလောက်ကစပြီး ဗိုက်အောင့်ဝေဒနာ၊ ကိုယ်ပူရှိန်တက်ပြီး မကြာခဏ အဖျားတက်နေသော ရောဂါဝေဒနာများ ခံစားလျက်ရှိနေရာမှ အစားအသောက်ပါ ပျက်ပြီး အားအင်ဆုတ်ယုတ်လာလျက် ရှိလေ၏။

ယခု ခင်လေးနွယ်ထံမှ ဖြတ်စာရောက်လာသောအခါတွင် မြွေပူရာ ကင်းမှောင့်၊ ပူးလေးရာ ဖရုံဆင့်အဖြစ်မျိုးသို့ ရောက်ရပြီး ပို၍ဆိုးလာလေတော့ရာ မောင်ဖိုးချစ်မှာ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး အိပ်ရာထက်တွင် ဘုံးဘုံးလဲလေတော့၏။ မောင်ဖိုးချစ် နေထိုင်မကောင်းဖြစ်ကြောင်း သတင်းကြားရသောအခါ အောင်သွယ်တော် စောကျော်မြင့်နှင့် ဇနီး နော်မူမူတို့ လင်မယားသည် တာကြားရပ်ရှိ မောင်ဖိုးချစ် အိမ်တန်းလျားသို့ လူမမာ မေးသွားရောက်ကြလေသည်။





မောင်ဖိုးချစ် ဖျားနာဗိုက်အောင့်ရခြင်းနှင့်ပတ်သက်ပြီး စောကျော်မြင့်နှင့် နော်မူမူတို့၏ သက်သေထွက်ချက်များမှာ တရားခံအပေါ် ပြူးမလွတ်အောင် ထင်ရှားပေါ်လွင်လှ၏။

လွန်ခဲ့သော တစ်လလောက်ကစပြီး မောင်ဖိုးချစ်တစ်ယောက် အပြင်းအထန် မူးဝေအော့အန်ပြီး အိပ်ရာထဲမှ မထနိုင်တော့ဘဲ ဝေဒနာခံစား နေရသည်ဟု ဆို၏။ ညှိမျှသော ဝေဒနာခံစားနေရပါလျက် အကူအညီတောင်းရန် စောကျော်မြင့်တို့ ဇနီးမောင်နှံကို အဘယ်ကြောင့်မခေါ်ပါသလဲဟု မေးကြည့်ကြောင်း ထိုအခါ မောင်ဖိုးချစ်က . .

"ငင်း၏ဗိုက်ထဲတွင် အလွန်အမင်းအောင့်ပြီး ဖော်မပြနိုင်သော ဝေဒနာမျိုးကို ခံစားနေရကြောင်း၊ ဝတ်အစားလဲရုံပင်အဝတ်သေတ္တာသို့ ရောက်အောင် မှောက်လျက်သွားသွားရကြောင်း၊ လူကိုယ်တိုင် လာပြောရန် မဆိုထားနှင့် ပါးစပ်ဟပြီး စကားပြောလျှင်ပင် ပါးစပ်တွေ လေးနေကြောင်း၊ တစ်ကိုယ်လုံးမှာလည်း မလှုပ်ချင်မသယ်ချင်အောင် လေးလံထိုင်းမှိုင်းနေကြောင်း" ပင်ပန်းကြီးစွာ အားစိုက်ပြီးရှင်းပြလေ၏။ သို့ဖြင့် ထိုမှနောက်ပိုင်းတွင် မောင်ဖိုးချစ်တစ်ယောက် ဖျားပြီးရင်းဖျားရင်း ဖြစ်နေသောကြောင့် အလုပ်မဆင်းနိုင်တော့ဘဲ အိပ်ရာထဲတွင် လဲနေခဲ့ကြောင်း၊ ပွဲရုံပိုင်ရှင် ဦးမောင်ကို ကြားသိသဖြင့် လာရောက်ကြည့်ရှု ဆေးကုသမှုခံနိုင်ရန် စောကျော်မြင့်တို့ ဇနီးမောင်နှံနှစ်ဦးထံ ငွေ ၁၅ ကျပ် ပေးအပ်ခဲ့ကြောင်း သိရလေသည်။

နော်မူမူက အသုဘ မေးလာသူများကို ရှင်းပြရာတွင် . . .

"သူ့ကို သတိထားမိတာတစ်ခုရှိတယ်။ သူ့ကောင်မလေးနဲ့ အပြင်ထွက်လည်ပတ်ပြီး ပြန်လာတိုင်း မကြာခဏ နေမကောင်းဖြစ်တာကို တွေ့ရတယ်။ ဘာဖြစ်တာလဲလို့ ကျွန်မ မေးကြည့်ဖို့ပါပဲ။ ဒါပေမဲ့ ကျွန်မ မမေးကြည့်ရသေးခင် တစ်



www.burmeseclassic.com

ရက်အလို တစ်ပေါင်းလပြည့်နေ့ ညဥ့်သန်းခေါင် အချိန်လောက်မှာ သူ ဆုံးသွားခဲ့ပါတယ်" ဟု ဆိုလေ၏။

မောင်ဖိုးချစ် သေဆုံးကြောင်းကို မန္တလေးရှိ ဦးပဒ္ဓင်းကို အကြောင်းကြားရာ နောက် ၂ ရက်တွင် ဦးပဒ္ဓင်းကြွလာပြီးမှ အသုဘကို ဖြူးမြို့ဆေးရုံကြီး မြောက်ဘက်ရှိ သုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ရန် စီစဉ်ကြလေ၏။ မောင်ဖိုးချစ် အသုဘသို့ ပွဲရုံပိုင်ရှင် ဦးမောင်ကိုနှင့် အိမ်နီးချင်းများ၊ စာကျော်မြင့်၊ နော်မူမူအပြင် မိန်းကလေးအပေါင်း အသင်းအချို့နှင့်အတူ ခင်လေးနွယ် လိုက်ပါပို့ဆောင်ခဲ့လေသည်။

ဘဝတစ်ပါးသို့ပြောင်းသွားသော မောင်ဖိုးချစ်အား သရဏဂုံတင်ပြီး ဆွမ်းကျွေးတောင်းမေတ္တာပို့ ရေစက်ချအမျှပေးရာတွင် ဦးပဒ္ဓင်းက ယခုကဲ့သို့ မောင်ဖိုးချစ်သည် အသက်အတိုင်းမဟုတ်ဘဲ ငယ်ရွယ်စဉ်ဘဝမှာပင် သေဆုံးရခြင်းသည် အတိတ်ဘဝက ဝဋ်ကြွေးပါလာခဲ့၍ ဖြစ်ကြောင်း၊ ဤသို့ဝဋ်ကြွေးခံရတတ်ပုံကို နောင်သံသရာဘဝတွင်သာမက ဤမျက်မှောက်ပစ္စုပ္ပန်မှာပင် ခံစားရတတ်ပုံအကြောင်းကို

- ရန်သူလည်း တစ်သီး
- မီးလည်း တစ်လီ
- သူ့မြီတခြား ဤသုံးပါးကိုဝေးစွာရှောင်ကွင်း အကြွင်းမထားရာ ဟူသောစကားအရ ရှေးကဝဋ်ကြွေးကို မောင်ဖိုးချစ်က ယခု ပြန်လည်ပေးဆပ်ရခြင်းဖြစ်ကြောင်း၊ မြန်မာရာဇဝင်လာ နန်းမတော်မယ်နု၏ကြမ္မာဆိုးနှင့် နှိုင်းနှိုင်းဟောပြောခဲ့လေသည်။

မြန်မာသက္ကရာဇ် ၁၁၉၉ ခု၊ ခရာဇ်သက္ကရာဇ် ၁၈၃၇ ခုတွင် ဘကြီးတော်၏ မိဖုရားကြီး နန်းမတော် မယ်နုနှင့် မောင်တော်စလင်းမင်းသား မောင်အိုတို့သည် ဘုရင်၏ညီတော် သာယာဝတီမင်း၏ ကုန်းဘောင်မင်းသားအား မလိုမုန်းထားသောကြောင့် အမှုဖြစ်အောင် ကြံဆောင်ခဲ့လေ၏။





ထိုစဉ်ကာလတွင် မိဖုရားကြီး မယ်နုမှာ ဘုန်းမီးတေဇော တန်နိုးကြီးလွန်းပြီး အာဏာစက် ပြင်းလွန်းလှသဖြင့် မင်းညီမင်းသားနှင့် ဆွေတော်မျိုးတော်များမှာအလွန်ပင် စိုးရိမ်ထိတ်လန့်စွာဖြင့် အသက်ပင် ရှဲရှဲမရှူရဲအောင် နေခဲ့ကြရလေ၏။ နန်းမတော်မိဖုရားကြီး မည်မျှအထိ တန်ခိုးကြီးပါသနည်းဆိုလျှင် ဟင်းသီးဟင်းရွက် နသည်ဆိုသောစကားကိုပင် နသည်ဟု မပြောရဲကြဘဲ ဟင်းသီးဟင်းရွက် "ထွင်" သည်ဟု ပြောကြရသည်ဟု ဆိုလေ၏။

နန်းမတော်မယ်နုသည် မည်မျှအကြံပက်စက်ပါသနည်း ဆိုရလျှင် လက်ရှိမိဖုရားကြီး စစ်စစ် ဖြစ်နေပါလျက် ဤမျှဖြင့် မတင်းတိမ်နိုင်ဘဲ ထီးနန်းစည်းစိမ်ကို သိမ်းယူပြီး မောင်တောင်သူ ဦးအိုအား ပေးအပ်နိုင်အောင် ကြံစည်ခဲ့သူ ဖြစ်လေ၏။

ဤအကြံအစည် ပေါက်ကြားပြီး ဘုရင့်ညီတော်သာယာဝတီမင်းက သိသွားသည့်အတွက် သာယာဝတီမင်းကို ဖမ်းဆီးထောင်ချရန် လက်ဦးမှုရယူ ကြံစည်ခဲ့လေ၏။ သို့ရာတွင် ညီတော် သာယာဝတီမင်းသည် ထွက်ပြေးတိမ်းရှောင်ပြီး နောင်တော်ဘုရင်အား ခုခံတော်လှန်လေတော့၏။

နောက်ဆုံးတွင် နောင်တော်ဘကြီးတော်ဘုရား စစ်ရှုံးပြီး ထီးနန်းစည်းစိမ်နှင့်တကွ နန်းမတော်မယ်နုအပါအဝင် မောင်တော်ဦးအိုတို့အား ညီတော်သာယာဝတီမင်းထံ လွှဲအပ်ရလေတော့၏။ သာယာဝတီမင်းခေါ် ကုန်းဘောင်မင်းနန်းတက်လာပြီး မြန်မာသက္ကရာဇ် ၁၂၀၂ တွင် နန်းမတော်မယ်နုအား နောင်တော်နန်းကျဘုရင်နှင့်အတူ ထားရာမှ မင်္ဂလာရာသူပုန်မှုတွင် ပါဝင်ကြံစည်ကြောင်း ပေါ်ပေါက်သောကြောင့် ရေချကွပ်မျက်တော်မူခဲ့သည်။

ထိုအခါ နန်းမတော်မယ်နုသည် ကွပ်မျက်ခြင်းမခံရမီ အချိန်ကလေးတွင် ရင်းကိုးကွယ်သော အုတ်ကျောင်းဆရာတော်ဦးဖုမ်အား



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ဖူးမြော်ကန်တော့ပြီး "ဘုရားတပည့်တော်မသည် ကုန်းဘောင်မင်း၏ အာဏာစက်ဖြင့် အဆုံးစီရင်ခြင်း ခံရပါတော့မည်။ ဤနေ့ကား ဆရာတော်ဘုရားကို နောက်ဆုံးဖူးမြော်ကန်တော့ခြင်း ဖြစ်ကြောင်းပါ ဘုရား" ဟု လျှောက်တင်လေ၏။

ထိုအခါ ဆရာတော်ဦးဗုဒ်က "မိန . . . သူကြွေးရှိလျှင် ဆပ်ရလိမ့်မည်" ဟု မိန့်တော်မူလေသည်။ (စာရေးသူ)

ဆေးရုံရင်ခွဲခန်းတွင် ဓာတုဗေဒပါရဂူဆရာဝန်က မောင်ဖိုးချစ်၏ အလောင်းကို ပြန်လည်တူးဖော်ပြီး ခွဲစိတ်စစ်ဆေးသောအခါ ၎င်း၏ အစာအိမ်ထဲတွင် အာဆင်နစ်အဆိပ် (၈၀) ဂရိန်ကို တွေ့ရှိကြောင်း၊ အာဆင်နစ်လေးဂရိန်မှ ခြောက်ဂရိန်အထိသည် ယေဘုယျအားဖြင့် လူတစ်ယောက်၏ အသက်ကို သေဆုံးစေရန် လုံလောက်ကြောင်း ဖော်ပြပြန်ကြားလေ၏။

နော်မူမူက ၎င်း၏ကပတိကောင်းမွန်သောစိတ်ထားဖြင့် ကျမ်းကျိန်ထွက်ဆိုရာတွင် ၎င်းသည် တနင်္ဂနွေနေ့ ဘုရားဝတ်ပြုလေ့ရှိကြောင်း၊ ခင်လေးနွယ်နှင့် မောင်ဖိုးချစ်တို့ နှစ်ဦးကို အောင်သွယ်လုပ်ပေးခဲ့ရသဖြစ်ကြောင်း၊ မောင်ဖိုးချစ်သည် ခင်လေးနွယ်ထံ လာရောက်တွေ့ဆုံရာတွင် အားအင်ပြည့်ဖြိုးပြီး စိတ်ကြည်လင်လန်းဆန်းစေရန် ခင်လေးနွယ်က ကော်ဖီနှင့်ချောကလက်မုန့်တို့ကို မကြာခဏ တိုက်ကျွေးလေ့ ရှိသည်ကိုတွေ့ရပါကြောင်း၊ ထိုကော်ဖီနှင့်မုန့်တို့ကို စားပြီးနောက်ပိုင်းတွင်မှ ယခုကဲ့သို့ မောင်ဖိုးချစ်ဖျားနာခြင်း၊ ဗိုက်အောင့်ခြင်းတို့ ဖြစ်လာကြောင်း၊ ယခင်က ထိုသို့ဖြစ်သည်ဟု မကြားသိရကြောင်း အစစ်ခံလေ၏။

နောက်ပိုင်းတွင် မောင်ဖိုးချစ်ကိုယ်တိုင် ဤကိစ္စကို သတိထားမိပုံရကြောင်း၊ နော်မူမူက စူးစမ်းလိုသောသဘောဖြင့် မေးမြန်းကြည့်





သောအခါ သူ့ကို အဆိပ်ခတ်လုပ်ကြံသူဟာ ခင်လေးနွယ်ကိုယ်တိုင်ကသာဆိုရင် ခွင့်လွှတ်မှာဖြစ်ကြောင်း ပြောဆိုပြီး ဘာကြောင့် မောင်ဖိုးချစ်အား ယခုလိုအလုပ်မျိုးကို ရက်ရက်စက်စက် လုပ်ရက်မှာလဲဟု မေးသောအခါ သေရင်တောင်မှ ဝမ်းနည်းစရာမလိုတော့လောက်အောင် ကျွန်တော့်ကို မုန်းတီးသွားလို့ ဖြစ်မှာပေါ့ဟုဖြေကြားခဲ့သည်ဟုဆိုလေ၏။

ဒေါက်တာဘရှူးဝါးနှင့် မနန်းတို့ တင်ပြသော သက်သေမှာ တရားခံဘဝဖြင့် တရားရုံးတော်ရှေ့ ရောက်နေသော ခင်လေးနွယ် ကိုယ်တိုင် ဖြစ်လေ၏။

ခင်လေးနွယ်သည် တရားခံများအတွက် ဆောင်ရွက်ပေးထားသော ဝက်ခြံအတွင်းရှိထိုင်ခုံတွင် တည်ငြိမ်စွာထိုင်လျက်ရှိပြီး တရားသူကြီးနှင့် ဂျူရီလူကြီးများကိုလည်းကောင်း၊ အခြားတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လာရောက်နားထောင်ကြသော ပရိသတ်ကြီးအားလည်းကောင်း၊ ရုံဖန်ရုံခါ မေတ္တာတရားပွားများနေပုံရပြီး ရုံဖန်ရုံခါတွင် ဥပေက္ခာပြုထားပုံမျိုးရှိလျက် အသက်အရွယ်နှင့် မလိုက်အောင် ရင့်ကျက်သော ဣန္ဒြေဖြင့် ထိုင်လျက် သက်သေထွက်ချက်များကိုနားထောင်လျက်ရှိလေ၏။

ခင်လေးနွယ်သည် တစ်ချိန်က ရပ်ရွာဒီဆေးဆိုင်ပိုင်ရှင် ရပ်ရွာဒီ ဆရာဝန်နှင့် မနန်းတို့ထံမှ အာဆင်နစ်အဆိပ်မှုန့် ဝယ်ယူခဲ့သူဖြစ်လေသည်။

ရုံးတော်၏တောင်းဆိုချက်အရ အမှုတွဲကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် စဉ်းစားဆင်ခြင်ပြီးနောက် . . .

"ခင်လေးနွယ်သည် မောင်ဖိုးချစ်နှင့် စကားများကြရာမှ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သောအခါ အများအမြင်တွင် အမြင်ကောင်းအောင် မောင်ဖိုးချစ်အား ချစ်နေဟန်ဆောင်ထားသော်လည်း နောက်ဆုံးတွင် အဆိပ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟု ကျေ[illegible]ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေ၏။"

ဤသို့ဖြင့် အမှုမှာ သက်သေခိုင်မာသော အမှုအဖြစ်သို့ ရောက်ရှိလာလေတော့၏။ ထို့နောက် ခင်လေးနွယ်တွင် အပြစ်ရှိကြောင်းနှင့် ခင်လေးနွယ်ကိုယ်တိုင် ရေးသားသည့် မောင်ဖိုးချစ်သို့ပေးစာများကို ဖတ်ကြားလေ၏။ အဆိုပါစာထဲတွင်

- မောင်သိပ်ဆိုးတာပဲ။ တနင်္ဂနွေနေ့ညတစ်ညလုံးနဲ့ တနင်္လာနေ့နံနက်တစ်ချိန်လုံးပဲ။

- အိမ်လာရင် သိပ်နောက်မကျစေနဲ့နော်။

- နေမကောင်း ပြန်ဘူးလား။ ဒီတစ်ခါ မောင်လာရင် စားရအောင် ပေါင်မုန့်လုပ်ထားလိုက်မယ်" ဟု ရေးသားထားလေ၏။

တစ်ဟုံတစ်ယောက်သည် တစ်ဦးတစ်ယောက်အပေါ် အဆိပ်ဖြင့် လုပ်ကြံသတ်ဖြတ်မည်ဆိုပါက သွေးအေးအေးဖြင့် ကိုယ်တိုင်ကိုယ်ကျ စီမံဆောင်ရွက်နိုင်ရပေလိမ့်မည်။ ဤအတိုင်းမှန်ပါက ခင်လေးနွယ်သည် အမှန်တကယ်ပင် သွေးအေးနိုင်လွန်းသူဖြစ်လေသည်။

ဂျင်းအားပြစ်ဒဏ်စီရင်ရန် အမှုတည်ဆောက်နေစဉ်မှာပင် လုံးဝအေးဆေးတည်ငြိမ်နိုင်သူ ဖြစ်လေသည်။ သူမ၏ပေးစာများကို ဖတ်ကြားလျှောက်ထားစဉ် တရားရုံးလွှတ်တော်ရှေ့နေကြီးက တချို့စာပိုဒ်များကို ချန်လှပ်ပေးပါရန် ကန့်ကွက်လျှောက်ထားသည့် ထိုတစ်ကြိမ်တည်းမှာသာ စိတ်လှုပ်ရှားသည့် လက္ခဏာမျိုးကို တွေ့ရလေသည်။

တရားလိုရှေ့နေကြီးက အပြန်အလှန် မေးခွန်းထုတ်ရာတွင် အာဆင်နစ်အဆိပ်ကို သူမကိုယ်တိုင် ဝယ်ယူခဲ့ခြင်းမှာ မှန်ကန်ပါကြောင်း ရဲဝံ့စွာ ဝန်ခံထွက်ဆိုလေ၏။

သို့ရာတွင် လူသတ်ရန် အကြံအစည်ရှိသူတစ်ယောက်အနေဖြင့် ထိုသို့ မိမိဝယ်ယူကြောင်းကို အမည်နာမနှင့် နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြပြီးမှ ပြောင်းတင်းတင်း လက်မှတ်ရေးထိုးပေးပါမည်လား။





ထိုသို့ပြုလုပ်ပါက နောင်တစ်ချိန်တွင် ထိုဝန်ခံချက်လက်မှတ်များကို ခြေရာခံပြီး အမှုကို ဖော်ထုတ်နိုင်မည်ဆိုခြင်းကို သာမန်အားဖြင့်ပင် သိတန်ကောင်းရာ၏။

အမှုလိုက်ပုလိပ်က ခင်လေးနွယ်အား မည်သို့အသုံးပြုရန်အတွက် အဆိပ်ကို ဝယ်ယူပါသလဲ မေးသောအခါ ကြွက်သန်ရန် မဟုတ်တော့ဘဲ ဆံပင်အလှပြုပြင်ရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဂျင်းအဆိပ်မှုန့်ကို ရေဖြင့်ဖျော်စပ်ပါက အလှဆီဖြစ်လာပါကြောင်း၊ ဂျင်းနည်းကို ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်က နည်းပေးခြင်းဖြစ်ကြောင်း မူလထွက်ဆိုချက်ကို ပြောင်းလဲပြီး ထွက်ဆိုခဲ့လေ၏။

သို့ရာတွင် ဂျင်း၏သူငယ်ချင်းဟောင်းဆိုသူအား မေးမြန်းသောအခါ ထိုသို့မပြောခဲ့ရကြောင်း ကျမ်းကျိန်ထွက်ဆိုခဲ့လေသည်။

တရားလိုတရားခံနှစ်ဖက်စလုံးမှ နှုတ်သက်သေ ထွက်ဆိုချက်များနှင့် စာရွက်စာတမ်းသက်သေခံချက်အားလုံးကို ပြန်လည်စုစည်းပြီး အမှုကို ဆက်လက်ဆောင်ရွက်လေသည်။

အမှုသွားအမှုလာအပေါ် သုံးသပ်ချက်အရ ခင်လေးနွယ်သည် ငယ်ရွယ်သူပီပီ ရှေ့နောက်မစဉ်းစားဘဲ ချစ်သူမောင်ဖိုးချစ်အား စိတ်လိုက်မာန်ပါ ပြစ်တင်ပြောဆိုရေးသားခဲ့ရသည့်အကြောင်းမှာ သူမဖခင်၏ဆန္ဒအရ သဘောတူထားသော ဆန်နီဇ်သူနှင့် လက်ထပ်ပွဲမပျက်စေရန်အတွက်လည်းကောင်း၊ သူမဖခင်နှင့် သူမ၏ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ဆုံးတွင် အဆိပ်ဖြင့် လုပ်ကြံခြင်းဖြစ်နိုင်ပေသည်။

အဆိပ်မှုန့်ဝယ်ယူခဲ့ခြင်းကိစ္စနှင့်ပတ်သက်၍ မူလကပင် မောင်ဖိုးချစ်အား သတ်ဖြတ်ရန် အကြံအစည်ရှိပြီးသားမှန်သော်လည်း အဖြစ်မှန်ကို ဖုံးကွယ်ရန်အလို့ငှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ပြောင်းလဲထွက်ဆိုခဲ့ခြင်း ဖြစ်လေ၏။

တရား-ရုံးချုပ်ရှေ့နေကြီးက ထိုအမှုနှင့်ပတ်သက်ပြီး အပြီးသတ်ဆုံးဖြတ်ရန် တစ်ချက်သာ ရှိတော့ကြောင်း။ ထိုတစ်ချက်မှာ တရားခံတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်ချပေးနိုင်ပါရန် နောက်ဆုံးလျှောက်လဲလေ၏။

ဤအမှုဖြစ်စဉ်ကာလတွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီလက်အောက်ကျရောက်နေစဉ်အခါသမယဖြစ်နေသည့်အားလျော်စွာ တရားစီရင်ရေးစနစ်မှာလည်း အင်္ဂလိပ်နှင့် စကော့လူမျိုးတို့၏ တရားစီရင်ရေးစနစ်မျိုးနှင့် ရောထွေးလျက်ရှိလေ၏။

ဤလူသတ်မှုနှင့်ပတ်သက်၍ ခင်လေးနွယ်၏ဖခင်သည် အင်္ဂလန်မှ အကောင်းဆုံးရှေ့နေတစ်ဦးကို ၎င်း၏သမီးဘက်မှ လိုက်ပါဆောင်ရွက်နိုင်ရန် ငှားရမ်းထားလေ၏။ ၎င်းရှေ့နေမှာ အင်္ဂလန်နိုင်ငံ ရှေ့နေများအသင်းမှ မဟာဌာနမှူး (Advocate) တစ်ဦး ဖြစ်လေသည်။ ထိုခေတ်အခါက ရှေ့နေ (Advocate) နှင့် ဝတ်လုံတော်ရ (Barrister) ဆိုသူတို့မှာ အင်္ဂလန်နိုင်ငံတွင် အထူးပင် လူကြိုက်များပြီး နာမည်ဂုဏ်သတင်း ကျော်ကြားသူဖြစ်လေ၏။

မဟာဌာနမှူး၏ တရားခံဘက်မှ လျှောက်ထားချက်များမှာ ဥပဒေပိုင်းဆိုင်ရာတွင် ပိုင်နိုင်ကျွမ်းကျင်မှုရှိလှကြောင်း သိသာထင်ရှားလှပေ၏။

ခင်လေးနွယ်သည် မိကောင်းဖခင်တို့၏ တစ်ဦးတည်းသောသမီးဖြစ်ပါကြောင်း၊ မောင်ဖိုးချစ်နှင့် မတွေ့ခင်က အတင်းအဖျင်းစကားကိုမဆိုထားဘိ သာမန်စကားကိုပင် ကျယ်ကျယ်လောင်လောင်ပြောဆိုတတ်သူ မဟုတ်ပါကြောင်း၊ သို့ရာတွင် မောင်ဖိုးချစ်ဆိုသူနှင့် တွေ့ဆုံပြီးနောက်ပိုင်းတွင်မူ မိန်းကလေးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာပြုမှုပြောဆိုခဲ့မှုများသည် ရိုးသားဖြောင့်မတ်မှုမရှိတော့ဘဲ ယဲ့ရွယ်သူမိန်းကလေးတစ်ယောက်နှင့် မလိုက်အောင် အောက်တန်းကျလာခဲ့ပါကြောင်း လျှောက်လဲလေ၏။

နောက်ပိုင်းရောက်မှ ယခုကဲ့သို့ ပြောင်းလဲလာခဲ့ရသည်မှာ ကောက်ကျစ်ယုတ်မာသူတစ်ဦးက နည်းပေးလမ်းပြလုပ်နေသောကြောင့် ဖြစ်ပါကြောင်း၊ နည်းပေးလမ်းပြသူဆရာ မရှိဘဲ ဤမျှလောက်ထိ အောက်တန်းကျသည့် အောက်ဆုံးအစွန်သို့ မည်သည့်နည်းဖြင့်မှ မရောက်နိုင်ကြောင်း။ နုနယ်သော မိန်းကလေးတစ်ဦးကို လမ်းမှားရောက်အောင် ဩဇာပေးသည့်နေရာမှာလည်း တစ်နေရာတည်းမှသာ ဖြစ်ကြောင်း၊ ထိုနေရာသည် မောင်ဖိုးချစ်တည်းဟူသော လူငယ်ထံမှသာ ဖြစ်ပါကြောင်း ထောက်ပြပြောဆိုသည့်ပြင် မောင်ဖိုးချစ်အား လေလွင့်သူ၊ အခြေအနေမဲ့သူ၊ မည်သည့်နေရာတွင်မှ အသုံးမကျသူအဖြစ် နှိမ်ချပြောဆိုပြီး ခင်လေးနွယ်၏ဘဝထဲသို့ အချစ်ရေး ဘမ်းပြုပြီး ခင်လေးနွယ်၏ ခနဂုဏ်၊ ပစ္စည်းဂုဏ်တို့ကို မက်မောမှုဖြင့် တိတ်တခိုးဝင်ရောက်လာသူ၊ သိုက်တူးသမား တေလေဂျပိုးတစ်ယောက်သာ ဖြစ်ပါကြောင်း လျှောက်လဲလေ၏။

ထို့အပြင် မောင်ဖိုးချစ်သည် ခင်လေးနွယ်နှင့် မတွေ့ရခင်ကပင် ဗိုက်အောင့်ရောဂါရှိသူဖြစ်၍ အာဆင်နစ်ကို မှီဝဲနေရသူ ဖြစ်ကြောင်း ကြွားဝါပြောဆိုခဲ့ဖူးသည်ဟု သက်သေထွက်ချက်လည်း ရှိနေပါကြောင်း၊ ထို့အပြင် ခင်လေးနွယ်နှင့် မောင်ဖိုးချစ်တို့ နောက်ဆုံး မည်သည့်နေ့ရက် တွေ့ဆုံပြီး အတူတကွရှိခဲ့သည်ကို သက်သေထွက်ဆိုရန် ပျက်ကွက်ခဲ့ကြောင်း အပြီးသတ်လျှောက်လဲလေ၏။

တရားသူကြီးသည် အမှုတွဲဆိုင်ရာ အချက်အလက်များကို နောက်ဆုံးအပြီးသတ်လိုက်ပြီးနောက် ဂျူရီလူကြီးများနှင့် တန်းစီထွက်ခွာပြီး စဉ်းစားခန်းဝင်ကြလေ၏။ နာရီ







www.burmeseclassic.com

www.burmeseclassic.com



ဝက်ခန့်ကြာပြီးမှ တရားခွင်သို့ ပြန်လည် ဝင်ရောက်လာကြပြီး ...

ခင်လေးနွယ်အပေါ် စွဲဆိုထားသော ပထမအမှုနှင့်ပတ်သက်၍ ခင်လေးနွယ်သည် မောင်ဖိုးချစ်အား အဆိပ်တိုက်ကျွေးပြီး သေကြောင်းကြံစည်အားထုတ်ကြောင်းကို သက်သေမပြနိုင်၊ အလားတူပင် ဒုတိယအမှုတွင်လည်း မောင်ဖိုးချစ်အား အဆိပ်ကျွေးပြီးသတ်သည်ဆိုသည့်အချက်တွင်လည်း သက်သေမပြဆိုနိုင်သောကြောင့် တရားသူကြီးက ခင်လေးနွယ်အား အမှုမှ တရားသေလွှတ်ကြောင်း စီရင်ချက်ချမှတ်လေ၏။ ထိုကာလက တရားစီရင်ရေးစနစ်အရ တရားစွဲဆိုခြင်းခံထားရသူအပေါ် အပြစ်ရှိကြောင်း သက်သေမပြနိုင်လျှင် မည်သို့ပင် ဆက်စပ်အကြောင်းအရာများအရ အပြစ်ရှိသည်ဟု ယူဆသော်လည်း တရားလိုဘက်မှ ရှုံးနိမ့်ရလေ၏။

တရားသူကြီး၏စီရင်ချက်ကို ကြားရသော ပရိသတ်များထံမှ တီးတိုးစကားဝေဖန်ပြောကြားသံများ ထွက်လာပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။ ခင်လေးနွယ်သည် တစ်စုံတစ်ရာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ စိုးရွံ့ထိတ်လန့်ဖြစ်ခြင်းမျိုး မရှိဘဲ ပကတိငြိမ်သက်စွာဖြင့် နားထောင်နိုင်လေ၏။

ထိုအမှုနှင့်ပတ်သက်၍ ခင်လေးနွယ်သည် အမှန်တကယ် ရိုးသားဖြောင့်မတ်မှုရှိသည်ဟု ယူဆသူများက ဝမ်းသာကြောင်း ပြောကြားလာသူများကို ဣန္ဒြေရရပင် ကြိုဆိုလက်ခံသကဲ့သို့ လူသတ်သမားအဖြစ် ယူဆထားသူများက တရားသူကြီးအား လှောင်ပြောင်သရော်ကြပြီး ငွေနှင့်ပေါက်သည်။ ဂုဏ်နှင့်မတရားသဖြင့် အနိုင်ယူသည်ဟု အမျိုးသားရေးစိတ်ဓာတ်ရှိသူ ဗမာလူငယ်တချို့က အင်္ဂလိပ်အစိုးရ ကျဆုံးပါစေ၊ ကိုလိုနီဝါဒ ကျဆုံးပါစေဟု အော်ဟစ်ဆူပူပြီး တရားရုံးအတွင်းမှ ထွက်ခွာသွားကြလေ၏။

အဆိုပါ လှောင်ပြောင်သရော်မှုများအားလုံးကိုလည်း ခင်လေးနွယ်သည် မကျေနပ်သော၊ စိတ်ဆိုးဒေါသထွက်သော အမူအရာမျိုးလုံးဝမပြဘဲ ဥပေက္ခာပြုနိုင်သည်ကို တွေ့ရလေ၏။

ခင်လေးနွယ်တွင် အမှန်တကယ် အပြစ်ရှိ၊မရှိနှင့် ရိုးသားဖြောင့်မတ်ခြင်း ရှိ၊မရှိဆိုခြင်းနှင့် ပတ်သက်၍ ဤအမှုကို စိတ်ဝင်စားသူများအတွက် တစ်သက်တာ အမှတ်တရရှိနေမည်ဖြစ်လေသည်။ မောင်ဖိုးချစ်ကို မည်သူသတ်သည်ဆိုသည်ကိုမူ ဘယ်သောအခါမှ သိနိုင်တော့မည် မဟုတ်ပေ။

အမှုပြီးဆုံးပြီး နောက်တစ်လအကြာတွင် ခင်လေးနွယ်သည် ၎င်း၏ဖခင်ဆန္ဒအရ ဆန်နီဆိုသူ အင်္ဂလိပ်လူငယ်နှင့် လက်ထပ်လိုက်လေ၏။ နောက်နှစ်တွင် ခင်လေးနွယ် သားယောကျာ်းလေး မွေးဖွားခဲ့လေ၏။ ထိုကလေးမွေးဖွားလာခဲ့ခြင်းသည် ခင်လေးနွယ်တို့ဇနီးမောင်နှံ၏ ဘဝလမ်းခရီးကို ပြောင်းပြန်ကျရောက်ဘိအလား ကြီးစွာသော အနှောင့်အယှက် ဖြစ်စေခဲ့လေသည်။ အကြောင်းမှာ ထိုကလေး အခါလည်သားအရွယ်ခန့်ရောက်လာသောအခါ ထိုကလေး၏အသားအရောင်နှင့် ရုပ်ဆင်းသဏ္ဍာန်မှာ ဖခင်ဖြစ်သူ ဆန်နီနှင့်မတူဘဲ ဗမာရုပ်ပေါက်ပြီး သေဆုံးခဲ့သူ ခင်လေးနွယ်၏ ရည်းစားဟောင်း မောင်ဖိုးချစ်နှင့် တူနေသောကြောင့် ဖြစ်လေသည်။

သို့ဖြစ်ရာ ခင်လေးနွယ်အပေါ် သံသယရှိနေသော ဆန်နီသည် ခင်လေးနွယ်နှင့် မကြာခဏ စကားများရန်ဖြစ်ရသည်များ ပေါ်ပေါက်လာခဲ့ရာမှ ဆန်နီ၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို မခံနိုင်သော ခင်လေးနွယ်သည် ဆန်နီနှင့် တရားဝင်ကွာရှင်းပြတ်စဲလိုက်လေတော့သဖြင့် အချစ်ကံခေသော ခင်လေးနွယ်မှာ သားတစ်ယောက်နှင့် တစ်ခုလပ်ဘဝ ရောက်ရလေတော့၏။

Alice Monaghan ၏ Madeline Smith ကိုမှီငြမ်းပြီး မြန်မာမှုပြုပါသည်။







www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်ကလဲ့စား

"ဘာရင်ဂါ"ဆိုသူမှာ ကပ္ပတိန် အဆင့်ရှိ အင်္ဂလိပ်လူမျိုး လူစွန့်စား တစ်ဦးဖြစ်ပြီး ခေတ်ပညာတတ်တစ် ဦးဖီပီ သိပ္ပံနည်းမကျသော တစ္ဆေ၊ သရဲနှင့် နာနာဘာဝ စသည့် သဘာဝ လွန်ဖြစ်ရပ်များကို လုံးဝယုံကြည်ခြင်း မရှိသကဲ့သို့ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိသူတစ်ဦးလည်း ဖြစ်လေသည်။

ထိုသို့သောလူမျိုးတစ်ယောက် ဖြစ်ပါလျက် သေဆုံးသူ၏ ဝိညာဉ်က ကိုယ်ထင်ပြလာသည်ကို အထင် အရှားမြင်တွေ့လိုက်ရသောအခါ အကြောက်လွန်ပြီး မိမိကိုယ်ကိုပင် မထိန်းနိုင်တော့ဘဲ နလုံးသွေးရပ် သွားပြီး ရုတ်တရက် လဲကျသေဆုံး သွားခဲ့ရလေသည်။

× × ×





ကျွန်ုပ် ရောက်ခဲ့ဖူးသမျှသော သင်္ဘောဆိပ်များအနက် "ထရာ ဖာလ်ဂါ"၊ "ဟိုနိုလူလူ"နှင့် "ရန်ကုန်" တို့သည် အလွန်ကံဆိုးပြီး ဒုက္ခ ရောက်တတ်သော သင်္ဘောဆိပ်များ ဖြစ်ကြသည်ဟု လူပြောသူပြောများ ပါသည်။

သို့တိုင်အောင် ယခု ကျွန်ုပ် ပြန်လည်ပြောပြမည့် "ဗတားဗီး ယား" ကို မမီဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗတားဗီး ယားကား သူထက်ကဲ ရွှေပြည်စိုး ဟု ဆိုစမှတ်ပြုလောက်အောင်ပင် ကျွန်ုပ်အား အကြီးအကျယ် ကံဆိုး မိုးမှောင်ကျခဲ့ရသည်အထိ ဒုက္ခပေးခဲ့ သော အဆိုးတကာ့ထိပ်ခေါင်ဖြစ်နေ သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်သည် ဆန်ဖရန်စစ္စကိုမှ ဟောင်ကောင်သို့ ပစိဖိတ်သမုဒ္ဒရာ ကိုဖြတ်ပြီးထွက်ခွာလာသည့် အမေရိ ကန်စာပို့သင်္ဘောကြီးဖြင့် စီးနင်း လိုက်ပါလာခဲ့ပါသည်။ ဟောင်ကောင် သို့ ရောက်သောအခါ ထိုမှတစ်ဆင့် စက်ာပူသို့ ကျောက်မီးသွေးသင်္ဘော ဖြင့် ဆက်လိုက်လိုက်ပါခဲ့ပါသည်။ ကျွန်ုပ်၏မူလရည်မှန်းချက်မှာ ဩစ ကြေးလျသို့ သွားရောက်ရန် ဖြစ်ပါ သည်။

သို့ရာတွင် "ဗတေးဗီးယား" သို့ ရောက်သောအခါ ကျွန်ုပ်မှာ မထင် မှတ်ဘဲ ရုတ်တရက် အပြင်းဖျားပါ တော့သည်။ ဆေးဝါးကုသမှုခံရင်း ရက်အတန်ကြာသောအခါ ကျွန်ုပ် တွင် ပါဝင်သော အသပြာငွေမှာ လည်း ပူပြင်းသောနွေကာလတွင် နှင်းအရည်ပျော်သကဲ့သို့ လုံးပါးပါးပြီး လုံးဝကုန်ခန်းသွားပါလေတော့သည်။

သို့ဖြစ်ရာ ကျွန်ုပ်မှာ ဘာဆက် လုပ်ရမည်မသိတော့ဘဲ လက်မှိုင်ချ ပြီး ဘုတ်ထိုင်ထိုင်နေလိုက်ရပါတော့ သည်။ ထိုအခြေအနေမျိုး ကြားထဲ မှာပင် အရေးထဲအရာပေါ်ဆိုသကဲ့သို့ ကျွန်ုပ်လိုက်ပါရမည့်သင်္ဘောကလည်း မကြာမီ ဩစတြေးလျသို့ ဆက်လက် ထွက်ခွာတော့မည်ဖြစ်ရာ ခရီး အတွက် ငွေကြေး လိုအပ်လာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်ုပ်တွင် ရောင်းချစရာပစ္စည်းဟူ၍လည်း မရှိ၊ ပစ္စည်းရှိဦးတော့ ဝယ်ယူမည့်သူမရှိဘဲ ဖြစ်နေပါသည်။ ငွေကြေးမပါဘဲ ဆက်လိုက်သွားမိမည်ဆိုပါကလည်း သင်္ဘောပေါ်တွင် မုချမျက်နှာငယ်ရမည်ဖြစ်ပါသည်။ သင်္ဘောသားအချင်းချင်းကပင် ငြိုငြင်လာကြမည့်ပုံရိပ်များကို ကြိုတင်ပြီး တွေးတောထင်မြင်လာမိပါသည်။ လတ်တလောအခြေအနေမှာပင် ဟော်တယ်တည်းခိုခနှင့် စားသောက်စရိတ်ရှင်းလင်းနိုင်ခြင်း မရှိသည်ကိုလည်းအကြံအိုက်လျက်ရှိနေမိပါသည်။

သို့ဖြစ်ရာ အကြံကုန် ဂဠုန်ဆားချက်ဆိုသကဲ့သို့ ဟော်တယ်ဝရန်တာဘက်ထွက်ပြီး ဆေးလိပ်တစ်လိပ် ဖွာရှိုက်လျက် မိုးကောင်းကင်ကြီးကို ငေးမောကြည့်ရှုရင်း ဆက်လက်ပြီး အကြံထုတ်နေမိပါသည်။ ကောင်းကင်ကြီးသည် မိုးသားတိမ်လိပ်များ ကင်းစင်ပြီး ကြယ်တာရာများက တဖျပ်ဖျပ်ဖြင့် လင်းလက်တောက်ပလျက်ရှိနေပါသည်။ ကျွန်ုပ်၏မွေးရပ်ဇာတိမြေရှိ ဝါလာလူးတံတားကြီးပေါ်မှ လှမ်းမေဆာ်ကြည့်သောအခါ သိမ်းမြစ်ကမ်းတစ်လျှောက်တွင် ထွန်းညှိထားသော မီးအိမ်များ လင်းလက်နေသည်နှင့်တူပါသည်။

ထိုအခိုက်မှာပင် ကျွန်ုပ်၏အတွေးများရပ်သွားစေရန် အကြောင်းတစ်ခု ပေါ်လာခဲ့ပါသည်။ လူတစ်ယောက်သည် ဟော်တယ်ဂိတ်ပေါက်မှ အတွင်းဘက်သို့ ဝင်လာပြီး ပန်းခင်းများကို ကျော်ဖြတ်လျက် ကျွန်ုပ်ရှိရာသို့ စိုက်စိုက်မတ်မတ်လျှောက်လာသည်ကို တွေ့လိုက်ရပါသည်။ ပထမတွင် ထိုသူသည် ဟော်တယ်မန်နေဂျာထံ လာရောက်သူတစ်ယောက်ဖြစ်လိမ့်မည်ဟု ထင်မိသဖြင့် အမှတ်တမဲ့ပင် နေလိုက်မိပါသည်။

ထိုသူမှာ ဥပမိရုပ်အားဖြင့် အရပ်မြင့်မြင့် ပခုံးကျယ်ကျယ်နှင့် သူ့လုပ်ချင်တာကို တားမနိုင် ဆီးမရ ဖွတ်တရွတ်ဖြင့် မဖြစ်မနေလုပ်မည့်လူစားမျိုးဖြစ်မည်ကို သတိပြုမိပါသည်။ မည်မျှအရေးကြီးကိစ္စရှိ၍ ဤအချိန်မျိုးတွင် လာရောက်သူဖြစ်လေသနည်းဟု မရေမရာစဉ်းစားရင်း မန်နေဂျာရုံးခန်းသို့ သွားမည့်သူဖြစ်မည်ဟု မတင်မကျခန့်မှန်းလိုက်ပါသည်။

သို့ရာတွင် ထိုသူမှာ ကျွန်ုပ်၏အနီးသို့ရောက်သည်နှင့်ပင် ကုလားထိုင်တစ်လုံးကိုဆွဲယူလိုက်ပြီး ကျွန်ုပ်နှင့် ဘေးချင်းယှဉ်လျက် ထိုင်ချလိုက်ပါသည်။ သို့ဖြစ်ရာ စောစောက ကျွန်ုပ်အထင်မြင်မှန်သမျှနှင့် ပါစင်အောင် လွဲမှန်း သိရပါတော့သည်။

ထိုသူသည် ကျွန်ုပ်အား ဘတ်စ်ကားခေါင်မိုးပေါ်တွင် တွေ့ရသောသူငယ်ချင်းတစ်ယောက်ကို နှုတ်ဆက်သကဲ့သို့ အေးအေးဆေးဆေးဖြင့် စတင်နှုတ်ဆက်ပါသည်။

"ကောင်းသောညနေခင်းပါခင်ဗျာ"

ကျွန်ုပ်ကလည်း သူ့စကားအတိုင်းလိုက်ပြီး . . .

"ကောင်းသောညနေခင်းပါခင်ဗျာ" ဟု ပြန်လည်နှုတ်ဆက်လိုက်ရပါသည်။ ထိုသူကပင် ဆက်ပြီး . . .

"ဒါထက် မောင်ရင်ရဲ့နာမည်က ဖရန့်ခ်ရစ်ဒီတန် ဟုတ်ပါတယ်နော်" ဟု ခပ်အေးအေးပင် မေးမြန်းစုံစမ်းလာပါသည်။ ထိုသူမှာ ကျွန်ုပ်၏နာမည်အား ထုတ်ဖော်ပြောလာနိုင်သည်ဖြစ်ရာ . . .

"ဟုတ်တယ်ဆိုပါတော့၊ ဒါထက် မိတ်ဆွေက ဒီနာမည်ကို ဘယ်လိုများသိခဲ့ရတယ်ဆိုတာ ပြောပြနိုင်မလား" ဟု ပြန်လည်မေးခွန်းထုတ်လိုက်ပါသည်။

"ဘယ်လိုသိခဲ့ရတယ်ဆိုတာက သိပ်အရေးမကြီးပါဘူး။ ဒါကိုဘေးဖယ်ထားလိုက်စမ်းပါ။ အရေးကြီးတာက မောင်ရင့်ကို သတင်းထူးတစ်ခု ပေးဖို့ပါပဲ"

ထိုသူသည် ခေတ္တမျှ စကားရပ်သွားပြီး ပါးစပ်ထဲမှ ဆေးလိပ်မီးခိုးများကိုမှုတ်ထုတ်ရင်း ပြောမည့်စကားအပေါ် ချင့်ချင့်ချိန်ချိန် လုပ်နေလိုက်







www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ပြီးမှ တည်ငြိမ်စွာဖြင့် . . .

"နက်ဖြန်ရောက်ရင် မောင်ရင့်ကို ဒီပေါ်က ဖယ်ရှားဖို့ လိမ္မာပါးနပ်စွာနဲ့ စီစဉ်ဆောင်ရွက်ထားတယ်ဆိုတာကို မောင်ရင် သိပြီးပလား။ ဟိုတယ်ပိုင်ရှင်က မောင်ရင် အသုံးစရိတ်တွေကို ရှင်းနိုင်မည့်ပုံမရဘူးလို့ ထင်မြင်ယူဆထားပုံရတယ်"

အမှန်အတိုင်းပြောလာခြင်းဖြစ်၍ ကျွန်ုပ်သည် အထူးတလည် ဖုံးကွယ်ရန်လိုတော့ပြီဖြစ်ရာ . . .

"မှန်လိုက်လေဗျာ။ နက်ဖြန်ဟာ ခရစ္စမတ်ကာလဆိုတာကိုလည်း ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ်မှာက ငွေပြတ်နေတဲ့အချိန်အခါမျိုးမို့ ဒီလိုအခါကြီးရက်ကြီးမှာ အိပ်ရာထဲလှဲရင်း စိတ်ကူးယဉ် အိပ်မက်မက်နေလိုက်ရုံပါပဲ။ မိတ်ဆွေကြီးကြည့်ရပုံဖြင့် ဒါတွေကို ကြိုသိထားလို့မို့ ကျုပ်ကို ဒီဒုက္ခအကြပ်အတည်းထဲက ဆွဲထုတ်နိုင်အောင် သိကြားမင်းက လွှတ်လိုက်သလားမှ မသိဘဲ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်၏စကားကိုကြားသောအခါ ထိုသူမှာ သဘောကျသွားပြီး တစ်ချက်ရယ်မောလိုက်ပါသည်။ ကျွန်ုပ်ကပင် ဆက်လက်ပြီး

"ဒါထက် မိတ်ဆွေကြီးက ကျုပ်ဆီကို ဘာအကူအညီလိုတယ်ဆိုတာကို သိပါရစေ"

"မောင်ရင့်ဆီက အကူအညီတစ်ခုလိုချင်တယ်။ သင့်တော်တဲ့ နည်းလမ်းနဲ့ မောင်ရင်က ဖြေရှင်းဆောင်ရွက်ပေးရမယ့် အလုပ်မျိုးဆိုပါတော့။ တကယ်လို့ မောင်ရင်က ဒီအလုပ်ကို ဖြစ်မြောက်အောင်လုပ်ပေးမယ်ဆိုရင် မောင်ရင်လိုနေတဲ့ အသုံးစရိတ်တွေကို ကိုယ်က အပြည့်အဝ စိုက်ရှင်းပေးလိုက်မယ်။ တည်းခိုခန်းခသာမကဘူး ဒီကနေ တခြားကို ထွက်ခွာသွားမယ်ဆိုရင်တောင် လုံလောက်မည့် လမ်းစရိတ်ကိုပါ ပေးလိုက်မယ်။ ဒီဗတားဗီးယားမှာ မနေချင်တော့ဘူးသပဆိုရင်လည်း မောင်ရင်ကြိုက်ရာ ထွက်ခွာသွားနိုင်အောင် အထိဆိုပါတော့"

ထိုသို့ပြောပြီး ဆေးလိပ်ကို





ကြိမ်ဖန်များစွာ ဖွာရှိုက်ရင်း မီးခိုးများကိုသာ ပါးစပ်မှတွင်တွင်မှုတ်ထုတ်နေပါသည်။ ပြီးမှ ကျွန်ုပ်ဘက်လှည့်လာပြီး . . .

"မောင်ရင် ဗိုလ်ချုပ်ဇန်ဒါးဟားလ်ဆိုတဲ့သူကို ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ . . . ကြားဖူးပါတယ်။ အာချင်းဒေသမှာရှိတဲ့ ဒတ်ချ်တပ်ဖွဲ့တွေကို နောက်ဆုံးအုပ်ချုပ်ခဲ့တဲ့ တပ်မှူးကြီး မဟုတ်လား"

"ဟုတ်တာမှ သိပ်ဟုတ်တာပေါ့။ လွန်ခဲ့တဲ့ ၃ ရက်လောက်ကပဲ ဒီဗတားဗီးယားကို ရောက်လာတယ်။ သူ့အိမ်က ဒီကနေ မိုင်ဝက်သာသာလောက်ဝေးတဲ့ ကီးနိုပလိန်း ပေါ်မှာရှိတယ်"

"ဟုတ်ပါပြီ။ ထားပါတော့။ ကျုပ်က သူ့ကိုဘာလုပ်ရမယ်ဆိုတာကို ပြောပါဦး"

ထိုသူသည် ကျွန်ုပ်နှင့်နီးနိုင်သမျှနီးအောင် ရှေ့သို့တိုးကပ်လာပြီး လေသံတိုးတိုးဖြင့် ဆက်လက်ပြောပြပါသည်။

"ကျုပ် သူ့ကိုလိုချင်တယ်။ မဖြစ်ဖြစ်တဲ့နည်းနဲ့ လိုချင်တယ်။ ဒီနေ့ညဆိုပါတော့"

အခိုက်အတန့်အားဖြင့် သူအတည်ပေါက်ပြောကြားသောစကားများအပေါ် သံသယစိတ်ဖြင့် တွေတွေဝေဝေဖြစ်သွားမိပါသည်။ အမှန်အတိုင်းပြောရပါမူ အခြေအနေမှန်ကို ရေရေရာရာမသိရသေးသည့်အပြင် လုပ်ငန်းမှာလည်း အလေးအနက်ထားပြီး ဆောင်ရွက်ရမည့်ကိစ္စမျိုးဖြစ်သည့်အတွက် စိုးရိမ်စိတ်ဝင်လာမိပါသည်။ သို့ဖြစ်ရာ ရှင်းလင်းအောင် ထပ်မေးရပါသည်။

"မိတ်ဆွေကြီးဆိုလိုတာက ကျုပ်က ဒီပုဂ္ဂိုလ်ကို ဖျားယောင်းပြီး ခေါ်လာပေးရမယ်ဆိုတဲ့ သဘောမျိုးလား"

"သေချာတာပေါ့။ ကိုယ် သူ့ကို ဒီကျွန်းပေါ်ကနေ မောင်းထုတ်မယ်။ ဘာကြောင့်လဲလို့ အခုအဆင့်မှာ မေးနေစရာမလိုသေးဘူး။ ဘာပြုလို့လဲဆိုတော့ ကိုယ့်ပြဿနာထဲကို မောင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ပါဝင်ပတ်သက်လာတာမျိုး မဖြစ်စေချင်လို့ပဲ။ အခု မောင်ရင့်ကို အကူအညီတောင်းရတာကလည်း ကျုပ်အပေါင်းအသင်းက ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်နဲ့ နေမကောင်းဖြစ်သွားလို့ မောင်ရင့်ကို လူစားထိုးချင်လို့ ဆိုပါတော့"

"ဒါထက် မိတ်ဆွေကြီးရဲ့နာမည်ကို မသိရသေးဘူး"

"ကိုယ် အလောတကြီး ဖြစ်သွားလို့ပါ။ ကိုယ့်နာမည် ဗာရင်ဂါ။ ကပ္ပတိန် ဗာရင်ဂါပါ"

ကပ္ပတိန် ဗာရင်ဂါ ဆိုသော နာမည်ကို ကြားလိုက်ရသောအခါ ကျွန်ုပ်သည် အလွန့်အလွန်ပင် အံ့သြသွားမိပါသည်။ အကြောင်းမှာ ကပ္ပတိန်ဗာရင်ဂါဆိုသူမှာ နာမည်ဆိုးနှင့် ကျော်ကြားနေသော လူဆိုး၊ လူမိုက်တစ်ယောက် ဟု ကျွန်ုပ် ကြားဖူးနေရာ ယခု ထိုသူနှင့်မှ မျက်နှာချင်းဆိုင်ပက်ပင်းလာတိုးမိနေသောကြောင့် ဖြစ်ပါသည်။ ကပ္ပတိန်ဗာရင်ဂါ ဟု ဆိုလိုက်လျှင် ရန်ကုန်မှ ဗလာဒီဇော့စ်တော့အထိလည်းကောင်း၊ နာဂါဆာကီကနေ ဘာရာဘေယာထိလည်းကောင်း သဘော်သားလောကတွင် မသိသူမရှိသလောက် ဖြစ်ပြီး ၎င်းနှင့်၎င်း၏အစ်ကို ၂ဦးလုံးပင် ပင်လယ်ပြင် ဓားပြတိုက်မှုများ၊ မတော်မတရားလုပ်မှုများကြောင့် ဆိုင်ရာအစိုးရများက အလိုရှိနေသူများ ဖြစ်ကြပါသည်။

ထို့ပြင် သက်ဆိုင်ရာနိုင်ငံအသီးသီးတို့၏ တားမြစ်ပင်လယ် နယ်နိမိတ်များအတွင်းမှ ပုလဲခိုးထုတ်သူများအဖြစ် ဒတ်ချ်တို့က စွပ်စွဲပြောဆိုထားခြင်းခံနေရသူများလည်းဖြစ်ကြပါသည်။ အလားတူပင် ရုရှားတို့ကလည်း ၎င်းတို့ညီအစ်ကို ၂ ဦးကို ဘာရိန်းရေလက်ကြားအတွင်းမှ ဖျံများကို ခိုးထုတ်နေသူများဟု စွပ်စွဲပြီး ဖမ်းမိက ကြိုးပေးသတ်ရန် ကြိမ်းမောင်းနေသကဲ့သို့၊ ပြင်သစ်တို့ကလည်း တောင်ပင်လယ်ကျွန်းအတွင်း နောက်တစ်ကြိမ် ထပ်မံလာရောက်ခဲ့ပါက အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံ





ရေးအတွက် အာမခံပေးရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်လျက် ရှိပါသည်။

"ကိုယ်ပြောတာတွေအပေါ် မောင်ရင် ဘာပြောချင်သလဲ။ နောက်တစ်နေ့ရောက်ရင် ဟိုတယ်က လူတွေက မောင်ရင့်ကို ကြက်ကလေးငှက်ကလေးတစ်ကောင်လို လမ်းပေါ် မောင်းထုတ်လိုက်မှာ သေချာတယ်"

ထိုသူပြောသကဲ့သို့ ဖြစ်လာမည်ကို ကျွန်ုပ် ကောင်းစွာသိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်၏ လက်ငင်းအခြေအနေမှာ ရေ့တိုးထမ်းပိုး နောက်ဆုတ် လှည်းတုတ် ဆိုသည့်အတိုင်း ရင်ဆိုင်နေရပေရာ ရေ့တိုးခြင်းအားဖြင့် ပို၍ဆိုးလာနိုင်စရာရှိသော်လည်း ရွေးစရာလမ်း မရှိတော့သောကြောင့် ဘာပဲဖြစ်ဖြစ် ထိုသူပြောသည့်အတိုင်း လိုက်လုပ်တော့မည်ဟု စိတ်ကို ဒုန်းဒုန်းချလိုက်ပါသည်။

"ကောင်းပါပြီ။ ကပ္ပတိန်ရဲ့ လှေက ဘယ်နေရာမှာထားတာလဲ"

ကျွန်ုပ်က လှုပ်ငန်းဆောင်ရွက်ရာတွင် လက်လှမ်းမီနိုင်သည့် အခြေအနေမျိုးရှိ၊မရှိ စုံစမ်းမေးမြန်းလိုက်ပါသည်။

"ကမ်းအလွန်လောက်မှာ ကျောက်ချနိုင်းထားပါတယ်။ မိုးမလင်းမီ လှမ်းခေါ်လိုက်မယ်"

"ဒါထက် အခုကိစ္စပြီးရင် မိတ်ဆွေကြီးက ကျုပ်ကိုပါ တစ်ပါတည်း ခေါ်သွားပေးမှာလား"

"ဒီကိစ္စက မောင်ရင့်အပေါ်မှာ မူတည်ပါတယ်။ မောင်ရင်လိုက်မယ်ဆိုရင် ခေါ်သွားပေးမယ်။ မလိုက်ဘူးဆိုရင်လည်း နေခဲ့လို့ရပါတယ်"

"ဒီလိုဆို မိတ်ဆွေကြီးနဲ့တစ်ပါတည်းလိုက်မယ်။ ဗတားဗီးယားရာသီဥတုက နောက်ညတွေကစပြီး ကျုပ်မနေနိုင်လောက်အောင် ပူတော့မယ်။ ဒါပေမဲ့ ကျုပ်ကို ပထမဦးဆုံး ငွေထုတ်ပေးထားပါဦး။ ဒီညမှာကတည်းက ဟော်တယ်ပိုင်ရှင် တိရစ္ဆာန်ကောင်ကို စားရင်းရှင်းထားခဲ့လို့ပါ"

ကျွန်ုပ်၏စကားကို ကြားသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကပ္ပတိန်သည် မရိုးမခန့်အမူအရာမျိုး မဲ့ရွဲ့လျက်...

"မောင်မျှင့်ရဲရိုးသားပွင့်လင်းမှုကိုတော့ ကိုယ် သဘောကျသွားပြီပေါ့။ ကိုယ့်ဆီက ငွေလည်းရပြီးရောနောက်ပိုင်းအခြေအနေ မဟန်တော့ရင် ကိုယ်နဲ့ပြောထားတဲ့ ကတိကိုဖျက်ပြီး ထွက်ပြေးလို့ လွယ်တာပေါ့"

ကပ္ပတိန်၏စကားမှာ ကျွန်ုပ်၏ဂုဏ်သိက္ခာကို ထိပါးသကဲ့သို့ ခံရခက်လှပေရာ ကျွန်ုပ်၏သဘောထားကို ချက်ချင်းတုံ့ပြန်လိုက်ပါသည်။

"ဒီမှာ ကပ္ပတိန်ဗာရင်ဂါ လက်ရှိအခြေအနေအရ ကျုပ်ဘာမဲဖြစ်နေဖြစ်နေ တစ်ချိန်က ကျုပ်ဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာကို ယုံစမ်းပါ"

၁၅ မိနစ်ခန့်ကြာပြီးသောအခါ × × × × × × × × များ ရှင်းလင်းပြီးစီးသွားပါသည်။ ထို့ဖြင့် ကပ္ပတိန်ဗာရင်ဂါနှင့် ဟာမိနစ်ကလပ်အပြင်ဘက်တွင် ဆုံကြရန် သဘောတူလိုက်ကြပါသည်။

ယခုကိစ္စကို လက်တွေ့အကောင်အထည်ပေါ်လာသောအခါ ကျွန်ုပ်၏စိတ်များ လှုပ်ရှားနေရာမှ အနည်းငယ် ကြောက်စိတ်ဝင်လာမိသည်ကို ဝန်ခံပါသည်။ အဘယ်ကြောင့်ဆိုသော် မကြောက်ပါဟု ပြောလိုက်မိပါက မုသားစကားဖြစ်နေသောကြောင့်ပါပေ။ တစ်ဖက်တွင် ကျွန်ုပ်တို့ သွားရောက်ရင်ဆိုင်ရမည့်သူမှာ ရက်စက်မှုတွင် သရဖူဆောင်းသူဟု ကျော်ဇောလျက်ရှိသူ ဗိုလ်ချုပ်ဝန်ဒါဟားလ် ကိုယ်တိုင်လည်း ဖြစ်နေပါသည်။

အကယ်၍ သူက အသာစီးရသွားပြီး ကျွန်ုပ်တို့က အရှုံးနှင့်ရင်ဆိုင်ရမည်ဆိုပါက အသနားကင်းမဲ့သော ၎င်း၏ရက်စက်မှုအမျိုးစုံကို လှုလှုပပ ခံစားဖွယ်ရာရှိပါသည်။

ထိုညက ချိန်းဆိုထားသည့်အတိုင်း မိနစ်တိကျစွာဖြင့် ချိန်းဆိုထားသည့်နေရာသို့အရောက်သွားခဲ့ရာ ကပ္ပတိန်သည် ကျွန်ုပ်အား စောင့်မျှော်လျက်ရှိသည်ကို တွေ့ရပါသည်။





အချိန်အတန်ကြာမျှ အရိပ်အခြည်ကိုကြည့်ပြီးနောက် ကျွန်ုပ်တို့သည် ကီးန်ပလိန်းဘက်သို့ သစ်ပင်ရိပ်များကိုခိုရင်း တိတ်ဆိတ်စွာ ထွက်ခွာခဲ့ကြပါသည်။ လမ်းလျှောက်လာစဉ် အချိန်အနည်းငယ်ကြာလျှင် ကပ္ပတိန်က ခြောက်လုံးပြူး တစ်လက်ကို ကျွန်ုပ်လက်ထဲသို့ ထည့်ပေးပါသည်။ ကျွန်ုပ်သည် ချက်ချင်းပင် ကျွန်ုပ်အိတ်ထဲသို့ ထည့်လိုက်ပါသည်။

ကပ္ပတိန်က လေသံတိုးတိုးဖြင့်

"သေနတ်မသုံးရပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ဒါပေမဲ့ လိုလိုမယ်မယ် အသင့်ရှိဖို့ကြိုတင်ပြင်ဆင်ထားရမယ်။ ဝီရိယဆိုတာမျိုးက ပိုတယ် မရှိဘူး"

ကျွန်ုပ်တို့ ၂ ဦးလုံးပင် ခြံဝင်းအုတ်တံတိုင်းကြီးတစ်ခုဆီသို့ရောက်လာကြရာ ထိုအုတ်တံတိုင်းကြီးပေါ်သို့ လွယ်ကူစွာဖြင့်ပင် ကျော်တက်ပြီး အိမ်ကြီးအနီးသို့ ချဉ်းကပ်နိုင်ခဲ့ကြပါသည်။ အခုချိန်အထိ သစ်ပင်မှောင်ရိပ်များကို ခိုပြီးလာနေရဆဲဖြစ်ပါသည်။ ကျွန်ုပ်၏စိတ်ထဲတွင် အသက်နှင့်ရင်းရသော စွန့်စားခန်းတစ်ခုကို နောက်ပြန်မဆုတ်နိုင်တော့သည့်အခြေအနေမျိုးကို တိုးဝင်မိလျက်သားဖြစ်နေပြီဟု ခံစားလာမိပါသည်။ ယုတ်စွအဆုံး ကပ္ပတိန်ဗာရင်ဂါက ပြန်လိုလျှင်ပြန်ပါတော့ဟု ခွင့်ပြုလာလျှင်သော်မှ ကျွန်ုပ်အနေဖြင့် နောက်သို့ ပြန်ဆုတ်ရန် မဖြစ်နိုင်တော့သည့်အခြေအနေမျိုးသို့ ရောက်နေပြီ ဖြစ်ပါသည်။

ခုအချိန်တွင် ရုတ်တရက်ဆိုသလိုပင် ကပ္ပတိန်၏လက်တစ်ဖက်က ကျွန်ုပ်အား လာကိုင်လိုက်ပါသည်။ ထို့နောက် လေသံဖြင့်...

"သူ့အိပ်တဲ့အခန်းက ဒီဘက်က ပြတင်းပေါက်တံခါးပွင့်နေတဲ့အခန်းပဲ။ သူ့အိပ်ရာခုတင်က ဟိုဘက်က အစွန်ဆုံးထောင့်မှာ ရှိတယ်။ သူ့ အခန်းထဲမှာ မီးလင်းနေတုန်းပဲ။ ဒါပေမဲ့ အခုလောက်ဆို သူ အိပ်မောကျနေလောက်ပြီ။ သူ ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက်နီးလာပြီး အချက်ပေးခေါင်းလောင်း နှိပ်လိုက်နိုင်တယ်။ ဒါကို ကိုယ်တို့က ‐ ‐ ဘက်ဦးမှုရယူနိုင်အောင် ကြိုတင် သတိထားရမယ်"

လက်ရှိအခြေအနေတွင် ကျွန်ုပ်မှာ အကြောက်လွန်နေသဖြင့် ကပ္ပတိန်က ဘာပင်နိုင်းနိုင်း နိုင်းသမျှကို မငြင်းဝံ့တော့ဘဲ လိုက်လုပ်ရုံသာ ရှိပါတော့သည်။ ထိုသို့ကြောက်ရွံ့နေလင့်ကစား တစ်စုံတစ်ယောက်က ကပ္ပတိန်နောက်ကို ဆက်မလိုက်ပါတော့နဲ့ဟု တားဆီးလာသည့်တိုင် ကျွန်ုပ်အား တား၍ ရတော့မည် မဟုတ်ပါ။ သို့ဖြင့် ကျွန်ုပ်တို့ ၂ ယောက်လုံးသည် သစ်ပင်အုပ်စုကလေးများကို အကာအကွယ်ယူပြီး ဝရန်တာဆီသို့ ဦးတည်ခဲ့ကြပါသည်။ ဝရန်တာအနီးရောက်သောအခါ ဖိနပ်များကို ချွတ်လိုက်ကြပြီး ဗိုလ်ချုပ်ဗန်ဒါဗားလ်၏ အိပ်ခန်းသို့ အထူးသတိထားပြီး ချွတ်နင်းနင်းရင်း လူသွားလမ်းမှတစ်ဆင့် လှေကားအတိုင်း တစ်လှမ်းချင်းတိုးကပ်လာခဲ့ပါသည်။ အသက်ပြင်းပြင်းမရှူရဲလောက်အောင် သတိထားလာရပါသည်။

ဗိုလ်ချုပ်ဗန်ဒါဗားလ်ဆိုသူမှာ အလွန်တိကျသေချာပြီး အလွန်စည်းကမ်းတင်းကြပ်သူတစ်ယောက် ဖြစ်ကြောင်း သိထားနှင့်ပြီးဖြစ်၏။

၎င်း၏သက်တော်စောင့်ဆိုသူမှာလည်း ဆရာ့နည်းတူ အပြောနှင့်ညီသော တကယ့်သက်တော်စောင့်တစ်ယောက်ဖြစ်နိုင်သည်ဟု တွေးထင်ထားပါသည်။

ဗန်ဒါဗားလ်၏ အိပ်ခန်းအနီးသို့ ချဉ်းကပ်မိသောအခါ အသက်ပြင်းပြင်းရှူပြီး စိတ်ရှိလက်ရှိ ဟောက်နေသံကို ကြားရပေရာ ကျွန်ုပ်တို့ အလိုရှိသော ဗန်ဒါဗားလ်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေပြီ ဖြစ်ကြောင်း အထူးပြောဖွယ်ရာ မလိုတော့ပါ။

အုန်းဆီကို အသုံးပြုထွန်းညှိထားသော ဆီမီးခွက်သည် အခန်းကို အတော်အတန် လင်းပလျက်ရှိစေပါသည်။ ထိုအလင်းရောင်ကြောင့် ခုတင်ပေါ်တွင် ခြင်ထောင်အတွင်း၌ အိပ်မောကျနေသော ဗန်ဒါဗားလ်ကို အထင်အရှားမြင်တွေ့လိုက်ရပါသည်။ ကျွန်ုပ်တို့ ၂ ဦးလုံးသည် တစ်ဦးနှင့်တစ်ဦး အရိပ်အခြည်ပြပြီး ခုတင်အနီးသို့ ခြေလုံအောင်လှမ်းရင်း တိုးကပ်သွားကြပါသည်။ ထိုအချိန်အထိ ခြင်ထောင်အတွင်းမှ ဗန်ဒါဗားလ်က တစ်ကိုယ်လုံး ခြေပစ်လက်ပစ်ဆန့်တန်းပြီး အိပ်မောကျနေဆဲပင် ဖြစ်ပါသည်။

ကြိုတင်ညှိနှိုင်းထားချက်အရ ကျွန်ုပ်က ခြင်ထောင်ကို မတင်လိုက်သည်နှင့် ကပ္ပတိန်က ဗန်ဒါဗားလ်ကို ဝင်လုံးရန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကပ္ပတိန်အသင့်ဖြစ်သည်နှင့် ကျွန်ုပ်က ခြင်ထောင်ကို မတင်လိုက်ရာ ကပ္ပတိန်ဗာရင်ဂါက ဗန်ဒါဗားလ်အပေါ်သို့ ခုန်အုပ်လိုက်ပါသည်။ တစ်ချိန်တည်းမှာပင် ဗန်ဒါဗားလ်၏ လည်ပင်းကို သိုင်းဖက်လိုက်ရင်း ခြေလက်များပါ မလှုပ်နိုင်အောင် ချုပ်ထားလိုက်ရာ ကျွန်ုပ်က ၎င်း၏ပါးစပ်ကို အဝတ်ဖြင့်ဆို့ပေးပြီး သူ့လက်ကောက်ဝတ်များကို ကြိုးဖြင့်ချည်နှောင်ပေးလိုက်ပါသည်။

အချိန်ပိုင်းအတွင်းမှာပင် ဗန်ဒါဗားလ်အား လုံးဝထိန်းချုပ်ထားနိုင်လိုက်ရာ ခုခံရန်နှင့် အော်ဟစ်အကူအညီတောင်းရန် မဖြစ်နိုင်တော့သည့် အခြေအနေမျိုးသို့ ရောက်သွားစေခဲ့ပါသည်။

"သူ့အဝတ်အစားတွေကို စုပြီး ထုတ်လိုက်ပါ"

ကပ္ပတိန်က ဗန်ဒါဗားလ်၏ အဝတ်အစားအချို့ကို လက်ညှိုးထိုးပြပြီး လေသံဖြင့် ပြောလိုက်ပါသည်။

"ပြီးရင် သူ့ကို ခြေထောက်ကနေ စကိုင်လိုက်ပါ။ ကိုယ်က ပခုံးကနေ ကိုင်မယ်၊ မောင်ရင် ကိုယ့်အသက်ကိုယ် အသေမခံချင်ရင် ဘာသံမှ မထွက်အောင်လုပ်ပါ"

ကျွန်ုပ်တို့၏ လှုပ်ရှားမှုသည် ၁၀ မိနစ်ခန့်သာ ကြာလိုက်ပြီး ဗန်ဒါဗားလ်ကို အုတ်တံတိုင်းပေါ်မှ ကျော်







www.burmeseclassic.com

www.burmeseclassic.com



ပြီး လမ်းမပေါ်သို့ ချပေးနိုင်ခဲ့ပါသည်။ လမ်းမပေါ်တွင် လှည်းတစ်စီးက အသင့်စောင့်ဆိုင်းလျက် ရှိရာ ဇန်ဒါဗားလ်ကို ထိုလှည်းပေါ်သို့ မတင်လိုက်ကြပြီး ကျွန်ုပ်တို့ ကိုယ်တိုင်လည်း ထိုလှည်းဖြင့်ပင် စီးနင်းလိုက်ပါရင်း ကမ်းခြေဆီသို့ ထွက်ခွာခဲ့ကြပါသည်။

"ကိုယ်တို့ အခု တန်ကျွန်ပရစ်ကို သွားမယ်။ ဟိုရောက်တာနဲ့ မိုးမလင်းသေးခင် အဲဒီကနေ ဆက်ပြီး ထွက်မယ်"

ကျွန်ုပ်တို့သည် ကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း ၄-၅ မိုင်ခန့် ရောက်လာသောအခါ သစ်ပင်တစ်ပင်အောက်တွင် ရပ်နားလိုက်ကြပါသည်။ ထိုစဉ်မှာပင် . . .

ကပ္ပတိန်ဟရင်ဂါက . . .

"မောင်ရင် ကိုယ်နဲ့ဆက်လိုက်ဖို့ စိတ်ကူးမပြောင်းသေးဘူးနော်"

ဟုမေးလာရာ ကျွန်ုပ်က . . .

"မပြောင်းသေးပါဘူး။ မပြောင်းသေးတဲ့အပြင် ပိုပြီးတောင်လိုက်ချင်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျာဗားက ကျုပ်ကို မကြည့်ချင်တော့ဘူးထင်လာလို့ပါ"

ဟု ကျွန်ုပ်အနေဖြင့် စိတ်ထဲရှိသည့်အတိုင်း ဖွင့်ပြောလိုက်ပါသည်။

ကပ္ပတိန်ဟရင်ဂါသည် သူ့နာရီကို ကြည့်လိုက်ပါသည်။ ၂ နာရီနှင့် မိနစ် ၃၀ ဖြစ်နေပါသည်။ စတ္တန်ပိုင်းအတွင်းမှာပင် ပင်လယ်သောင်ပြင်အစပ်ဘက်ဆီမှ အချက်ပေးဥသြဆွဲသံကို ကြားလိုက်ကြရပါသည်။

"အဲဒါ ကိုယ်ပြောထားတဲ့လှေပဲ။ ဒို့ ဒီပုဂ္ဂိုလ်ကို လှေဆီသယ်သွားကြစို့"

သို့ဖြင့် ကျွန်ုပ်တို့သည် ဇန်ဒါဗားလ်ကို ဒရီးဒရွတ်ဖြင့် တွဲယူခေါ်ဆောင်လာခဲ့ကြရာ ပင်တိုင်ရွက်သင်္ဘောတစ်စင်းရှိရာဆီသို့ ရောက်ရှိလာပြီးနောက် သင်္ဘောပေါ်ရောက်မှပင် ကျွန်ုပ်၏စိတ်များသက်သောင့်သက်သာဖြစ်ပြီး နေသာထိုင်သာ ရှိလာခဲ့ပါသည်။

ထို့နောက် သင်္ဘောပထမအရာ





ရှိက အခိုင်းအစေ ၂ ဦးအား ကြမ်းပြင်ပေါ် လဲကျနေသော ဗိုလ်ချုပ်ကြီးကို ထမင်းစားခန်းဆီသို့ ခေါ်သွားကြဟု အမိန့်ပေးပြီး ဒုတိယသင်္ဘောအရာရှိကိုမူ . . .

"ရွက်လွှင့်တော့ သင်္ဘောကမ်းက ခွာမယ်" ဟု ပြောရင်း ကျွန်ုပ်ကိုမူ . . .

"မစ္စတာက ကျုပ်နဲ့လိုက်ခဲ့ပါ" ဟု ခေါ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်မှာ သင်္ဘောထမအရာရှိနှင့်အတူ သင်္ဘောကုန်းတ်ကိုဖြတ်ပြီး သင်္ဘောအရာရှိများမင်းစားခန်းထဲသို့ လိုက်ပါခဲ့ရပါသည်။ ဗိုလ်ချုပ်ကြီး၏ခန္ဓာကိုယ်ကိုယ်ယူလာသော သင်္ဘောသား ၂ယောက်တို့နှင့် ရှေ့နောက်လာခဲ့ကြင်း ဖြစ်ပါသည်။

ထမင်းစားခန်းထဲသို့ ရောက်ျင်ရောက်ချင်းပင် ဗိုလ်ချုပ်ကြီး း ကြိုးဖြေပေးလိုက်ကြပါသည်။ ကြိုးများကို အလွန်ပင်တင်းနေအောင် ချည်ထားခြင်းဖြစ်ရာ ဖြေလျော့လိုက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ကြီးမှာ ကောင်းစွာရပ်တည်နိုင်ခြင်းမရှိတော့ဘဲ စားပွဲခေါင်းရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ပုံလျက်သား လဲကျသွားပါတော့သည်။ ပြီးမှ ရှက်ကြောက်ခြင်း၊ စိတ်အားငယ်ခြင်းတို့ကို ရောထွေးခံစားရဟန်ဖြင့် ၎င်း၏ မျက်နှာကို လက်ဖဝါး ၂ ဖက်ဖြင့် အုပ်ထားလိုက်ပါသည်။ ထို့နောက် သနားကြင်နာဖွယ်ရာသော အမူအရာဖြင့်လည်းကောင်း တစ်ဖက်တွင် မိမိ၏ရာထူးနှင့် ဂုဏ်သိက္ခာကို စောင့်စည်းလိုဟန်ဖြင့်လည်းကောင်း ကျွန်ုပ်တို့ကို မေးခွန်းများ ထုတ်လာပါသည်။

"ကျုပ်ကို ဘာအဓိပ္ပာယ်မျိုးနဲ့ အခုလိုလုပ်ကြရတာလဲ။ ဘာကိစ္စနဲ့ ဒီကိုခေါ်လာကြရတာလဲ"

ကပ္ပတိန်ဘာရင်ဂါက . . .

"ဗိုလ်ချုပ်ကြီးမေးခွန်းကို လွယ်လွယ်ဖြေရရင် ပြီးခဲ့တဲ့နှစ် ခရစ္စမတ်ကာလတုန်းက ဗိုလ်ချုပ်ကြီးဟာ အာချင်ဒေသမှာ တပ်မှူးကြီးရဲ့တာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ခဲ့တယ်မဟုတ်လား။ ဒီတုန်းက "ဘားနတ်ဝပ်ဆင်" ဆိုတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ကို မှတ်မိဦးမလား"

"မှတ်မိတာပေါ့။ ဘာဖြစ်လို့လဲ။ ဒါ သူ့ကို အဲဒီနှစ်ခရစ္စမတ်နေ့မှာပဲ ကြိုးပေးသတ်ခဲ့တယ်လေ"

"မှန်ပါတယ်။ သိပ်မှန်တာပေါ့။ အခုည ဗိုလ်ချုပ်ကြီး ဒီနေရာကို ရောက်လာရတာဟာ အဲဒီကိစ္စကြောင့်ပါပဲ။ ဗိုလ်ချုပ်ကြီး ကြိုးပေးသတ်လိုက်တဲ့ အဲဒီဘားနတ်ဝပ်ဆင်ဆိုတာက ကျုပ်အစ်ကိုအရင်းဖြစ်နေလို့ပါပဲ။ ဒီတော့ ကျုပ်အစ်ကိုကို ကြိုးပေးသတ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးကိုလည်း နက်ဖြန်နံနက် ခရစ္စမတ်နေ့ရောက်တာနဲ့ ကြိုးစင်တင်ပြီး ကြိုးပေးသတ်ပါမယ်။ ကြိုးပေးပြီးတာနဲ့ ကျုပ်တို့ လက်စားချေပေးဆပ်ဖို့ရှိတဲ့ ရန်ကြွေးရန်စတွေကုန်သွားပါပြီ။ ကြေသွားပါပြီလို့ဆိုရင်း ကျုပ်အစ်ကိုကို ငိုကြွေးတမ်းတပြီး အောက်မေ့ဖွယ်အခမ်းအနား ကျင်းပပါမယ်"

ဗိုလ်ချုပ်ကြီးသည် ကပ္ပတိန်၏ စကားကို ကြားလိုက်ရသည်နှင့် . . .

"ဘုရားသခင် ကယ်မတော်မူပါ" ဟု နှုတ်မှရေရွတ်လိုက်ပါသည်။

ကျွန်ုပ်သည်ပင်လျှင် တုန်လှုပ်ချောက်ချားသွားသဖြင့် ဒီလိုနည်းဖြင့် လက်စားချေခြင်းမျိုးကို မလုပ်သင့်ကြောင်း ကပ္ပတိန်ကို ဝင်တားလိုက်ပါသည်။

"ဘယ်ရမလဲ။ ကျုပ် သူ့ကို သတ်ရမှကျေနပ်မယ်"

ဟု ကပ္ပတိန်က ဖြေကြားပါသည်။ သူ့စကားမှာ တိကျပြတ်သားသကဲ့သို့ သူ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည်မမှားဘူးဟူသော ယုံကြည်ချက်မျိုးကို တရားသေဆုပ်ကိုင်ထားရှိပုံရပါသည်။ သူ့အစ်ကိုဖြစ်သူကို သတ်ခဲ့သည့်ကိစ္စတစ်ခုတည်းနှင့် ပြန်လည်လက်စားချေသောအားဖြင့် ယခုကဲ့သို့ ဗိုလ်ချုပ်ကြီးအား သတ်မည်ဆိုခြင်းမှာ သေသေချာချာ တွေးကြည့်ပါက အထူးပင် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှပါသည်။ မကြာ





တော့သော အနာဂတ်တွင် မည်ကဲ့သို့ အဖြေမျိုးနှင့် အကျိုးဆက်များ ထွက်လာပြီး မလှပသော နိဂုံးဖြင့် အဆုံးသတ်ရတော့မည်ကို ကျွန်ုပ် မျှော်လင့်ထားပြီးဖြစ်ပါသည်။ ဒီလုပ်ရပ်ထဲတွင် ကျွန်ုပ်အနေဖြင့် လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိသင့်တော့ကြောင်း ကောင်းစွာ သဘောပေါက်လာပါသည်။

သို့ရာတွင် ဤကိစ္စကို အောင်မြင်အောင် အကောင်အထည်ဖော်တော့မည်မှာ သေချာလှပါသည်။ ဗိုလ်ချုပ်ကြီးကို လတ်တလောတွင် ထိန်းသိမ်းထားရန်အတွက် အချုပ်ခန်းကိုပင် သီးသန့်စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးအား သဘော်အောက်ထပ်ရှိ အခန်းတစ်ခုထဲတွင် လှောင်ပိတ်ပြီး တံခါးကို သော့ခတ်ထားလိုက်ကြပါသည်။ ကပ္ပတိန်နှင့် ကျွန်ုပ် ၂ ယောက်တည်းရှိနေချိန်တွင် ဗိုလ်ချုပ်ကြီးအား ကြိုးပေးကွပ်မျက်မည့် အစီအစဉ်ကို ပြန်လည်စဉ်းစားရန် ကပ္ပတိန်အား မေတ္တာရပ်ခံကြည့်သည်။ ကပ္ပတိန်က မိမိချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို မည်သည့်အခါမှ ပြန်လည်ပြင်ဆင်လိမ့်မည်မဟုတ်ကြောင်း ပြောပါသည်။

"ကျုပ် ဒီပုဂ္ဂိုလ်ကို ကြိုးစင်တင်ပြီး သတ်ကိုသတ်ရမှဖြစ်မယ်။ ကျုပ်အစ်ကိုကို သွေးအေးအေးနဲ့ သတ်ခဲ့တယ်လေ။ ဒီတော့ ကျုပ်ကလည်း ပါးကိုက်နားကိုက် အခုလိုပဲ တုံ့ပြန်ရမှာပေါ့။ ဒါလောက်ဆိုရင် ကျုပ် ကျေနပ်အားရပါပြီ။ သူ့အတွက်လည်း ထိုက်တန်ပါပြီ။ ဒါထက် ကျုပ်ရဲ့ မာလိန်မှူးနေမကောင်းဖြစ်နေတာကို သွားမေးလိုက်ဦးမယ်။ သူ နေမကောင်းတာ တစ်ပတ်လောက်ရှိနေပြီ။

မောင်ရင် ထမင်းဆာရင် စားဖိုမှူးကို လှမ်းမှာလိုက်ပါ။ ဒါမှမဟုတ်လို့ အိပ်ချင်ပြီဆိုရင်လည်း မောင်ရင်ဘာသာ ကိုယ်ထူကိုယ်ထနဲ့ အိပ်ရာတစ်ခုကိုယူပြီး အိပ်ပေရော့"

ထိုသို့ပြောပြီး လှည့်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွန်ုပ်၏အခြေအနေမှာ ဤသင်္ဘောပေါ်ရောက်လာပြီး ဆွမ်းခံရင်း ဖွက်သင့်ဆိုသကဲ့သို့ ဖြစ်နေပါတော့သည်။

ကျွန်ုပ်အနေဖြင့် မမျှော်လင့်ဘဲ တမင်တကာ တင်ကူးကြံရွယ်ချက်ဖြင့် ကျူးလွန်သော လူသတ်မှုကိုအားပေးကူညီသူဘဝသို့ အလိုလိုကျရောက်လျက်ရှိပါသည်။

အကယ်၍ ကပ္ပတိန်ဗာရင်ဂါ၏ သင်္ဘောသားများကသာ တရားရုံးတွင် အမှန်အတိုင်း ထွက်ဆိုပါက ကျွန်ုပ်သည်လည်း လူသတ်တရားခံစာရင်းတွင် ပါဝင်ပြီး ဝက်ခြံထဲရောက်ရတော့မည်မှာ ဧကန်မုချ ဖြစ်ပါတော့သည်။

ကျွန်ုပ်သည် လူသားတစ်ယောက်ပီပီ ဗိုလ်ချုပ်ကြီးအား သနားကြင်နာစိတ်ရှိသူဖြစ်ရာ ဗိုလ်ချုပ်ကြီးအားကယ်တင်ရန်နှင့်ကျွန်ုပ်ကိုယ်တိုင်လည်း ဤပြဿနာထဲ ပါဝင်ပတ်သက်နေသည်မှ လွတ်မြောက်နိုင်ရန် အမျိုးမျိုး ကြံစည်စဉ်းစားရင်း နည်းလမ်းရှာကြည့်ပါသော်လည်း နောက်ဆုံးတွင် မည်သည့်နည်းလမ်းမှ စဉ်းစားမရဘဲ အချည်းနှီးသာဖြစ်ခဲ့ရပါသည်။

နောက်တစ်နေ့တွင် သင်္ဘောသည် ကျွန်ုပ်အထင်အားဖြင့် ဩစတေးလျမြောက်ဘက်ကမ်းရိုးတမ်းဆီသို့ ခုတ်မောင်းလျက် ရှိပါသည်။

သင်္ဘောပေါ်တွင် ခရီးစဉ်တစ်လျှောက်လုံး ကပ္ပတိန်ဗာရင်ဂါအား နားချစည်းရုံးခွင့်ရနိုင်ရန် အကြိမ်ကြိမ် ကြိုးစားပါသည်။ ကပ္ပတိန်ဗာရင်ဂါအား သင်္ဘောကုန်းပတ်ပေါ်တွင်လည်းကောင်း၊ ထမင်းစားခန်းထဲတွင်လည်းကောင်း တွေ့ရသော်လည်း သုန်သုန်မှုန်မှုန်ဖြစ်နေသောမျက်နှာမှာ လွန်စွာတင်းမာနေသောကြောင့် နှုတ်ဆက်ရန်ပင် အခွင့်မသာဖြစ်ခဲ့ရပါသည်။

တစ်ချိန်လုံးလိုပင် လဝက်အောက်ငယ်သားများကို လက်ညှိုးထိုးအမိန့်ပေးနေပြီး မြည်တွန်တောက်တီးလျက်တွေ့ရပါသည်။ တစ်ချိ





တစ်ချိတွင် အခန်းထဲဖြည့်ပြီးလှောင်ပိတ်ထားသော ဗိုလ်ချုပ်ကြီးအားစောင်းမြောင်းပြောဆိုလျက် ရှိပါသည်။

ကျွန်ုပ်သည် သင်္ဘောသားများ၏ သစ္စာစည်းကမ်းကို ချိုးဖောက်ပြီး ကျွန်ုပ်၏ အကြံအစည်ကို ထုတ်ဖော်ပြောဆို၍ သိမ်းသွင်းစည်းရုံးကြည့်ပါသည်။ သို့ရာတွင် မည်သည့်အကြံအစည်ကိုမှ လက်ခံမည့်ပုံမျိုး မရှိကြောင်း အတဲခတ်ရရှိသဖြင့် ပုံမှန်နေမြဲနေလိုက်ရပါသည်။

မကြာမီအချိန်အတွင်းမှာပင် သင်္ဘောသားများ၏တကယ်အံ့သြဘွယ်ထားအမှန်မျိုးကိုလည်း သိရှိလာရပါသည်။ ၎င်းသဘောထား ၂ မျိုးမှာ ကပ္ပတိန်ကို သစ္စာခံကြရန်နှင့် မည်သို့ပင်ဖြစ်စေ ခြွင်းချက်မရှိ ကပ္ပတိန်၏ သဘောအတိုင်းလိုက်လုပ်ကြရန်ပင် ဖြစ်ပါသည်။

ကျွန်ုပ်အတွက်မှာမူ ယခုကဲ့သို့ ပါးသီးဖွယ်ကောင်းသော ခရစ္စမတ်နေ့မျိုးကို နောက်တစ်ကြိမ်ထပ်ပြီး မတွေ့ရပါစေနှင့်ဟု ဆုတောင်းမိပါသည်။ ညနေခင်းရောက်သောအခါ ကပ္ပတိန်၏အခန်းသို့ သွားရောက်ပြီး နောက်ဆုံးအကြိမ်အဖြစ် ဤကိစ္စကို ဆက်ပြီး မဆောင်ရွက်ဖို့ ပြောကြည့်ပါသေးသည်။ နောက် ၁၀ မိနစ်ကြာသောအခါ ကျွန်ုပ်၏ အကြံအစည်များအောင်မြင်မှုမရှိဘဲ ပြန်ရောက်လာပြီးလောကကြီးအကြောင်း ပို၍နားလည်သူ ပညာရှိတစ်ယောက် ဖြစ်လာသည်ဟု ကျွန်ုပ်ကိုယ်ကျွန်ုပ်အထင်ကြီးသော်လည်း တစ်ဖက်က ဝမ်းနည်းစိတ်ပျက်မှုခံစားလာခဲ့ရပါသည်။ ထိုနေ့မှစပြီး ဗိုလ်ချုပ်ကြီး လွတ်မြောက်ရေးအတွက် ကျွန်ုပ်၏ ကြိုးပမ်းချက်ကို မလွှဲမရှောင်သာဘဲ လက်လျှော့လိုက်ရပါသည်။

ထိုနေ့အနေတွင် ကပ္ပတိန်နှင့် ထမင်းလက်ဆုံစားခွင့်ရခဲ့သော်လည်း စိတ်သဘောထားမတိုက်ဆိုင်ကြသဖြင့် ကမ္ဘာတစ်ခုခြားနေသကဲ့သို့ နှုတ်ဆိတ်လျက်နှင့်ဝေးနေခဲ့ကြပါသည်။

ထို့နောက် ကျွန်ုပ်သည် ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပေါ်သို့တက်လာခဲ့ရာ ကောင်းကင်တွင် လမင်းကြီး ထိန်ထိန်သာလျက်ရှိပြီး ပင်လယ်လေမှာ တိုက်ခတ်နေသည်ဆိုရုံမျှ ညင်းညင်းညှံ့ညှံ့ကလေး တိုက်ခတ်လျက်ရှိပါသည်။ လှိုင်းလေငြိမ်သက်နေချိန်ဖြစ်၍ ပင်လယ်ပြင်တစ်ခုလုံး မှန်သားပြင်ကဲ့သို့ ချောမွေ့နေပြီး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

သင်္ဘောလာရာလမ်းကြောင်း နောက်ပိုင်းမှ ရေယက်လမ်းကြောင်းမှ ထကြွရင်း လိုက်ပါလာသော လှိုင်းအိကလေးများကသာလျှင် ပိုးစုန်းကြူးများကို အပြည့်တင်ဆောင်လာသော မီးရထားကြီးတစ်စင်းပမာ တဖျပ်ဖျပ် လင်းလက်နေကြပါသည်။

ထိုည ၈ နာရီကစပြီး ကပ္ပတိန်ဗာရင်ဂါကို မမြင်မိတော့ပါ။ သို့ရာတွင် ည ၁၀ နာရီလောက် ရောက်သောအခါ ကျွန်ုပ်က အခန်းထဲသို့ ဝင်တော့မည်ပြုစဉ်မှာပင် ၎င်းသည် ကုန်းပတ်အပေါ်ထပ်ရှိ ပြတင်းပေါက်ဆီမှ ခြေလှမ်းကျဲကျဲလှမ်းပြီး ကျွန်ုပ်ဆီသို့ ရေးကြီးသုတ်ပျာဖြင့် လျှောက်လှမ်းလာပါသည်။ ကျွန်ုပ်အနီးသို့ ရောက်လျှင်ရောက်ချင်းပင် အခါတိုင်းနှင့်မတူဘဲ ထူးခြားသော အသံမျိုးဖြင့် နှုတ်ဆက်စကားဆိုပါသည်။

"သာယာသောညနေခင်းပါ ခင်ဗျား"

ကျွန်ုပ်ကလည်း အလိုက်သင့်ပင်။

"အလွန်သာယာသော ညနေခင်းပါခင်ဗျာ"

ဟု ပြန်လည်နှုတ်ဆက်လိုက်ပါသည်။

ထို့နောက် ကပ္ပတိန်က ဂမူးရှူးထိုး အမူအရာမျိုးဖြင့် . . .

"ဒါထက် မစ္စတာရစ်ဒင်တန်ခင်ဗျား တစ္ဆေ သရဲရှိတယ်ဆိုတာ ယုံသလားဟင်"

ဟု မဆီမဆိုင်မေးလာပါသည်။

ကျွန်ုပ်က . . .

"ကျွန်တော်ဖြင့် သရဲအကြောင်းဆိုလို့ တစ်ခါဖူးမှ တွေးတောင်မကြည့်မိဘူး။ မိတ်ဆွေကြီးက ဘာတွေများဖြစ်လာလို့ မေးရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ပြောရင် ခင်ဗျား ယုံချင်မှယုံပေလိမ့်မယ်။ မယုံလည်း အရေးမကြီးပါဘူး။ ဒါပေမဲ့ ကျုပ်တွေ့ခဲ့ရတယ်ဆိုတာကိုတော့ အမှန်တိုင်းပြောရတာပဲ။ ဒီလိုဗျ . . . ဒီည စောစောကလေးကပဲ ဆိုပါတော့ဗျာ။ တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရတယ်။ သေသေချာချာကြည့်တော့ ကျုပ်အစ်ကို ဘားနတ်ရဲ့ ဝိညာဉ်ဖြစ်နေတာကိုး။ ဖြစ်ပုံက လွန်ခဲ့တဲ့နှစ် ခရစ္စမတ် အခုလိုညအချိန်မှာပဲ အောက်ထပ်က အခန်းထဲမှာ သော့အခတ်ခံထားရတဲ့ ပုဂ္ဂိုလ်ကြီးက ကြိုးပေးအသတ်ခံခဲ့ရတဲ့သူပေါ့ဗျာ။

ကျုပ် အခုပြောနေတာဟာ မူးလို့ပြောနေတာ မဟုတ်ပါဘူး။ ဒီနေ့ညမှာ ကျုပ် အရက်ဆိုလို့ တစ်စက်ကလေးမှ မသောက်ရပါဘူး။ သွေးလေမမှန်လို့လည်း မဟုတ်ဘူး။ မယုံရင် ကျုပ်လက်ကိုင်ပြီး သွေးစမ်းကြည့်လိုက်ပါ။ ပုံမှန်ပါပဲ။ ဘုရားစူးရပါစေရဲ့ ကျုပ် ရိုးသားစွာပြောတာပါ။ ကျုပ်စိတ်တွေဟာ အခြားလူတွေလိုပဲ အကောင်းပကတိအတိုင်းပါပဲ။

လွန်ခဲ့တဲ့နာရီဝက်မရှိတရှိတုန်းက ဘားနတ်ဟာ ကျုပ်အခန်းထဲရောက်လာပြီး ကျုပ်ဘေးမှာ မတ်တတ်ရပ်ပြီး ကိုယ်ထင်ပြတယ်"

ကပ္ပတိန်ရဲ့ စကားကြောင့် ကျွန်ုပ်မှာ ရုတ်တရက်အားဖြင့် ဘာပြန်ပြောရမှန်းမသိတော့ဘဲ ခေတ္တမျှ ကြောင်နေမိပါသည်။ ပြီးမှ . . .

"ဟုတ်ရဲ့လားဗျာ။ ကိုယ် ထင်ပြတယ်ပဲထားပါတော့။ ဘာတွေပြောသေးလဲ"

ဟု သူ့ကို သက်သာမကင်းဟန်ဖြင့် စူးစမ်းမေးမြန်းလိုက်ပါသည်။

"တစ္ဆေကောင်ဘားနဒ်ပြောတာက တကယ်လို့ ဗန်ဒါးဗာလ်ကို ဒီပြင်လူလက်စားချေမယ်ဆိုရင် သူက ခွင့်မပြုနိုင်ဘူးတဲ့ဗျ။ ဒီကိစ္စက သူ့ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်တာမို့ သူကိုယ်တိုင် လက်စားချေမယ်လို့ ကြုံးဝါးတယ်။ ဒါပေမဲ့ ကျုပ်လူတွေ







www.burmeseclassic.com

www.burmeseclassic.com



ကို အမိန့်ပေးထားပြီးဖြစ်လို့ သရဲက တားတား၊ တစ္ဆေကတားတား ကျုပ်ကတော့ ဒီပုဂ္ဂိုလ်ကို မနက်ဖြန် အာရုံတက်တာနဲ့ ကြိုးပေးသတ်ရမှာပဲ"

ဟု ပြောပြောဆိုဆို သဘော်အောက်ထပ်ကို ဆင်းသွားပါတော့သည်။

ကျွန်ုပ်သည် ထိုညက တစ်ညလုံး အိပ်မပျော်ပါ။ ကပ္ပတိန်မှာမူ သူ့အခန်းမှာပင် တစ်ညလုံးရှိနေခဲ့ကြောင်း သိရပါသည်။ သို့ရာတွင် နံနက်မိုးလင်းခါနီးရောက်သောအခါ ကျွန်ုပ်အခန်းသို့ ရောက်လာပြီး . . .

"အပေါ်ထပ်ကို တက်ခဲ့ပေတော့။ အချိန်စေ့တော့မည်" ဟု ပြောပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် တိတ်ဆိတ်စွာဖြင့်ပင် သူ့နောက်မှ လိုက်သွားခဲ့ပါသည်။ ကြိုးပေးသတ်မည့်နေရာသို့ ရောက်သောအခါ ကြောက်မက်ဖွယ် လူသတ်မှုတစ်မှုကို ကျူးလွန်ရန် လိုအပ်သမျှအားလုံးကို ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသော ကျွန်ုပ်မှာ လူဘစ်ယောက်ကို လွယ်လွယ်နှင့်သတ်မည့် မြင်ကွင်းကို ကြည့်မြင်နိုင်စွမ်းမရှိသဖြင့် နှုတ်၏ စောင်မခြင်းဖြင့် နောက်ဆုံး၏နောက်ဆုံးအကြိမ်အဖြစ် ဗိုလ်ချုပ်ကြီးဗန်ဒါဗားလ်အား အသက်ချမ်းသာပေးပါရန် ထပ်မံမေတ္တာရပ်ခံကြည့်ပါသည်။

သို့ရာတွင် ယခုတစ်ကြိမ်တွင်လည်း အကြောင်းမထူးဖြစ်ရပြန်ပါသည်။

သူ့အစ်ကိုက ကိုယ်ထင်ပြလာသည်ဆိုခြင်းကိုပင် မေ့ထားလိုက်ပုံရပါသည်။

နောက်ဆုံးတွင် သဘော်အရာရှိကို အခန်းသော့ပေးရင်း . . .

"ကိုင်း . . . ဒီပုဂ္ဂိုလ်ကို ကုန်းပတ်ပေါ်ခေါ်လာခဲ့ပေတော့"

ဟု အမိန့်ပေးလိုက်ပါသည်။ သဘော်အရာရှိက သော့ကိုယူပြီး ထွက်သွားသောအခါ ကျွန်ုပ်မှာ စိတ်မထိန်းနိုင်သဖြင့် သဘော်၏အခြားတစ်ဖက်သို့ သွားရောက်ပြီး ငြိမ်သက်လျက်ရှိနေသော ပင်လယ်ရေပြင်ကြီးကို ငေးကြည့်နေလိုက်ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့သဘော်မှာ ရွေ့သည်ဆိုရုံမျှသာ ရွေ့လျားလျက်ရှိပါသည်။ ထိုအနိုက်အတန့်ကလေးအတွင်းမှာပင် သဘော် ကုန်းပတ်တံခါးပေါက်ဆီမှ ဆူဆူညံညံအသံများကို ကြားလိုက်ရသဖြင့် အသံလာရာဆီသို့ လှမ်းကြည့်ရာ သဘော်အရာရှိနှင့် အစေခံ ၂ ယောက်တို့သည် မျက်နာဖြူဖတ်ဖြူရော်ဖြစ်နေပြီး ကုန်းပတ်တံခါးပေါက်မှ ထိတ်ထိတ်ပျာပျာဖြင့် ကသောကမျောပြေးထွက်လာကြသည်ကို တွေ့လိုက်ရပါသည်၊ သူတို့အားလုံးပင် ကပ္ပတိန်အနီးသို့ရောက်လာကြပါသည်။

သို့ရာတွင် ကပ္ပတိန်က သူတို့ကိုမြင်ပုံမရဘဲ ၎င်းတို့ကိုကျော်ပြီး မယုံကြည်နိုင်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းမျိုးဖြင့် တစ်စုံတစ်ယောက်ကို မြင်နေရသကဲ့သို့ စူးစူးစိုက်စိုက်ကြည့်ရှုနေသည်ကို တွေ့ရပါသည်။ သူ၏မျက်နှာတွင် အလွန်အမင်းကြောက်လန့်တုန်လှုပ်နေသည့် အမူအရာမျိုးကို အထင်းသားတွေ့နေရပါသည်။ မကြာခင်မှာပင် သူကိုယ်သူ မထိန်းနိုင်တော့ဘဲ ကုန်းပတ်ပေါ်သို့ လဲကျသွားပါသည်၊ သူ့ကို ထိန်းပေးနိုင်ရန် သူ့ဆီကို ပြေးသွားကြပါသည်၊ သို့ရာတွင် များစွာမှ နောက်ကျသွားပါတော့သည်၊ ကပ္ပတိန်မှာ သေဆုံးသွားနှင့်ပြီဖြစ်ပါသည်။

နောက်ဆုံးအချိန်ပိုင်းကလေးအတွင်းမှာ ဘာကိုမြင်လိုက်ရလို့ အခုလို သေလောက်အောင် ကြောက်လန့်တကြားဖြစ်သွားရသည်ကို မည်သူမှ မပြောနိုင်ကြပါ။

သဘော်အရာရှိနှင့် ကျွန်ုပ်သည် မဝေခွဲနိုင်သော အမူအရာများဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိလျက်သား ဖြစ်သွားပါသည်။ ပြီးမှ ကျုပ်က ဗိုလ်ချုပ်ဗန်ဒါဗားလ်ကို သတိရမိပြီး . . .

"ဗိုလ်ချုပ်ကော" ဟု မေးလိုက်မိပါသည်။

"သေသွားပါပြီ။ ကျုပ်တို့ သူ့ကို







www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်ခေါ်တဲ့အချိန်ကတည်းက သူ သေသွားပါပြီ။ ဘုရားသခင်ရဲ့ ကျေးဇူးကြောင့် တစ်သက်နဲ့တစ်ကိုယ် အရင်က ဒါမျိုးတစ်ခါမှ မတွေ့ခဲ့ရဖူးဘူး၊ သူ့ကိုကြည့်ရတာ ကျုပ်တို့ရဲ့ သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ တစ်စုံတစ်ယောက်ယောက်နဲ့ အပြန်အလှန် သတ်ပုတ်နေပုံပဲ၊ ဒီလိုနဲ့ နောက်ဆုံးတော့ တဖြည်းဖြည်းနဲ့ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး အသတ်ခံလိုက်ရတဲ့ပုံမျိုးနဲ့ သေသွားတယ်"

ကျွန်ုပ်သည် ဆက်ပြီး နား ထောင်မနေတော့ဘဲ သဘောပွဲပိုင်းကို ထွက်လာခဲ့ပါတော့သည်၊ ကျွန်ုပ်မှာ သဘာဝမကျသော နာနာဘာဝများကို ယုံကြည်သူမဟုတ်သော်လည်း နောက်ဆုံးတွင် ကပ္ပတိန်ရဲ့ အစ်ကိုပြောခဲ့သည့်စကားအတိုင်း သူကိုယ်တိုင်လက်စားချေမည်ဆိုသော စကားမှာ တကယ်အမှန် ဖြစ်လာသည်ဟု ယုံကြည်လက်ခံလိုက်မိပါတော့သည်။

Guy Boothby ၏ Remorseless Uengence ကို ဆီလျော်အောင် ပြန်ဆိုပါသည်၊





# ကြိုက်မွေ့တဲ့အိပ်မက်

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်က အထက်မြန်မာနိုင်ငံမြို့တစ်မြို့တွင် အလုပ်သင်မြို့ပိုင်အဖြစ် သွားရောက်တာဝန် ထမ်းဆောင်ခဲ့ရပါသည်။

ထိုကာလက မြို့ပိုင်နယ်ပိုင်များသည် တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ အခွန်တော်အရပ်ရပ်ကောက်ခံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခဲ့ရပါသည်။

ကျွန်ုပ် ထိုမြို့သို့ရောက်ရှိ နေသားကျပြီးတစ်ရက်တွင် မြို့၏အနောက်ဘက် (၁၀)မိုင်သာသာဝေးသော ကျေးရွာတစ်ရွာသို့ လေ့လာ အင်းတစ်ခု စာချုပ်ချုပ်ရန် သွားရောက်ခဲ့ပါသည်၊ မြို့မှထွက်ပြီး (၅)



www.burmeseclassic.com

www.burmeseclassic.com



မိုင်ခန့် ရောက်လျှင် ဇရာမခမောက်ကြီးတစ်ချပ်ကို မှောက်ထားသည်နှင့် တူသော တောင်ကုန်းကြီးပေါ်တွင် စေတီပုထိုးများ၊ ဘုရားတန်ဆောင်းများ၊ သာသနိကအဆောက်အဦများ၊ ဘုရားကုန်းတော်ပေါ်သို့ တက်ဆင်းသည့် ဆောင်းတန်းနှင့် လှေကားထစ်များနှင့် ထိုစောင်းတန်းမုခ်ဦး၏ ခြေရင်းတွင်မှ မြို့ဘက်သို့ ဝပ်စင်းစောင့်ကြည့်နေဟန်ရှိသော ကြီးမားခန့်ညားထည်ဝါသော ခြင်္သေ့ရုပ်တုကြီး (၂) ခုအား ထင်ရှားစွာ တွေ့မြင်ရပါသည်။

ထိုတောင်ကုန်း၏နောက်ဘက်တွင် အထပ်ထပ်ဆင့်၍ ဆင့်၍ ကာဆီးနေသော တောင်တန်းပြာကြီးများအားလည်းကောင်း၊ ထိုတောင်များ၏ ထက်ကောင်းကင်တွင် နှင်းလား၊ မြူလား၊ တိမ်လားခွဲခြားမရအောင် ရောထွေးယှက်သန်းနေသော အာကာသကြီးအားလည်းကောင်း လက်ရာမြောက်လှသော ဆေးရောင်စုံ ပန်းချီကားကြီးတစ်ချပ်အား ကြည့်မြင်လိုက်ရဘိသကဲ့သို့ ရင်သပ်ရှုမောဖွယ် မြင်တွေ့ရပါသည်။

ထိုရှုခင်းများကို တွေ့လိုက်ရသောအခါ ဤမြို့သို့ရောက်မလာမီက ကျွန်ုပ် မကြာခဏမက်ခဲ့ဖူးသော အိပ်မက်ကို သတိရလာမိပါသည်။ ကျွန်ုပ်မက်ခဲ့သော ထိုအိပ်မက်မှာ ယခု ကျွန်ုပ်ရှေ့တွင် ကိုယ်တွေ့မျက်မြင် ကြုံနေရသော ရှုခင်းများနှင့် တိုက်တိုက်ဆိုင်ဆိုင်ထပ်တူနီးပါး တူညီလျက်ရှိသည်လို့ တွေးရပါသည်။ မိုင်ပေါင်းများစွာ ကွာဝေးသော တစ်နေရာတွင် ကျွန်ုပ်မက်ခဲ့သော အိပ်မက်မှာ ဤနေရာရောက်မှ အပြင်လောကတွင် တကယ်ပင် လာတွေ့နေရသောကြောင့် ကျွန်ုပ်သွားရမည့် ရွာရောက်သည့်တိုင် မေ့ပျောက်မရအောင် ဖြစ်ခဲ့ရပါသည်။ ရွာရောက်ပြီးနောက် အင်းဆွဲဝယ်သူ ဦးကင်းမောင်ဆိုသူနှင့် အင်းစာချုပ်ချုပ်ဆိုပြီး အင်းဖိုးငွေ ကျပ် တစ်သောင်းကို စနစ်တကျလက်ခံရယူပါသည်။ ဤအင်းမှာ (၃) နှစ် “ကြေးတိုင်စိုက်” အင်းဖြစ်သောကြောင့် နောက် (၃) နှစ်ထိ ငါးဖမ်းခွင့်ရရှိမည် ဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုပြီးသောအခါ အင်းဆွဲဝယ်ရရှိသူတို့၏ ထုံးစံအတိုင်း ကျွန်ုပ်အား စားပွဲသောက်ပွဲဖြင့် တည်ခင်းကျွေးမွေးပါသည်။

စားသောက်ပြီးနောက် ကျွန်ုပ်လာရင်းကိစ္စပြီးပြီဖြစ်၍ ပြန်ရုံသာရှိသော်လည်း စပ်မိစပ်ရာအာလာပသလ္လာပပြောရင်းမှ ကျွန်ုပ်ခေါင်းထဲတွင်ရှိနေသော အိပ်မက်အကြောင်းကို ရောက်သွားပါသည်။ ထိုအခါ ဦးကင်းမောင်က . . .

“မြို့အုပ်မင်းရဲ့ အိပ်မက်ထဲမှာ တောင်ကုန်း တောင်တန်းတွေကို မြင်တွေ့ရတယ်ဆိုခြင်းကြောင့် ရှေ့ကို ယခုထက်ပိုပြီး နာမည်ကြီးလာမယ် ကျော်ဇောကတ္တိရှိမယ်၊ မင်းစိုးရာဇဖြစ်မယ်လို့ဆိုရပါမယ်။ နောက်တစ်ချက်ဖြစ်တဲ့ စေတီပုထိုးတွေနဲ့ သာသနိက အဆောက်အဦတွေကို မြင်မက်တယ်ဆိုတာက တစ်သဘောတည်းပါပဲ။ ထင်ရှားကျော်ဇောမယ်၊ နတ်ကောင်းနတ်မြတ်တွေ မှူမယ်လို့ ဆိုပါတယ်။ ကျမ်းလာအရ ခြုံပြီးပြောရရင် မြန် (၃)လ၊ ကြာ (၆) လ အတွင်းမှာ နောက်တစ်ဆင့်မြင့်တဲ့ ရာထူးကို တိုးဖို့ရှိပါတယ်”

ကျွန်ုပ်သည် အင်းသမားတစ်ယောက်၊ သာမန်အားဖြင့်အကုသိုလ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ယောက်က ယခုကဲ့သို့ ဟောပြောနေသည်ကို သံသယ ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်အတွက် မင်္ဂလာစကားများဖြစ်နေ၍ ဆက်ပြီးနားထောင်မိပါသည်။

“အိပ်မက်နဲ့ပတ်သက်လို့ ကျမ်းအလာရဆိုရရင် (၇) မျိုးရှိပါတယ်။ အကောင်းမက်မက် အဆိုးမက်မက် ဇကန်ဇကမှန်လိမ့်မယ်လို့ တစ်ထစ်ချ မှတ်ယူခြင်းမပြုဘဲ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ဆုံးဖြတ်ပြီးမှ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ ကြောက်လန့်ခြင်းမျိုးတွေ ဖြစ်မလာအောင် ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ အိပ်






www.burmeseclassic.com

www.burmeseclassic.com



မက်အကျိုးပေးနိုင်တဲ့ကာလအပိုင်းအခြားအရဆိုရင် . . .

"ညဥ့်ဦး တစ်နစ်၊ သန်းခေါင်လခွဲ၊ သန်းလွဲ ခုနစ်ရက်၊ မိုးသောက်မက်မှာ တစ်လကြာသည်၊ မှတ်ပါ အိပ်မက်အကျိုးပေးတည်း" လို့ ဆိုထားပါတယ်။ အိပ်မက်နဲ့ပတ်သက်လို့ စွဲလမ်းယုံကြည်မှု လွန်ကဲရာမှ ဥပါဒါန် ရောက်ရတဲ့ တကယ့်ဖြစ်ရပ်ကလေးကို မြို့အုပ်မင်းအချိန်ပေးမယ် ဆိုရင် ပြောပြချင်ပါတယ်" ဟု ဆိုရာ ကျွန်ုပ်က ဟုတ်ကဲ့ပါ။ အချိန်ရပါတယ်ဆိုသောအခါ ၎င်းနှင့်ဆွေနီးမျိုးစပ်တော်သူ မောင်စံလင်း၏ အိပ်မက်ကြောင့် ဘဝပျက်ရသည့် အကြောင်းကို အောက်ပါအတိုင်း ပြောပြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ် လွန်ခဲ့သော (၆၅) ခန့်က မြို့နှင့်အတော်အတန်ဝေးသော တောရွာတစ်ရွာတွင် ဦးဖိုးခင်နှင့် ဒေါ်သောင်းဆိုသော လင်မယားနှစ်ယောက်ရှိခဲ့ဖူးလေသည်။ ဦးဖိုးခင်သည် သစ်တောထွက်ပစ္စည်းများကို သစ်တောဌာန၏ ခွင့်ပြုချက်ဖြင့် ပရိဘောဂပစ္စည်းများ ပြုလုပ်ရောင်းချခြင်း၊ ဒေသထွက်ကောက်ပဲသီးနှံများကို ငွေကြိုတင်ပေးစနစ်ဖြင့် ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသည်။

တစ်ဖက်တွင် မယားဖြစ်သူက အပ်ချုပ်စက်တစ်လုံး ဝယ်ယူကာ အပ်ထည်များ လက်ခံချုပ်လုပ်ပြီး အပိုဝင်ငွေရှာရင်း စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသကဲ့သို့ အိမ်စရိတ်ကို ကူညီပံ့ပိုးပေးလေ၏။

ထိုသို့ဖြင့် အိမ်ထောင်သက် (၂) နှစ်တွင် မောင်စံလင်းဟူသောသားတစ်ယောက် ထွန်းကားလာခဲ့ပြီးနောက် မိသားစု၏ စီးပွားရေးသည် ဒီရေအလား သိသိသာသာ တိုးပွားလာခဲ့လေ၏။ သို့ဖြစ်ရာ ဤကလေးသည် တစ်သက်တွင် မိဘကို အကျိုးပေးတော့မှာပဲဟု မျှော်လင့်ချက်များစွာဖြင့် မိဖ ၂ ပါးလုံးက အထူးပင် အလိုလိုက် ဂရုစိုက်ခဲ့ကြလေ၏။





ထိုသို့နေလာခဲ့ကြရာမှ မောင်စံလင်း (၃) နှစ်သားအရွယ်ရောက်ချိန်တွင် မည်သည့်အခါကမျှ မျှော်လင့်မထားခဲ့သော ကြမ္မာဆိုးကြီးတစ်ရပ်သည် ကြေကွဲဝမ်းနည်းဖွယ်ကောင်းလောက်အောင် ကျရောက်လာခဲ့လေ၏။

ထိုကြမ္မာဆိုးကား ဒုတိယကမ္ဘာစစ်ကြီးပင် ဖြစ်လေတော့၏။

နွေဦးကာလတစ်ရက်တွင် အမေရိကန်တိုက်လေယာဉ်တစ်စင်းနှင့် ဂျပန်တိုက်လေယာဉ်တစ်စင်းတို့သည် ဦးဖိုးခင်တို့ရွာနှင့် မဝေးလှသော တောင်ကုန်းတောင်တန်းများအထက် ကောင်းကင်ယံတွင် တိုက်ပွဲဖြစ်ပွားကြလေ၏။

လေယာဉ်သံနှင့် သေနတ်သံများကို ကြားကြရသော ရွာသားများသည် လုပ်လက်စအလုပ်များကို ပစ်ချပြီး လေယာဉ်ပျံ ၂ စင်းတို့ တိုက်ပွဲဖြစ်ပွားရာနေရာသို့ အပြေးအလွှားသွားရောက် ကြည့်ရှုကြလေ၏။ လေယာဉ် ၂ စင်းသည် လေထဲတွင် ဝဲပတ်ပျံသန်းရင်း တစ်စင်းကိုတစ်စင်း စက်သေနတ်များဖြင့် အသေအကြေ ပစ်ခတ်ကြလေ၏။

စက်သေနတ်များမှ မီးရောင်များ လင်းခနဲ လက်ခနဲ ထွက်ပြီး မီးခိုးတန်းကြီးများကို ကျည်လမ်းကြောင်းအတိုင်း တွေ့ကြရလေရာ ရွာသားများက စိတ်လှုပ်ရှားစွာဖြင့် ပစ်ကွ၊ ချကွ၊ လေယာဉ်အစစ်၊ လူအစစ် တကယ့်သေနတ်အစစ်တွေနဲ့အသေပစ်ကြတာ၊ ဓာတ်ရှင်ထဲကလို ဟန်လုပ်သရုပ်ဆောင်ပြတာမျိုး မဟုတ်ဘူးကွ ဟု အားပါးတရ အားပေးကြရင်း အားမရသူ မမြင်ရသူတွေက သစ်ပင်ပေါ်နှင့် ကုန်းမြင့်ရာဆီသို့ တက်ရောက်ကြည့်ရှုကြသည်။

ထိုအချိန်တွင် မြို့မှပြန်လာသော ဦးဖိုးခင်သည် ထိုနေရာသို့ ရောက်လေရာ ဖြစ်ပျက်ပုံကို မြင်သွားပြီး . . .

"ဟာ . . .သေကုန်တော့မှာပဲ။ တိုက်ပွဲဖြစ်နေတာကို ရွာသားများ အောက်မေ့နေကြပါလို့။ ဟော့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ဝပ်နေကြ၊ ဝပ်နေကြ၊ သေကုန်လိမ့်မယ်" ဟု စိုးရိမ်စိတ်ဖြင့် အော်ပြောလေ၏။ သို့ရာတွင် လူများသည် လေယာဉ်သံ၊ စက်သေနတ်သံနှင့် ဗောလုံးပွဲကြည့် ပရိသတ်ကဲ့သို့ အော်ဟစ်အားပေးနေသော လူသံတွေကြောင့် ဦးဖိုးခင်၏ သတိပေး အော်ဟစ်သံကို ကြားပုံမရပေ။

မကြာခင်မှာပင် ဂျပန်လေယာဉ်တစ်စင်း နောက်ထပ်ရောက်လာပြီး အမေရိကန်လေယာဉ်ကို ပူးပေါင်းတိုက်ခိုက်ကြလေ၏။ သို့ဖြစ်ရာ ၂ စင်းတစ်စင်း ပစ်အားကြောင့် အမေရိကန်လေယာဉ်ကိုယ်ထည်နောက်ပိုင်းမှ မီးခိုးတန်းကြီး ထွက်ပေါ်လာပြီး မကြာခင်မှာပင် သစ်ပင်ထူထပ်သော တောင်ကြားတစ်ခုဆီသို့ ဦးစိုက်ဆင်းသွားပြီး ထိတ်လန့်ဖွယ်ကောင်းသော ပေါက်ကွဲမြည်ဟည်းသံကြီးကို ကြားလိုက်ရလေ၏။

ထိုပေါက်ကွဲသံနှင့် ရှေ့ဆင့်နောက်ဆင့်မှာပင် ဦးဖိုးခင်၏ကိုယ်တွင် ဒဏ်ရာတစ်ချက်ရရှိသွားပြီး ဦးဖိုးခင် ထိုနေရာမှာပင် ပွဲချင်းပြီး သေဆုံးလေတော့၏။ အမေရိကန်နှင့် ဂျပန်တို့ ဝေဟင်းကင်းထဲ လေကြောင်းတိုက်ပွဲဖြစ်ပွားကြရာမှ မြန်မာလူမျိုး ဦးဖိုးခင်တစ်ယောက် နေရင်းထိုင်ရင်း သေနတ်မှန်သေဆုံးရသည်မှာ မည်သို့မျှ အဆီအငေါ် မကည့်လှပေ။

အသွားမတော်တစ်လှမ်းဟူသောစကားဖြင့်သာ ဖြေသိမ့်ရပေတော့သည်။ စစ်၏အနိဋ္ဌာရုံကို မြင်လိုက်ရသော ရွာသားများသည် ထိုအခါရောက်မှ ကြောက်လန့်တကြားဖြစ်လာကြပြီး ပုန်းသူပုန်း၊ ဝပ်သူဝပ်၊ ပြေးသူပြေးဖြင့် ကယောင်ချောက်ချား ဖြစ်ကြလေ၏။

ဦးဖိုးခင် သေဆုံးသွားရခြင်းအတွက် မယားဖြစ်သူ ဒေါ်သောင်းတစ်ယောက် မည်သူ့ကိုတိုင်ကြားရမည်မသိနိုင်သောကြောင့်လည်းကောင်း၊ မည်သည့်စုံထောက်နှင့်ဂတ်ဌာနကမှလည်း တရားခံများကို အရေးယူဖော်ထုတ်ပေးခြင်းမရှိခဲ့သော





ကြောင့်လည်းကောင်း ယင်းအမှုမှာ ယနေ့ထိ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်တစ်ခုအဖြစ် ရှိနေဆဲဖြစ်လေသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်အတိုင်း အကြောင်းအရာကြောင့် အကျိုးတရားဖြစ်ရလေရာ လင်ဦးဖိုးခင် သေဆုံးသောကြောင့် မယားဒေါ်သောင်း မုဆိုးမဖြစ်ရလေတော့၏။ ကြက်ဖတွန်မှ မိုးလင်းသည်၊ ကြက်မတွန်လို့ မိုးမလင်းဆိုသော စကားသည် ဒေါ်သောင်းကို တမင်ရည်ညွှန်းပြောဆိုသကဲ့သို့ ရှိလေ၏။

ဦးဖိုးခင်သေဆုံးပြီး လအတန်ကြာသည်နှင့်ပင် လက်ထက်ပွားပစ္စည်းများကို ထုခွဲရောင်းချခဲ့ရာ အပ်ချုပ်စက်တစ်လုံးသာ ကျန်ခဲ့လေ၏။

မူလက သားကလေး မောင်စံလင်း အရွယ်ရောက်လျှင် ပညာသင်ပေးမည်၊ ရှင်ပြုပေးမည်ဟု အားခဲထားချက်များ လုံးဝကွယ်ပျောက်သွားရလေ၏။ မောင်စံလင်း ၅ နှစ်အရွယ်တွင် ဘုန်းကြီးကျောင်းပို့ခဲ့သေး၏။ သို့ရာတွင် မောင်စံလင်းမှာ မွေးရပါစိတ်မပြည့်ဘဲ ဉာဏ်ထုံထိုင်းသောကြောင့် မင်္ဂလာသုတ်ကုန်သည်နှင့် ကျောင်းမှထုတ်လိုက်ရလေ၏။

ထိုအချိန်မှစ၍ သစ်ခုတ်၊ ဝါးခုတ်၊ ဖောင်လိုက် စသည့်အလုပ်များတွင် နောက်လိုက်အလုပ်ကို ကူညီဆောင်ရွက်ပေးရင်း ရသမျှလုပ်ခဖြင့် မိခင်ကြီးအား လုပ်ကျွေးသမှုပြုခဲ့လေ၏။

ကြာသောအခါ သားဖြစ်သူ ပင်ပန်းကြီးစွာ လုပ်ကိုင်စားနေရသည်ကို မကြည့်ရက်သော မိခင်ကြီးက တရေးစာချီ အလုပ်တစ်ခုခုကို ရရှိစေရန် မြို့ပေါ်ရှိ သစ်စက်ပိုင်ရှင်တစ်ဦးထံသို့ ကိုယ်ရေး စာတစ်စောင်ရေးပြီး သားအားလွှတ်လိုက်လေ၏။ ထိုသစ်စက်ပိုင်ရှင်မှာ တစ်ချိန်က ဦးဖိုးခင်နှင့် ခင်မင်ရင်းနှီးသူတစ်ယောက်ဖြစ်ခဲ့ဖူးလေ၏။ မောင်စံလင်းအား တနင်္ဂနွေနေ့က လွှတ်လိုက်ရာ အင်္ဂါနေ့အရောက် ပြန်လာရမည်ဖြစ်ကြောင်း မှာလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု အသက်ပိုင်းတွင် မောင်စံလင်း ဇာတာစန်းသည် နိမ့်ကျနေသောကြောင့် မွေးနေ့တွင် မိခင်ကြီးက ယတြာချေပေးရန် ရှိလေသည်။

အလုပ်လုပ်ရာတွင် သွားနောက်၊ စားနောက်ဖြစ်လေ့ရှိသော မောင်စံလင်းသည် ထိုနေ့က သစ်တော၊ ဝါးတောများကိုဖြတ်ပြီး မိုးချုပ်မှ မြို့သို့ရောက်လေ၏။ သို့ရာတွင် ရောက်ရောက်ချင်း စက်ပိုင်ရှင်ထံ သွားတွေ့ရမည့်အစား ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းဝယ်စားပြီး တစ်နေရာတွင် ညအိပ်လိုက်လေ၏။၏

နောက်တစ်ရက်ရောက်မှ သစ်စက်ကို သွားသောအခါ သစ်စက်အစောင့်နှင့်တွေ့ပြီး မိခင်ကြီးရေးပေးလိုက်သောစာကို ပြလေ၏။ သစ်စက်အစောင့်က အလာနောက်ကျသွားပြီဖြစ်ကြောင်းနှင့် ထိုရာထူးနေရာအတွက် မနေ့ကပင် ခန့်ထားပြီး ခြေဟန်လက်ဟန်ဖြင့် ပြောပြလေ၏။

စက်ပိုင်ရှင်တစ်ယောက်၏ လုပ်ပိုင်ခွင့်နှင့် သစ်စက်တော်၏ တာဝန်ကို ခွဲခြားနားမလည်သေးသော မောင်စံလင်းသည် သစ်စက်စောင့်က အခုလိုရှင်းပြသည့်အတွက်ကိုပင် ကျေးဇူးတင်ကြောင်း ပြောကြားလျက် စာကို ပြန်သိမ်းပြီး ရွာပြန်ခဲ့လေ၏။

မြို့အထွက်တွင် လမ်းဘေးဆိုင်တစ်ဆိုင်အား အပြန်ခရီးတွင် ပို၍နီးသော ဖြတ်လမ်းရှိဦးမည်အထင်ဖြင့် မေးမြန်းစုံစမ်းရာ ထိုသူက သူကိုယ်တိုင် တစ်ခါမျှ မသွားမလာဖူးပါလျက် ကြားဖူးနားဝဖြင့် လမ်းညွှန်လိုက်လေ၏။

အရင်လို လမ်းအိုလိုက်ဆိုသောစကားကို သွေဖီလေသဖြင့် စထွက်ချိန်ကစပြီး တစ်ခါမှမသွားဘူးသော တောလမ်း တောင်လမ်းဖြစ်နေ၍ ဟိုချိုးသည်ကွေ့ မှားဝင် မှားထွက် ဖြစ်ရလေ၏။ ညမိုးချုပ်ပြီး တောထဲရောက်လေ မျက်စိလည်လေ ဖြစ်ရာ လမ်းမှန်သို့ရောက်ရန် မျှော်လင့်ချက် ပို၍နည်းရလေဖြစ်တော့၏။





မြေခွေးစကားကို ပုဏ္ဏားယုံမှားခဲ့လေပြီ၊ တစ်မတ်စောက်စောက် ခရီးရောက်ဆိုစကားအတိုင်း ခရီးရောက်သည်ကားမှန်၏။ သို့ရာတွင် ဘယ်ကိုရောက်နေပြီဆိုသည်ကိုမူ မသိနိုင်အောင်ဖြစ်ရလေ၏။

မေးပါများစကားရဆိုအောင်လည်း တစ်လမ်းလုံး တစ်ဦးတစ်ယောက်နှင့်မှ မတွေ့ခဲ့ရသောကြောင့် မမေးခဲ့ရ။ သို့ဖြစ်ရာ မောင်စံလင်းမှာ တောအုပ်ကြီးအလယ်တွင် စိတ်အားငယ်လာရလေ၏။

ထိုစဉ် မြင့်မားသော သစ်ပင်ကြီးများပေါ်မှ ဆီးနှင်းပေါက်ကြီးများကလည်း မိုးသီးမိုးပေါက်များပမာ တဖျောက်ဖျောက်မြည်ရင်း ကျဆင်းလျက်ရှိသောကြောင့် မောင်စံလင်းခမျာ ညမှောင်မိုက်မိုက်ကြီးတွင် နိုက်နိုက်တုန်အောင် ချမ်းလျက်ရှိလေ၏။

အနွေးထည်ထည့်မပေးလိုက်ရ ကောင်းလားဟု အမေ့အား အပြစ်တင်လိုက်သေး၏။ ထိုမှဆက်၍ မျက်ကန်းတစ်ယောက်ကဲ့သို့ စမ်းတဝါးဝါး လျှောက်လှမ်းလာခဲ့ရာ လူနေထိုင်ပုံရသော ခြံဝင်းကျယ်ကြီးတစ်ခုသို့ ဆိုက်ရောက်လာသောအခါ စိတ်အားတက်လာပြီး အကူအညီတောင်းရန် ခေါ်ကြည့်လေ၏။

“ဗျို့... အိမ်ရှင်တို့ အိမ်ရှင်တို့ ခင်ဗျာ”

မောင်စံလင်း၏ခေါ်သံကြောင့် အိမ်ထဲမှ လူတစ်ယောက်ထွက်လာပြီး...

“ဟဲ့... ဘယ်သူတုန်း”

မီးအိမ်ကို မြှောက်ကိုင်ကြည့်ပြီး မေးမြန်းစုံစမ်းလိုက်၏။

“ကျုပ် ဟိုဘက်ရွာက အိုသောင်းရဲ့သား စံလင်းပါ။ မြို့က အပြန်မှာ မျက်စိလည်ပြီး လမ်းမှားနေလို့ပါ”

ဟုဆိုရာ ထိုသူက ခြံဝင်းတံခါးလာဖွင့်ပေးပြီး အိမ်ထဲသို့ခေါ်ဆောင်သွားလေ၏။ မောင်စံလင်းမှာ ရှေးကုသိုလ်ကံအကျိုးပေးကြောင့် အသံကြားသနားပါစေ၊ မျက်နှာမြင်ချစ်ခင်ပါစေ ဆုတောင်းပြည့်လာပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်က အတန်ငယ်ကြည့်ရှုအကဲခတ်ပြီး ရှိဟောင်း ရှိစမင်းဖြင့် ကျေးသည့်ပြင်ဆေး ဟောင်းဆေးတံဟောင်းများအစုတ်ကို သိမ်းသွန်းထားသော အခန်းထွင် ရတင်မွေ့ရာအိပ်ရာပြင်ဆင်ပေးပြီး အိပ်ပါစေလေ၏ ။ ထို့နောက် ဖယောင်းတိုင်တစ်တိုင် ထွန်းပေးပြီး အိမ်ရှင်နှင့်အလုပ်သမားတို့ ထွက်သွားကြလေ၏။

"အင်း . . . သူတော်ကောင်း နတ်ကောင်းမှတ်နေမှာ။ စောစောကပဲ တောထဲမှာ ကျားဆွဲခံရမလား၊ မြွေကိုက်ခံရမလား၊ စိုးရိမ်ခံရမလား မှတ်တယ်။ ခုတော့ ခုတင်ကြီးပေါ်မှာ မွေ့ရာများတောင် ခင်းပေးထားလိုက်သေး၊ အိမ်ရှေ့ကမှ အဖွဲ့တို့ ကြွားလိုက်ရဦး"

ထိုအချိန်တွင် ဆောင်းလေအေးကြောင့်အပြင်ဘက်တွင် တသုန်သုန်တိုက်ခတ်နေသည့်ဖြစ် ဆီးနှင်းပေါက်များက အိမ်မိုးခေါင်မိုးပေါ်သို့ တဖြောက်ဖြောက်ကျလျက်ရှိလေ၏။ မောင်စံလင်းတစ်ယောက်တွင် ယခုမှ မွေ့ရာခင်းသော ခုတင်ဖြင့် အိပ်ဖူးခြင်းဖြစ်ရာ အားနာသလို ရှိုးတိုးရှန့်တန့်ရှိသလိုဖြစ်နေသေး၏။ နောက်မှ ခရီးပန်းလာမှုဒဏ်ကြောင့် တုံးလုံးလှဲချလိုက်လေ၏။

မအိပ်ခင် အခန်းပတ်လည်သို့ ကြည့်လိုက်မိ၏။ သွပ်မိုး ပျဉ်ထောင်ဖြစ်၏။ အခန်းထဲသို့ဝင်ရန် တံခါးတစ်ပေါက်ရှိ၏။ မိမိဝင်လာစဉ်က မင်းတုံးထိုးပြီး ပိတ်ထားပြီးဖြစ်၏။ တစ်နေရာတွင် ပြူတင်းပေါက်ငယ်တစ်ခု အပြင်သို့ ကြည့်နိုင်ရန် ကဲလားပေါက် တစ်ပေါက်ရှိ၏။

အကာနံရံမှာ တာလျှိနေရာတွင် ဟနေသဖြင့် တဟိုးဟိုးမြည်လျက် အပြင်လေတိုးဝင်လျက်ရှိ၏။ ထိုစဉ်မှာပင် "ဒိုင်း" ခနဲ မြည်သွားခဲ့သော အသံကို ကြားလိုက်ရသဖြင့် မောင်စံလင်း အိပ်ရာထဲထိုင်လိုက်သည်။ အသံလာရာဆီသို့ စစ်ဆေးကြည့်လိုက်ရာ စောစောက ကဲလားတံခါး ရွက် လေတိုက်သဖြင့် နံရံနှင့်ရိုက်ပြီး မြည်သွားခြင်းဖြစ်၏။ စောင်ထဲကို မတွက်ချင်သော်လည်း နောက်ထပ် မမြည်တော့စေရန် ကာမန်းကတမ်း ထပြီး မင်းတုံးထိုးပိတ်လိုက်လေ၏။

ပြီးမှ ပြန်လှဲချလိုက်၏။ ခေါင်းရင်းဘက်တွင် ထွန်းထားသော ဖယောင်းတိုင်မီးကို မငြိမ်းဘဲထားလိုက်၏။ မီးရောင်သည် မိမိအား အကြောက်ပြေစေသည်ကို စဉ်းမိ၏။ ခရီးပန်းခြင်း သို့မဟုတ် ထမင်းဆိပ်တက်လာခြင်းကြောင့် ထင်ရ၏။ မကြာခင် မောင်စံလင်း အိပ်ပျော်သွားတော့၏။

မည်မျှကြာသွားသည် မခန့်မှန်းတတ်၊ မောင်စံလင်းကြက်အိပ်ကြက်နိုးဖြစ်လာ၏။ မျက်စွဲ့စွဲလေးနေသောကြောင့် ဖွင့်မကြည့်မိသော်လည်း အခန်းထဲတွင် တစ်စုံတစ်ခု ထူးခြားမှုရှိနေပြီဟု ထင်လိုက်မိ၏။ ကိုယ်ပိုင်စောင့်နတ်တွေက အသိပေးလိုက်ခြင်း ဖြစ်နိုင်၏။

ထိုအချိန်မှာပင် မောင်စံလင်းတစ်ကိုယ်လုံး စိမ့်ခနဲအေးသွားရာ ခေါင်းက ဆံပင်များပင် ထောင်ထလာလေတော့၏။ ဆောင်းလေအေးခြင်းမျိုးနှင့်မတူတော့ သေချာနေ၏။ တစ်ချိန်တည်းဆိုမှာပင် ရင်ညွန့်ဆီမှ အပ်ချောင်းတွေ ရိုက်သွင်းခြင်းခံလိုက်ရသကဲ့သို့ စူးရှနစ်နစ် နာကျင်သွားလေ၏။

ရင်ဝကို လက်တစ်ဖက်မိပြီး သာသာလိုသက်ပြင်းချ၍ ကျွတ်ကျွတ်မှာ စုတ်တစ်ချက်သပ်လိုက်ရ၏။ ချက်ချင်းပင် ချွေးသီးချွေးပေါက်များ တစ်ကိုယ်လုံး စိမ့်ထွက်လာ၏။

"ဒါလောက်အေးနေတဲ့အချိန်မျိုးမှာ အခုလို ချွေးသီးချွေးပေါက် တွေ ထွက်လာရတာက ထူးဆန်းသော ပေါက်။ အရှင်က မဖြစ်ဖူးဘူး စိုးရိမ် စိတ်လွန်ကဲလာမှုကြောင့် အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေရာမှ လုံးလုံးလျားလျားနိုးလာလေတော့၏။ အိပ်ချင်စိတ် လုံးဝပျောက်သွား၏။ မျက်လုံးများကို ဖြည်းညင်းစွာကြည့်လိုက်ရာ ခေါင်းရင်းက ဖယောင်းတိုင်မီးက ငြိမ်လုလုဖြစ်နေသည်ကို တွေ့ရ







www.burmeseclassic.com

www.burmeseclassic.com



၏။ ခွက်ထဲတွင် နောက်ဆုံးကျန်နေသော ဖယောင်းရည်များကို မီးကျွမ်းထားသော မီးစာက စုတ်ယူရင်း တဖျစ်ဖျစ်မြည်သံပေးလျက် လောင်ကျွမ်းနေခြင်းဖြစ်၏။

ထိုအချိန်မှာပင် စိတ်မသိုးမသန့်ဖြစ်စရာ အနံ့တစ်မျိုးကို ရှူရှိုက်လိုက်မိလေ၏။ ငယ်စဉ်က ရွာတွင် တစ္ဆေသရဲခြောက်တော့မည့် အရိပ်နိမိတ်ပြသောအခါတွင် လေထဲသို့ လွင့်ပျံ့လာသော အနံ့မျိုးဖြစ်၏။ ကလေးမွေးပြီးစ မီးနေသည်များထံမှရသော နနွင်းနံ့မျိုးနှင့်တူသည် ထင်ရ၏။ ရွာကလူတွေက ထိုအနံ့မျိုးကို အစိမ်းနံ့ သရဲနံ့ဟု ယုံကြည်ကြ၏။

မောင်စံလင်း၏စိတ်တို့ ဂနာမငြိမ်တော့ပေ။ အခန်းပတ်လည်သို့ ဖြည်းညင်းစွာ ဝေ့ဝိုက်ကြည့်လေ၏။ အမှန်အားဖြင့်လည်း တစ္ဆေသရဲ တစ်ကောင်ကောင်ကို တွေ့ရလေမလားအထင်ဖြင့် ရှာကြည့်ခြင်းဖြစ်လေ၏။ သို့ဖြင့် မောင်စံလင်း၏မျက်လုံးများ ခုတင်နှင့် တံခါးပေါက်အတွင်းဘက်ဆီ ရောက်သွားလေ၏။ ထိုတွင် မောင်စံလင်း မိမိမျက်စိကိုပင် မယုံနိုင်အောင် ဖြစ်သွားလေ၏။

"အလို . . . မိန်းကလေးတစ်ယောက်ပါလား"

မောင်စံလင်းတွေ့လိုက်ရသည်က ဓားကိုင်ပြီးရပ်နေသော မိန်းကလေးတစ်ယောက် ဖြစ်လေ၏။ မိန်းကလေး၏ ရုပ်အဆင်းမှာ ဝိုးတိုးဝါးတားမဟုတ်။ ထင်ထင်ရှားရှားကြီးဖြစ်၏။ လက်ထဲတွင် ဓားမြှောင်တစ်ချောင်းကို တင်းနေအောင် ဆုပ်ကိုင်ထား၏။ မျက်လုံးများက မောင်စံလင်း၏ တစ်ကိုယ်လုံးကို လွှမ်းခြုံကြည့်ထား၏။ တစ်စုံတစ်ခုကို ရက်စက်တော့မည့်ပုံမျိုးဖြင့် စိမ်းစိမ်းကားကားနိုင်လှ၏။

မိန်းကေလးပင်ဖြစ်လင့်ကစား လက်ထဲက ဓားနှင့် စူးရဲသောအကြည့်ကြောင့် မောင်စံလင်း စိမ့်၍ကြောက်လာမိ၏။ ဘာလုပ်ရမည်ဟု မသိသောကြောင့် ထိုမိန်းမကိုသာ အိပ်လျက်အနေအထားမှ မျက်တောင်မခတ်ဘဲ ပြန်ကြည့်နေလိုက်မိလေ၏။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းမှ မပြောမိကြပေ။

ထိုအချိန်မှာပင် မိန်းကလေးက စတင်လှုပ်ရှားလိုက်၏။ မတ်တတ်ရပ်နေသော လူသေကောင်ကြီးကဲ့သို့ တောင့်တောင့်ရပ်နေရာမှ ခြေလှမ်းများကို မောင်စံလင်းရှိရာသို့ စတင်လှမ်းလိုက်၏။ မောင်စံလင်းအနီးသို့ ရောက်သည့်တိုင် ခြေသံကို လုံးဝမကြားရပေ။ ယောက်ျားတစ်ယောက်၏ မွေးရာပါဗီဇအတိုင်း မောင်စံလင်းသည် ထိုမိန်းကလေး၏ အလှအပကို ခံစားလိုက်သေး၏။

လှပချောမောသူတစ်ယောက်ဖြစ်၏။ မျက်လုံးများက စူးရှတောက်ပပြီး နက်မှောင်နေ၏။ ရှည်လျားသော ဆံပင်ကို နောက်သို့လှန်ချထား၏။ ခြေကျင်းဝတ်အထိ ပျံ့ဝဲနေ၏။ ကြိုးကြိုးရှိတ်ထဘီနှင့် မင်းသမီးဝတ်ထိုင်မသိမ်းအကျႌလက်ရှည်ပွပွကို ဝတ်ထား၏။ ဓားမြှောင်ကိုင်ထားသော လက်ချောင်းကလေးများက ဖြူဝင်းသေးသွယ်နေ၏။ ဓားမြှောင်အရိုးကို ရင်းတိုက်သားဖြင့် ပြုလုပ်ထားပြီး အသစ်တမျှတောက်ပနေဆဲဖြစ်၏။

ထိုအချိန်မှာပင် မိန်းကလေးသည် ခုတင်ကိုကွေ့ပတ်ပြီး မောင်စံလင်းနှင့် နီးနိုင်သမျှနီးအောင် တိုးကပ်လာ၏။ မောင်စံလင်းနှင့် လက်တစ်ကမ်းအကွာသို့ ရောက်သောအခါ ချက်ချင်းရပ်ပစ်လိုက်ပြီး ဓားကိုင်ထားသောလက်ကို အပေါ်သို့ မြှောက်တင်လိုက်၏။ ထိုအချိန်ရောက်မှ . . .

ငေးငိုင်ပြီး ကြည့်နေမိသော မောင်စံလင်းသည် သတိဝင်လာပြီး မိန်းကလေး၏ ဓားချက်ကို ရှောင်တိမ်းရန် ညာလက်ကိုထောက်ပြီး ခန္ဓာကိုယ်ကို တစ်ဖက်သို့လှိမ့်ချလိုက်ရာ ဓားချက်သည် မောင်စံလင်း၏ ဦးခေါင်းနှင့် ပွတ်ကာသီကာလွဲပြီး မွေ့ရာထဲသို့ စိုက်ဝင်သွားလေ၏။ မိန်းကလေးသည် စိုက်ဝင်နေသော ဓား







www.burmeseclassic.com

www.burmeseclassic.com



မြှောင်ကို တဖြည်းဖြည်းချင်း နတ်ယူလိုက်ပြီး မောင်စံလင်းရောက်နေရာဘက်သို့ ကွေ့ပတ်ပြီး သွားပြန်လေ၏။

မောင်စံလင်း၏ ညာဘက်ဘေးလက်တစ်ကမ်းအကွာသို့ ရောက်သည်နှင့် ပထမအကြိမ်မှာကဲ့သို့ ဓားကို မြှောက်တင်ပြီး ထိုးစိုက်ချလိုက်ပြန်ရာ မောင်စံလင်းမှာ ဘေးလွတ်ရာသို့ ဒုတိယအကြိမ်ရှောင်လိုက်ရပြန်လေ၏။

ယခုအချိန်အထိ (၂) ဦးစလုံး စကားတစ်ခွန်းမှ မပြောမိကြဘဲ တစ်ဦးကိုတစ်ဦး အလစ်မပေးဘဲ ကြည့်နေကြမြဲဖြစ်လေ၏။

ထိုအချိန်တွင် ဖယောင်းတိုင်မီးစသည် ကုန်လုနီးဖြစ်နေရာမှ နောက်ဆုံးလင်းလက်လိုက်ရာ မိန်းကလေးသည် မွေ့ရာတွင် စိုက်ဝင်နေသော ဓားကို ပြန်နုတ်ပြီး အင်္ကျီလက်အတွင်းသို့ အရင်စလို ထိုးသွင်းကွယ်ဝှက်လိုက်သည်ကို မြင်ရလေ၏။ ထို့နောက် ဖယောင်းတိုင်မီးသည်လည်း လုံးဝငြိမ်းသွားသကဲ့သို့ မိန်းကလေးမှာလည်း လုံးဝပျောက်ကွယ်သွားလေ၏။

ထိုအခါရောက်မှ မောင်စံလင်းသည် အိပ်ရာမှ ကမူးရှူးထိုးထလိုက်ပြီး . . .

"လာကြပါဦးဗျို့ . . . လာကြပါဦး။ ဒီမှာ မိန်းကလေးတစ်ယောက်က ကျုပ်ကို ဓားနဲ့ထိုးသတ်နေပါတယ်"

ဟု ဟစ်အော်ရင်း တံခါးပေါက်ဆီသို့ ပြေးလေ၏။ မောင်စံလင်းအော်သံကြောင့် အိမ်ရှင်နှင့်အလုပ်သမားတို့ နိုးလာကြပြီး မောင်စံလင်းအား တံခါးဖွင့်ခိုင်းလေ၏။

အိမ်ရှင်က အကျိုးအကြောင်းမေးရာ မောင်စံလင်းက မိန်းကလေးတစ်ယောက် အိပ်ခန်းထဲရောက်လာပြီး ဓားနှင့် ၂ ကြိမ်ထိုးကြောင်း လူကို မထိုးမိဘဲ မွေ့ရာကိုသာ ထိုးမိကြောင်း ရှင်းပြလေ၏။

မောင်စံလင်း၏စကားကို ကြားလျှင် အိမ်ရှင်သည် အခန်းထဲကို





ချက်ချင်းဝင်ပြီး စစ်ဆေးကြည့်ရှုလေ၏။ အိမ်ရှင်သည် အိပ်ခန်းထဲမှ ပြန်ထွက်လာအခါ . . .

"မောင်ရင်ဟာ တမင်သက်သက် ကိုယ်တို့ကို အနှောင့်အယှက်လာပေးတာပဲ။ မောင်ရင့်အခန်းထဲကို အခုဝင်ကြည့်တော့ ဘယ်မိန်းကလေးကိုမှ မတွေ့ရဘူး။ ဘာဓားဒဏ်ရာကိုမှလဲ မတွေ့ရဘူး။ တံခါးပေါက်ကလည်း မောင်ရင်ကိုယ်တိုင်အတွင်းကနေ မင်းတုံးချပိတ်ခဲ့တာပဲ၊ ဒုက္ခရောက်လာတဲ့ ခရီးသည်တစ်ယောက်က ကူညီတာကို အခုတော့ ဗိုလ်ကို နှောင့်ယှက်တာမျိုးဖြစ်နေပြီကော . . .

အိမ်ရှင်၏စကားကို ကြားရသော မောင်စံလင်းမှာ ကျေးဇူးရှင်ကို ဒုက္ခပေးမိလေပြီဟု များစွာစိတ်မကောင်းဖြစ်သွားမိလေ၏။ လူကြီးသူမတို့အား ရိုသေကိုင်းရှိုင်းတတ်သူပီပီ . . .

"ကျွန်တော်မှားသွားပါတယ်၊ အခုလို ဒုက္ခပေးမိတဲ့အတွက် ခွင့်လွှတ်ပေးဖို့ကို တောင်းပန်ပါတယ်။ ဒါပေမဲ့ ဆက်ပြီးမအိပ်ရဲတော့ဘဲ အတူတူ ဒီကနေထွက်သွားပါတော့မယ်၊ ဘယ်လမ်းက သွားရမယ်ဆိုတာကိုသာ ညွှန်ပြပေးပါ"

ဟု တောင်းပန်စကားဆိုလေရာ အိမ်ရှင်က လမ်းပေါ်ရောက်အောင် လိုက်ပို့စေလေ၏။

မောင်စံလင်း လမ်းမပေါ်ရောက်ချိန်တွင် ဘုန်းတော်ကြီးကျောင်းမှ တုံးခေါက်သံနှင့် ရွာထဲမှ ကြက်တွန်သံတို့ကို ကြားလိုက်ရလေ၏။ ဘဝပေးအသိရ နံနက် (၄) နာရီထိုးကြောင်း မောင်စံလင်း အလိုလိုသိလိုက်လေ၏၊ သို့ဖြင့် ၎င်း၏မွေးနေ့ဖြစ်သောအင်္ဂါနေ့တွင် မိခင်ထံပြန်ရောက်လာလေ၏။

သားထွက်သွားချိန်ကစပြီး ပြန်လာချိန်ထိ ကြံ့တိုင်းအောင်ပြီး ဆောင်တိုင်းမြောက်ရန်နှင့် ခရီးလမ်းတစ်လျှောက် ခလုတ်မထိ ဆူးမငြိစေရန် နေ့စဉ်ဆုတောင်း မေတ္တာပို့သလျက်ရှိခဲ့ရာမှ ယခု သား ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဝမ်းသာအားရကြိုဆိုလေ၏။

သို့ရာတွင် ခရီးရောက်မဆိုက် သားဖြစ်သူပြောလိုက်သော စကားမှာ မိခင်ကြီးအတွက် ဝမ်းသာရမည့် အစားလုံးဝစိတ်မချမ်းမသာ ဖြစ်ရလေ၏။

"အမေရေ . . . ကျုပ်တော့ အလုပ်အဆင်မပြေခဲ့ဘူးဗျာ။ အလုပ်မရတာက ကျုပ်အပြစ်ချည်းမဟုတ်ဘဲ ကျုပ်ကုသိုလ်ကံကိုက ဆိုးလွန်းလို့။ ဒီအထဲ ညက လမ်းမှာ မျက်စိလည်နေလို့ သစ်တောထဲက အိမ်ကြီးတစ်အိမ်မှာ ဝင်အိပ်ခဲ့ရသေးတယ်။ စားရအိပ်ရတာက ကောင်းပါရဲ့၊ အိမ်ရှင်ကလည်း စိတ်သဘောကောင်းပါတယ်။ ဒါပေမဲ့ အိပ်ပျော်နေတုန်းမှာ မိန်းကလေးတစ်ယောက်က ကျုပ်ကို ဓားနဲ့ထိုးတာ ကံကောင်းလို့ မသေတယ်။ ကျုပ်ဖြင့် အခုထိ အကြောက်မပြေသေးဘူး"

သားဖြစ်သူ၏ စကားကို ကြားလိုက်ရသော မိခင်ကြီးမှာ မျက်နှာပျက်သွားရပြီး . . .

"ဟဲ့ . . သား . . . သားရဲ့စကားကို ကြားရတာ အမေဖြင့် အသည်းတုန်အူတုန်ရှိလိုက်တာကွယ်။ လာ ဒီဘက်ကိုလာပြီး မီးလှုံရင်းပြောစမ်းပါဦး"

ထိုအခါမှ မောင်စံလင်းသည် အိပ်မက်အကြောင်း ထပ်ပြီးပြောပြန်လေ၏။

မိခင်ကြီးက . . .

"အမယ်လေး . . . အိပ်မက်ထဲမှာမို့ တော်သေးတာပေါ့"

ပြီးမှ စာရွက်တစ်ရွက်ကို ယူပြီး စာရွက်ပေါ်တွင် လိုက်မှတ်လေ၏။

"သားရဲ့အိပ်မက်က နိမိတ်မကောင်းဘူးကွယ့်။ ဒီနေ့ အင်္ဂါနေ့ မနက်မှာ မက်တာနော်"

"ဟုတ်ပါတယ်"

"ဘယ်အချိန်လောက်က မက်တာလဲ"

"နံနက် ၄ နာရီလောက်ကပါ"

"ဒါဆိုရင် အမေတွေးတဲ့ အတိုင်း မှန်နေပြီ။ ဒီနေ့ အင်္ဂါနေ့ဟာ





သားရဲ့မွေးနေ့ပဲကွယ့်။ နံနက် ၄ နာရီက သားရဲ့မွေးဖွားချိန်ပဲ၊ တိုက်ဆိုင်လိုက်လေကွယ်။ ဖွဟဲ့ . . . ဘေးဆိုးရန်ဆိုးကနေ ရှောင်ပါစေ၊ ဖယ်ပါစေ လွဲပါစေ"

လောကီရေးရာများကို ယုံကြည်စွဲလမ်းလွန်းသူ မိခင်ကြီးသည် ဗေဒင်ကျမ်း၊ အိပ်မက်ကျမ်းနှင့် ယတြာပြုကျမ်းတို့ကို ထုတ်ယူလာပြီး အသေးစိတ်တွက်ချက်ပြန်လေ၏။ သားမောင်စံလင်းမှာ ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် ဗေဒင်ပညာ သင်ကြားစေခဲ့သော်လည်း မှတ်ဉာဏ်နည်းသူဖြစ်၍ နောဇကနော နဝဒွေး အဿဒါဒဿမှ ကျော်နိုင်ခဲ့ပေ၊ ထိုမှနောက်ပိုင်းတွင် အိပ်မက်အကြောင်းကို မေ့မေ့ပျောက်ပျောက် ထားလိုက်ကြလေ၏။ သို့ဖြင့် မောင်စံလင်း အသက် (၄၀) ထဲရောက်လာချိန်တွင် ဇာတာစန်းလဂ်တက်လာသည်ဟု ပြောရလောက်သော ထူးခြားသည့်အဖြစ်များ ပေါ်ပေါက်လာခဲ့လေ၏။ နွေဦးပေါက်ရာသီ တစ်ရက်တွင် အသက် (၇၀) ကျော်အရွယ်ရှိ မြို့ပေါ်မှ စက်သူဌေးတစ်ယောက်သည် လှည်းတစ်စီးဖြင့် မောင်စံလင်းတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့လေ၏၊ မောင်စံလင်းတို့သားအမိ၏ ဒုက္ခကို မကြည့်ရက်၍ သိကြာမင်းက လွှတ်လိုက်သည်နှင့် တူလေ၏။

ထိုစက်သူဌေးနှင့်အတူ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်း၊ စားကောင်းသောက်ဖွယ်များ လှည်းတစ်စီးတိုက်စာပါလာခဲ့လေ၏၊ ထိုပုဂ္ဂိုလ်မှာ ယခင် ဦးဖိုးခင်ရှိစဉ်က စီးပွားရေးလုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်လေသည်။ ယခုဆောင်လာသော ပစ္စည်းများကို ပေးကမ်းချီးမြှင့်ပြီး ၎င်းတွင် သားမြေးကျောထောက်နောက်ခံမရှိသောကြောင့် မောင်စံလင်းအား ၎င်း၏လုပ်ငန်းတွင် တစ်နေရာခန့်ထားပေးမည်ဖြစ်ကြောင်းနှင့် မြို့ပေါ်တွင် နေထိုင်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြို့ပေါ်သို့ အမြန်ဆုံးပြောင်းရွှေ့ရန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းမှာ ကြားသွားလေ၏။

သို့ဖြင့် သားအမိ ၂ ယောက်မြို့တက်လာပြီး မောင်စံလင်းက သစ်စက်သို့ အလုပ်ဝင်လေ၏။

မောင်စံလင်းမှာ ပညာတတ်တစ်ယောက် မဟုတ်သော်လည်း ရိုးသားကြိုးစားသူတစ်ယောက် ဖြစ်သောကြောင့် စက်ပိုင်ရှင်က အထူးနှစ်သက်ကျေနပ်လေ၏။ ထို့အပြင် တစ်ရက်တွင် စက်သူဌေးသည့် ဖွင်း၏ ဒုတိယစီးပွားရေးလုပ်ငန်းဖြစ်သော ရွှေထူးဖော်ရာသို့ သွားရောက်စစ်ဆေးရာ ရွှေတွင်းထဲသို့ မတော်တဆပြုတ်ကျပြီး ထိခိုက်ဒဏ်ရာရရှိခဲ့လေ၏။ ထိုထိခိုက်မှုတွင် မောင်စံလင်းက ရွှေတွင်းထဲသို့ ဆင်းပြီး သက်စွန့်ကြိုးပမ်း ကယ်တင်ပေးခဲ့သောကြောင့် အသက်မှ ချမ်းသာရာရခဲ့လေသည်။

ထိုကျေးဇူးကို ထောက်ထား၍ မောင်စံလင်းတို့ သားအမိအား နှစ်များစွာ သုံးစွဲနိုင်လောက်သော ငွေကြေးကို ချီးမြှင့်ခဲ့လေသည်။ ငွေသည် အရာရာတိုင်းကို ဖန်တီးနိုင်သည်ဆိုသော စကားအရ ငွေကြေးပြည့်စုံလာသော မောင်စံလင်းကိုသာ မိမှာ အစားကောင်း၊ ဆေးဝါးကောင်းများကို စားသောက်မှီဝဲနိုင်သောကြောင့် တဖြေးဖြေးပြန်၍ ကျန်းမာလာကာ သည့်ပြင် မိခင်ဖြစ်သူပါနောက်ထပ် နှစ်အတန်ကြာအောင် အသက်ရှည်ဦးမည်ဟု ထင်လာရလေ၏။

× × ×

သို့ဖြင့် ခေတ်ရေးသို့၏ ညနေခင်းတစ်ခုတွင် မောင်စံလင်းသည် မိခင်ကြီးအတွက် ဆေးဝယ်ရန် မြို့ထဲရှိ အင်္ဂလိပ်ဆေးဆိုင်သို့ ထွက်ခဲ့လေ၏။ ဆေးဆိုင်ရှေ့အရောက်တွင် ဆေးဆိုင်ထဲမှ ခေါင်းငိုက်စိုက်ချပြီး ထွက်လာသော မိန်းကလေးတစ်ဦးနှင့် တိမ်းရှောင်ရင်း ဝင်တိုက်မိလေ၏။ မောင်စံလင်းက အမှတ်မထင်ပြန်လှည့်ကြည့်လိုက်ရာ မိန်းကလေးကလည်း ပြန်အကြည့်နှင့် မျက်စိချင်းဆုံစည်းသွားမိလေ၏။





ထိုတွင် မိန်းကလေးက စိတ်မဆိုးသည့်အပြင် ပြုံးရွှင်ရွှင်မျက်နှာထားဖြင့် . . .

"မတော်လို့ တိုက်မိသွားတာပါနော်။ စိတ်ကြီးမဆိုးလိုက်ပါနဲ့"

ဟု ယဉ်ကျေးစွာ တောင်းပန်ပြီးမှ ရှေ့ကိုဆက်ပြီး လျှောက်သွားလေ၏။ တိုက်မိတဲ့ချင်းအတူတူ ယောက်ျားလေးဖြစ်တဲ့ မောင်စံလင်းကသာ တောင်းပန်ရမည်ဖြစ်လျက် ယခုသော် ရှေ့နေ့ရှင်မိန်းကလေးက ပင်တောင်းပန်သွားလေရာ မိကောင်းဖခင်သားသမီး၊ ဆိုင်းကောင်းကျောက်တလိုက်က ဖြစ်ရမည်ဟု မောင်စံလင်းသဘောကျအထင်ကြီးသွားလေ၏။

မင်္ဂလာဆုတ်ဖြင့်သော ကျောင်းထွက်လာရသော မောင်စံလင်းသည် လောကနိတိ ကျွတ်ပေါက်ကျပါလောကတွင် မြစ်တိုင်း ကောက်ကွေ့ကြသည်။ မိန်းမတိုင်း ဆိုးကွယ်ရာတွင် မောက်ပြန်တတ်ကြသည်ဆိုသော ပညာရှိစကားကို မဖတ်ခဲ့ရပေ။

ပြီးမှ . . .

"ဟော့ဒီ မိန်းကလေးကို ဒါသေသေချာချာမြင်ဖူးခဲ့တာပဲ။ ဘယ်မှာ မြင်ဖူးတာပါလိမ့်"

. . . မှု စဉ်းစားသော်လည်း မရနိုင်ဘဲ ရှိခဲ့လေ၏။ သို့ဖြင့် ဈေးဝယ်ရန် ဈေးဆိုင်ထဲသို့ ဝင်လေ၏။

ထိုတွင် ဆေးရောင်းသူက . . .

"အစ်ကို မှီလမ်းပေါ်လျှောက်သွားတဲ့ မိန်းကလေးကို သိလား။

သူကြည့်ရတာ တော်တော်စိတ်ညစ်နေပုံရတယ်။ သူ့ကိုယ်သူ သတ်သေချင်နေသလား မသိဘူး။ ကျုပ်ဆိုင်လာပြီး ကြွက်သတ်ဆေး ဝယ်တယ်။ မရှိဘူးလို့ပြောတော့ အိပ်ဆေးရှိလားလို့ မေးပြန်တယ်။ မရှိဘူး။ ဒီဆေးမျိုးတွေ မရောင်းဘူး။ လူတွေ သုံးစွဲဖို့ အိပ်မသုံးဆေးဝါးတွေပဲ ရောင်းပါတယ်ပြောတော့ ဘာဖြစ်လို့ (၁၈) ပြားပေးပါဆိုလို့ ရောင်းပေးလိုက်ပါတယ်။ သူ့ ညညအိပ်မပျော်လို့ ပြောသွားပါတယ်"

ဆေးရောင်းသူ၏ စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောင်စံလင်း ပို၍စိတ်ရှုပ်သွားပြီး ဆေးဝယ်ပြီးသည်နှင့် မိန်းကလေးနောက်သို့ ခပ်သုတ်သုတ်လေဆောက်သွားလေ၏။ မိန်းကလေးနှင့် ယှဉ်မိသောအခါ မငံ့မရဲဖြင့် . . .

"ညီမလေး ဘာပြဿနာရှိနေလဲ။ အကူအညီလိုရင် ပြောပါ"

ဟုဆိုရာ မိန်းကလေးက တစ်စုံတစ်ရာပြောတော့မလိုလို ချီတုန်ချတုန်ဖြစ်ပြီးမှ မပြောတော့ဘဲ ရှေ့သို့ဆက်ထွက်သွားလေ၏။

မှတ်တိုင်အောက်ရောက်သောအခါ မိန်းကလေး၏ အလှအပသည် မီးအလင်းရောင်ကြောင့် ပို၍ဆွဲဆောင်မှုရှိလာလေ၏။ ဤမိန်းကလေးကိုမြင်ဖူးသလိုလိုရှိသည်ဟု ထင်မိသော်လည်း စဉ်းစားမရနိုင်ဘဲ မေ့ပျောက်သွားလေ၏။ ထိုသို့ဖြင့် ဘေးချင်းယှဉ်ပြီး လျှောက်လှမ်းနေကြစဉ် မိန်းကလေးသည် မောင်စံလင်းနှင့် ဘေးချင်းထိလာသည်အထိ တိုးကပ်လာပြီး မောင်စံအလင်းအား ရွှန်းရွှန်းစားစားကြည့်လျက် . . .

"အစ်ကို ကျွန်မဟာလှပပြီး ကြင်နာသနားဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက်လိုပါပဲ နုပျိုနေသေးတယ်နော်၊ ဟုတ်ရဲ့လားဆိုတာ ဒီလိုကြည့်လိုက်ပါဦး"

ဟု ပြောပြောဆိုဆို သူမ၏ ဖြူဖွေးသေးသွယ်သော လက်ချောင်းကလေးများဖြင့် မောင်စံလင်း၏ မေးစေ့ကို လှမ်းကိုင်ပြီး သူမ၏ မျက်နှာဘက်သို့ လှည့်ကြည့်စေလေသည်။ ထိုသို့ ပြုလုပ်လိမ့်မည် ထင်မထားသော မောင်စံလင်းသည် သူ့မေးစေ့ကို ကျင်စက်ဖြင့် အတို့ခံလိုက်သကဲ့သို့ တစ်ကိုယ်လုံး တုန်ခါသွားသည်ဟု ခံစားလိုက်ရလေ၏။ ထို့မှတစ်ဆင့်တက်ပြီး ထူးဆန်းသည့် ရှမ္ဘက်ဇော ဝေဒနာများ ဆက်တိုက်ဆက်တိုက် ပေါက်ဖွားလာလေတော့၏။

"ရွာကမိန်းကလေးများနှင့် အပုံကြီးကွာလှ၏။ ညကြီးအချိန်မတော်မှာ ယခုလို ဆန့်ကျင်ဘက်လိင်နှင့် အတူတွဲသွားဖို့နေနေသာသာ နေ့





အချိန်မှာပင် မသွားရဲကြ၊ ယခုလိုတို့လား ဆိတ်လားလုပ်ဖို့ဆိုတာ ဝေလာဝေးရော၊ ဒါမျိုးလုပ်လို့ကတော့ ဟဲ့ . . . အရှက်မရှိတဲ့ သရက်စိ၊ ဟဲ့ မိန်းမနောက်ပိုးလို့ ဆိုပြီး ခဲနဲ့တောင် ပေါက်ကြလိမ့်ဦး"

မိန်းကလေးများနှင့် မေးတစ်ခွန်း ခေါ်တစ်ခွန်းရှိခဲ့ဖူးသော်လည်း မိမိမှာ ပျံကျအလုပ်သမားတစ်ယောက်၊ မိခင်က မုဆိုးမဟူသော မွေးရာပါ အားငယ်နေစိတ်ကြောင့် တိမ်းကာရှောင်ကာ နေလာခဲ့ရလေ၏။

ယခုကဲ့သို့ ပီယဝါစာစကားမျိုးကို ယခင်က မည်သည့်မိန်းကလေးထံမှ မကြားဖူးသေးရာ . . .

"အင်း . . . အမေပြောပြောနေတဲ့ စန်းထလာပြီဆိုတာ ဒါပဲနေလိမ့်မယ်"

ဟု အောက်မေ့မိလေ၏။ ဤအခွင့်အရေးမျိုးသည် နောက်တစ်ကြိမ်ထပ်ပြီးလာရန် အကြောင်းမမြင်၊ စားရက်ကြံ့လို့ မုတ်ဆိတ်ပျားစွဲတာနေမှာ"

မောင်စံလင်း ရှုမြင်သုံးသပ်ပုံကြမ်းလာ၏။

"ကိုင်း . . . ဘာဖြစ်ဖြစ်ကွာ၊ နောင်ခါလာ နောင်ခါရေးပဲပေါ့၊ ညောင်ပင်ရိပ်ဝင်မှတော့ ဘီလူးများရုံပေါ့"

× × ×

မဟာဩသခဆေးသောက်လိုက်ရသဖြင့် နစ်ရှည်လများ ဂိလာနဘဝမှ ဆေး၄ာန်ရိုးပြသဖြင့် နိုးထလာသူတစ်ယောက်ကဲ့သို့ တစ်မုဟုတ်ချင်း စိတ်သစ်လူသစ်ဖြစ်လာသည် ထင်ရလေသည်။

တစ်သက်လုံးသွားနောက် စားနောက် ဖြစ်ခဲ့သော မောင်စံလင်း တစ်ယောက် မိန်းကလေးအား ချက်ချင်းပင် ချစ်မိုးကြီးရွာတော့မည့်ဟန် ဖွင့်ဆိုလေတော့ရာ ထိုတွင် မဆွတ်ခင်က ညွတ်ချင်သော မိန်းကလေးထံမှ ခင်ညွန့်ရီဆိုသော အမည်နာမကို အရင်ဆုံးကြားရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည် ခင်ညွန့်ရီပါ။ မိဘတွေ မရှိတော့လို့ ဦးလေးနဲ့ လာနေတာပါ။ ခုတော့ ဦးလေးရဲ့ဇနီးက ကျွန်မကို မကြည်ဖြူတော့ဘူး။ ကျွန်မ ဘယ်ကိုမှသွားစရာမရှိတော့ဘူး"

ဤနေရာတွင် ဆေးရောင်းသူ ပြောစကားမှန်လေပြီဟု မောင်စံလင်း ကောက်ချက်ချလိုက်ပြီး . . .

"တော်သေးတာပေါ့။ ကြွက်သတ်ဆေးတို့ အင်ဒရင်းတို့ ရောင်းပေးလိုက်မိရင်"

မောင်စံလင်း ဆက်မတွေးဝံ့၊ သို့ဖြင့် မိန်းကလေး၏လက်ကို ဆွဲကိုင်ပြီး နှစ်သိမ့်အားပေးလေ၏။

"ကျွန်မဘဝ ဆက်လက်ရှင်သန်ရေးအတွက် တာဝန်ယူပါရစေ ဆိုတဲ့ အစ်ကိုရဲ့အကြင်နာစကားအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မအစ်ကိုကို ဘယ်လို၊ ဒုက္ခမပေးချင်ပါဘူး။ ညစာအတွက် ကျွန်မလက်ထဲမှာ ငွေ ငါးကျပ်ကျန်ပါသေးတယ်။ ထမင်းစားပြီးရင် ကားဂိတ်နားက ကုန်စိမ်းသည်တွေနဲ့ အတူ အိပ်လိုက်ပါ့မယ်။ ကျွန်မကို အသက်ရှင်လျက်တွေ့ချင်သေးတယ် ဆိုရင် နက်ဖြန် နေ့လယ် (၁၂) နာရီ ပန်းခြံကိုလာခဲ့ပါ"

ဟုပြောရင်း ငိုရှိုက်လေရာ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးငယ် ကျလာလေ၏။ ထို့နောက် အမှောင်ထုထဲသို့ ဝင်ရောက်သွားလေတော့၏။ နောက်တစ်ရက်တွင် ချိန်းဆိုထားသည့်အတိုင်း ပန်းခြံတွင် ဆုံစည်းကြပြီး နောက် (၃) ကြိမ်မြောက် ဆုံစည်းကြရာတွင် အချစ်နွံတွင် ကျွံနစ်ကြလေ၏။ နောက်တစ်ပတ်အကြာတွင် လူကြီးစုံရာနှင့် တောင်းရမ်းလက်ထပ်ပြီး သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းသင်းပါမည်ဟု မောင်စံလင်းက ကတိပေးရလေ၏။

ခင်ညွန့်ရီသည် နောက်ထပ် တစ်ပတ်အကြာတွင် မောင်စံလင်း၏ အရှင်သခင် သို့မဟုတ် ချစ်ဇနီးဘုရင်မကြီးတစ်ပါး ဖြစ်လာလေ





တော့၏။

ထိုအချိန်ကစပြီး ခင်ညွန့်ရီသည် မောင်စံလင်းအား ဘက်ပေါင်းစုံမှ စတင်အမိန့်ပေးလေ၏၊ မိခင်ကြီးအားချည်ပြီးတုတ်ပြီးမှ လက်ထပ်မည့်ရက်ကို အသိပေးရန် အကြပ်ကိုင်ပြောကြားလေတော့၏။

"တော်နဲ့ကျုပ် ဘယ်နည်းဘယ်ပုံဆုံခဲ့တယ်ဆိုတာကို တော့်အမေကို တည့်တိုးကြီးသွားမပြောလိုက်နဲ့ဦး။ ပွဲပျက်သွားနိုင်တယ်။ ကျုပ်ကိုတော့ တော့်သူငယ်ချင်းရဲ့နှမလို့ပြောထား။ မိဘတွေမရှိတော့ဘူး ဆိုတာကိုပါ ထည့်ပြော။ အရေးအကြီးဆုံးက တော့်အမေကြီးကို ကျုပ်နဲ့ အရင်ဆုံးတွေ့ပေးထားဖို့ပဲ။ ကျန်တာတွေကို နောက်ပိုင်းရောက်မှ မီးစင်ကြည့်ကသွားမယ်။

ခင်ညွန့်ရီ၏ အာဏာရှင်ဆန်လှသော အမိန့်စကားတွေကို ကြားရသော မောင်စံလင်းမှာ မေတ္တာလော၊ မာယာလော၊ ပရိယာယ်လော၊ ပယောဂလော မတွေ့တတ်တော့ဘဲ ခေါင်းကိုသာ တွင်တွင်ကုပ်နေရလေ၏။

တစ်ရက်တွင် ခင်ညွန့်ရီအား မိခင်ကြီးနှင့်တွေ့ဆုံပေးရန် အိမ်သို့ခေါ်ခဲ့လေ၏။ အသင့်စောင့်ကြိုလျက်ရှိသော မိခင်ကြီးက ခင်ညွန့်ရီကို တွေ့လိုက်သည်နှင့် . . .

"အလိုတော် . . မြတ်စွာဘုရား ကယ်တော်မူပါ"

ဟု ယောင်ရမ်းပြီး အော်လိုက်မိလေ၏။

"သားရဲ့အိပ်မက်ထဲက မိန်းကလေးနဲ့ တူလိုက်တာ။ ငါ့သားဖြင့် ဒီတစ်ခါ ကိုယ်ကျိုးနည်းရတော့မယ်"

ဟု တွက်တွက်ပြောနေရာ သားဖြစ်သူက အမေ နေမကောင်းဘူးလား မေးပြီး အားပေးနှစ်သိမ့်ရလေ၏။ မိခင်ကြီးက . . .

"နေမကောင်းလို့ မဟုတ်ပါဘူး။ သားရဲ့ကောင်မလေး ကြည့်ရတာ သားရဲ့အိပ်မက်ထဲက မိန်းကလေးနဲ့ တူလွန်းတာမို့ စိတ်မကောင်းဖြစ်မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တီးတိုးရှင်းပြပြီးမှ သေတ္တာထဲသိမ်းထားသော အိပ်မက်မှတ်တမ်းပါသော မှာရွက်ကို ယူနိုင်းလေ၏။

သားအမိ ၂ ယောက် ပြောနေသော စကားများကို ကြားရသော ခင်ညွန့်ရီက ၎င်းအား အလေးမထားရကောင်းလားဆိုကာ . . .

"ဒီမှာ ကိုစံလင်း . . . တော်က တော်မအေကြီးနဲ့ တွေ့တော့ ကျုပ်ကို ဘာအချိုးချိုးတာလဲ။ ကျုပ်ကို လူရာမသွင်းတော့ဘူးပေါ့လေ"

ဒေါသတကြီး အော်ဟစ်ရင်း မြန်တော့မည်ပြုရာ မောင်စံလင်းက လှမ်းဆွဲထားလိုက်ရလေ၏။ ခင်ညွန့်ရီက အော်ဟစ်ပြောဆိုနေသည့် အထဲမှပင် ယောက္ခမလောင်းကြီးက အိပ်မက်မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးရင်း . . .

"ဟုတ်ပါတယ်တော်၊ သူမှသူ အစစ်ပါ။ တထေရာတည်းပဲ သားရေ။ သူ့ကိုတားမနေပါနဲ့၊ သွားချင်ရာ သွားပါစေတော့ လွှတ်ပေးလိုက်ပါ"

ဟု ဆိုလေ၏။

သားဖြစ်သူက ခင်ညွန့်ရီကို ကတိပေးထားပြီးကြောင်းနှင့် မယူလျှင် မဖြစ်တော့ကြောင်းရှင်းပြရာ မိခင်ကြီးမှာ ဘဝင်ဆို့ပြီး တက်သွားလေတော့၏။ မည်သို့ဆိုစေ နောက်တစ်ပတ်အတွင်းမှာပင် အကြင်လင်မယားဘဝသို့ ရောက်ကြလေ၏။

ပထမတွင် မိခင်ကြီးခမျာ လင့်ကျင့်ဝတ်ငါးပါး၊ မယားကျင့်ဝတ်ငါးပါး ကိုထုံးစံအတိုင်း ဩဝါဒပေးဦးမည်ဟု မှန်းထားသော်လည်း ချွေးမလောင်းအား မနှစ်မြို့သောကြောင့် မည်သို့မှ ပြောဆို ဆုံးမခြင်းမပြုတော့ဘဲ ဆိတ်ဆိတ်သာနေလိုက်လေ၏။

မင်္ဂလာဆောင်ပြီး ထိုနေ့ရက်ကစ၍ မောင်စံလင်းတို့ လင်မယားမှာ မိမိတို့စိတ်တိုင်းကျ၊ လွတ်လပ်စွာ ရန်ဖြစ်ကြရန်နှင့် စကားများကြရန် ခွင့်ပြုလိုင်စင်ထုတ်ပေးလိုက်သကဲ့သို့ ပုံစံအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးဖြင့် အချိန်ရသလောက် စကားများရန်ဖြစ်ကြလေ၏။





အချိန်နဲ့အမျှ နားမချမ်းသာသော မိခင်ကြီးမှာ . . .

"ငါ စိတ်စက်တွေညစ်တယ်၊ လူ့ပြည်မှာ မနေချင်တော့ဘူး။ ငါ့ကို အရှင်လတ်လတ်နဲ့ သင်္ချိုင်းကုန်းကို မြန်မြန်ပို့လိုက်ကြပါတော့။ ကိုဖိုးခင်ရေ . . . ကျေးဇူးရှင်ကြီးရဲ့ ကျုပ်ကို ခေါ်လှည့်ပါတော့"

ဟု ထပ်တလဲလဲ ပြောရင်း ငိုနေလေတော့၏။

တစ်ရက်တွင် မိခင်ကြီးစားရန် လူမမာမေးလာသူတစ်ယောက်က ပန်းသီးလက်ဆောင်ပေးရာ ခုညီ့သည်ရှေ့မှာပင် ယောက္ခမကြီးအား ဂရုစိုက်ကြောင်းပြလိုသဖြင့် ခင်ညွန့်ရီက ထိုပန်းသီးကို ခွဲကျွေးလေ၏။ အနီးတွင်ရှိသော ယောက္ခမကြီးက ပန်းသီးခွဲနေသော ခင်ညွန့်ရီလက်မှ ဓားကိုမြင်လျှင် . . .

"အံမယ်လေး . . . ဒုက္ခရောက်ရတော့မယ်"

ဟု အော်လိုက်မိလေ၏။ ပြဿနာ စတော့မည်ကို ရိပ်မိသောသားက အမေ လာလာ ဟု နောက်ဖေးသို့ ခေါ်သွားလေ၏။

"သား သူ့လက်ထဲက ဓားကို တွေ့လား၊ ယင်းတိုက်သားအရိုးကို တပ်ထားတယ်လေ၊ အသစ်ကြီး အတိုင်းရှိသေးတယ်၊ ယင်းအိပ်မက်ထဲက ဓားနဲ့တထေရာတည်းပဲ"

ဟု ပြောသဖြင့် . . .

မောင်စံလင်းဓားကို လှမ်းကြည့်လိုက်ရာ ခင်ညွန့်ရီ၏ဓားမှာ သူ့အိပ်မက်ထဲက ဓားနှင့် တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့ရလေ၏။

"ဟုတ်တယ်။ အိပ်မက်ထဲမှာ ငါတွေ့ရတဲ့ဓားဟာ ဒီဓားပဲ။ ဒီဓားကို သူ့ဆီမှာထားလို့မဖြစ်ဘူး။ ဖြစ်တဲ့နည်းနဲ့ တောင်းယူရမည်"

ဟု ခင်ညွန့်ရီဆီသို့ သွားလေ၏။ ထိုအခါ ဓားမှာ ခင်ညွန့်ရီထက်တွင် မရှိတော့ပဲ မောင်စံလင်းက ဓားကို ထုတ်ပေးရန် ပြောင်ပြောင်တင်းတင်း တောင်းလေ၏။

"စောစောက ဓား ဘယ်မှာလဲ"

"တော်က ကျုပ်ဆီက ဓားကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတာပေါ့လေ။ ဆိုစမ်းပါဦး။ ဘာလုပ်ဖို့များ တောင်းရတာပါလိမ့်။ တော် ကျုပ်ကို ဒီဓားနဲ့မထိုးရဲဘူးဆိုတာတော့ သေချာပါတယ်"

ပြောရင်းမှ ပိုပြီး ဒေါသထွက်လာတော့သဖြင့် အသံကုန်ဟစ်ပြီး

"ပြောပါဦး . . . ကျုပ်ဆီက ဓားကို ဘာဖြစ်လို့လိုချင်ရတာလဲလို့"

နောက်မှ ကြည့်လုပ်မည်ဟု မောင်စံလင်း လက်လျှော့လိုက်လေ၏။ မိခင်ဖြစ်သူမှာ သားမွေးနေ့မီဦးမည် ထင်ထား့ခဲ့သော်လည်း တစ်ပတ်အလွန်တွင် ကွယ်လွန်သွားခဲ့လေ၏။ မသေခင်အချိန်လေးမှာ . . .

"ဒီမိန်းကလေးကို ဆက်မပေါင်းနဲ့" ဟု သားဖြစ်သူအား မှာသွားလေ၏။ ထိုစကားကြားရသော ချွေးမက အသုဘချမည့်နေ့တွင် အရက်မူးအောင်သောက်ပြီး မောင်စံလင်းအား "အရက်ရအောင်လုပ်လေရာ သည်းမခံနိုင်တော့သော မောင်စံလင်းက တစ်ချက်ရိုက်လိုက်လေ၏။ ခင်ညွန့်ရီလဲကျစဉ် ကြိုးဖြင့် တုပ် အခန်းထဲထည့်ပိတ်ထားပြီးမှ အသုဘကိုပို့ဆောင်နိုင်လေ၏။

အသုဘအခမ်းအနားမှ ပြန်ရောက်လာသောအခါ ခင်ညွန့်ရီသည် အထုပ်တစ်ထုပ်ကို ပိုက်ပြီး မောင်စံလင်းအား စောင့်နေလေ၏။ မောင်စံလင်းရောက်လာလျှင် မျက်နှာကို စေ့စေ့ကြည့်ပြီး . . .

"နောက်ဆိုရင် ဘယ်ယောက်ျားရဲ့ အရိုက်ကိုမှ မခံနိုင်ဘူး။ ကျုပ်ကို လူတကာ အရိုက်ခံဖို့ ကျုပ်အဖေနဲ့ အမေက မွေးထုတ်ထားတာ မဟုတ်ဘူး။ တော် ရိုက်တာကိုလည်း နောက်တစ်ကြိမ်ထပ်ပြီး မခံနိုင်ဘူး။ ကျုပ်အသက်နဲ့လဲပစ်မယ်။ အခုချိန်ကစပြီး တော်နဲ့ကျုပ် ရှင်ခန်းပြတ်၊ သေခန်းပြတ်ပဲ။ ဖယ်ပေး . . . ကျုပ်သွားတော့မယ်"

ဆိုပြီး အိမ်ပေါ်က ဆင်းလေ၏။ မောင်စံလင်းသည် လင်နှင့်မယား လျှာနှင့်သွားဟူသောစကားအတိုင်း စိတ်ပြေလျှင် ပြန်လာလိမ့်မည့် အထင်ဖြင့် တံခါးကို အသာစေ့ထားပြီး စောင့်မျှော်နေလေ၏။ မိခင်ကြီး နိမိတ်ဖတ်ထားချက်အတိုင်း နံနက် (၄) နာရီထိုးပြီးသည်အထိ စောင့်လေ၏။ သို့ရာတွင် ခင်ညွန့်ရီ ပေါ်မလာခဲ့ပေ။ (၇) ရက်မြောက် ညရောက်သောအခါ အတော်တန်စိတ်ချရပြီဟု ထင်လာခဲ့၏။ စိတ်တွေလွတ်လပ်ပေ့ါပါးလာ၏။ ယခင်က ညပေါင်းများစွာ အိပ်ရေးပျက်ခဲ့သောကြောင့် စောစီးစွာပင် အိပ်မောကျသွားလေတော့၏။

သို့တိုင်အောင် စိတ်ဖိစီးမှုကြောင့် (၃) ကြိမ်မျှ အိပ်ပျော်သွားလိုက် ပြန်နိုးလာလိုက်ဖြစ်ခဲ့လေ၏။ ထို့နောက် ရင်ခေါင်းဆီမှ စူးစူးရှရှ နာကျင်လာလေ၏။ စိတ်ထဲမှ ပတ်ဝန်းကျင်တွင် တစ်ခုခု ထူးခြားနေသည်ဟု ထင်လိုက်ရ၏။ အလွန်အိပ်ချင်နေသည့်ကြားမှ မျက်လုံးများကို ဖွင့်ဖွင့်လိုက်ပြီး မိမိ၏ ဘေးဘက်သို့ စောင်းငဲ့ကြည့်မိလေ၏။

ထိုအခါ မိမိအနီးတွင် ဓားကိုင်ပြီးရပ်နေသော မိန်းကလေးတစ်ယောက်ကို ထင်ထင်ရှားရှားမြင်တွေ့လိုက်ရလေ၏။ ယခင် ဆောင်းညက တောထဲက အိမ်တွင် အိပ်မက်ထဲက မိန်းကလေးအတိုင်း ဓားကိုင်လျက်ရပ်ပြီး မိမိအား ထိုဓားဖြင့်ထိုးစိုက်တော့မည့်ဆဲဆဲဖြစ်လေ၏။

သေသေချာချာကြည့်သောအခါ အိပ်မက်မက်နေခြင်း မဟုတ်ဘဲ မိမိဇနီး ခင်ညွန့်ရီကိုယ်တိုင်ဖြစ်နေလေ၏။ ထိုအခါမှ အမေ့နိမိတ်ကောက်ချက်သည် မှန်လေပြီ။ မိမိယားရဲ့ဓားချက်နဲ့ ယခု အသေဆိုးသေရပေတော့မည်ကို သဘောပေါက်လာလေ၏။ ယခင်က လေးလံနေးကွေးလေ့ရှိသော မောင်စံလင်းသည် ယခု လျင်မြန်ဖျတ်လတ်လှချေ၏။

ခင်ညွန့်ရီ ထိုးလိုက်သောဓားချက်ကို ရှောင်ပြီး ခင်ညွန့်ရီ၏လက်ကို ဖမ်းချုပ်လျက် ဓားကို လုယူလိုက်လေ၏။ မိမိအသက်ကို လုပ်ကြံနေပြီကို မျက်မြင်ကိုယ်တွေ့သိလာရသည့်အတိုင်း ယခုတစ်ကြိမ်တွင် ဒေါသထွက်





www.burmeseclassic.com

www.burmeseclassic.com



မလာမိပေ။ ဒေါသမထွက်သည့်ပြင် ခင်ညွှန့်ရီအား ကရုဏာစိတ်၊ ချစ်ကြင်နာစိတ်၊ ခွင့်လွှတ်နိုင်သောစိတ်တို့ဖြင့် တွေတွေကြီး ကြည့်နေမိလေ၏။ ထိုအချိန်တွင် ခင်ညွှန့်ရီကား ဝမ်းနည်းလွန်းသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးနေဆဲဖြစ်လေ၏။ မောင်စံလင်းသည် . . .

"ကဲ . . . ဒီတစ်ခါ ကိုယ့်အလှည့်ပဲ"

ဆိုပြီး အိမ်ပေါ်မှဆင်းလေ၏။ လမ်းလျှောက်ရင်း . . .

"ငါ့မိဘတွေက သေကွဲကွဲခဲ့ပြီ။ ယခု ခင်ညွှန့်ရီနဲ့က ရှင်ကွဲကွဲရဦးတော့မည်။ တကယ်တော့ သူ ငါ့ကို ချစ်ပါတယ်။ ငါကလည်း ချစ်ပါတယ်။ ဒါဖြင့် ဘယ်လိုအမှောင့်ပယောဂကြောင့်များ အခုလို ဖြစ်နေရပါလိမ့်။ အခုချိန်ဆို ငိုရင်းကများ တက်နေလေမလား။ သူ့တကာတွေ အသက်ပေးချစ်ကြတယ် ကြားဖူးတယ်။

"သူက သတ်ရဲရင် ငါကလည်း သေရဲရမှာပေါ့"

သို့ဖြင့် မောင်စံလင်း နောက်ပြန်လှည့်ပြီး ခြေကုန်သုတ်လေ၏။ အိမ်ပြန်ရောက်သောအခါ ဘုန်းကြီးကျောင်းက တုံးခေါက်သံကို ကြားရလေ၏။ မောင်စံလင်း၏ မွေးဖွားချိန်ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်လျက်ရှိသည်၊ တစ်အိမ်လုံးလည်း မည်းမည်းမှောင်လျက်ပင်။ ဖယောင်းတိုင် ထွန်းညှိလိုက်ပြီးနောက် တစ်အိမ်လုံး အိပ်ခန်း၊ မီးဖိုချောင်၊ နောက်ဖေးအနှံ့ ရှာ၏။ မတွေ့ရပေ။ ဝမ်းနည်းစိတ်နှင့် ပူပန်စိတ်တွေ ဝင်လာကြ၏။ မယားတစ်ယောက်ကို ဆုံးရှုံးရတော့မည်။ နောက်ဆုံးတွင် . . .

"ညီမလေးရေ" ဟု အသံကို အုပ်ပြီးခေါ်ကြည့်လိုက်၏။ မည်သည့်တုံ့ပြန်သံကိုမှ မကြားရ။ သူနောက်လိုက်ရန် စိတ်ကူး၏ ခက်သည်မှာ လိပ်စာကို တိတိပပမေးမထားမိခဲ့။ အခုမှ နောင်တရမိလေ၏။

လမ်းပေါ်မှာ တွေ့ခဲ့ကြသည်ကိုသာ မှတ်မိတော့၏။ ခင်ညွှန့်ရီကို





တွေ့နိုင်မည့်နေရာကို ဒဿနိကဗေဒပညာရှင်တစ်ယောက်ကဲ့သို့ ရှုမြင်ကြည့်၏။ တက္ကဗေဒနည်းဖြင့်လည်း အဖြေထုတ်ကြည့်၏။

"လမ်းပေါ်မှာတွေ့ လမ်းပေါ်မှာ ညား၊ လမ်းပေါ်က မယားဖြစ်ခဲ့ခြင်းကြောင့် ယခု လမ်းပေါ်ကို ပြန်သွားတာဖြစ်ရမယ်။ လမ်းပေါ်မှာ ရှာရမယ်။ လိုက်ရင် မီနိုင်သေးတယ်" ၏ ထိုသို့ပြောရင်း လမ်းပေါ်သို့ ပြေးထွက်ခဲ့လေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေဆဲဖြစ်၏။

× × ×

နောင်နှစ်ကာလအတန်ကြာတွင် ဆံပင်ရှည်၊ မုတ်ဆိတ်မွေး ဗလပျစ်၊ မျက်တွင်းဟောက်ပက်၊ တစ်ကိုယ်လုံး ညစ်ထေးလျက်ရှိ အသက် (၅၀) အရွယ် လူတစ်ယောက်သည် လမ်းတကာလျှောက်ပြီး တွေ့သူတိုင်းအား "ခင်ညွှန့်ရီကို မတွေ့မိကြဘူးလား" ဟုမေးမြန်းစုံစမ်းလျက်ရှိလေ၏။

William Wilkie ၏ The Dream Woman ကိုမှီငြမ်းပါသည်။

## မှတ်ချက်

အမေရိကန်တိုက်လေယာဉ် ပျက်ကို ကောလင်းမြို့နယ် ဥက္ကံကျေး ရွာသည်စုညောင်ပင်လုရွာ၏ အရှေ့မြောက်ဘက် (၃) မိုင်အကွာတွင် ရွာခေါင်း ဦးအောင်ညွှန့် လိုက်လံပြသသဖြင့် ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသည်ကို စာရေးသူကို (၁၉၇၀) ခုနှစ်က မြင်တွေ့ခဲ့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# လင်းယုန်ငှက်တုတ်နှင့် ဆတ်ပြေမနှင်းသား

ကျွန်ုပ် အုပ်ချုပ်ရသောရွာများ ထဲတွင် "ရှမ်းကလုံး" ဆိုသော ရွာ တစ်ရွာ ပါဝင်ပါသည်။ ကျွန်ုပ်အဖို့ ဤနာမည်သည် ပထမဆုံးကြားဖူး သော နာမည်ဖြစ်၍ အတော်ပင် ထူး ဆန်းနေသည်။

ရှမ်းကလုံးအပြင် ဤရွာနှင့် မနီး မဝေးမှာပင် "ကလုံး"ပါသော ရွာ ၂ ရွာကို ထပ်ပြီးတွေ့ရသေးသည်။ "အထက်ကလုံး" နှင့် "အောက် ကလုံး" ဟူ၍ဖြစ်၏။ ကလုံး ဟူ သောစကားကို အရင်က မကြားဘူး ခဲ့ပေ။ ထို့ကြောင့် ထိုစကားလုံး၏ ရင်းမြစ်အဓိပ္ပာယ်နှင့်ဆင့်ပွားအဓိပ္ပာယ် ကို သိချင်လှ၏။ သို့ရာတွင် အချိန် မရတော့သဖြင့် နောင်ကြုံကြိုက်ခါမှ မေးမြန်းလေ့လာတော့မည်ဟု ရင်း ကိစ္စကို ဘေးဖယ်ထားလိုက်ပြီး ယနေ့ လာရင်းကိစ္စကိုသာ ဦးစားပေး လိုက်ရသည်။

လာရင်းကိစ္စကား မြို့နယ်ဥက္ကဋ္ဌ နှင့် ဌာနဆိုင်ရာများ၊ ကျွန်ုပ်၏ မြို့





နယ်ခွဲအတွင်းသို့ လာရောက်မည့် ကိစ္စပင်ဖြစ်သည်။ အကယ်၍ မြို့နယ် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများလာဖြစ်ခဲ့ လျှင် ဤရွာအတွက် ကျောင်းဆောင် အသစ် ဆောက်လုပ်နိုင်ရန် ရန်ပုံငွေ ရရှိအောင် တင်ပြပေးဖို့ရှိလေသည်။

ဤရွာသည် ကောလင်းမြို့နှင့် ၁၆ မိုင်ကျော်ဝေးလေသည်။ ဤရွာ ၏ ကျန်းမာရေးနှင့် ပညာရေးတို့မှာ လွန်စွာနိမ့်ကျလျက်ရှိ၏။ အလားတူ ပင် စီးပွားရေးဘက်တွင်လည်း နောက်တန်းရောက်နေသည့်အတွက် ရွာလူထု၏ ငွေအားဖြင့် မူလတန်း ကျောင်းတစ်ကျောင်း ဆောက်နိုင်ဖို့ များစွာ ခက်ခဲနေလေသည်။

ဤရွာမှရနိုင်သည်မှာ လူထု လုပ်အားသာဖြစ်ပေသည်။ ဤရွာ၏ ရလက ဥက္ကဋ္ဌ (ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ) ဦးမောင်ကြီး ဆိုသူမှာ ကျွန်ုပ်တာဝန်ပေးသမျှကို လည်းကောင်း၊ မြို့နယ်မှတာဝန်ပေး သမျှကိုလည်းကောင်း ရပ်ရေးရွာရေး ကိစ္စများကိုလည်းကောင်း စိတ်ပါဝင် စားစွာဖြင့် ထမင်းမစား၊ ဟင်းမစား၊ ကျားစီးဖားစီး လုပ်ကိုင်တတ်သူ ဖြစ် သည်။

လုပ်သမျှ လုပ်ငန်းတိုင်းကို လည်း လုံးဝတာဝန်ကျေပွန်သည် အထိ ချောမွေ့အောင် လုပ်ပေးနိုင် စွမ်းရှိသူတစ်ယောက် ဖြစ်လေ၏။ သို့ဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် သဘော တွေ့သကဲ့သို့ အထက်အဖွဲ့အစည်း များနှင့် ရွာလူထုကလည်း လက်ခံ သဘောကျရသူ ဖြစ်သည်။

ကျောင်းဖွင့်ခွင့်ကျပြီးသည်မှာ ၃ နှစ်ကျော်ခဲ့သည့်တိုင် အဆောက် အဦ မရှိသေးသောကြောင့် လက်ရှိ တွင် ကျောင်းသားများကို ဘုန်းတော် ကြီးကျောင်းအတွင်းရှိ ဥပုသ်ဇရပ် တစ်ဆောင်တွင် စာသင်ကြားပေးနေ ရသည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများ နှင့် ကျောင်းသားများသည် ဘုန်းကြီး ရဟန်းများအတွက် များစွာ အနှောင့် အယှက်ဖြစ်စေလျက် ရှိနေသည်။ သို့ ဖြစ်၍ ကျွန်ုပ်၏ အကြံမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ယနေ့မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများလာရောက်လာခဲ့လျှင် လက်တွေ့ပြပြီး ရွာလူထုနှင့် တွေ့ဆုံပေးမည်ဖြစ်သည်။

သို့ဖြင့် ထိုကိစ္စကို တွေးတောရင်း စောစီးစွာကြိုထွက်ခဲ့ခြင်းဖြစ်ရာ နံနက် ၁၀ နာရီလောက်တွင် ရှမ်းကလုံးသို့ ရောက်လာခဲ့သည်။ ရွာအဝင်မှာပင် ဦးမောင်ကြီးနှင့် ရွာလူကြီးအချို့စောင့်ကြိုနေသည်ကို တွေ့ရသည်။

ခရီးရောက်မဆိုက်မှာပင် ဦးမောင်ကြီးက တိုင်းအစည်းအဝေးရှိလို့ မြို့နယ်ဥက္ကဋ္ဌတို့ ဒီကိုလာဖို့ အစီအစဉ်ပျက်သည်ဟု ဆိုလေသည်။ ပြီးမှ အိမ်ကိုလိုက်နားကြပါဦးဟု ဖိတ်ခေါ်လေသည်။ ကျွန်ုပ်သည် ဦးမောင်ကြီး၏အိမ်သို့ လိုက်သွားပြီး အာလာပ သလ္လာပ ပြောရင်း နားကြပါသည်။ နာရီဝက်လောက်နားပြီးမှ ထပြန်တော့မည်ပြုစဉ် ကျေးရွာပြည်သူ့စစ်ခေါင်းဆောင် ကိုအောင်ထွန်းသည် သုတ်သီးသုတ်ပျာဖြင့် ရောက်လာပြီး

"မြို့ပိုင်ကြီးနဲ့တွေ့တာ အတော်ပဲ။ ကျုပ်တို့ဥက္ကဋ္ဌက အမဲကြီးသတင်း ရရင် ပြောစမ်းပါလို့ မှာထားတယ်။ ဒါနဲ့ ကျွန်တော့်ကောင်လေးတွေကို ထောက်လှမ်းခိုင်းထားခဲ့တာ ညက ရွာအနောက်က တောင်ကုန်းဘက်မှာ ပြောင်ကြီးတစ်ကောင် နယ်ကျံပြီး ရောက်လာတာတွေ့ရတယ် ပြောတယ်" ဟု အားပါးတရပြောလေသည်။ ထိုတွင် ကျွန်ုပ်နှင့်အတူ လိုက်ပါလာသူ တိရစ္ဆာန်ဆရာဝန် ဦးဝင်းမောင်က . . .

"မြို့ပိုင် . . . လူကြီးတွေမှ မလာဖြစ်တော့တာ။ ဒီနေ့ တောပစ်ထွက်ရအောင်။ ဒီနေ့ထိ အမဲပစ်တဲ့အတွေ့အကြုံဆိုလို့ တစ်ခါမှမရှိသေးဘူး။ ကျွန်တော့်တစ်သက် အမဲတစ်ကောင်လောက် ရဖူးတယ်ဆိုရင် သေပျော်ပါပြီ"

ဟုဆိုသည်။ ဟုတ်တော့ဟုတ်ပါသည်။ ကျွန်ုပ်နှင့် သွားအတူ လာအတူ လက်တွဲလာခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သော်လည်း





တစ်ခါမှ အမဲပစ်ရာသို့ လိုက်ပါခြင်း မရှိခဲ့ဘူးပေ။ ယခု လူကြီးတွေမလာသဖြင့် ကျွန်ုပ် ကိုယ်တိုင်မှာလည်း စိတ်လက်ပေါ့ပါးသွားပေရာ သိပ်ပြီး စဉ်းစားမနေတော့ဘဲ . . .

"ဦးမောင်ကြီး ဒီလိုလုပ်ဗျာ။ ချောင်းနားရုံးမှာ ဝန်ထမ်းတွေနဲ့ ကော်မတီလူကြီးတွေကို ချိန်းထားခဲ့တယ်။ သူတို့စောင့်နေကြမှာ သေချာတယ်။ ဆက်သားတစ်ယောက် လွှတ်ပြီး ဒီနေ့ချိန်းထားတဲ့ အစည်းအဝေးဖျက်တယ်လို့ ပြောခိုင်းလိုက်။ ထမင်းစားပြီးတာနဲ့ တောပစ်ထွက်ကြမယ်"၏

ဟု ပြောလိုက်သည်။ ထို့နောက် ထမင်းစားပြီးက တောပစ်ထွက်ကြရန် စီစဉ်ခိုင်းလိုက်သည်။ ရှမ်းကလုံးနှင့် ကျွန်ုပ်ရုံးစိုက်ရာ ချောင်းနားရွာမှာ ၇ မိုင်ကျော် ၈ မိုင်ခန့်ဝေးသည်။ စက်ဘီးဖြင့်ဆိုပါက ၁ နာရီခန့်သာ ကြာ၏။ သို့ရာတွင် တောင်ကုန်းတောင်ဆင်းများပေါများ၍ ပင်ပန်းမှု ရှိပါသည်။

ကျွန်ုပ်မှာ ဆင်ခေါင်းကျေးရွာ ခရီးစဉ်မှစပြီး ဂျီတစ်ကောင်၊ တောဝက်တစ်ကောင် ရှေးဦးပေါက် လမိုင်းကပ်သွားခဲ့ရာ အမဲလိုက်ရျာန် ဝင်သွားပြီး သွားလေရာရာသို့ လက်စွဲတော် ၂ လုံးပြူးကို ယူဆောင်လာမြဲဖြစ်သည်။ ကြာသောအခါ တောမြင်တိုင်း အမဲလိုက်ချင်စိတ် တဖွားဖွားပေါ်လာတော့သည်။

အိမ်ခြေ ၈၀ ကျော်မျှသာရှိသော ရှမ်းကလုံးရွာအတွက် လူစုစည်းရသည်မှာ ၁ လွယ်ကူလှသည်။ မြို့ကြီးများနှင့် ဝေးသော ဤဒေသတွင် ဈေးမရှိ၊ အမဲစားချင်လျှင် တစ်ကောင်လုံးသတ်၊ ဝက်စားချင်လျှင် ကောင်လုံးပေါ်ပြီး ဆန်ပေး၊ စပါးပေး အကြွေးစနစ်ဖြင့် ဝယ်စားမှ စားကြရ၏။ သို့မှမဟုတ်လျှင် တောထဲထွက်ပြီး အမဲလိုက်ကြရ၏။ ယုန်လိုက်ကြရ၏။ ဖြစ်သည့်နည်းဖြင့် တောကောင်တောလျောင်များကို ဖမ်းဆည်းစားသောက်ကြရ၏။

နေ့လယ် ၁ နာရီလောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ တူမီးကိုင်ရွာသား ၂ ယောက် (ဤဒေသမှ ပြည်သူ့စစ်များကို နလကာ၏ ၄း၇ပြချက်အရ ချောင်းနားရဲစခန်းတို့၏ ကြီးကြပ်မှုတို့ဖြင့် တူမီးသေနတ်များ ထုတ်ပေးထားသည်။ ကျေးရွာ သူခိုး၊ ဓားပြရန် ကာကွယ်ရန် ဖြစ်သည်။) ကျွန်ုပ်တွင် ၂ လုံးခါးချိုးတစ်လက်၊ ဦးဝင်းမောင်တွင် ၁ လုံးခါးချိုးတစ်လက်၊ ဦးမောင်ကြီးနှင့် ပြည်သူ့စစ်ခေါင်းဆောင်တို့တွင် တူမီး ၂ လက်၊ ကျွန်ုပ်နှင့် လုံခြုံရေးလိုက်ပါလာသော ရဲကြပ်နှင့် ရဲသားတို့တွင် ရိုင်ဖယ်တစ်လက်စီ ပါရှိပြီး ကျန်ရွာသား ၃ ယောက်တို့မှာ လိုအပ်သော ရိက္ခာပစ္စည်းကိုသယ်ပိုးစေပြီး အသင့်ဖြစ်လေသည်။

ပြည်သူ့စစ်ခေါင်းဆောင် ကို အောင်ထွန်းမှာ ဤနယ်တစ်ဝိုက်တွင် ဝါရင့်မုဆိုးတစ်ယောက် ဖြစ်၍။ အမဲကြီး ပစ်ရမည် ဖြစ်၍ အမဲလိုက်ခွေးကို လုံးဝ ခေါ်ဆောင်ခြင်းမပြုရန် နှင့် ဒေသမုဆိုးစည်းကမ်းများကို လိုက်နာရန် သူ့လူများအား ရှင်းပြသည်။ ကျွန်ုပ်တို့ရွာက ထွက်လာချိန်သည် နွေနှောင်းကာလ၏ နေ့ခင်းကြီး ဖြစ်သော်လည်း လေပြည်လေအေး တိုက်ခတ်နေသောကြောင့် အလွန်ပူပြင်းခြင်းမရှိဘဲ ချွေးဆို့ရုံသာ ရှိလေသည်။

ကောလင်းမြို့နယ်မှစပြီး ဤမြောက်ပိုင်းဒေသများသည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ရာသီဥတုမျှတပြီး ဆောင်းအခါတွင် နေ့ ၁၂ နာရီလောက်အထိ နှင်းမကွဲဘဲ ရှိတတ်သည်။

ကျွန်ုပ်တို့သည် ရွာမှ ထွက်လျှင် ရွာ၏အနောက်ဘက်ရှိ ပေ ၅၀၀ မှ ၁၀၀၀ ခန့်ထိရှိမည့် တောင်ရိုးတစ်လျှောက်သို့ လျှောက်လာကြသည်။

ထိုတောင်ထွတ်နေရာသည် ထိပ်ပိုင်းတွင် ပေ ၁၀၀ ပတ်လည်ခန့် ပြန့်ပြူးနေပြီး ဘိုတဲနှင့်တူသော တစ်ထပ်အဆောက်အဦး တစ်ခုကို ကျွန်း၊ သစ်စိမ့်နှင့် မျောက်ချောပင်ကြီးတချို့ ဝန်းရံပေါက်ရောက်နေသည်ကို တွေ့ရသည်။ နှစ်ပေါင်းများစွာက စိုက်ပျိုးခဲ့ပြီး သစ်တောဌာနက တမင်ထိန်းသိမ်းထားခြင်း ဖြစ်နိုင်သည်။

ဦးမောင်ကြီးကို မေးမြန်းကြည့်သောအခါ ဤဘိုတဲကို လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ဤတောင်ပေါ်မှ နေပြီး ဒေသတစ်ခုလုံး၏ မြေမျက်နှာပြင် အနိမ့်အမြင့်ကို တိုင်းတာမှတ်တမ်းတင်ခဲ့သည် ဆို၏။ ထို့ကြောင့် ဤတောင်ကို မှန်ချိန်တောင်ဟု ခေါ်တွင်ခဲ့ကြောင်း ပြောပြသည်။

ဘိုတဲကို ကျွန်း၊ ပျဉ်းကတိုး စသည့်သစ်မာမျိုးဖြင့် ဆောက်ခဲ့ပြီး ရေနံချေး သုတ်ထားသောကြောင့် ယနေ့တိုင်အောင် ကြံ့ခိုင်ဆဲဖြစ်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့သည် တဲထဲသို့ ခေတ္တဝင်ပြီး အပန်းဖြေ ကြလေသည်။

ထို့နောက် ဘိုတဲအပြင်သို့ထွက်ပြီး ပတ်ဝန်းကျင်သို့ မျှော်ကြည့်မိရာ အရှေ့ဘက်တွင် ရှမ်းဂုလုံးရွာနှင့် ကြေးနီတောင်ကြီးကိုလည်းကောင်း၊ တောင်ဘက်ဆီတွင် ရွှေသတ္တုထွက်သော ရွှေတွင်းရွာကိုလည်းကောင်း သစ်တောသစ်ပင်များ ညို့ညို့ဆိုင်းဆိုင်း ဖြစ်နေအောင် ပိတ်ဆို့ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။

အရှေ့မြောက်ဘက်နှင့် မြောက်ဘက်ကို မျှော်ကြည့်လျှင် ဝန်းသိုမြို့ဆီသို့ နိမ့်ချည်မြင့်ချည်ဖြင့် သွယ်တန်းသွားသော တောင်ကုန်းများနှင့် သစ်တောကြီးများကိုလည်းကောင်း၊ မြောက်ဘက်တွင် ပင်လယ်ဘူး မြို့နယ်အတွင်းရှိ တောင်ကုန်းတောင်တန်းနှင့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း အပါအဝင် ရတနာတန်းဝင် သစ်တောကြီးများအားလည်းကောင်း ရှု၍မဝအောင် သာမောဘွယ်ရာတွေ့ရသည်။

ဤမျှ ကြီးများကျယ်ပြန့်သော မြေပေါ်သယံဇာတ သဘာဝသစ်တောကြီးများကို ကျွန်ုပ်တို့ နိုင်ငံတော်က ပိုင်ဆိုင်ခွင့် ရထားသည့်အပေါ် ကျွန်ုပ်အားရဂုဏ်ယူရင်း စိတ်ကူးယဉ်နေမိပါသည်။







www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်နားပြီးသောအခါ မှန်ချိန်တောင်မြင့်ပေါ်မှ မြောက်ဘက် စူးစူးသို့ ဆင်း ထွက်လာကြသည်။ ၁ မိုင်ကျော်ကျော်လောက်ရောက်သော အခါ ပေ ၁၀၀ ခန့်မြင့်မားမည် ထင်ရသော မျောက်ချောပင်ကြီးပေါ်မှ သစ်ကိုင်းခြောက်တချို့နှင့် သစ်ရွက်ခြောက်များ ကြွေကျလာသဖြင့် မော့ကြည့်လိုက်ရာ အလွန်ကြီးမားသော ငှက်ကြီးတစ်ကောင်သည် တဝိုးဝိုးမြည်အောင် တောင်ပံနစ်ဖက်ကို အားယူရိုက်ခတ်ပြီး အထက်ဘက်သို့ ထိုးတက် ပျံသန်းသွားသည်ကို တွေ့ရလေသည်။

ငှက်ကြီး၏ တောင်ပံရိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများပင် လှုပ်ခါ ယိမ်းယိုင်သွားကြသည်ကို တွေ့ရလေသည်။ ကျွန်ုပ်မြင်ဖူးသော စက်မဲ့ ဂလိုက်ဒါ လေယာဉ်ငယ် အစင်းလောက်နီးနီးကြီးမည်ဟု ထင်ရသည်။ ကသာအထက်ဘက် ဇရာဝတီမြစ်ရိုးတွင် တွေ့ရသော ငှက်ကျား၊ ခရုစုတ်နှင့် ငှက်ကြီး ဒုံးစပ်တို့ထက် ၃-၄ ဆခန့် ကြီးမည်ဟု ခန့်မှန်းရသည်။ ကျွန်ုပ်တစ်သက်တွင် ဤမျှလောက်ကြီးမားသော ငှက်ကြီးမျိုးကို ယခင်က မတွေ့ခဲ့ဖူးသေးကြောင်း ဝန်ခံရမည် ဖြစ်သည်။ ပုဂံပြည် ပျူစောထီးမင်း လက်ထက်မှ ငှက်ကြီးမျိုးထဲက ဖြစ်မည်ဟု တွေးထင်မိသည်။

ဤငှက်ကြီးထပျံလိုက်သည်နှင့် တစ်ပြိုက်နက် သစ်ပင်များပေါ်တွင် ဘာသာဘာဝအားဖြင့် တေးသီကြူးနေကြသောငှက်များ၊ အတင်းအဖျင်းပြောရင်း စကားများရန်ဖြစ်နေကြသော ငှက်များနှင့် ငိုက်မျဉ်းနေကြသော ငှက်များသည် ရုတ်တရက် ထပျံကြလေသည်။ ရန်သူ၊ ရန်သူဟု အချက်ပေး အော်သံပြုဟန်ဖြင့် ဦးတည်ရာသို့ ထပြန်ကြခြင်း ဖြစ်သည်။

အထူးသဖြင့် မျောက်မျိုးစုံတို့က သွားများပေါ်လာသည်အထိ ပါးစပ်ကို အားကုန်ဖြဲပြီး အသံသေး အသံကျောင်တို့ဖြင့် ထအော်ကြလေ





သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့ရောက်ရှိနေရာ ပေ ၁၀၀ ကျော်မြင့်သော မျောက်ချောပင်ကြီးပေါ်မှ လှည်းဘီးအဝန်းပမာရှိ ပျားအုံကြီးမှ ပျားများသည် ဝုန်းခနဲ ထပျံကြပြန်သည်။

ပျားများသည် အလွန် သတိဝီရိယကောင်းသော သတ္တဝါများ ဖြစ်သည်နှင့်အညီ ထောက်လှန်းရေးပျားများက ချက်ချင်းပင် ကျွန်ုပ်တို့ဆီသို့ ဆင်းလာပြီး ရန်ပြုရန် ကြိုးစားကြရာ ကျွန်ုပ်တို့သည် ထိုသစ်ပင်ကြီးအောက်က ဝရုန်းသုန်းကားဖြင့် ပြေးထွက်ကြရလေသည်။ ကျွန်ုပ်သည် အတွေ့အကြုံမရှိသေးသဖြင့် ဦးမောင်ကြီးအား . . .

"ဘယ့်နှယ်လဲဗျာ . . . ကျုပ်ဖြင့် အသည်းတုန် အူတုန်ရှိလိုက်တာ။ ပြောင်ရမရတော့မသိဘူး ပျားတုတ်ခံရတော့မလို့။ ဒါထက် စောစောက ငှက်ကြီးက ဘာငှက်ကြီးလဲဗျ။ တော်တော်ကို ကြီးတာပဲနော်"

ဟု မေးကြည့်ရာ ဦးမောင်ကြီးက . . .

"ငှက်ကြီးဝန်ပို လို့ခေါ်တယ်။ အနောက်ဘက် မူးမြစ်ကနေ အရှေ့ဘက် ဧရာဝတီမြစ်အကြား လှည့်လည်ကျက်စားတတ်ပြီး လူတွေနဲ့ဝေးတဲ့ ဒီတောနက်ကြီးတွေထဲလာပြီး အသိုက်လုပ်မျိုးပွားရင်း နေထိုင်နေကြတာ ဖြစ်ပါတယ်"

ဟု ကြားဖူးသမျှ ရှင်းပြပါသည်။

ထိုစဉ်မှာပင် အရှေ့ဆုံးမှ လျှောက်နေသော ကိုအောင်ထွန်းက ခြေလှမ်းနေရာမှ ရပ်လိုက်ပြီး တစ်စုံတစ်ရာကို ထူးထူးဆန်းဆန်း မြင်ရပုံမျိုးနှင့် အောက်ငုံ့ပြီး စိတ်ဝင်တစားကြည့်နေလေသည်။ ကျွန်ုပ်တို့အားလုံး ကိုအောင်ထွန်းဆီ သွားပြီး ကြည့်ကြသောအခါ နွားချေးပုံလိုလို မစင်ပုံကြီး တစ်ပုံကို ဖြုတ်နှင့် ယင်ကောင်များ အုံခဲနေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်က . . .

"ကိုအောင်ထွန်း . . . ဒါ ဘာကောင်စွန့်သွားတာလဲဗျ"

ဟု မေးမြန်းကြည့်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျားချေးပုံပါ။ တော်တော် လတ်လတ်ဆတ်ဆတ်ပဲ ရှိသေးတယ်။ မနေ့က ညဦးပိုင်းလောက်ကမှ စွန့်သွားပုံပဲ"

ဟု ရှင်းပြပြီး ဆက်သွားမည်ပြုစဉ် တိရစ္ဆာန်ဆရာဝန်က . . .

"မစင်ထဲမှာ ပြာပြာအကြေးခွံတွေ တွေ့ရတယ်။ အဲဒါ ဘာတွေဖြစ်မယ်ထင်သလဲ"

စုံစမ်းကြည့်ပြန်ရာ ကိုအောင်ထွန်းက . . .

"သင်းခွေချပ်ရဲ့ အခွံတွေပါ။ သင်းခွေချက်ကို စားပြီး စွန့်ထားခဲ့တာပါ"

ဟု ဆိုလေ၏။

ကျားဆိုသော စကားကို ကြားလိုက်ရသည်နှင့်ပင် ကျွန်ုပ်တို့ အဖွဲ့သား အားလုံး စိုးရိမ်သွားကြပြီး ဘယ်လိုလဲဟု သဘောထားမေးမြန်းကြဟန်ဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြလေ၏။ ကျားကို ကြောက်ရသောကြောင့် ကျားချေးတွေ့လည်း ကြောက်သည် ဆိုသော စကားပုံထဲက အတိုင်း အလိုအလျောက် ကြောက်စိတ်ဝင်လာကြလေသည်။

"ဒီဘက်မှာ ကျားရောက်နေပြီဆိုလျှင် ကျွန်တော်တို့ လိုက်နေတဲ့ ပြောင်ဟာ ဒီအနီးအနားမှ ဘယ်လိုမှ မနေရဲတော့တာ သေချာတယ်။ ကျွန်တော့်အထင်တော့ ရှောင်သာတိမ်းသာတဲ့ တောနက်တဲ့ မြောက်ဘက်ဆီကို ရှောင်ထွက်သွားတယ် ထင်ပါတယ်"

ဟု ကိုအောင်ထွန်းက ဆက်ရှင်းပြသည်။ ပြီးမှ . . .

"၄ နာရီ ထိုးတော့မယ်။ ဒါဆိုရင် လင်းလင်းထင်းထင်းရှိတုန်း ဒီအနီးအနားတစ်ဝိုက်မှာပဲ စခန်းချ အိပ်လိုက်ကြရင် ကောင်းမယ် ထင်တယ် မြို့ပိုင်ကြီး"

ဟု ပြောလေသည်။ ကျွန်ုပ်၏ သဘောထား ဘယ်လိုလဲဟု စုံစမ်းလိုဟန်ဖြင့် ပြောခြင်းဖြစ်သည်။ ကျွန်ုပ်မှာ တောအုတွေ့အကြုံ နည်းရသည့်အပြင် ကျားနှင့် လာတွေ့နေရ





သည့် အခြေအနေမျိုးတွင် စိုးရိမ်မှုရှိနေသောကြောင့် ဆက်မသွားတော့ဘဲ ဒီမှာနားတာ ကောင်းသည်ဟု သဘောရသဖြင့် . . .

"ကိုအောင်ထွန်းတို့ ကြိုက်သလိုသာ စီစဉ်ကြပါ"

ဟု လိုက်လျောညီထွေ ပြောလိုက်သည်။ ထို့နောက် ဦးမောင်ကြီး ရောက်လာပြီး . . .

"အောင်ထွန်းရေ . . . ညနေဟင်းစားလေးဘာလေးရအောင် ဒီအနီးအနားက သီးပင် စားပင်၊ ဒါမှမဟုတ် သောက်ရေအိုင်တို့ ဆားငံတွင်းတို့ အနီးမှာ မြို့ပိုင်ကြီးကို နေရာချပေးလိုက်ပါဦး"

ဟု ပြောလာလေသည်။ ကိုအောင်ထွန်းသည် ကျွန်ုပ်အား ဇင်ပြွန်း၊ ဆီးဖြူနှင့် ဝါးရုံဖုတ်များ ရောထွေးပေါက်လျက်ရှိရာ ဆင်ခြေလျှော တစ်ခုဆီသို့ ခေါ်ဆောင်သွားပြီး ဆီးဖြူပင်ဘေးရှိ တောင်ပို့ကြီးတွင် နေရာချပေးခဲ့ပြီး ပိုပြီးကောင်းမည့် နေရာကို ရှာကြည့်ဦးမည်ဟု ပြောပြောဆိုဆိုဖြင့် ထွက်သွားလေသည်။

ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ကြည့်လိုက်ပြီး ၂ လုံးပြူး အတွင်းသို့ ကျည်မတစ်တောင့်နှင့် ငှက်ပစ် ဂျီခဲသေး ၆ လုံးကျည် တစ်တောင့်စီ ထိုးထည့်ပြီး ၎င်းတို့ ရေသောက်ဆင်းမည့် ကုန်းစောင်းဘက်သို့ ပြောင်းလှည့်ရင်း နေရာယူထားလိုက်သည်။ ကျွန်ုပ်ထိုင်ချလိုက်ပြီး အချိန်အနည်းငယ်အတွင်းမှာပင် ကျွန်ုပ် မျက်နှာမူထားရာဘက် ခပ်လှမ်းလှမ်းဆီမှ ကြက်သားအုပ်မနှင့် ရစ်အဖ တစ်ကောင်နှင့် အမ ၂ ကောင်တို့သည် ချစ်ရေးဆိုရင်း လျှောက်လာကြလေသည်။

နေ့လယ်ဘက်က ကျားအကြောင်းစဉ်းစားရင်း ကျားဆီကို စိတ်ရောက်လျက်ရှိရာ ဘာကောင်လာလာ လက်မနှေးဘဲ ပစ်ထည့်တော့မည်ဟု စိတ်ကူးထားချိန်လည်း ဖြစ်သည်။ သေနတ်သံသည် မြေပြင်ကို လန့်စေသကဲ့သို့ ကျားကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လှန့်ထုတ်လိုက်သလို ဖြစ်စေလိမ့်မည်။ သို့ဆိုလျှင် ယနေ့ညဘက်အတွက် အကြောက်ပြေပြီး ကောင်းစွာ အိပ်ပျော်နိုင်မည် ဖြစ်သည်။

ကျွန်ုပ် ထိုသို့ တွေးတောနေစဉ်တွင် ကြက်သားအုပ်မနှင့် ရစ် ၃ ကောင်သည် ကျွန်ုပ်နှင့် နီးကပ်လာလျက် ရှိလေသည်။ ကျွန်ုပ်သည် ညဟင်းစာအတွက် ကြက်ကို ပစ်ရကောင်းနိုးနိုး၊ ရစ် ၃ ကောင်ကို ပစ်ရကောင်းနိုးနိုး စဉ်းစားနေစဉ်မှာပင် ဂျီပေါက်တစ်ကောင်သည် ကျွန်ုပ်၏ ပစ်ကွင်းထဲဝင်လာလေသည်။ ကြက်နှင့် ရစ်တွေကို ကျော်ဖြတ်ပြီး ကျွန်ုပ်ရှိရာဘက်သို့ တည့်တည့်မတ်မတ်လာမည့် ပုံမျိုးဖြစ်သည်။

စားရက်ကြံ့လို့ မှတ်ဆိတ်ပျားစွဲလာခြင်းပင်။ ကျွန်ုပ်သည် သိပ်ပြီးကြာကြာမစဉ်းစားတော့ဘဲ သေနတ်ပြောင်းကို ဂျီပေါက်ဆီသို့ ချိန်ရွယ်လိုက်ပြီး ဂျီထွက်ပြေးမည်စိုး၍ လျှပ်တပြက် ပစ်ချလိုက်သည်။ ညာဘက်ပြောင်းဝမှ ထွက်သွားသော ၆ လုံးကျည်တစ်တောင့်သည် ဂျီပေါက်၏ ဘယ်ဘက်လက်ပြင် ရှေ့ဘက်ကျကျလောက်ဆီ ထိမှန်ပြီး ညာဘက်တင်ပါးသို့ ဖောက်ထွက်သွားပြီး ဂျီပေါက်သည် ယိုင်ထိုးယိုင်ထိုး ဖြစ်၍ လဲကျသွားလေသည်။

ကျွန်ုပ်ဆီမှ သေနတ်သံ ကြားလိုက်သည်နှင့် ဦးမောင်ကြီးနှင့် ကိုအောင်ထွန်းတို့ ချက်ချင်းရောက်လာကြပြီး ဂျီကို ထမ်းယူသွားကြသည်။ ထိုညက ဂျီချေးခါးဟင်း၊ ရွာက ချက်ယူလာသော ကြက်သားကာလသားဟင်းအပြင် ပဒတ်စာဟင်းချိုနှင့် စပ်သီးထောင်းတို့ဖြင့် ညစာကို မြိန်ရှက်စွာ စားလိုက်ကြလေသည်။

ထို့နောက် ကျောက်တုံးကျောက်ဆောင်ကြီးများအကြားတွင် ရစ်ခွေပိုင်းပတ်စီးဆင်းနေသော စမ်းချောင်းဘေးရှိ အတော်အတန်ပြန့်ပြူးသော ကျောက်ဖျာကြီးများအပေါ်တွင် ကောင်းကင်ထဲရှိ ကြယ်တာရာများကို ရှုကြည့်ရင်း နစ်မြိုက်





စွာ အိပ်လိုက်ကြသည်။

ဤဒေသ၏ နွေနှောင်းကာလသည် နေ့လယ်နေ့ခင်းအချိန်များတွင် အတော်အတန် ပူအိုက်သော်လည်း ညပိုင်းတွင် အအေးဓာတ်ကျရောက်လာတတ်သည်။ နံနက် ၄ နာရီ ထိုးလောက်အချိန်တွင် ခပ်လှမ်းလှမ်းရှိ စမ်းချောင်းဘေး ကျောက်စရစ်ခဲများပေါ်တွင် ရွာသား ၂ ယောက် မီးလှုံရင်း အသားခြောက်နှင့် ခေါပုတ်ကင်နေလျက် ရှိသည်ကို တွေ့ရသည်။

နံနက် ၅ နာရီလောက်တွင် ရောင်နီလာစပြုသည်နှင့်ပင် ကျေးငှက်ရကာတို့က နံနက်ချိန်ခါ တေးသံသာတို့ကို စတင်ကြူးရင့်ကြတော့သည်။ ဥဩငှက်တစ်ကောင်၏ တေးသံက ကျန်ငှက်များ၏ အသံများကို ထိုးဖောက်ပြီး လွမ်းဆွတ်ဖွယ် ကြားရသည်။ မည်သည့်ဝဋ်ကြွေးကြောင့် မသိရ။ ပပလွှားလွှားမနေတတ်ဘဲ သစ်ပင်မြင့်ကြီးများအထက်ဆီမှ ပုန်းလျှိုးကွယ်လျှိုးဖြင့် ဟစ်ကြွေးသီဆိုနေခြင်း ဖြစ်သည်။

ဒဏ္ဍာရီ စကားပုံများထဲတွင် ဥဩငှက်သည် ကျီးကန်း အမျိုးအနွယ်ဟု ဆိုသော်လည်း ရုပ်အဆင်းအသံနှင့် အကျင့်စရိုက်တို့ လုံးဝ ခြားနားလျက်ရှိသည်။ ဥဩငှက်ငယ်၏ အော်မြည်သံက ကရုဏာရသမြောက်သည်နှင့်အမျှ ကျီးကန်း၏ အသံကနားကလောဏ်။ ဥဩငှက် အေးဆေးတည်ငြိမ်သမျှ ကျီးကန်းသည် မျက်စိနောက်လောက်အောင် ယောက်ယက်ခတ်လှသဖြင့် မြင်သူတို့ အောကြောလန်ကြရ၏။

နံနက် ၆ နာရီခန့်တွင် ခေါပုတ်ကင်ကို အမဲခြောက်ဖုတ်ဖြင့် စားကြပြီး မြောက်ဘက်သို့ ဆက်ပြီး ခရီးထွက်ခဲ့ကြသည်။ ၃ မိုင်လောက် ခရီးပေါက်သောအခါ သစ်ကိုင်းကျိုးသံ တောတိုးသံနှင့် ပြောင်ခြေရာများကို စတင် ကြားမြင်လာရသည်။ ထိုအချိန်တွင် ချုံပင်၊ မြက်ပင်များ ထူထပ်စွာပေါက်ရောက်လျက်ရှိသော ပေ ၅၀၀ ပတ်လည်ကျော် ရှိမည်ဟု ခန့်မှန်းရသော ချိုင့်ဝှမ်းကြီးသို့ ရောက်လာပြီး



www.burmeseclassic.com

ဟိုဘက်တောင်ကမ်းပါးယံသို့ ပြေးတက်သွားသော ပြောင်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ကြရသည်။ လှုပ်ရှားမှုမှာ တောင်ဆိတ်တစ်ကောင်ထက် လျင်မြန်လှသည်ဟု ထင်ရသည်။ သို့ရာတွင် ခဏ္ဍ အတွင်းမှာပင် ပျောက်ကွယ်သွားလေသည်။

ပြောင်ကို မြင်လိုက်ရသည်နှင့် ကျွန်ုပ်တို့ စိတ်ဓာတ်တက်ကြွလာပြီး ရှာသား ၃ ယောက်က ချိုင့်ဝှမ်းကြီးကို ပတ်ကာ ပြောင်ကြီးအား တွေ့လိုက်ရသည့် နေရာဆီသို့ ပြေးသွားကြလေသည်။ ကိုအောင်ထွန်းက . .

"မျက်ခြည်မပြတ်စေနဲ့ . . . လိုက်ထားကြ"

ဟု ပြောရင်း ရှာသား ၃ ယောက်တို့နှင့် တစ်ပါတည်း ပါသွားလေရာ ကျွန်ုပ်တို့လည်း သူတို့နောက်မှ ခပ်သုတ်သုတ် အပြေးမသွားရုံတမယ် လိုက်သွားကြသည်။

သို့ရာတွင် စောစောက ပြောင်ကြီးကို တွေ့ရသော နေရာသို့ ရောက်သောအခါ ပြောင်၏ အစအနကိုမျှ မတွေ့ရတော့သဖြင့် အားလုံးပင် စိတ်ဓာတ်ကျသွားရလေသည်။ ပင်ပန်းကြသဖြင့် အရိပ်ရသစ်ပင်ကြီးများ၏ ခြေရင်းတွင် တုံးလုံးပက်လက် အိပ်ရင်း အနားယူကြလေသည်။

ယခု ကျွန်ုပ်တို့ ရောက်နေသော နေရာသည် ရှမ်းကလုံး၏ အနောက်မြောက်ဘက်၊ အိုင်ကြီးနှင့် လာကာရွာ၏ အရှေ့ဘက် သစ်တောကြီးဝိုင်းအတွင်း ရှမ်းကလုံးရွာမှ ၁၅ မိုင်လောက်ဟု မှန်းဆရမိသည်။ ပင်လယ်ဘူးမြို့နယ် တောင်ဘက်အစပ်လောက် ဖြစ်နိုင်သည်။

ထိုနေ့ ညနေပိုင်းတွင် ရေအိုင်ငယ်ရှိသောနေရာတွင် စခန်းချရပ်နားလိုက်ကြသည်။ နေဝင်ရီအချိန်တွင် ဆားငံတွင်းကို သွားစောင့်သော ရှာသား ၂ ယောက်က ၁၅ ပိဿာကျော်ကျော်ရှိ တောဝက်တစ်ကောင်ကို ပစ်ခတ်ရရှိလိုက်သဖြင့် ဂျီသားလက်ကျန်၊ တောဝက်သားဟင်း၊ ဆီးဖြူ ရေတ်သီးထောင်းတို့ဖြင့် ရေနွေးကြမ်း သောက်ပြီး ညစာကို စားလိုက်ကြသည်။





ည ၈ နာရီလောက်တွင် မျက်နှာပြင် အတန်ငယ်ပြန့်ပြူးသော ကုန်းစောင်းရှိ သစ်ပင်ခြေရင်းတွင်ရှိသော မြေကွက်လပ်ပေါ်တွင် မြေခင်း မိုးကာတစ်ချပ်ကို ခင်းလျက် ကျောပိုးအိတ် ခေါင်းအုံးလုပ်ပြီး တုံးလုံးလှဲလိုက်သည်။ ချမ်းစိမ့်စိမ့်ဖြစ်လာသောကြောင့် အညာစောင်ကြမ်းတစ်ထည်ကို ခေါင်းထိအောင် လွှမ်းခြုံထားလိုက်သည်။

ကျွန်ုပ် အိပ်မပျော်တပျော် ဖြစ်နေချိန်တွင် ကျွန်ုပ်၏ နားထဲတွင် တောကြက် သို့မဟုတ် ရေကြက်မသားပေါက်သောအခါ အော်သံ၊ ကြက်ကလေးများအား နှစ်သိမ့်နေသံတို့ကို ကြားနေရသည်။ ထို့နောက် နှစ်ခြိုက်စွာ အိပ်မောကျသွားလေသည်။

ကျွန်ုပ်စိတ်အထင် ခန့်မှန်းခြေ ညသန်းခေါင်ကျော်ကျော်လောက်တွင် ကျွန်ုပ်၏ ဘယ်ဘက် ၁၀ ကိုက်လောက်ဆီမှ တစ်စုံတစ်ရာ အသံကြားလိုက်ရသဖြင့် လန့်နိုးပြီးလာခဲ့လေသည်။ ထိုအသံ ဘာဖြစ်မည်ကို ကွဲကွဲပြားပြား သိနိုင်ရန် သတိထားရင်း နားစွင့်နေလိုက်သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်၏ မျက်လုံးများကို ဖွင့်ပြီး အထက်ဘက် မိုးကောင်းကင်ကြီးသို့ မော့ကြည့်မိရာ အာကာသထဲတွင် ကြယ်တာရာများ တလက်လက် တောက်ပနေသည်ကို တွေ့ရသည်။ ထိုမှတစ်ပါး လောကကြီး တစ်ခုလုံး ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။

ဆက်လက်၍ မျက်စိကို ဖွင့်ရင်း နားကို စွင့်ထားလိုက်မိသည်။ စောစောက အသံကို ထပ်မံ ကြားရပြန်သည်။ မြက်ပင်များ သစ်ရွက်ခြောက်များနှင့် သစ်ကိုင်းခြောက်များကို ဖွဖွကလေး နင်းလာသံ၊ သို့မဟုတ် လျှောတိုက်လာသံမျိုး ဖြစ်၏။ ထိုစဉ်မှာပင် လူဟောက်သံ သို့မဟုတ် ချောင်းဟန့်သံကို ရှင်းရှင်းကြားလိုက်ရသည်။ ကျွန်ုပ် စိတ်အေးသွားသည်။ တစ်ယောက်ယောက် အလေး အပေါ့



www.burmeseclassic.com

www.burmeseclassic.com



သွားတာဟု ထင်လိုက်သည်။ စောစောက အသံပါ တိတ်သွားရာ ကျွန်ုပ် စိတ်အေးလက်အေးပင် အိပ်ချလိုက်သည်။

မည်မျှ ကြာကြာအိပ်ပျော်သွားသည် မသိရ တစ်စုံတစ်ရာ ထူးခြားပြီး စောစောက အသံမျိုးကိုပါ နောက်တစ်ခါ ကြားလိုက်ရသောအခါ ကျွန်ုပ်သည် လုံးလုံးနိုးလာပါတော့သည်။

စောစောက အသံသည် တစ်စထက်တစ်စ ကျွန်ုပ်၏ ဘယ်ဘက်အနီးသို့ လျှောတိုက်တိုးကပ်လာနေရာမှ ကျွန်ုပ် ခန္ဓာကိုယ်အောက်ပိုင်း ခါးအောက်ဘက်ဆီသို့ ကန့်လန့်ဖြတ်တက်လာလျက် ရှိလေသည်။ လူတစ်ယောက်က နင်းပြီး အပူထုတ်ပေးနေသကဲ့သို့ ခံစားလာရသည်။ ကျွန်ုပ်သည် လုံးဝ မလှုပ်ပါ။ တတ်နိုင်သမျှ ငြိမ်သက်ပြီး အသက်ကိုပင် မျှင်းမျှင်းကလေး ရှူနေလိုက်သည်။

ကျွန်ုပ်သည် မှောင်ထဲတွင် မျက်စိကို အနည်းငယ်ဖွင့်စောင်းပြီး ထိုသတ္တဝါ ဘာကောင်ဖြစ်မည်ကို ခန့်မှန်းလိုက်၏။ ကျားဆိုလျှင် လူနှင့်နီးလျှင် အမြီးကို မြေသို့ပုတ်ပြီး အသံပြု၏။ ယခု လူပေါ်ရောက်နေလေပြီ။ ကျားသည် လူနံ့ကို ခွဲခြားတတ်သဖြင့် ယခုလို ကျွန်ုပ်ပေါင်ပေါ် တက်ပြီး ညင်ညင်သာသာလေး နှိပ်ပေးနေလိမ့်မည်မဟုတ်။ ယခုလောက် ဆိုပါက ကျွန်ုပ် အသက်ပျောက်နေလောက်ပြီ ဖြစ်၏။

သို့မဟုတ် ဝက်ဝံ ဖြစ်နိုင်၏။ ဤဒေသတွင် ဝက်ဝံများ ပေါများ၏။ ရှမ်းကလုန်းရွာမှ မုဆိုးကြီး ဦးလရောင်သည် ဝက်ဝံ ကုတ်ခံထားရ၍ မျက်လုံးတစ်ဖက် ထွက်သွားခဲ့ရဖူးပြီး၊ ယခုအခါ ပင်လယ်ဓားပြကဲ့သို့ မျက်လုံးတစ်ဖက်ကို အဝတ်ဖြင့် စည်းနှောင်ထားရာ တကယ်ပင် ပင်လယ်ဓားပြ တစ်ယောက်နှင့် တူနေတော့သည်။ ဝက်ဝံဖြစ်ပါက ပါးနပ်၏။ ကျွန်ုပ်ကို ၎င်း၏ လက်သည်းရှည်ကြီးများဖြင့် ကုတ်ခြစ်နိုင်၏၊ သို့မဟုတ် ပါးစပ်ကို ဖြဲပြီး အစွယ်များဖြင့် ကိုက်ချီသွားနိုင်၏။

သို့ရာတွင် ဤသတ္တဝါသည် တစ်နေရာတည်းမှ ပုံစံတစ်မျိုးတည်းဖြင့်သာ လှုပ်ရှားနေခြင်း ဖြစ်ရာ နောက်ဆုံးတွင် မြွေကြီးတစ်ကောင်ကောင် ဖြစ်ရမည်ဟု ကောက်ချက်ချလိုက်သည်။

ယခုကဲ့သို့ ထိုထိုအီအီ တွေးတောစဉ်းစားနေချိန်တွင် ထိုသတ္တဝါသည် ကျွန်ုပ်နှင့် စိတ်ချင်းဆက်သွယ်နေပုံရ၏။ လုံးဝ ငြိမ်သက်နေလိုက်သည်။ ကျွန်ုပ်အား သက်မဲ့ယောင်ဆောင်နေသော သတ္တဝါဖြစ်သည်ဟု သံသယဝင်နေပုံရသဖြင့် စောင့်ကြည့် အကဲခတ်နေခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။

ကျွန်ုပ်အား အကူအညီပေးမည့်သူများ ရှိနေသော်လည်း ကျွန်ုပ် ပါးစပ်လှုပ်ကာ အော်၍မဆုံးနိုင်ခင်မှာပင် ကျွန်ုပ်ဒုက္ခရောက်သွားဖို့ သေချာသလောက် ဖြစ်တော့သည်။ လက်ရှိ ကျွန်ုပ်၏ အနေအထားမှာလည်း ပက်လက်အနေအထား ဖြစ်နေပေရာ ကိုယ်ပေါ်ဖိထားသော အလေးချိန်ကြောင့် လှုပ်ရှားရန်မှာများစွာ ခက်ခဲနေသည်။ သို့ဖြစ်ရာ ရုတ်တရက် ခုန်ပေါက်ထွက်ပြေးရန်မှာ လွယ်ကူမည် မဟုတ်ပေ။ ဖြစ်ချင်ရာ ဖြစ်စေတော့ဆိုပြီး ထထိုင်ရန်မှာလည်း ခန္ဓာကိုယ်အောက်ပိုင်း တစ်ခုလုံးကို ထိုသတ္တဝါက ဖိထားသောကြောင့် ခက်ခဲလျက် ရှိတော့၏။

ကျွန်ုပ် ဘာလုပ်ရမည်ကို စဉ်းစားမရမိသောအခါ ၃းရိမ်မှု လွန်ကဲလာပြီး အသက်ရှူကြပ်သလိုဖြင့် သွေးပေါင်ကျလာပြီဟု ထင်လာရ၏။ မိမိအား တကယ် မြွေညို့ခံနေရပြီဟု ထင်လိုက်မိသည်။

မြွေကြီးများ သားကောင်ကို ညို့ပြီး စားသောက်မျိုချသည်ကို အကြိမ်များစွာ တွေ့ခဲ့ဖူး၏။ ပထမတွင် သားကောင်ကို ညို့ယူထားလိုက်၏။ ဒုတိယသားကောင်ကို ရစ်ပတ်ပြီး အရိုးအသား ကြေညက်သွားအောင် ညှစ်ပြီး သွင်းထုတ်လိုက်







www.burmeseclassic.com

www.burmeseclassic.com



၏။ တတိယတွင် သားကောင်၏ ဦးခေါင်းကစပြီး မျိုလေတော့၏။

သို့ဖြစ်ရာ ကျွန်ုပ် အသံပြုလိုက် လျှင်ဖြစ်စေ၊ လှုပ်ရှားလိုက်လျှင်ဖြစ် စေ ကျွန်ုပ်အား သူ၏ သားကောင် အဖြစ် သတ်မှတ်ပြီး ၎င်း၏ လုပ်ထုံး လုပ်နည်းအတိုင်း၊ ဆက်လက်လုပ် ဆောင်သွားမည်မှာ သေချာလှပေရာ ကြောက်ရွံ့စိတ်ကို မျိုသိပ်ပြီး အသက် ကိုပင် ပြင်းပြင်းမရှူတော့ဘဲ ဆက်ပြီး ငြိမ်နေလိုက်သည်။

အသွားမတော်တစ်လှမ်း ဆို သည့်အတိုင်း ဤဘက်သို့ ထွက်လာ ခဲ့မိသည်မှာ ကျွန်ုပ်ဘဝ၏ နောက်ဆုံး ခရီးပေလော၊ ကြမ္မာငင်တော့မည် လော၊ ကျားကိုက်ပြီး မသေဘဲ မြွေမျို ခံရပြီး သေရတော့မည်လော၊ ကျွန်ုပ် တွေးတောပြီး စိုးရိမ်စိတ်များ တဖွား ဖွား ပေါ်လာ၏။ ကျွန်ုပ် ထိုသို့ အကြောက်တရား၊ နောင်တတရား များ လွှမ်းမိုးနေချိန်မှာပင် ထိုသတ္တဝါ ၏ ဗိုအားလျော့နည်းလာရာမှ နောက် ဆုံးတွင် လုံးလုံးလွတ်မြောက်သွား တော့သည်။ ထိုအခါမှ ကျွန်ုပ် သက် ပြင်းချနိုင်တော့၏။ သို့တိုင်အောင် ထိုသတ္တဝါ၏ မာယာပရိယာယ်ကို မယုံနိုင်သောကြောင့် ခေတ္တမျှ ဆက် ပြီး ငြိမ်နေလိုက်ရသေးသည်။

ဟန်မပျက်အောင် ခေတ္တစောင့် နေလိုက်ပြီး ကျွန်ုပ် ကျောပိုးအိတ် ဘေးမှ ဓာတ်မီးကို စမ်းယူပြီး ထို သတ္တဝါ လျှောဆင်းသွားရာဘက်သို့ ထိုးကြည့်လိုက်၏။ အလွန်ကြီးမား သော မြွေကြီးတစ်ကောင်သည် စော စောက ရကြက်မ အော်မြည်နေရာ မြေအနိမ့်ပိုင်းဆီသို့ တရွေ့ရွေ့ လျှော ဆင်းသွားသည်ကို တွေ့လိုက်ရသည်။

ဓာတ်မီးရောင်ကို မြင်ရသော အခါ မလှမ်းမကမ်းတွင် အိပ်နေကြ သော ဦးမောင်ကြီးနှင့် ရဲ ၂ ယောက် တို့သည် အသင့်အနေအထားဖြင့် ကျွန်ုပ်အနီးသို့ ရောက်လာကြပြီး အကျိုးအကြောင်း မေးကြလေသည်။ ကျွန်ုပ်ရင်ထဲတွင် ကတုန်ကယင် ရှိနေသေးသော်လည်း ကြောက်ခတ် သူ တစ်ယောက်ဟု အထင်သေး





မခံချင်သောကြောင့် သိပ်အရေးမကြီး လေဟန်ဖြင့် . . .

"မြွေခပ်ကြီးကြီးတစ်ကောင် ကျုပ်ကိုယ်ပေါ်ကို ဖြတ်သွားတယ်၊ ဘာမြွေမှန်းတော့ မသိလိုက်ရဘူး၊ ဓာတ်မီးနဲ့လိုက်ထိုးကြည့်တော့ အမြီး ပိုင်းလောက်သာ ကောင်းကောင်း မြင်လိုက်ရပြီး မြက်နဲ့ ချုံတောတွေထဲ ဝင်သွားလို့ ဘာမှမတွေ့ရတော့ဘူး"

ဟု အေးအေးဆေးဆေး ပြော ပြလိုက်သည်။

ဦးမောင်ကြီးက ညပိုင်းက တော်တော်များများထားဟန် ရှိ၏။ အိပ် ချင်မူးတူးအသံဖြင့် . . .

"မြို့ပိုင် ဘာမှစိတ်မပူနဲ့၊ ဒီဘက် မှာ မြွေဆိုးမရှိဘူး။ စပါးကြီးတို့ စပါးအုန်းတို့လောက်ပဲ ရှိတာ။ ဒီမြွေ တွေက မြွေသူတော်ကောင်းတွေ ဆိုတော့ ဘာမှ မလုပ်ဘူး"

ဟု ဆိုလေရာ ကျွန်ုပ်နှင့် ရဲ ၂ ယောက်ပါ စိတ်အေးသွားဟန်ရှိလေ ၏။ မူလနေရာတွင် သွားပြီး အိပ်ကြ လေတော့သည်။ ကျွန်ုပ်က ခပ်ပေါ့ပေါ့ ပြောတော့ သူတို့က ခပ်အေးအေး နေလိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ် ဆက်ပြီးအိပ်သော် လည်း စိတ်က မြွေဆီသို့ ရောက်နေ သဖြင့် အိပ်လို့ မပျော်တော့ပေ။ လက်မှနာရီကို ကြည့်လိုက်သော အခါ နံနက် ၅ နာရီ ထိုးလေပြီ။ သပိတ်လွယ်ငှက်အော်သံ၊ ခါတွန်သံ၊ ဥဩငှက်အော်သံ တို့ဖြင့် တောကြီး တစ်ခုလုံး အသက်ဝင် လှုပ်ရှားလာ တော့သည်။

ကျွန်ုပ်တို့ ရှမ်းကလုံးမှ ထွက် လာသည့်နေ့မှ စရေလျှင် တတိယ နေ့သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ နံနက် ၆ နာရီလောက်က စပြီး ပြောင် ရှာပုံတော်ဖွင့်ခဲ့ရာ ၁၁ နာရီ လောက်ရောက်သောအခါ နောက်ထပ် ၃ မိုင် ပတ်လည်လောက်ကို ခရီး ပေါက်ခဲ့ကြသည်။ သို့ရာတွင် ပြောင် ကြီး၏ အရိပ်အယောင်လောက်ကိုမျှ မတွေ့ခဲ့ရသဖြင့် ကျွန်ုပ်တို့ အားလုံး လက်မြှောက်အရှုံးပေးရတော့မည် ကဲ့သို့ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် သစ်ပင် အရိပ်ကောင်းနေရာတွင် ခြေပစ်လက်ပစ်လှဲချပြီး နား ်ကြသည်။ ထိုစဉ်မှာပင် တိရစ္ဆာန်ဆရာဝန် ဦးဝင်းမောင်က ထိုင်ရင်းမှပင် မျောက်အုပ်ကြီးတစ်အုပ် ခပ်လှမ်းလှမ်းမှ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် ပြောင်းဆန်အောင်ပြေးလွှားဆော့ကစားနေသည်ကို လက်ညှိုးညွှန်ပြလေသည်။

"မျောက်သွေးကို အရက်နဲ့ ရောသောက်ရင် ပေါ်မှန်းအားတိုးတယ် ပြောကြတယ်၊ ဟုတ်သလား မြို့ပိုင်ကြီး"

ဟု ဆိုလေသည်၊ ကျွန်ုပ်က-

"ကျုပ်တော့ တစ်ခါမှ စမ်းမကြည့်ဖူးဘူး၊ ဒါပေမယ့် အနုလိုစားဝိုင်းသောက်ဝိုင်းမှာတော့ ပြောသံကြားဖူးပါရဲ့"

ဟု ပြောပြီး မျောက်များ၏ ပုံစံအမျိုးမျိုးဖြင့် လှုပ်ရှားနေသည်ကိုသာ ဆက်ပြီး ကြည့်နေလိုက်သည်။

မျောက်မှန်သမျှသည် အချိန်ပြည့် ဆော့နေကြသည်မဟုတ်ပေ။ တချို့ မျောက်များသည် ၎င်းတို့ အချင်းချင်း အမွေးများကို ဖြဲပြီး တစ်ယောက်တစ်လှည့်စီ သန်းရှာပေးနေကြလေသည်။ တချို့ မျောက်များက ကျွန်ုပ်တို့ လူအုပ်ကို ကြည့်ပြီး ဒေါသဖြစ်နေဟန်ဖြင့် မျက်လုံးပြူးလိုက် သွားဖြဲပြလိုက် လုပ်နေသကဲ့သို့ တချို့က ကျွန်ုပ်တို့အား အလွန်အမင်း ရွံရှာမုန်းတီး စက်ဆုပ်သည့် အကြည့်မျိုးဖြင့် ကြည့်နေကြသည်။

ထိုသစ်ပင်ကြီး တစ်ပင်တည်း၏ အပေါ်မှာပင် မျောက်စပ်၊ မျောက်ကျွဲနှင့် မျောက်လွှဲကျော် ၃ မျိုးလုံးကို တစ်စုတည်း တွေ့ရသည်။ ထိုသို့ ကျွန်ုပ်စိတ်ဝင်တစား ကြည့်နေခိုက်တွင် အလျားကောင်းကောင်း လက်ဆံ လက်မောင်းရှည်ရှည် မျောက်လွှဲကျော်ကြီးတစ်ကောင်သည် ကျွန်ုပ်စိတ်ဝင်စားနေမှန်းသိ၍ ထင်သည်။ ၎င်း၏ အထူး ကစားကွက် တစ်ကွက်ကို လုပ်ပြလေသည်။ ၎င်း၏ ရှည်လျားသော အမြီးကြီးအား သစ်ကိုင်း တစ်ကိုင်းတွင် ရစ်ပတ်ထားလိုက်သည်။





ပြီးမှ ၎င်း၏ လက်တစ်ဖက်က အနီးရှိ မျောက်ပေါက်လေးတစ်ကောင်အား လည်ကုပ်မှ ဖမ်းဆွဲကိုင်လိုက်ပြီး ကျန်လက်တစ်ဖက်ကို လွှတ်လိုက်ရာ အောက်သို့ ပြုတ်ကျသွားတော့မည်လို့ ထင်လိုက်ရ၏။ ကျွန်ုပ်က ၎င်းတို့ ၂ ကောင်လုံး အောက်သို့ ပြုတ်ကျသွားပြီဟု ထင်လိုက်ပြီး ဒုက္ခပဲဟု ထိတ်လန့်တကြား အော်လိုက်မိသည်။

သို့ရာတွင် ၎င်း၏ခိုင်မြဲစွာ ရစ်ပတ်ထားသော အမြီးကြောင့် အောက်သို့ ပြုတ်ကျမသွားဘဲ လေထဲတွင် တွဲလောင်းဖြစ်ပြီး နာရီချိန်သီးကြီးကဲ့သို့ တစ်ဖက်မှ တစ်ဖက်သို့ လှုပ်ယမ်းလျက်ရှိလေ၏။ တစ်ချိန်တည်းမှာပင် လက်တစ်ဖက်မှ မျောက်ကလေးအား ဆုပ်မြဲဆုပ်ကိုင်ထားလျက်ရှိလေသည်။

ထို့နောက် မျောက်ကြီးသည် ဘယ်ညာ လွှဲယမ်းပြီး ချိန်ကိုက်ဖြစ်အောင် အမြီးကို ဖြုတ်ချလိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် သစ်ကိုင်းတစ်ကိုင်းကို ဆွဲကိုင်လိုက်နိုင်သည့် အပြင် မျောက်ကလေးကိုပါ သစ်ကိုင်းတစ်ကိုင်းအား ဆုပ်ကိုင်မိသည်ထိ စွမ်းဆောင်ပေးနိုင်သည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ် ယနေ့ အသိပညာ တိုးလာသည်မှာ မျောက်များသည် ခြေလက်လေးချောင်းလုံးဖြင့် သစ်ပင်သစ်ကိုင်းများကို ဆွဲကိုင်နိုင်သကဲ့သို့ ၎င်းတို့၏ အမြီးဖြင့်လည်း ဆွဲပတ်နိုင်သည်ကို တွေ့ရခြင်းပင်ဖြစ်သည်။

ထိုစဉ်မှာပင် ကိုအောင်ထွန်းက

"ဒီနေ့တော့ ပြောင် မတွေ့ရတော့မယ်အတူတူ ဟင်းစားရအောင် တောခြောက်ပြီး ဂျီဖြစ်ဖြစ်၊ တောဝက်ဖြစ်ဖြစ် ပစ်ကြည့်ရအောင်"

ဟု သူ့စိတ်ကူးကို ပြောရာ ဦးမောင်ကြီးက "ကောင်းသားပဲ" ဟု ထောက်ခံလေ၏။ ကျွန်ုပ်က "ကောင်းမယ်ထင်တာကိုသာ လုပ်ပါ" ဟု ပြောလိုက်လေသည်။

သို့ဖြင့် ကျွန်ုပ်တို့သည် တော ခြောက်ပြီးပစ်ကြရန် အစီအစဉ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ကိုအောင်ထွန်း၊ ကျွန်ုပ်၊ ဦးဝင်းမောင်၊ ဦးမောင်ကြီးနှင့် ရဲ ၂ ယောက်တို့သည် ပြောင်နှင့် အမဲကြီးတွေမှသာ ပစ်ရန်မှာထားလိုက်သည်။ တောခြောက်မည့်သူများသည် ကျွန်ုပ်တို့ နေရာယူထားသည့်နေရာကို မှတ်သားပြီး ရှေ့ဘက် တစ်မိုင်လောက်အထိ တိတ်တဆိတ် ထွက်သွားကြလေသည်။

မိနစ် ၄၀ လောက်ကြာလျှင် တောလှန့်သံ စတင်ကြားရလေ၏။ ကြက်တူရွေးများ အုပ်လိုက်ထပျံလာကြလေ၏။ အရှေ့ဘက် ခပ်လှမ်းလှမ်းဆီမှ မျောက်များအော်ကြသံဖြင့် ဆူရူညံညံကြားရ၏။ ဂျီ၊ ဒရယ်နှင့် တောဝက်ကဲ့သို့ သားကောင်ငယ်များ ကြောက်လန့်တကြား ပြေးလာကြ၏။ သို့ရာတွင် မိမိတို့ ပစ်မှတ်အတွင်း မဝင်သည်တစ်ကြောင်း၊ အလွန်မြန်သော လှုပ်ရှားပစ်မှတ်များကို လျှပ်တစ်ပြက် ပစ်ခတ်နိုင်သော ..လေ့အကျင့် မရှိသည်တစ်ကြောင်း၊ ..န်သား မကိုက်ဘဲ ရှိနေသည်တစ်ကြောင်းတို့ကြောင့် တစ်ချက်မှ မပစ်လိုက်ရဘဲ လွတ်ထွက်ကုန်တော့သည်။

နောက်တစ်သုတ် ထွက်ပေါ်လာသည်မှာ မျောက်အုပ်ဖြစ်လေသည်။ တချို့သည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့လည်းကောင်း၊ တချို့သည် ကုန်းကြောင်းလျှောက်၍လည်းကောင်း ပြည်သူ့ပျောက်ကြားစစ်ဆင်ရေး ဆင်နွှဲနေသကဲ့သို့ သင့်ရာနည်းဖြင့် ချီတက်လာနေကြခြင်း ဖြစ်လေသည်။ ၎င်းတို့ ကံဆိုးသည်မှာ ယခု ကျွန်ုပ်တို့နေရာယူထားသည့်နေရာသည် မြင့်မားသည့် သစ်ပင်ကြီးများ နည်းပါးပြီး တယ်ပင်၊ ဆီးဖြူပင်ကဲ့သို့ အပင်ပုများသာ ရှိသောနေရာမျိုးဖြစ်နေလေသည်။ သို့ဖြစ်ရာ တောခြောက်သူများကို တိမ်းရှောင်ရန် သစ်ပင်ထိပ်ဖျားသို့ တက်ပြီး ပုန်းကွယ်ရန် အခွင့်အလမ်းမကောင်းပေ။

မျောက်များသည် သစ်ပင်များပေါ်တွင် အစွမ်းပြနိုင်ကြသော်လည်း





ယခုကဲ့သို့ မြေကြီးပေါ်ဆင်းပြီး သွားကြရသောအခါတွင် ပင်ပန်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းနှင့် မြက်တောများကို မကျော်လွှားတတ်ခြင်းတို့ကြောင့် မျက်နှာငယ်ကလေးများဖြင့် စိတ်ညစ်သွားကြပုံရ၏။

ထိုအထဲတွင် မျောက်ညိုခေါ် မျောက်ကျွဲကြီးများသည် အဆိုးဆုံးဖြစ်နေသည်ကို တွေ့ရ၏။ ထို့အပြင် မျောက်စစ်စစ်ဖြစ်နေပါလျက် သစ်ပင်ပေါ်မှ လိမ့်ကျရသည့် မျောက်မျိုးလည်း ရှိလေသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို လုံလုံပြီပြီ သစ်ပင်ချုံပုတ်နှင့် တောင်ပို့တို့တွင် မျက်ကွယ်ဖြစ်အောင် ပုန်းအောင်းနေလင့်ကစား သစ်ပင်ပေါ်မှ မျောက်များအနေဖြင့်မူ ကျွန်ုပ်တို့အား ရဟတ်ယာဉ်ပေါ်မှ မြင်နေရသကဲ့သို့ ရှိပေလိမ့်မည်။

ထိုအချိန်တွင် ကျွန်ုပ် မျက်စိရှေ့မှာပင် ထူးခြားသောဖြစ်ရပ်တစ်ခု ရုတ်တရက်ဖြစ်ပွားခဲ့လေသည်။ တချို့ မျောက်များသည် တစ်ပင်နှင့်တစ်ပင် အလှမ်းဝေးသောနေရာတွင် ခုန်ကူးမရနိုင်သောအခါ ချောတိုင်တက်သမားကဲ့သို့ အောက်သို့ပြန်ဆင်းပြီး နောက်တစ်ပင်သို့ မြေပြင်မှ လျှောက်သွားကြရသည်။ တချို့မှာ အနီးဆုံးအပင်ကို ခုန်ကူးရာ လိုရာမရောက်ဘဲ အောက်သို့ မရှုမလှကျသွားသည်ကိုပါ တွေ့ရသည်။

ယခင်က ကျွန်ုပ်အထင်ရှိခဲ့သည်မှာ မျောက်များသည် သဘာဝက ပေးထားသော စွမ်းပကားဖြင့် အဝေးခုန်နှင့် အမြင့်ခုန်တို့တွင် ကျွန်ုပ်တို့ လူသားများထက် သာလွန်သည်ဟူ၍ဖြစ်၏။ ယခု ကျွန်ုပ်ရှေ့ရှိ မျောက်များမှာ ထိုသို့မဟုတ်ပေ။ လူသားများနည်းတူပင် ဖြစ်လေသည်။ ထူးခြားသည်မှာ မျောက်များက ခြေမြဲလက်မြဲသောကြောင့် သစ်ကိုင်းသစ်ခက်များကို အချိန်မီဆုပ်ကိုင်ထားလိုက်နိုင်ခြင်းသာ ဖြစ်သည်။

ကျွန်ုပ်ရှေ့ရှိ သစ်ပင်ကတုံးကြီးပေါ်သို့ တက်မိသော မျောက်ကျွဲအုပ်စု ၁၀ ကောင်ခန့်သည် ခေါင်းဖျား



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ ဆက်လက်တက်ရန်မရှိတော့သဖြင့် အရင်ဆုံး ရောက်နှင့်သော အကောင် ၃ ကောင်က ထိပ်ဖျားတွင် ထိုင်နေတော့၏။ အောက်က နောက်ထပ်တက်လာသော အကောင်များက အတော်ကြာအောင် ကြိုးစားပြီး ဖက်တွယ်ထားသော်လည်း နောက်က တောခြောက်သမားတို့ တဖြောင်းဖြောင်း တဒိုင်းဒိုင်းမြည်အောင် ရိုက်ပုတ်ခြောက်လှန့်သံများကို ကြားရသောအခါ မထူးပြီ။ ဖြစ်ချင်ရာဖြစ်စေတော့ဟု စိတ်ပေါက်ပြီး အနီးဆုံးဟုထင်ရသော ပေ ၃၀ ခန့်ကွာလှမ်းသည့် သစ်ပင်ဆီသို့ ခုန်ကူးလိုက်ကြလေသည်။ ထိုသို့ခုန်ကူးသော မျောက်အားလုံး အောက်ကချုံပုတ်ထဲသို့ မရှုမလှ ကျဆင်းသွားကြရလေ၏။ ၎င်းတို့၏ မျက်နှာများကို ကြည့်ပြီး နာကျင်သွားကြောင်း သိနိုင်သည်။

ထိုအထဲတွင် သစ်ပင်ပေါ်သို့ တက်ရန် နေးကွေးနေသော မျောက်ကျွဲကြီးတစ်ကောင်သည် ကုန်းကြောင်းလျှောက်ပြီး ကျွန်ုပ် အကာအကွယ်ယူထားသော တောင်ပို့ဆီသို့ တည့်တည့်မတ်မတ်လာနေသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်တို့ မှဆိုးများသည် မျောက်ဆိုလျှင် မည်သည့်မျောက်ကိုမျှ ပစ်ခတ်စားသောက်လိုခြင်း မရှိကြချေ။ မျောက်ကိုပစ်လျှင် ကံဆိုးတတ်သည်ဟု ယူဆထားကြသည်။ နောက်တစ်ချက်မှာ မျောက်များသည် လူနှင့်ဟန်ပန်အနေအထားမှစ၍ အတော်အတန် နီးစပ်မှုရှိနေသောကြောင့် များစွာကြင်နာသနားစိတ်ဝင်နေသောကြောင့် ဖြစ်သည်၊ ထို့အတူ မျောက်အသွေးအသားသည် စားသောက်၍ မကောင်းသောကြောင့်လည်းတစ်ကြောင်း ဖြစ်လေသည်။

ထိုမျောက်ကြီးမှာ အခြားမျောက်များထက် သိသိသာသာပင် ကြီးမားတုတ်ခိုင်နေသကဲ့သို့ လေးလံနေးကွေးလျက်ရှိသည်ကို တွေ့ရ၏။ တဖြည်းဖြည်း တိုးကပ်လာလေရာ ကျွန်ုပ်နှင့် ထိပ်တိုက်တိုးပြီး ကျွန်ုပ်အား အန္တရာယ်ပေးနိုင်ပေသည်။ သို့ဖြင့် ကျွန်ုပ်နှင့် (၁၀)ပေအကွာလောက်ရောက်သောအခါ ရုတ်တရက် ထရပ်လိုက်ရင်း ပါးစပ်မှ ရှူးခနဲ အသံပြုပြီး သေနတ်ဖြင့် ယမ်းထုတ်လိုက်သည်။

သို့ဖြစ်ရာ မျောက်ကြီးသည် လန့်ပြီး သွားကိုဖြီးပြလျက် ကျွန်ုပ်ဝဲဘက် ၁၅ ပေကျော်ကျော်တွင် နေရာယူထားသော ဦးဝင်းမောင်ဆီသို့ ခွတ်ပြီးဝင်ပြေးလေ၏။

မကြာမီမှာပင် ဦးဝင်းမောင်ထံမှ "အမလေးဗျ" ဟု အော်သံနှင့်အတူ သေနတ်သံတစ်ချက်ကို ကြားလိုက်ရလေသည်။

"ဒိုင်း"

သေနတ်သံကြောင့် တောကြီးတစ်ခုလုံး ရုတ်တရက် ငြိမ်ကျသွားတော့သည်၊ ကျွန်ုပ်သည် ချက်ချင်းပင် ဦးဝင်းမောင်ဆီသို့ ပြေးကြည့်လိုက်သည်။ ကျွန်ုပ် ခြောက်လွှတ်လိုက်သော မျောက်ကြီးသည် အထိနာသွားပုံရသည်။ သွေးအိုင်ထဲတွင် လဲကျသေဆုံးလျက်ရှိသည်။

တွေ့လိုက်ရသော အနိဋ္ဌာရုံမြင်ကွင်းကြောင့် ကျွန်ုပ်မှာ များစွာစိတ်မကောင်းဖြစ်သွားရသည်၊ ပို၍စိတ်မကောင်းဖွယ်ဖြစ်ရသည်မှာ ထိုမျောက်ကြီးမှာ သားသည်မိခင်မျောက်မကြီးတစ်ကောင် ဖြစ်နေခြင်းပင် ဖြစ်သည်။ မွေးကင်းစ မျောက်ကလေးတစ်ကောင်သည် မိခင်၏ဝမ်းဗိုက်ကို တင်းနေအောင် ဖက်တွယ်ထားရင်း သေသွားသော ၎င်း၏မိခင်မျောက်မကြီး၏နို့ကို အရအမိသောက်စို့နေဆဲဖြစ်သည်။

ခေတ္တကြာလျှင် မျောက်မကြီး၏ သွေးလည်ပတ်မှု ရပ်ဆိုင်းသွားမှုနှင့်အတူ နို့လွှတ်ပေးသော သဘာဝသွေးကြောများလည်း ပိတ်သွားပုံရ၏။ သူ့အမေနို့ကို ချွတ်လိုက်ပြီး သူ့အား ငုံ့ကြည့်နေသော ကျွန်ုပ်တို့ဆီမော့ပြီး အကူအညီတောင်းနေသည်လား၊ ဒေါသကြီးနေသည်လား မခွဲခြားတတ်။ လျှာနီအာနီနှင့် ၎င်း၏ပါးစပ်ကလေးဟပြီး ကု[illegible]ကုန်ကျယ်







www.burmeseclassic.com

www.burmeseclassic.com



သည်ထင်ရလောက်အောင် အော်လေတော့၏။

ကျွန်ုပ်သည် ကျွန်ုပ်ရုံးစိုက်ရာတိုက်နယ်ဆေးရုံသို့ လာပြသော မွေးစကလေးများ နှုတ်ခမ်းများ ပျာနေအောင် ငိုယိုကြသည်ကို မျက်စိထဲမြင်ယောင်လာပြီး မျက်နှာလွှဲထားလိုက်ရသည်။ ကျန်လူများလည်း မကြာခင် စုရုံးရောက်ရှိလာကြပြီး မျက်စိမကောင်း မျက်နှာမကောင်းဖြစ်ကြလေသည်။

မုဆိုးများပင်ဖြစ်လင့်ကစား ဘဝဆိုးလှသော ဤမျောက်သားအမိဖြစ်စဉ်ကို တွေ့ကြရာတွင် အားလုံး ကြေကွဲဝမ်းနည်းနေကြပုံရ၏။ ကျွန်ုပ်တစ်သက်တွင် အမဲကောင်သေသည်ကို ကြေကွဲဝမ်းနည်းသွားသောမုဆိုးများကို ယခုတစ်ကြိမ်သာ မြင်ဖူးခဲ့လေသည်။

ထိုအချိန်တွင် စိတ်လှုပ်ရှားသွားဟန်ရှိသော အရင်က ဦးဝင်းမောင်နှင့် ဖက်လှဲတကင်းနေလေ့ရှိသည့် ရွာသားတစ်ယောက်က . . .

"ဆရာရယ် . . . တိရစ္ဆာချင်း အတူတူ ဘာကြောင့်များ အခုလို အသေပစ်လိုက်ရတာလဲ"

ဟု အရွှန်းဖောက်လိုက်လေသည်။ သို့ရာတွင် တစ်ယောက် တလေကမှ ရယ်မောခြင်းမပြုနိုင်ကြပေ။

ထိုနေ့ နေ့လယ်ပိုင်းတွင် ဦးဝင်းမောင်သည် မိမိ၏ မှားယွင်းပစ်ခတ်မှုအတွက် မျက်နှာတစ်ခုလုံး ရဲနေသည်။ နေမကောင်းဟုဆိုပြီး မြို့သို့ပြန်ရန် ခွင့်တောင်းသည်။ သူ့အခြေအနေကို ရိပ်မိ၍ လွယ်လွယ်ပင် ခွင့်ပေးလိုက်သည်။

ထိုစဉ် ရွာသားတစ်ယောက်က ကျွန်ုပ်ထံလာပြီး . . .

"မနေ့ညပိုင်းက ရွာက ကောင်လေးတစ်ယောက် မြို့ကပြန်လာတယ်။ ဦးဝင်းမောင်ရဲ့မိန်းမ ကိုယ်ဝန်အရင့်အမာကြီးနဲ့ အသည်းအသန်ဖြစ်နေတယ်။ စိုးရိမ်ရတယ်လို့ ပြောတယ်" ဟု ဆိုလေ၏။

ဒီသတင်းကို သူ မသိသေးဘူးလား"





ဟုမေးရာ မသိသေးလို့ မြို့ပိုင်တို့နဲ့ လိုက်လာတာနေလိမ့်မယ်ဟု ထင်ကြေးဖြင့် ပြောဆိုလေသည်။ ကျွန်ုပ်ခွင့်ပေးလိုက်သည်မှာ မှန်သွားသည်ဟု ထင်လိုက်မိသည်။ ဦးဝင်းမောင်သည် ကျွန်ုပ်မြို့နယ်ခွဲအတွက် ခန့်ပေးထားသော လက်ထောက် တိမွေးကုဆရာဖြစ်သည်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား စကားနည်းပြီး အေးဆေးစွာနေတတ်သူဖြစ်သည်။

ထိုနေ့ နေ့လယ်ပိုင်းတွင် သစ်ခေါင်းရှိသော သစ်ပင်ခြောက်ကြီးတစ်ပင်ကို မီးဖြင့်တိုက်ရာ ၃-၄ ပိသာခန့် ဖွတ်မွဲကြီးတစ်ကောင် ရသည်။ ညနေစာကို ဖွတ်သားဟင်း၊ ပဒတ်စာဟင်းချို၊ ဆီးဖြူသီးငရုတ်သီးထောင်းတို့ဖြင့် စားရင်း အရက်သောက်ကြသည်။ ကျွန်ုပ်သည် ဖွတ်သားဟင်းတုံးကြီးများကို ကြည့်ပြီး မစားရဲသောကြောင့် အရက် ၂ ခွက်ကုန်အောင်သောက်ပြီးမှ စားလိုက်နိုင်တော့သည်။

ထိုညနေပိုင်းတွင် သောက်ရေအိုင်တစ်ခုအနီးရှိ ဇင်ပြွန်းပင်ကြီးတစ်ပင်ပေါ်တွင် အရင်မုဆိုးများ ဆောက်ထားခဲ့သော လင့်စင်ပေါ်၌ ကျွန်ုပ်အား နေရာချထားပေးကြသည်။ တောဝက်နှင့်ဆတ်များ လာတတ်သည်ဟုဆိုသည်။ သို့ရာတွင် လင့်စင်ပေါ်ရောက်ပြီး မကြာမီပင် ယခင်က အိပ်ရေးပျက်ထားသောကြောင့်လည်းကောင်း၊ အရက်မူးလွန်သွားသောကြောင့်လည်းကောင်း သို့မဟုတ် ဖွတ်သားစားမိရာမှ အကြောတက်သောကြောင့်လည်းကောင်း စောစီးစွာ အိပ်ပျော်သွားခဲ့လေသည်။

ကျွန်ုပ်နိုးလာသောအခါ ပထမဆုံး ရေသံများကိုကြားရ၏။ သေသေချာချာနားစွင့်ကြည့်ရာ အိပ်မောကျပြီး ဟောက်နေသံများ ဖြစ်ကြ၏။ အောက်ဘက် စမ်းချောင်းရှိရာဆီမှ တကွတ်ကွတ်မြည်ရင်း သားချော့နေသော ရေကြက်မ သို့မဟုတ် တောကြက်မတစ်ကောင်ကောင်၏အသံကို ကြားနေရသည်။ ထို့အပြင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များမှာ ကျွန်ုပ်တို့လူများနှင့် အတူ အပြိုင်အိပ်မောကျနေဟန် ရှိလေသည်၊ တစ်တောလုံး ငြိမ်သက်နေသည်။

အရှေ့ဘက်ဆီက ရောင်နီပျို့လာချိန်တွင် ပထမဆုံးခါတွန်သံ၊ ဒုတိယ တောကြက်တွန်သံနှင့် တတိယ ကျီးဟောက်သံများနှင့် သစ်တောက်ငှက် သစ်ခေါင်းခေါက်သံ၊ ဥဩတွန်သံ၊ သပိတ်လွယ်ငှက်အော်သံနှင့်အတူ ကျီးကန်းများ တအားအား အော်ရင်း စည်းကမ်းမဲ့ ပျံသန်းနေကြသံကို ကြားရသည်။

နံနက် ၇ နာရီလောက်တွင် ခေါပုတ်နှင့် အမဲခြောက်ဖုတ်တို့ကို အဆာပြေစားပြီးကြသောအခါ ဆက်လက်ပြီး ပြောင်ကြီးအား ရှာပုံတော်ဖွင့်ရန် လုပ်ငန်းစဉ်ချမှတ်ကြသည်။ လက်ရှိစခန်းနေရာကို ဗဟိုပြုပြီး ၂ မိုင်ပတ်လည်အတွင်း တောနင်းကြရန်ဖြစ်သည်။ လူ ၂ ယောက်စီခွဲပြီး အရပ်လေးမျက်နှာကို ထွက်ခွာကြရမည် ဖြစ်သည်။ ပစ်ခတ်မှုများယွင်းခြင်း မရှိစေရန် ကျွန်ုပ်ကိုယ်တိုင် ကြပ်ကြပ်မတ်မတ်မှာလိုက်ရသည်။

ညနေ ၃၂ နာရီလောက်တွင် တောင်ဘက်မျက်နှာထွက်သွားကြသော ပြည်သူ့စစ် နှစ်ယောက်တို့သည် ရွာသားတစ်ယောက်အပြင် ကျွန်ုပ်၏စာရေးပါလိုက်ပါပြီး ကျွန်ုပ်ဆီ ပြန်ရောက်လာသည်၊ တစ်ခုခု ထူးခြားမှုရှိသည်ကို ကျွန်ုပ် စာရေး လိုက်လာသည်ကို ထောက်ပြီး သဘောပေါက်လိုက်သည်။ ကျွန်ုပ် စာရေးက . . .

"နံနက် ၉ နာရီလောက်က နလက ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ ချောင်းနားရုံးကို ရောက်နေကြောင်း၊ ရောက်ရောက်ချင်း လိုက်ခေါ်ခြင်း ဖြစ်ကြောင်း သတင်းပို့သည်။

ကျွန်ုပ်သည် ဦးမောင်ကြီးအား

"ကိုင်း . . . ကျုပ်လိုက်သွားတော့မယ်။ ခင်ဗျားကတော့ ညဘက် နလကဥက္ကဋ္ဌနဲ့ တွေ့ဖို့လိုက်ခဲ့။ ကိုအောင်ထွန်းကိုတော့ ပြောင်ရအောင် ဆက်ပြီး ကြိုးစားပါဦးလို့ ပြောလိုက်"





ဟု မှာခဲ့ပြီး ကျွန်ုပ်တို့ ထွက်လာခဲ့ကြသည်။ ကျွန်ုပ်တို့သည် ရှမ်းကလုံးမှတစ်ဆင့် စက်ဘီးကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။ နွေလမ်းဖြစ်၍ ရှမ်းကလုံးမှ ချောင်းနား ကျွန်ုပ်ရုံးစိုက်ရာသို့ တစ်နာရီခန့်သာ နင်းရသည်။

ကျွန်ုပ်ရောက်သောအခါ ကျွန်ုပ်ရုံးအောက်ထပ်တွင် နလကဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများကို စားပိုင်းသောက်ပိုင်းများဖြင့် ဧည့်ခံထားသည်ကို တွေ့ရသည်။ နလကဥက္ကဋ္ဌ ဗိုလ်ကြီးမောင်မောင်လေးမှာ ကောလင်းမြို့ ခမောက်တောင်အနီးရှိ နတ်တောင်တွင် မီးလွတ်စားပြီး တရားထိုင်နေချိန်ဖြစ်၍ အရက်ဝိုင်းတွင် မထိုင်ဘဲ အသီးအရွက်နှင့် အခြားစားစရာများကို ပြင်ဆင်ပေးထားသည်ကို တွေ့ရ၏။

ကျန်ဌာနဆိုင်ရာများဝိုင်းတွင် အဖော်ယမကာနှင့် မြည်းစရာ သားငါးများ အမောက်အလျှံလုပ်ပေးထားသည်။ ဟချို့ မြည်းစရာများကို ကျွန်ုပ်မသိသဖြင့် လက္ကားခွဲတာဝန်ခံ ဦးလောစု (ကုန်သွယ်ရေး) ကို မေးကြည့်ရာ . . .

"အဖျော်ယမကာက ကျွန်တော် ရမ်နှစ်လုံးနဲ့ ဘီယာတစ်ဒါဇင် လုပ်ပေးထားပါတယ်။ ကြက်သား ကာလသားဟင်းနဲ့ ငါးကြော်၊ ဥက္ကဋ္ဌ အတွက် သက်သတ်လွတ်ဟင်းတွေကိုတော့ ရွာထဲက ဦးဖိုးရင် လကာသသ ဥက္ကဋ္ဌ လာပို့ပါတယ်။ မြို့ပိုင်တို့ ရှမ်းကလုံးက၊ ပို့လိုက်တဲ့ ဆတ်မြေမနင်းသားဆိုလား အဲဒါကို တစ်ဝက်ကို ကြော်ပြီး အ[illegible]ည်းလုပ်ထားပါတယ်။ ကျန်တစ်ဝက်ကတော့ ပါလာတဲ့ လူကြီးသုံးဦးတို့က အရက်ထဲထည့်ပြီး ဆေးဖော်သောက်ချင်ဖို့ တောင်းတာနဲ့ နည်းနည်းစီခုတ်ပိုင်းပြီး ထုတ်ပေးလိုက်ရတယ်။ ကျွန်တော့်အတွက်တောင် မကျန်တော့ဘူး။ နောက်ပြီး ရွာထဲကရတဲ့ လင်းယုန်ငှတ်တုတ် ဆိုတာကိုလည်း ကာမအားတိုးတယ်၊ အမြင်အာရုံ ကောင်းတယ်ဆိုပြီး ထုတ်ပေးလိုက်ရတယ်"

ဟု ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ကြည့်ရသည်မှာ အားလုံးပင် အဆင်ပြေနေသည်ကို တွေ့ရသည်။ ရယ်စရာ၊ မောစရာ လမ်းအတွေ့အကြုံနှင့် ယနေ့ရထားသော ဆတ်မြေမနင်းသားအကြောင်း ပြောကြရင်း အားပါးတရရှိနေသည်ကို တွေ့ရသည်။

ညစ်ခံကျွေးမွေးရပြီး နောက်ပိုင်း ည (၇)နာရီကျော်လောက်တွင် နလက ဥက္ကဋ္ဌ၊ မြို့နယ်ဌာနဆိုင်ရာများ ကျေးရွာကော်မတီများ ဆွေးနွေးပွဲပြုလုပ်ကြရာ ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး ရှမ်းကလုံး အ.မ.က ကျောင်းသစ်ဆောက်ရန်အတွက် ရန်ပုံငွေရရှိရေးကို တင်ပြဆွေးနွေးကြသည်။ နလကဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့၏ အရေးထောက်ခံမှုကို ရခဲ့သည်။

ထိုစဉ်မှာပင် ရှမ်းကလုံးပြည်သူ့စစ်ခေါင်းဆောင် ကိုအောင်ထွန်းသည် ပြောင်ချိုကြီးအား ထမ်းပြီး ကျွန်ုပ်ဆီရောက်လာလေ၏။ ကျွန်ုပ်တို့လိုချင်သော ပြောင်ကြီးကို ပစ်ခတ်ရရှိခဲ့သဖြင့် ပြောင်သားအချိန် ၂၀၀ ကျော်ကို ခွဲဝေယူကြပြီး ပြောင်ချိုကြီးအား လာပို့ခြင်းဖြစ်သည်။ ကျွန်ုပ်သည် လူအများရှေ့မှာပင် ပြောင်ချိုကြီးအား နလကဥက္ကဋ္ဌအား ပေးအပ်နိုင်းလိုက်ရာ ဌာနဆိုင်ရာများက . . .

"မြို့ပိုင်ကြီး ကျောင်းရန်ပုံငွေ ရဖို့သေချာပါပြီ။ စောစောက လင်းယုန်ငှတ်တုတ်နဲ့ ဆတ်မြေမနင်းသား၊ အခုတစ်ခါ ပြောင်ချိုကြီးယူလာပြန်ပြီ"

ဟု ချီးမြှောက်ပြောဆိုရင်း တဝါးဝါးပွဲကျနေကြလေသည်။

နောက်တစ်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးသောအခါ နလကဥက္ကဋ္ဌနှင့်အဖွဲ့တို့ ကောလင်းမြို့သို့ ပြန်လည်ထွက်ခွာကြသည်။

ထိုအခါရောက်မှ စောစောက ပြောသွားကြသော လင်းယုန်ငှတ်တုတ်နှင့် ဆတ်မြေမနင်းသားအကြောင်း ကျွန်ုပ်၏စာရေးအား မေးကြည့်ရဖော့သည်။





"မင်းလည်းကြားမိမှာပါ။ ညကတည်းက ဒီလင်းယုန်ငှတ်တုတ်နဲ့ ဆတ်မြေမနင်းသားအကြောင်းကို ပြောနေကြတယ်၊ ငါတို့ရတဲ့အထဲမှာ အဲဒီ ၂မျိုးစလုံး မပါဘူး၊ ငါ မရှင်းလို့ အဲဒါ ပြောပြစမ်းပါဦး"

ထိုအခါ စာရေးမောင်ခင်မောင်မြင့်က သဘောကျဟန်ဖြင့် အားပါးတရ ရယ်မောလိုက်ပြီး . . .

"ကျွန်တော်က မြို့ပိုင်သိထားပြီးသား အောက်မေ့လို့။ လင်းယုတ်ငှတ်တုတ်ဆိုတာက လင်းတကြီးကို ပြောတာပါ။ အဲဒါက ကျောက်တိုးဆရာသန်းဝင်းရဲ့လက်ချက်ပေါ့။ မြို့ပိုင်တို့ မလာခင် ၂ ရက်လောက်က သူကြက်သားချက်တယ်။ ချက်ပြီးလို့ သူရွာထဲသွားနေတုန်း ခွေးဝင်စားသွားတယ်။ ဘယ်ခွေးမှန်း သေသေချာချာ မသိရဘူး၊ ဒါပေမဲ့ သန်းဝင်းက ဒေါသထွက်ပြီး ခွေးမြင်တာနဲ့ လိုက်သတ်တယ်။ ခွေးနှစ်ကောင် သေတယ်။ တစ်ကောင်ကို အူအသည်းတွေထုတ်ပြီး ချက်စားတယ်။ ကျန်အသေကောင်တစ်ကောင်ကို ဂတ်ကုန်းဘေးက လယ်ထဲကို သွားပစ်တယ်။ မနေ့မနက်က လင်းတတွေကျတော့ ရွာထဲက ကောင်လေးတစ်ယောက် ပစ်လို့ လင်းတတစ်ကောင်ရလိုက်တယ်။ လင်းတကြီးကို အမွေးအတောင်နုတ်ပြီး ကင်ထားတုန်းမှာပဲ မြို့က ဧည့်သည်တွေရောက်လာပြီး မေးတော့ လင်းတလို့ပြောရမှာ မကောင်းလို့ လင်းယုန်ငှတ်တုတ်လို့ ပြောလိုက်ပါတ ယ်။ ဆတ်မြေမနင်းသားဆိုတာကိုတော့ ကျွန်တော် သေသေချာချာ မသိဘူး။ ရှမ်းကလုံးမှာ တိရစ္ဆာန်ဆရာဝန် ဦးဝင်းမောင်ပစ်လို့ ရတာလို့ ပြောပါတယ်"

ဟု အသေးစိတ် ရှင်းပြလေသည်။

ဤမှာပင် ကျွန်ုပ်က ကြားဖြတ်ပြီး . . .

"တော်ပါပြီ . . . တော်ပါပြီ။ ငါ သဘောပေါက်ပါပြီ"

ဟုပြောရင်း မောင်ခင်မောင်မြင့်၏စကားကို ရပ်နိုင်းလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တွင်းနာ

ကာမရောဂါ၊ ကိုယ်တွင်းနာကား၊
ကုရာနတ္ထိ ဆေးမရှိ၊ မိမိပညာ
သတိသာလျှင် မဟာဩသဓ
ဆေးမည်စွရှင်၊

ကျွန်ုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ (၁၀) နှစ်ခန့်က ပဲခူးရိုးမအရှေ့ခြမ်းရှိ မြို့တစ်မြို့တွင် မြို့နယ်ရာဇဝတ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

တစ်ရက်တွင် မြို့၏အရှေ့ဘက် (၇) မိုင်ခန့်အကွာရှိ ရွာကြီးတစ်ရွာတွင် ထူးဆန်းသော လူသတ်မှုတစ်မှုဖြစ်ပွားခဲ့ပါသည်။ အဆိုပါ လူသတ်မှုနှင့်ပတ်သက်၍ လူသတ်တရားခံအား စုံစမ်းဖော်ထုတ်နိုင်ရန်နှင့် ခိုင်မာသော သက်သေအထောက်အထားများ ရနိုင်ရန် ခရိုင်ရာဇဝတ်တရားသူကြီးက ကျွန်ုပ်အား "ကော်ရိုးနား" ခေါ် သေမှုသေခင်း စစ်ဆေးရေးအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

သွေးရိုးသားရိုးမဟုတ်ဘဲ သေဆုံးမှုများနှင့်ပတ်သက်လျှင် ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ယခုကဲ့သို့ ဆောင်ရွက်လေ့ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်သည် ထိုလူသတ်မှုကို မျက်မြင်ကိုယ်တွေ့ စစ်ဆေးနိုင်ရန် အဆိုပါအခင်းဖြစ်ပွားရာ ကျေးရွာသို့ ကွင်းဆင်းပြီး လေ့လာဆောင်ရွက်ခဲ့ပါသည်။

အဆိုပါလူသတ်မှုမှာ လွယ်မယောင်နှင့် အလွန်ပင် ခက်ခဲနက်နဲသော အမှုမျိုးဖြစ်လေရာ အင်းစိန်စီအိုင်ဒီနှင့် မြို့ခံအမှုလိုက်တို့အပြင် ကျေးရွာဓလေ့ထုံးစံအတိုင်း ဗေဒင်ဆရာ၊ နတ်ဆရာနှင့် ပယောဂဆရာ အပါအဝင် ရွာခံနတ်ကတော်တစ်ဦးကိုပါ နတ်ကန္နားပွဲပေးပြီး မေးမြန်းစုံစမ်းခဲ့ပါသည်။

ဗေဒင်နှင့်နတ်စသည်တို့ကို မေးမြန်းစုံစမ်းခြင်းသည် ဥပဒေကြောင်းအရ သက်သေခံ မဝင်သော်လည်း စုံစမ်းထောက်လှမ်းသူများအတွက် တစ်စုံတစ်ရာ အထောက်အကူပေးနိုင်ကြောင်း ယုံကြည်လက်ခံကြပါသည်။

ထိုလူသတ်မှုမှာ အလွန်ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းသော အမှုတစ်မှုဖြစ်၍ အမှုတွင် ပါဝင်ပတ်သက်နေသော အဓိကသက်သေများဖြစ်ကြသည့်တက္ကသိုလ်ကျောင်းသား မောင်စိုးသန်း၊ ၎င်း၏ဖခင် ဦးစိန်ထွန်း၊ အသတ်ခံရသူ [ဦးစိန်ထွန်း၏ဇနီး] ဒေါ်စောမြ [နတ်ကတော်မှတစ်ဆင့်] တို့၏ ထွက်ဆိုချက်များကို စာဖတ်သူများ ဗဟုသုတအလို့ငှာ စာသားချောအောင် ပြန်လည် ရေးဖွဲ့ပြီး ဖော်ပြလိုက်ပါသည်။

× × ×

**တက္ကသိုလ်ကျောင်းသား မောင်စိုးသန်း၏ဝန်ခံထွက်ဆိုချက်**

ကျွန်တော်သည် ကျော်လှရွာ







www.burmeseclassic.com

www.burmeseclassic.com



နေ ဦးစိန်ထွန်းနှင့် ဒေါ်စောမြတို့၏ တစ်ဦးတည်းသောသား ဖြစ်ပါသည်။ ကျွန်တော့်မိဘများမှာ ရွာတွင် လယ်ဧကများစွာ ပိုင်ဆိုင်သော မြေပိုင်ရှင်များ ဖြစ်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် ကြွယ်ဝချမ်းသာသူများ ဖြစ်ကြပါသည်။

ကျွန်တော့်ဖခင်မှာ ရွာတွင် ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ဖြစ်သကဲ့သို့ ကျွန်တော့်မိခင်မှာလည်း ရုပ်ဆင်းအင်္ဂါချောမောလှပသည့်ပြင် 'မယားဝတ္တရားငါးပါးနှင့်အညီ အိမ်တွင်းမှုကိစ္စများတွင် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဆိုရိုးစကားနှင့်အညီ နိုင်နင်းစွာ စီမံဆောင်ရွက်နိုင်သူတစ်ယောက် ဖြစ်ကြောင်း ရွာသားများ၏ ချီးမွမ်းပြောကြားချက်အရ သိရပါသည်။

ကျွန်တော်တို့အိမ်မှာ ၂ ထပ်တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်ဖြစ်ပြီး ရွာတွင် အကောင်းဆုံးအိမ်ဖြစ်ပါသည်။ ကျွန်တော်သည် လယ်သမားစစ်စစ်၏သားတစ်ယောက်ဖြစ်သော်လည်း ကျွန်တော့်မိဘများက ပညာကိုသာ သင်စေခဲ့သောကြောင့် ယနေ့တိုင် ပညာကိုသာ သင်ကြားနေဆဲဖြစ်ပြီး လယ်ထဲသို့ လုံးဝမဆင်းခဲ့ဖူးပါ။

ရွာကျောင်းမှ စတုတ္ထတန်းအောင်ပြီးသောအခါ ဖြူးမြို့ရှိ အစိုးရအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများသို့ ဆက်လက်ပညာသင်ကြားရာမှ ယခုအခါတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာတန်းတွင် ပညာသင်ကြားနေဆဲဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီးပါက နိုင်ငံခြားထိ သွားရောက်ပညာသင်ကြားရန် ရည်မှန်းထားပါသည်။ ဤသို့နေလာရာမှ တစ်ရက်တွင် ကျွန်တော့်ဖခင်ကြီးထံမှ "မောင်စိုးသန်း အမြန်လာပါ" ဆိုသည့် ကြေးနန်းစာကို လက်ခံရရှိပါသည်။ မည်သည့်အတွက် ယခုကဲ့သို့ အရေးတကြီးခေါ်ယူရခြင်းဖြစ်သည်ကို ဖော်ပြထားခြင်းမရှိပါ။

ကျွန်တော်သည် မိဘစကားကို





လေးစားလိုက်နာတတ်သည့် သားတစ်ယောက်ဖြစ်သည့်အားလျော်စွာ ချက်ချင်းပင် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် မိုရာလော်ကယ်ရထားကို စီးနင်းပြီး မြို့သို့လိုက်ပါခဲ့ပါသည်။

ဘူတာရုံတွင် စောင့်ကြိုနေသော အမျိုးတစ်ယောက်က ခရီးရောက်မဆိုက်ပင် ကျွန်တော့်မိခင်ကြီး လူအသတ်ခံရကြောင်း အမင်္ဂလာ သတင်းကို ပြောပြပါသည်။

ရွာရောက်ပြီးနောက် စုံစမ်းသိရှိရသမျှမှာ ယခုကဲ့သို့ဖြစ်ပါသည်။

အခင်းမဖြစ်ပွားမီ တစ်ရက်က ဖခင်ဖြစ်သူသည် ရွာမှ (၇) မိုင်ခန့်ဝေးသော ဖြူးမြို့သို့ အလုပ်ကိစ္စတစ်ခုအတွက် သွားရောက်ခဲ့သော်လည်း အလုပ်အဆင်မချောသည့်အတွက် နေ့ချင်းပြန်လာခဲ့ရာ ညသန်းခေါင်ကျော်လောက်ရောက်မှ ရွာသို့ ပြန်ရောက်ခဲ့ကြောင်း၊ အိမ်ထဲဝင်သောအခါ အလုပ်သမားတွေကို မနှိုးသည့်ပြင် သော့အပိုလည်း ယူမထားမိသည့်အတွက် အိမ်ဘေးက ပတ်ပြီး နောက်ဖေးတံခါးဆီသို့ တိတ်တဆိတ် သွားခဲ့ကြောင်း၊ မင်းတုံးမထိုးဘဲထားသော နောက်ဖေးတံခါးပေါက်မှ ဝင်ရောက်ရန်ဖြစ်ကြောင်း၊ ထိုအချိန်မှာပင် ဖခင်၏အရင် ရောက်ရှိနေဟန်တူသော တစ်စုံတစ်ယောက်သည် နောက်ဖေးတံခါးကို အသာအယာ ဖွင့်ပြီးမှ ပြန်ပိတ်လိုက်သည့်အသံကို ကြားလိုက်ရကြောင်း၊ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သောအခါ မသင်္ကာဖွယ် လူတစ်ယောက်သည် သစ်ပင်မှောင်ရိပ်များဆီသို့ ပြေးဝင်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ခြင်းဖြစ်သည်ကို မသိရဘဲ အိမ်က အလုပ်သမားတစ်ယောက်ယောက်ဆီ လာရောက်ခြင်းဖြစ်နိုင်သည်ဟုသာ ယူဆခဲ့ကြောင်း၊ ဖခင်ကြီးသည် မင်းတုံးထိုးမထားသော နောက်ဖေးတံခါးပေါက်က ဝင်ပြီး လှေကားအတိုင်း တက်လာခဲ့ပြီးနောက် မိခင်ကြီး၏အိပ်ခန်းဆီသို့ မှန်းစမ်းပြီး လျှောက်သွားရာ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏အခန်းတံခါးမှာ ပွင့်လျက်သား ရှိနေသည်ကို တွေ့ရကြောင်း၊ အိပ်ရာကို စမ်းကြည့်သောအခါ အိပ်ရာပေါ်တွင် မိခင်ကြီးမရှိတော့ဘဲ ကြမ်းပြင်ပေါ် လျှောက်စမ်းတော့မှ တစ်နေရာတွင် ခန္ဓာကိုယ်ကြီးတစ်ခုကို တိုက်မိပြီး ဖခင်ကြီး လဲကျသွားခဲ့ရကြောင်း၊ နောက်ပိုင်း မီးထွန်းပြီး သေသေချာချာ စစ်ဆေးကြည့်ရာမှ ထိုလဲကျနေသူမှာ မိခင်ကြီးဒေါ်စောမြဖြစ်နေပြီး လည်ပင်းကို ညှစ်ပြီး ရက်စက်စွာ အသတ်ခံထားရခြင်းဖြစ်ကြောင်းနှင့် သေဆုံးနေပြီဖြစ်ကြောင်း သိရပါသည်။

တစ်ခု ထူးခြားနေသည်မှာ အိမ်တွင်းထိ ကျူးကျော်ဝင်ရောက်ပြီး မိခင်ကြီးကို သတ်သွားသူမှာ အိမ်တွင်းရှိ မည်သည့်ပစ္စည်းကိုမှ ယူဆောင်သွားခြင်းမရှိသကဲ့သို့ ၎င်းဝင်ရောက်လာသည်ကိုလည်း အိမ်ရှိ မည်သည့်အလုပ်သမားတစ်ဦးတစ်ယောက်မှ မသိလိုက်ရခြင်းပင် ဖြစ်ပါသည်။ ပို၍ စဉ်းစားရခက်သည်မှာ မိခင်ကြီးအား ဤမျှအထိ အငြိုးကြီးကြီးဖြင့် ရက်စက်စွာသတ်သွားလောက်အောင် တစ်ရွာလုံးတွင် မိခင်ကြီးနှင့် မသင့်မြတ်သူဆို၍ တစ်ယောက်မှ မရှိခဲ့ဘူးခြင်းပင် ဖြစ်ပါသည်။

လူသတ်သမားအား ဖော်ထုတ်နိုင်ရန် မြို့ပေါ်ရှိ ပုလိပ်ဌာနသို့ တိုင်ကြားခဲ့သည့်ပြင် ရွာဓလေ့အတိုင်း ဝေဒင်မေးခြင်း၊ နတ်မေးခြင်း၊ ပယောဂဆရာ၏ အကူညီကို ယူခြင်းစသည်ဖြင့် ကောင်းနိုးရာရာများကို လိုက်လံလုပ်ဆောင်ခဲ့ကြပါသည်။ သို့ရာတွင် မိခင်၏လည်ပင်းတွင် စွဲကျန်ရစ်သော အညိုအမည်းဒဏ်ရာမှလွဲပြီး လူသတ်တရားခံနှင့် ပတ်သက်ပြီး အစအနမပေါ်ခဲ့ပါ။

နောက်ဆုံးတွင် မိခင်ကြီး၏ အလောင်းကို ဘုန်းကြီး ၅ ပါးပင့်ပြီး သရဏဂုံတင်ခြင်း၊ အမျှအတန်းပေးဝေခြင်း ပြုလုပ်ကြပြီး ရွာသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ် လိုက်ကြပါသည်။





ထိုမှ နောက်ပိုင်းတွင် ဖခင်ကြီးကို အနီးကပ်ပြုစုနိုင်ရန်အတွက် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်မှ ကျောင်းထွက်လိုက်ပါသည်။ ဖခင်ဖြစ်သူသည် ထိုရက်များမှနောက်ပိုင်းတွင် ကိုယ်ရောစိတ်ပါ များစွာကျဆင်းလာခဲ့ပါသည်။ အစားအသောက်နည်းပါးခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းတို့ကြောင့် အသားအရေခန်းခြောက်ပြီး ပိန်ချုံးလာပါသည်။

အချိန်တိုင်းလို တစ်စုံတစ်ရာကို စဉ်းစားခန်းဝင်ရင်း တွေဝေငေးမောနေတတ်ပါသည်။ ဤသို့ဖြင့် မိခင်ကြီး ကွယ်လွန်ပြီးကာလအတန်ကြာတစ်ရက်တွင် ဖခင်ကြီး စိတ်ပြေလက်ပျောက် ဖြစ်စေရန် မြို့ပေါ်သို့ သွားရောက်လည်ပတ်ကြပါသည်။ မြို့ပေါ်တွင် မော်တော်ကား၊ မီးရထား၊ ဈေးသည် ဈေးဝယ်တို့ဖြင့် စီစီညံနေသော်လည်း ဖခင်ကြီးမှာ ကြည့်ချင်ကြားချင်၊ မြင်ချင်စိတ်ရှိဟန်မတူဘဲ ငေးငေးငူငူဖြင့်ပင် ကျွန်တော် ခေါ်ဆောင်ရာသို့သာ လိုက်ပါခဲ့ပါသည်။

သို့ဖြင့် အကြောင်းမထူးတော့သဖြင့် ထိုနေ့ညနေပိုင်းရောက်လျှင် ရွာသို့ပြန်ထွက်လာခဲ့ကြပါသည်။ ထိုနေ့ ညနေပိုင်း ရွာအပြန်ခရီးသည် ကျွန်တော့်ဘဝတစ်သက်တာ မေ့ပျောက်၍မရစကောင်းသော ခရီးတစ်ခုဖြစ်လာခဲ့ရပါသည်။

ကျွန်တော်တို့သားအဖ ၂ ယောက် ရွာပြန်ထွက်ချိန်မှာ အလွန်နောက်ကျနေသည့်ကတစ်ကြောင်း၊ ဖခင်ကြီးမှာ ခရီးပန်းနေပြီဖြစ်သည်က တစ်ကြောင်းတို့ကြောင့် အလွန်ပင် နှေးကွေးလေရာ လမ်းခုလတ်ရောက်ချိန်တွင် အရှေ့ဘက်မိုးကုတ်စက်ဝိုင်းဆီက လမင်းကြီးမှာ ဝါးတစ်ရိုက်မက မြင့်တက်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့ သားအဖ ၂ ယောက်၏ ခြေသံ၊ ပုရစ်အော်သံနှင့် ရန်ဖန်ရံခါ ခပ်လှမ်းလှမ်းမှ ခွေးအူသံတို့အပြင် အနီးရောက်မှ ရုတ်တရက် ထပျံတတ်သော တီတီတွတ်ငှက်သံများကို စိတ်ချောက်ချားဖွယ်ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာနှင့် လူတစ်ခေါ်လောက် ရောက်ချိန်တွင် လင်ကောင်ပိုးခေါ် ငှက်ဆိုးတစ်ကောင်သည် ကျွန်ုပ်တို့ ခေါင်းပေါ်မှ ဖြတ်သန်းရင်း “ဂီး” ခနဲ အော်လိုက်ရာ သားအဖ ၂ ယောက်လုံး မော့ကြည့်လိုက်မိပါသည်။ ထို့နောက် ရွာ၏အနောက်တောင်ထောင့်ရှိ သုသာန်ဆီကို ပျံသန်းသွားသည်ကို မြင်လိုက်ရပါသည်။

ယခုကဲ့သို့ ရွာအဝင်တွင် ခွေးအူသံ၊ တစ်တစ်တွတ်ငှက် အော်မြည်သံနှင့် ငှက်ဆိုးထိုးသံအမျိုးမျိုးကို ကြားရပါက အမင်္ဂလာအဖြစ်ဆိုးမျိုးများနှင့် တိုးတတ်သည်ဟု လူအများက ပြောထားကြသဖြင့် အယုံအကြည်မရှိသော်လည်း စိတ်ထဲတွင်ကား များစွာပင် စိုးရိမ်လာမိပါသည်။

သုသာန်ဆီသို့ ကြည့်လိုက်သောအခါ ဂူအမျိုးမျိုးနှင့် သစ်ပင်ကြီးငယ်တို့သည် လရောင်အောက်တွင် ရုပ်ခန္ဓာအသွင်အမျိုးမျိုး ဖန်ဆင်းထားသော နာနာဘာဝများကဲ့သို့ တူနေပြီး ကျွန်တော်တို့အား ဖမ်းယူစားသောက်ရန် လက်တံရှည်ကြီးများကို ကမ်းပြီး စောင့်မျှော်နေသည်နှင့်တူနေပါသည်။

ရွာလယ်လမ်းမှဝင်ပြီး ကျွန်တော်တို့ အိမ်ခြံနှင့် မလှမ်းမကမ်းအရောက်တွင် ဖခင်ကြီးက ကျွန်တော့်လက်ကိုဆွဲပြီး ရုတ်တရက် ရပ်နိုင်းလိုက်ပါသည်။ ပြီးမှ ကျွန်တော်တို့အိမ်ဆီ လက်ညှိုးထိုးပြီး . . .

“ဟိုမှာ . . . ဟိုမှာ . . . ဘယ်သူပါလိမ့်။ သားမေမေနဲ့တူသလိုပဲ”

ဟု ထိတ်လန့်တကြား ပြောလိုက်၏။ ကျွန်တော်သည် ဖခင်ကြီးလက်ညှိုးထိုးပြရာသို့ ကြည့်လိုက်ပါသည်။ ကျွန်တော်တို့အိမ်ကြီးနှင့် ပျံသန်းရင်း အော်မြည်သွားကြသော ဇီးကွက် ၂ ကောင်ကိုသာ မြင်ရပါသည်။

“ဖေဖေ ဘာကိုမြင်လို့လဲ။ သားတော့ လူနဲ့တူတာဆိုလို့ ဘာကိုမှ မမြင်မိဘူး။ လေစိမ်းတွေ တိုက်လို့ အအေးပတ်နေပါဦးမယ်၊ အိမ်ထဲ ဝင်ကြပါစို့” ဟု ပြောပြီး လက်ကိုဆွဲခေါ်လိုက်ပါသည်။ သို့ရာတွင် လက်ကို အဆွဲမခံဘဲ ရပ်မြဲရပ်နေရင်းမှ စောစောကနေရာဆီသို့ ကြည့်မြဲကြည့်နေပါသည်။

ထိုအချိန်မှာပင် ကျွန်တော့်တစ်ကိုယ်လုံး စိမ့်ခနဲနေအောင် အအေးဓာတ်ကို ခံစားလိုက်ရပြီး ခေါင်းမှဆံပင်များပါ ထောင်ထလာခဲ့ပါသည်။ ရာသီဥတုကြောင့်မဟုတ်ဘဲ ယခုကဲ့သို့ ကြက်သီးမွေးညင်းနှင့် ဆံပင်များ ထောင်ထခြင်းမျိုးလက္ခဏာဖြစ်ပေါ်ခဲ့ပါက မိမိအနီးအပါးတွင် တစ္ဆေ သို့မဟုတ် သရဲတစ်ကောင်ကောင် ရောက်နေပြီး ခြောက်လှန့်တော့မည်ဟူသော နိမိတ်လက္ခဏာဖြစ်ပါသည်။

ဤသို့ သရဲကိုကြောက်မိရာမှ တက္ကသိုလ်တွင်ရှိနေစဉ် သူငယ်ချင်းများ ဆုံမိသောညတစ်ညတွင် သရဲ သို့မဟုတ် ဝိညာဉ်ခေါ်ဖူးသည်ကို ပြန်လည် သတိရလိုက်မိပါသည်။

ထိုစဉ်က တစ္ဆေ၊ သရဲ စသော သဘာဝလွန်ဖြစ်ရပ်များကို သိပ္ပံနည်းမကျဟုဆိုကာ ယုံကြည်မှုမရှိခဲ့ကြသော်လည်း စိတ်လှုပ်ရှားမှု ဖြစ်စေရန်နှင့် ပျော်ရွှင်မှုရစေရန် ရည်ရွယ်ချက်ဖြင့် ညအချိန် လူစုမိကြသောအခါ သရဲ သို့မဟုတ် ဝိညာဉ်ခေါ်လေ့ရှိကြပါသည်။

ဝိညာဉ်ခေါ်လိုလျှင် အစမ်းသပ်ခံမည့် ကျောင်းသားတစ်ယောက်ကို ပထမဦးစွာရွေးချယ်ပြီး ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် မျက်စိကို စုံမှိတ်၊ စိတ်ကိုလျှော့ထားစေလျက် အသက်မှန်မှန်ရှူပြီးနေစေရပါသည်။ ပြီးမှ ဤကိစ္စမျိုး အတွေ့အကြုံရှိသူကျောင်းသားတစ်ယောက်က သရဲ သို့မဟုတ် ဝိညာဉ်ကို ဖိတ်ခေါ်ပေးရပါသည်။

“ဤတက္ကသိုလ်ကျောင်း ပတ်ဝန်းကျင်တွင် နေထိုင်သွားလာကျက်စားနေကြကုန်သော နာနာဘာဝ ဝိနာဘာဝနှင့် ဘုတ်ပြိတ္တာ စသည့် တစ္ဆေ သရဲအပေါင်းကို ကျွန်ုပ်၏ဖိတ်ခေါ်သံကို ကြားလျှင် ကြားချင်း ကျွန်ုပ်တို့နှင့်အတူ ပျော်ပါးကြရန် ရောက်ရာအရပ်မှနေ ဤ





www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ လာရောက်ကြကုန်လော့၊ လာရောက်ကြပါကုန်လော့" ဟု အသံနေ အသံထားဖြင့် ပီပီကြည်ကြည် ရွတ်ဆိုရပါသည်။

ထိုသို့ ဦးစွာဖိတ်ခေါ်နေသူ ကျောင်းသား၏ခန္ဓာကိုယ်ကို လေထဲသို့ ပင့်မြှောက်ကြရပါသည်။ အကယ်၍ ထိုကျောင်းသား၏ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးစွာဖြင့် လေထဲသို့ မြှောက်တင်လိုက်နိုင်ပါလျှင် သရဲတစ်ကောင်ကောင် ရောက်လာပြီး ထိုသူကို ပူးကပ်နေပြီဟု ယုံကြည်ကြပါသည်။

ထိုစဉ်ကာလက သရဲတစ္ဆေကို ကြောက်လန့်ရမှန်း မသိခဲ့သော်လည်း ယခု ကျွန်တော့်ဖခင်အနီး ရပ်နေရချိန်တွင်မူ ပတ်ဝန်းကျင်အခြေအနေများကြောင့် စိတ်ချောက်ချားလာမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုသို့ အတွေးလွန်နေရာမှ သတိပြန်ဝင်လာပြီး နောက်သို့လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ဖခင်ကြီးကို မတွေ့ရတော့ပါ။ ရွာလူစုပြီး ညတွင်းချင်းရှာပါသော်လည်း မတွေ့ရတော့ပါ။ ပဲခူးရိုးမတောင်ပေါ်ဘက်ရှိ သစ်တော်များဆီသို့ ပြေးထွက်သည်ဟု ရွာသားများက ထင်မြင်ချက် ပေးကြပါသည်။

× × ×

**မောင်စံလင်း [စိတ်ရောဂါခံစားနေရသူ]၏ ထွက်ဆိုချက်**

ကျွန်တော့်နာမည် မောင်စံလင်း ဖြစ်ပါသည်။ ဒီနာမည်ကို ကျွန်တော့်ဘာသာ ပေးထားခြင်း ဖြစ်ပါသည်။ အခုလို နာမည်ပေးလိုက်ရတဲ့ အကြောင်းက တစ်ခါက ကျွန်တော်သည် တမတ်စောက်စောက်နဲ့ လမ်းပေါ်လျှောက်နေရင်းက ထမင်းဆာသောကြောင့် လမ်းဘေးအိမ် တစ်အိမ်တွင် စားစရာ ဝင်တောင်းပါသည်။ အိမ်ရှင်က ထမင်းထုပ်တစ်ထုပ် ကျွန်တော့်ကို ပေးရင်း ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး နာမည်ဘယ်လိုခေါ်သလဲ မေးပါသည်။





ထိုသူမေးခါမှ ကျွန်တော့်တွင် နာမည်မရှိသေးကြောင်း သတိထားမိပါသည်။ ကျွန်တော့်နာမည်ကို မပြောတတ်ပါ။ မေ့နေခြင်းလည်း ဖြစ်နိုင်ပါသည်။ လူတိုင်းတွင် နာမည်ကိုယ်စီရှိကြသည်ကို သတိထားမိပါသည်။ သို့ရာတွင် ကျွန်တော့်တွင် နာမည်မရှိသေးဘဲဖြစ်နေပါသည်။ စဉ်းစားသော်လည်း နာမည်ကို ဖော်မရပါ။ စိတ်ရှုပ်လာသဖြင့် "စံလင်း" ဟူ၍ ပါးစပ်တည့်ရာပြောချလိုက်ပြီး ထိုအိမ်မှ ထွက်လာခဲ့ပါသည်။

ညဘက်ရောက်သည့်အခါ လမ်းဘေးရှိ ဇရပ်တစ်ခုတွင် ထမင်းစားပြီး ညအိပ်လိုက်ပါသည်။ ကျီးကန်းများ ဆူဆူညံညံ အော်သံကြားရပြီး အိပ်ရာမှနိုးလာချိန်တွင် ရောင်နီလာနေပြီ ဖြစ်ပါသည်။

ထိုအချိန်တွင် ကျွန်တော့်ခေါင်းထဲတွင် ယခင်ရက်များထက် ထူးထူးခြားခြား ကြည်လင်လာပါသည်။ ဥပမာဆိုရသော် တိမ်မိုလွှာဖုံးအုပ်နေရာမှ ထွက်ပေါ်လာသော လမင်းကြီးကဲ့သို့ ကြည်လင်တောက်ပပြီး ရှင်းရှင်းလင်းလင်း ဖြစ်လာပါသည်။

ကြည်လင်တောက်ပသော လမင်းကြီးကဲ့သို့ပင် ကျွန်တော့်ရဲ့ အတိတ်က နောက်ကြောင်းများကို ရှင်းရှင်းကြီး သတိရလာခဲ့ပါသည်။ ကျွန်တော့်အတိတ်ကာလသည် ဝမ်းနည်းကြေကွဲဖွယ်ရာများနှင့် ပြည့်နေပါသည်။

တစ်ချိန်က ကျွန်တော်သည် မီးရထားလမ်း၊ မော်တော်ကားလမ်းများရှိသော မြို့ကြီးတစ်မြို့နှင့် သိပ်မဝေးလှသော ရွာတစ်ရွာတွင် ချမ်းသာကြွယ်ဝသည့် မြေပိုင်ရှင် လယ်သမားကြီးတစ်ဦးအဖြစ် မတောင့်မတနေနိုင်သူတစ်ဦးဖြစ်ခဲ့ပါသည်။ ကျွန်တော်သည် တစ်ရွာတည်းနေ လူကုံထံတစ်ဦး၏သမီး မိန်းမချောမိန်းမလှတစ်ဦးနှင့် လက်ထပ်ခဲ့ရာ သားတစ်ယောက်ရရှိခဲ့ပါသည်။

သားဖြစ်သူ အသက် ၂၀ အရွယ်၊ ယခု တက္ကသိုလ်ကျောင်းသားဘဝရောက်သည့်တိုင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ဇနီးကို ချစ်နေဆဲဖြစ်ပါသည်။ ကျွန်တော်၏အချစ်များသည် လျော့နည်းသွားသည်မရှိဘဲ တစ်နေ့တခြား တိုး၍သာ ချစ်လာခဲ့ပါသည်။ ကျွန်တော်ကဲ့သို့ အခြားယောက်ျားများ ဤသို့ပေလားဟု ကျွန်တော် မပြောတတ်ပါ။ မေးလည်း မကြည့်မိပါ။ လောကကြီးတွင် ကျွန်တော့်မိန်းမမှ တစ်ပါး အခြားမိန်းမများအပေါ် စဉ်းစား၍ပင် မရပါ။

သို့ဖြစ်ရာ ကျွန်တော့်မိန်းမ အခြားယောက်ျားများနှင့် ဖောက်ပြန်သွားမည်ကို ရူးမတတ်စိုးရိမ်နေမိပါသည်။ စိုးရိမ်ရုံသမာက သဝန်ကြောင်စိတ်နှင့် ဝန်တိုမနာလိုစိတ်များကလည်း တိုးပွားလာနေပါသည်။

သို့တိုင်အောင် တစ်ဖက်တွင် ကျွန်တော့်ဇနီး၏ ကောင်းမြတ်သော ဂုဏ်သတင်းက တစ်ရွာလုံးမွှေးပျံ့နေပါသည်။ "စောမြတို့များ အိမ်ရှင်မကောင်းပီသပါပေတယ်။ မယားဝတ္တရား ငါးပါးနဲ့ ကျေပွန်ပါပေတယ်။ အလှူ မင်္ဂလာဆောင်၊ သာရေးနာရေး စတဲ့ လူမှုရေးတွေမှာ ဘယ်နေရာကမှ မလစ်ဟင်းရအောင် တော်ပါပေတယ်။ တတ်လည်းတတ်နိုင်တဲ့ မစောမြ။ အာဂမစောမြ။ တကယ့် 'မစောမြ' ပဲဟု တစ်ရွာလုံးက တစ်မြတည်း မြနေကြပါသည်။ ယခုလို လူတကာ နှုတ်ဖျားမှာ ရေပန်းစားလေ ကျွန်တော် စိတ်မချလေ။ ရင်ထဲမှာ ဗလောင်ဆူပြီး မနာလိုဝန်တိုစိတ်တွေ တိုးလာလေဖြစ်နေပါသည်။ နေမြင့်လေ အရှူးရင့်လေမျိုးဖြစ်ပါသည်။ သို့တိုင်အောင် ကျွန်တော်ကသာကဲ နေရပေမင့် မစောမြကမူ နကမွှတိ ဆိုသကဲ့သို့ နေမြဲပင်ဖြစ်ပါသည်။ ကျွန်တော့်စိတ်သဘောထားအပေါ် ရိပ်မိမည်မှန်သော်လည်း အထင်သေးခြင်း၊ အထအနကောက်ခြင်း၊ စိတ်ဆိုးခြင်းမျိုး လုံးဝရှိပုံမရဘဲ ညှာပြီးစနှင့်မခြား ထူးကဲတဲ့ စံပြမယားအဖြစ် ရပ်တည်လျက်ရှိပါသည်။

ထိုသို့နေလာခဲ့ရာမှ ကျွန်တော်သည် ဇနီးအပေါ် မကြံစည်အပ်သည့် အကြံအစည်တစ်ရပ်ကို ကြံစည်မိပြီး





ထိုအောက်တန်းကျသော အကြံအစည်ကိုပင် လက်တွေ့အကောင်အထည် ဖော်လိုက်မိပါတော့သည်။ ထိုအကြံအစည်ကား မစောမြတစ်ယောက် ကျွန်တော့်အပေါ် မည်မျှအထိ သစ္စာရှိသည်ကို စမ်းကြည့်မည့်အကြံအစည်မျိုး ဖြစ်ပါသည်။ သို့ဖြင့် ကျွန်တော့်ဇနီးအား အလုပ်ကိစ္စတစ်ခုအတွက် မြို့သို့တစ်ညအိပ်သွားမည်။ နောက်တစ်ရက် မွန်းလွဲပိုင်းလောက်မှ ပြန်ခဲ့မည်ဟု မှာကြားပြီး မြို့သို့ ခရီးထွက်ခဲ့ပါသည်။

သို့ရာတွင် မြို့မှာ ညမအိပ်ဘဲ နေချင်းပြန်လာခဲ့၍ ညသန်းခေါင်ကျော်လောက်တွင် အိမ်ကို ပြန်ရောက်လာခဲ့ပါသည်။ ရောက်ရောက်ချင်း အသံမပေးဘဲ အိမ်ဘေးက ကွေ့ပတ်ပြီး နောက်ဖေးတံခါးပေါက်ဆီသို့ လျှောက်လာခဲ့ပါသည်။ ရည်ရွယ်ချက်မှာ မနေ့က ကျွန်တော်ကိုယ်တိုင် မင်းတုံးဖြုတ်ထားခဲ့သော နောက်ဖေးတံခါးပေါက်မှ အိမ်ထဲဝင်ပြီး ဇနီး၏အရိပ်အခြည်ကို ကြည့်ရန်ဖြစ်ပါသည်။

ထိုစဉ် နောက်ဖေးဘက်ဆီမှ မသဲကွဲဖွယ်ရာအသံမျိုးကို ကြားလိုက်ရပါသည်။ ထိုအသံမှာ တစ်ယောက်ယောက်သည် အိမ်ထဲဝင်နေပြီး ပြန်ထွက်ရာတွင် တံခါးကို အသာဖွင့်ပြီး ချက်ချင်းပြန်ပိတ်ထားခဲ့သည့် အသံမျိုး ဖြစ်ပါသည်။ ထိုသူသည် ချက်ချင်းပင် အပြင်ဘက်မှောင်ရိပ်ဆီသို့ ပြေးသွားသံကို ကြားလိုက်ရပါသည်။

နဂိုက ထင်ထားသည့်အတိုင်း "ကျွန်တော်၊ အလွန်ချစ်သော ဇနီး မစောမြသည် အခြားယောက်ျားတစ်ယောက်နှင့် ဖောက်ပြားလေပြီ။ တကယ်သစ္စာမဲ့သော ဇနီးပါတကား" ဟူသော အတွေးသည် ကျွန်တော့်ခေါင်းထဲသို့ တစ်မုဟုတ်ချင်း ဝင်လာခဲ့ပြီး ဒေါသစိတ်မှာလည်း ငယ်ထိပ်တက်လာခဲ့ပါတော့သည်။

မယားထိ မားကြည့်ဆိုရိုးစကားအတိုင်း ထိုထွက်ပြေးသူကို အသေသတ်ရန်နောက်မှ ပြေးလိုက်သွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် ထိုသူမှာ မည်သူ မည်ဝါဟူ၍ မသိ၊ မမြင်လိုက်ရခင်မှာပင် အမှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

ထိုအချိန်တွင် ကျွန်တော့်မှာ ဒေါသစိတ်၊ သဝန်တိုစိတ်၊ ခံပြင်းစိတ်နှင့် ဤမျှသစ္စာမဲ့သောဇနီးအား ရက်စက်စွာပြစ်ဒဏ်ခတ်ဆိုသည့် အလွန်ကြမ်းကြုတ်သည့် စိတ်မိုက် စိတ်ရိုင်းတို့ ဝင်ရောက်လာခြင်းဖြင့် ကာမအမှောင်ဖုံးပြီး အရူးတစ်ပိုင်း ဖြစ်သွားပါသည်။

မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်းစားလူလု၊ အသားနကြမ်းညပ်ဆိုသည့်အတိုင်း ကာမရောဂါတည်းဟူသော ကိုယ်တွင်းနာသည် ငရဲမီးတမျှ ပြင်းပြစွာဖြင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လောင်ကျွမ်းပါလေတော့သည်။

ပစ္စည်းခိုးရန်လာသည့် သူခိုးပေလော၊ အိမ်ကအလုပ်သမားများထံ လာရောက်လည်ပတ်သည့် သူငယ်ချင်းအပေါင်းအသင်း တစ်ယောက်ယောက်ပေလော သို့မဟုတ် ယခု ကျွန်တော် ယိုးစွပ်လိုသည့် ဖောက်ပြန်ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ ကြွက်မနိုင် ကျီမီးနှင့်ရှို့ဆိုစကားအတိုင်း ကျွန်တော့်မိန်းမ မစောမြကို မဲလိုသည့် စိတ်ဇောဖြင့် အိမ်ထဲသို့ ကမူးရှူးထိုး ပြေးဝင်ခဲ့ပြီး မစောမြရှိရာသို့ လေကားအတိုင်း တက်လာခဲ့ပါသည်။ အိပ်ခန်းတံခါးကို ဖွင့်ပြီး အိပ်ရာဆီသို့ တဖြည်းဖြည်းချင်းချဉ်းကပ်ခဲ့ပါသည်။ မှောင်ထဲတွင် မှန်းစိမ်းသောအခါ ခုတင်ပေါ်တွင် မစောမြမရှိတော့ပါ။ အခုမှ ကျွန်တော့်အား ကြောက်လန့်ပြီး တစ်နေရာဘက်သွားပြီး ပုန်းအောင်းလိုက်ဟန်ရှိပါသည်။ အခန်းတွင်းနေရာအနှံ့ကို ခြေထောက်ဖြင့် လိုက်လံစမ်းကြည့်ရာ အခန်းထောင့်တစ်နေရာအရောက်တွင် ပြားပြားဝပ်နေသော ကျွန်တော့်မိန်းမ မစောမြကိုယ်ကြီးကိုခလုတ်တိုက်မိပါတော့သည်။

ကျွန်တော်သည် ဘာတစ်ခွန်းမျှ မေးမြန်းပြောဆိုခြင်း မပြုတော့ဘဲ





ကျွန်တော့်လက် ၂ ဖက်က အလိုလိုပင် မစောမြ၏ လည်ပင်းဆီရောက်သွားပြီး လည်ပင်းကို မလွှတ်တမ်းဖြစ်ညှစ်ထားလိုက်ပါသည်။ မစောမြ၏ နူးညံ့ပျော့ပျောင်းသော လည်တိုင်နှင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ မထိန်းနိုင်လောက်အောင် တုန်ယင်နေပါသည်။

"ဟင် . . . ဘာလို့ အခုမှ ကြောက်နေရတာလဲ၊ သစ္စာမဲ့တဲ့ မိန်းမကို မသေမချင်းသတ်ရမယ်"

ကျွန်တော့်မှာ ဒေါသထွက်လွန်းသဖြင့် စကားမပြောနိုင်ဘဲ စိတ်ထဲမှ ကြိမ်းမောင်းခြင်းသာ ဖြစ်ပါသည်။

ပထမတွင် မစောမြသည် ကျွန်တော့်လက်ထဲမှ လွတ်မြောက်အောင် ကြိုးစားရုန်းကန်နေသေးရာ ကျွန်တော် ဒူးနှစ်ဖက်ကို ထောက်လိုက်ပြီး သူ့ကိုယ်ပေါ်သို့ ခွစီးထားလျက်ဖြင့် ဆက်ပြီး တင်းကြပ်စွာ ဖျစ်ညှစ်ထားလိုက်ပါသည်။

သို့ဖြင့် လင်မယား ၂ ယောက်စလုံး မည်သည့်စကားမျှ မပြောဆိုနိုင်ကြဘဲ ဘဝ ၂ခုကို ဖျက်ဆီးမည့် ချောက်ကမ်းပါးကြီးဆီသို့ ရောက်သွားခဲ့ပါသည်။ နောက်ဆုံးတွင် မစောမြမှာရုန်းကန်နေရင်းမှ တဖြည်းဖြည်း အားပျော့လာခဲ့ပြီး ငြိမ်သက်သေဆုံးသွားခဲ့ပါသည်။

နောက်ထပ် အခုလိုအဖြစ်ဆိုးတစ်ခုရှိပါသေးသည်။

လတစ်လရဲ့ညဦးပိုင်းအချိန်မှာ ဖြစ်ပါသည်။ ကျွန်တော်သည် လရောင် ဖြန်းပက်ထားသော အိမ်ရှေ့လမ်းမကြီးပေါ်တွင် မတ်တတ်ရပ်နေပါသည်။ ဘာကြောင့်ရပ်နေတယ်ဆိုတာကို မမှတ်မိတော့ပါ။ အဲဒီအချိန်မှာ ကျွန်တော့်ဘေးမှ တစ်ယောက်ယောက် ရပ်နေတယ်ဆိုတာကို မှတ်မိပါသည်။ မည်သူမည်ဝါမဖြစ်သည်ကို မမှတ်မိတော့ပါ။

ထိုအခိုက်မှာပင် ကျွန်တော့်အိမ်ရှေ့ဘက် မှောင်ရိပ်ဆီမှ လူရိပ်သဏ္ဍာန်တစ်ခု လျှပ်ရှားသွားသည်ကို မြင်လိုက်ရပါသည်။ လျှပ်ပျက်သလို မြင်လိုက်ရခြင်းဖြစ်ပါသည်။ ထိုလူရိပ်



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်သည် ကျွန်တော်ကြည့်နေစဉ်မှာပင် ကျွန်တော့်အနီးသို့ ရောက်လာခဲ့ရာ သေသေချာချာကြည့်လိုက်သောအခါ ကျွန်တော့်မိန်းမ မစောမြ ဖြစ်နေသည်ကို တွေ့ရပါသည်။

လရောင်အောက်တွင် မစောမြ၏ မျက်နှာမှာ လူသေကောင်၏ မျက်နှာကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေသည့်ပြင် ကျွန်တော်ဖျစ်ညှစ်ထားသော ဒဏ်ချက်ကြောင့် လည်ပင်းတွင် အညိုအမည်းစွဲထင်ကျန်ရစ်သော ဒဏ်ရာကို မြင်နေရဆဲဖြစ်ပါသည်။

မစောမြ၏မျက်လုံးများက မမှိတ်မသုန်ဖြင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်လျက်ရှိပါသည်။ “မျက်နှာဟန်အမူအရာမှာ အရင်က အတိုင်း ပြုံးမယောင်ယောင်နှင့် ပျူပျူငှာငှာပင်ဖြစ်ပါသည်။ ရှေ့သို့ တစ်လှမ်းချင်း တိုးလာချိန်တွင် ကျွန်တော် ရက်စက်ခဲ့သောလုပ်ရပ်အတွက် စိတ်မလုံသဖြင့် မျက်နှာချင်းမဆိုင်ဝံ့တော့ဘဲ နောက်သို့ ဆုတ်လာခဲ့ပါသည်။

သို့ရာတွင် မစောမြကမူ ကျွန်တော့်အပေါ် မုန်းတီးခြင်း၊ အာဃာတထားခြင်း၊ မနှစ်မြို့ခြင်း စသည့် အမူအရာမျိုးကို အရိပ်အယောင်မျှပင် ထားရှိပုံမျိုး မတွေ့ရပါ။

၎င်းအား အကြင်နာကင်းမဲ့စွာ သတ်သွားသူမှာ ၎င်းအလွန်လေးစားမြတ်နိုးလှသော ကျွန်တော်ဖြစ်သည်ကိုပင် သိလိုက်ပုံမရဟု ထင်မိပါသည်။ ကျွန်တော်သည် ရိုးသားဖြူစင်နေဆဲဖြစ်သော မစောမြအား မျက်နှာချင်းမဆိုင်ရဲတော့သည့် အဆုံးတွင် တဖြည်းဖြည်းချင်း နောက်သို့ဆုတ်ပေးလာခဲ့ရာမှ နောက်ဆုံးတွင် မစောမြနှင့် ဝေးရာဆီသို့ ပြေးထွက်ခဲ့ပါတော့သည်။

ထိုအချိန်မှ နောက်ပိုင်းဘဝ တစ်လျှောက်လုံးတွင် ရာဇဝတ်ဘေးမှ လွတ်ကင်းနေခဲ့သော်လည်း မစောမြ ပေးသော ပြစ်ဒဏ်ကမူ အသည်းတွင် စူးဝင်ပါလာခဲ့သည်ဖြစ်၍ ယနေ့တိုင် မလွတ်နိုင်ဘဲ ဒုက္ခကြီးစွာခံစား ရလျက်ရှိပါသည်။





ဤမှာပင် အမှောင်ထဲမှာ စခဲ့ကြသော ကျွန်တော့်ဘဝ၏ အိပ်မက်ဆိုးသည် အမှောင်ထဲမှာပင် အဆုံးသတ်ခဲ့ရပါတော့သည်။

× × ×

**အသတ်ခံရသူဒေါ်စောမြ၏ [နတ်ကတော်မှတစ်ဆင့်] ထွက်ဆိုချက်**

ထိုနေ့က ကျွန်မခင်ပွန်း ကိုစိန်ထွန်း အလုပ်ကိစ္စတစ်ခုဖြင့် မြို့သို့ တစ်ညအိပ်ခရီးထွက်သွားသောကြောင့် စောစောအနားယူရင်း အိပ်ရာဝင်ခဲ့ရာ နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့ပါသည်။ ညသန်းခေါင်ကျော်လောက်ရောက်သောအခါ အိပ်မက်တွေ ကယောင်ချောက်ချား မက်နေရင်းမှ အိပ်ရာမှ လန့်နိုးလာခဲ့ပါသည်။

ကိုယ်စောင့်နတ်များက သတိပေးနိုးဆော်လိုက်၍လား မသိပါ။ ကျွန်မအတွက် ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်တော့မည့်အရိပ်နိမိတ်ကို မသိုးမသန့်ခံစားရပါသည်။

“သွားလေချောက်ချားလို့ မက်တာနေမှာပါ။ ဘာမှစိုးရိမ်စရာ မရှိပါဘူး။ အောက်ထပ်မှာ အလုပ်သမားတွေ ရှိနေတာပဲ”

ဟု ကျွန်မကိုယ်ကျွန်မ အားပေးလိုက်ပြီး ပြန်အိပ်ရန် ကြိုးစားပါသည်။ သို့ရာတွင် “တစ်စုံတစ်ရာ အန္တရာယ်ကျရောက်တော့မည်၊ သတိထားပေရော့” ဟု မနောအာရုံအသိကြောင့် မသက်သာစိတ်နှင့် စိုးရိမ်စိတ်တွေ လွှမ်းမိုးလာပြီး ရင်တွေ ခုန်လာပါသည်။

ထိုအချိန်တွင် အိမ်ကအလုပ်သမားများက အိမ်အောက်ထပ်တွင် အိပ်မောကျနေကြသဖြင့် ဘာသံမှ မကြားရပါ။ ကျွန်မအလုပ်သမားများသည် သာမန်အားဖြင့် ယခုကဲ့သို့ ညနက်သန်းခေါင်အချိန်များတွင် ကျွန်မအား အနှောင့်အယှက်ပေးလေ့ မရှိကြပါ။

သို့ပါလျက် ယခုလိုမျိုး ထူးထူးခြားခြားဖြစ်လာသည်မှာ မည်သည့် နည်းနှင့်မှ အိမ်ကအလုပ်သမားများ



www.burmeseclassic.com

www.burmeseclassic.com



၏ ပယောဂကြောင့် မဖြစ်နိုင်ကောင်းပါ။ သို့ဖြစ်လျက် ကျွန်မ လုံခြုံမှု အတွက် ပယ်ခုခုလုပ်မှဖြစ်တော့မည်ဟု တွေးမိလာပါသည်။ သို့ဖြင့် ကျွန်မအိပ်ရာမှ ချက်ချင်းထလိုက်ပြီး ခေါင်းရင်းက လက်ဆွဲမှန်အိမ်ကို ထွန်းညှိလိုက်ရာ အမှောင်ဆုံးအချိန်ဖြစ်နေ၍ တစ်ခန်းလုံး လင်းထိန်သွားပါသည်။

မှန်အိမ်မီး၏ အလင်းရောင်ကြောင့် ကျွန်မ ကြောက်စိတ်လျော့သွားပြီး အားတက်သလိုလိုဖြစ်လာပါသည်။ ထိုသို့ မီးထွန်းလိုက်ပြီးခါမှပင် ကျွန်မ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာပြန်ပါသည်။

"ယခုလို မီးအလင်းရောင်ကြောင့် အကြောက်ပြေသွားတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ ဒီမီးအလင်းရောင်ကပဲ ကျွန်မ ဘယ်မှာရှိနေတယ်ဆိုတာကို ဖော်ပြလိုက်ရာ မရောက်ပေဘူးလား။ ဒါဆိုရင် ရန်သူကို ဖိတ်ခေါ်ရာရောက်သွားပေလိမ့်မည်"

ကျွန်မ တော်တော်နှင့် ဘာလုပ်ရမှန်းမသိတော့ဘဲ ကြောင်နေပြီးမှ ကိုင်း . . . နောက်ဆုံးတွင် ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး မှန်အိမ်မီးကို ငြှိမ်းသတ်လိုက်ပါသည်။ ပြီးမှ စောင်တစ်ထည်ကို ခေါင်းမြီးခြုံလိုက်ပြီး ရတတ်သမျှ ဘုရားစာ တရားစာများကို ရွတ်ဆိုနေမိပါသည်။

အချိန်အနည်းငယ်ကြာခဲ့သောအခါ တစ်စုံတစ်ယောက်သည် လှေကားအတိုင်း တစ်လှမ်းချင်း တက်လာနေသော ခြေသံကို စတင်ကြားရပါသည်။ ယခုလို ကျွန်မတစ်ယောက်တည်း ရှိနေချိန်တွင်မှ ယခုလိုအချိန်မတော်မှိုးတွင် ကျူးကျော်ဝင်ရောက်လာသူသည် မည်ကဲ့သို့လူစားမျိုးဖြစ်မည်နည်း။

"ဘာလုပ်မလို့များပါလိမ့်"

စိတ်အားငယ်ပြီး အလွန်ကြောက်နေချိန်မှာပင် ကျွန်မ ထိုသူကို ကြည့်ချင်မြင်ချင်စိတ်ပေါက်လာမိပါသည်။ သို့တိုင်အောင် မီးထွန်းပြီး ကြည့်ရန်မှာလည်း လုံးဝမဖြစ်နိုင်၍





ဘာဖြစ်လာမည်ဆိုသည်ကို သည်းထိတ်ရင်တဖိုဖိုဖြင့် စောင့်စားရင်း ငြိမ်နေလိုက်ပါသည်။

ထိုစဉ်မှာပင် ဝင်လာသူသည် လာလမ်းအတိုင်း လှေကားမှ ပြန်ဆင်းသွားသည်ကို ၎င်း၏ခြေသံများ အရ ကြားသိလိုက်ရပါသည်။ သို့ဖြစ်ရာ ကျွန်မအကြောက်လွန်ပြီး အသက် ထွက်ရတော့မည့်အဖြစ်မျိုးမှ လွတ်လေပြီဟု ဝမ်းသာသွားမိပါသည်။ ဤအခွင့်အရေးကို လက်လွှတ်မခံရအောင် အိမ်အပြင်ဘက်သို့ အော်ဟစ်အကူအညီတောင်းရန် ကမန်းကတန်းထပြီး အိပ်ခန်းတံခါးကို ဖွင့်မည်ပြုပါသည်။

ထိုအချိန်မှာပင် နောက်ထပ်တစ်စုံတစ်ယောက်က စောစောကကဲ့သို့ လှေကားအတိုင်း အပြေးအလွှားပြန်တက်လာသည့်ခြေသံကို ဒုတိယအကြိမ် ထပ်မံကြားလိုက်ရပြန်ပါသည်။ ထိုဒုတိယတက်လာသူ၏ ခြေနင်းသံမှာ ပြင်းထန်လှသောကြောင့် အိမ်တစ်အိမ်လုံး သိမ့်သိမ့်တုန်နေပါသည်။

ကျွန်မ ပျာယာခတ်သွားပြီး အိပ်ခန်းထောင့်တစ်နေရာဆီသို့ ပြေးသွားပါသည်။ ဒီတစ်ခါ ကျွန်မ သေရတော့မှာပဲဟု အတွေးပေါက်ပြီး အလွန်ကြောက်မိပါသည်။ အသက်ဘေးမှ လွတ်မြောက်လိုလွတ်မြောက်ငြား မှတ်မိသမျှ ဘုရားစာ တရားစာများကို ထပ်မံရွတ်ဆိုပါသည်။ သို့ရာတွင် ဖြောင့်ဖြောင့်မဆိုနိုင်ဘဲ ကပေါက်တိကပေါက်ချော ဖြစ်နေပါသည်။

ဤကျူးကျော်ဝင်ရောက်လာသူအား ကျွန်မ မိန်းမသားမို့ ချမ်းသာပေးပါဟု ခယတောင်းပန်သော်လည်း ချမ်းသာပေးမည့် လူစားမျိုးမဟုတ်နိုင် ဟူသော စိုးရိမ်စိတ်များ ဝင်ရောက်လာသောအခါ ကျွန်မ ဒူးများက အလိုလိုပျော့ခွေပြီး ညွတ်ကျသွားပါသည်။

ကယ်မည့်သူမရှိဖြစ်၍ တစ်ခါဖြင့် အသက်သေရသည်ထိ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကျိုးနည်းရပါပြီကောဟု ပူဆွေးရင်း ချစ်လင်ကိုစိန်ထွန်းကို တမ်းတပြီး ကြမ်းပြင်ပေါ်တွင် ပြားနေအောင် ဝပ်နေလိုက်ပါတော့သည်။

ထိုအခိုက်မှာပင် အခန်းတံခါးကို ပြင်းထန်စွာ တွန်းဖွင့်သံ ကြားလိုက်ရပြီး ကျွန်မ သတိလစ်သွားခဲ့ပါသည်။ ကျွန်မ သတိပြန်လည်လာချိန်တွင် လူတစ်ယောက်က ကျွန်မကိုယ်ပေါ် ခွစီးထားပြီး ကျွန်မလည်ပင်းကို အသက်ရှူမရလောက်အောင် ဖျစ်ညှစ်ထားသည်ကို သိရပါသည်။ မှောင်ထဲတွင်ဖြစ်၍ မည်သူမည်ဝါဟု မသိရပါ။

ကျွန်မ ပါးစပ်ပိတ်မရတော့ဘဲ သွားတွေကြားမှ ကျွန်မလျှာကြီး ထွက်ကျလာသည်ကိုသာ နောက်ဆုံး သိလိုက်ရပြီး ယခုလို သရဲဘဝသို့ ဖြတ်သန်းရောက်ရှိလာခဲ့ပါသည်။

ကျွန်မ ယခုရောက်ရှိနေသည့် ဘုံဘဝသည် ယခင်လူ့ဘုံဘဝနှင့် တသီးတခြားမဟုတ်ဘဲ အလင်းရောင်မဲ့သော အရိပ်ကမ္ဘာကြီးတစ်ခုအဖြစ် တည်ရှိနေခြင်းသာ ဖြစ်ပါသည်။

ကျွန်မတို့ဝိညာဉ်လောကသားတွေအနေဖြင့် လူတွေမနေသော၊ လူတွေ စွန့်ပစ်ထားသော အဆောက်အဦ၊ အဟောင်းအပျက်၊ သစ်ပင်၊ ချုံပုတ် စသည်တို့အကြားတွင် တိရစ္ဆာန်များနှင့် ရောနှောနေထိုင်ပြီး လူတွေ၏လှုပ်ရှားသွားလာပုံကို ချောင်းမြောင်းကြည့်ရှုရင်း ရုပ်အဆင်းမရှိသော နာမ်၊ ဝိညာဉ်ဘဝဖြင့်နေထိုင်ကြပါသည်။

ပရလောကသားများအနေဖြင့် လူတွေ အနားယူအိပ်မောကျချိန်ကို ညဟု၍ အလိုလျောက်ခွဲခြားသိထားကြပါသည်။ ညအချိန်များတွင် လူ့ဘဝက နေထိုင်ခဲ့ဖူးသော နေရာဟောင်းများဆီသို့ သွားရောက်လေ့ရှိကြပါသည်။ အလင်းရောင်ကို ကြောက်ကြသောကြောင့် နေ့အချိန်များတွင် အလင်းရောင်မဲ့သည့် ရင်းတို့၏နေရာများဆီသို့ သွားရောက်ပုန်းရှောင်နေကြရပါသည်။





မိမိတို့နေရာဟောင်းများသို့ ရောက်သည့်အခါ ပွင့်နေသော ပြတင်းပေါက်၊ တံခါးပေါက် စသည်တို့မှတစ်ဆင့် အိမ်တွင်းသို့ ဝင်ရောက်ကြပါသည်။ ကျန်ရစ်သူ ခင်ပွန်း၊ ဇနီး၊ သားသမီးနှင့် ဆွေမျိုးများကို တွေ့လျှင် အိပ်ပျော်နေချိန်ဖြစ်ပါက အနီးသို့ချဉ်းကပ်ပြီး ဝမ်းပန်းတနည်း ကြည့်ရှုရင်း ပူဆွေးတမ်းတငိုကြွေးကြပါသည်။ အိပ်ရာမှ နိုးသွားသည်နှင့် ကြုံကြိုက်ပါက ကျွန်မတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ကိုယ်ထင်ပြလေ့ရှိပါသည်။

အမှန်အားဖြင့် တမလွန်ဘဝရောက်သည့်တိုင်အောင် သံယောဇဉ်မပြတ်နိုင်သေးဘဲ ကြီးမားလှသော ချစ်ခြင်းမေတ္တာတရားကြောင့် ဝမ်းသာကျေနပ်မှုကို ပြသောအားဖြင့် ယခုကဲ့သို့ ကိုယ်ထင်ပြခြင်းမျိုး ဖြစ်ပါသည်။ သို့ရာတွင် လူတွေက နားလည်မှုလွဲပြီး တချို့က သရဲခြောက်သည်ဆိုကာ ထွက်ပြေးကြပြီး တချို့က သရဲဘဝမှ ကျွတ်လွတ်စေချင်သော စိတ်ဆန္ဒဖြင့် အမျှ အမျှဟု ဆိုပြီး နှင်ထုတ်ကြပါသည်။ ကျွန်မတို့ ပရလောကသားများအနေဖြင့် ဤသို့ လွဲမှားမှုကြောင့် များစွာဝမ်းနည်းဖွယ်ဖြစ်ရပါသည်။

ကျွန်မ ဤဘဝရောက်ပြီးနောက်ပိုင်းတွင် လင်နှင့်သားအပေါ် စိတ်စွဲလမ်းမှုကြောင့် ကျွန်မအိမ်ကြီးအနီးမှာပင် ဟိုဟိုဒီဒီ ပုန်းရှောင်ရင်း လင်နှင့်သားကို တွေ့နိုင်ရေးအတွက် အခွင့်အလမ်းကို စောင့်ဆိုင်းနေခဲ့ပါသည်။

ဤသို့ဖြင့် တစ်ရက်တွင် ညအမှောင်ပိုင်းရောက်သည်နှင့် လင်နှင့်သားကို စတင်၍ရှာပုံတော်ဖွင့်ခဲ့ပါသည်။ ပထမဦးဆုံးအနေဖြင့် အိမ်အတွင်းသို့ဝင်ပြီး တစ်ခန်းဝင် တစ်ခန်းထွက် ရှာပါသည်။ ထို့နောက် အိမ်ရှေ့မြေကွက်လပ်ရှိ မြက်ခင်းပြင်နှင့် ပန်းဥယျာဉ်အနီးအပါးတို့တွင် ရှာဖွေပါသည်။ မတွေ့ရသည့်အဆုံးအိမ်အပြင်ပြန်ထွက်ခဲ့ပြီး လမ်းကြီးထိန်ထိန်သာအိမ်ရှေ့လမ်းမဘက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့ပါသည်။

ထိုစဉ်မှာပင် ကိုစိန်ထွန်း၏ အလန့်တကြားအော်လိုက်သံကို အမှတ်မထင် ကြားလိုက်ရပါသည်။ အလားတူပင် မောင်စိုးသန်းနှင့် အချီအချစကားပြောနေသံကိုပါ ထပ်မံကြားရပြန်ပါသည်။

ကျွန်မ အားတက်ပြီး မျှော်လင့်ချက်ကြီးစွာဖြင့် အသံလာရာဆီသို့ ဆက်လျှောက်လာခဲ့ပါသည်။

"ဟော . . . အခုတော့ ကျွန်မ ရှာနေသော ချစ်လင်ကိုစိန်ထွန်းနှင့် သားလေးမောင်စိုးသန်းတို့ကို တွေ့နေပါလေပြီ"

အိမ်ရှေ့လမ်းမကြီးပေါ်တွင် မတ်တတ်ရပ်နေကြပြီး ကိုစိန်ထွန်းက ကျွန်မဆီသို့ အထူးအဆန်းတွေ့ရသလို လှမ်းကြည့်နေပါသည်။ ကျွန်မတွေ့ချင်ဇောဖြင့် သူတို့ရှိရာသို့ တိုးကပ်သွားပါသည်။ ကိုစိန်ထွန်း၏ အသက်ရှူလေသံကို ကြားရသည့်အထိ ရှေ့ကိုတိုးကပ်သွားပါသည်။ ပြီးမှ ကိုစိန်ထွန်း ဝမ်းသာသွားအောင် ကျွန်မရဲ့ကာမဗိန္ဒိအစွမ်းဖြင့် ကိုယ်ထင်ပြလိုက်ပါသည်။

အမှန်အားဖြင့် ယခုသို့ ကိုယ်ထင်ပြလိုက်ခြင်းမှာ ပရလောကသားများ လိုက်နာရမည့် စည်းကမ်းကို ချိုးဖောက်လိုက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ ပြုလုပ်လိုက်မိခြင်းအတွက် ကျွန်မဘဝတစ်လျှောက်လုံး နောင်တရသွားစေခဲ့ပါသည်။ ပြီးမှ ကျွန်မစိတ်ကို တည်ငြိမ်အောင်ထိန်းထားပြီး လက် ၂ ဖက်ကို လင်နှင့်သားကလေးဆီကမ်းလင့်ထားရင်း အချိုသာဆုံးအပြုံး အလှဆုံးဟန်ပန်တို့ဖြင့် ရှေ့ကို တိုးသွားပါသည်။ ယခုသို့ ပြုလုပ်နေခြင်းမှာ ယခုမှ အဆန်းမဟုတ်ပါ။ ယခင် လူ့ဘဝကစ၍ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်းသာ ဖြစ်ပါသည်။ သားလေးမွေးဖွားပြီးချိန်ကစပြီး ကျွန်မတို့ မိသားစု ဆုံတွေ့တိုင်း ဤသို့ဖက်လဲတကင်းနဲ့ပွေ့ဖက်ကြပြီး မိသားစု (၃) ဦးတို့ အချစ်ပွဲကြီး ဆင်နွှဲကြမြဲသာဖြစ်ပါသည်။

သို့ရာတွင် ယခုတစ်ခါမှာဖြင့်





ကိုစိန်ထွန်းတစ်ယောက် အရင်ကမျိုးမဟုတ်တော့ပါ။ ကျွန်မကို မြင်လိုက်ရသည်နှင့်ပင် ကျွန်မလက်ကို လှမ်းယူကြိုဆိုရမည့်အစား လူသေကောင်ကို စက်ဆုပ်ရွံရှာပုံမျိုးဖြင့် သူ့မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး နောက်ဘက်သို့ တွန့်ဆုတ်သွားပါသည်။

ကျွန်မက ရှေ့သို့တစ်လှမ်းတိုးသွားတိုင်း ကိုစိန်ထွန်းကနောက်သို့ တစ်လှမ်းဆုတ်သွားပါသည်။ ပြီးမှ သူ့နှုတ်ခမ်းများက တုန်တုန်ယင်ယင် အသံကြီးဖြင့် သူ့အနား မလာစေချင်သည့်သဘောနှင့် . . .

"မစောမြရေ . . . အမျှ အမျှ" ဟု ရွတ်ဆိုသံကြားလိုက်ရပါသည်။ ကျွန်မရဲ့မျှော်လင့်ချက်များ ခုအခါ သဲထဲရေသွန်ဖြစ်ရသည်ကို သိလာရပါပြီ။ ကျွန်မ ရင်ကွဲမတတ် ခံစားရပါသည်။

သို့တိုင်အောင် ကျွန်မ အားမလျှော့သေးဘဲ ရှေ့သို့တိုးသွားမြဲ တိုးသွားပါသည်။ သရဲဘဝရောက်နေသည့်တိုင် ကံမကောင်းသည့် ကျွန်မက ခံစားရလွန်းသဖြင့် . . .

"ကိုစိန်ထွန်းတော့ ကျုပ်ကို တကယ်ပဲ မုန်းလိုက်ပြီလား"

ဟု အော်လိုက်ပါသည်၊ သို့သော် အသံထွက်မလာပါ။ နောက်ဆုံး၏နောက်ဆုံး ကြိုးစားသောအားဖြင့် ရှေ့သို့ တစ်လှမ်းတိုးရန် ပြင်လိုက်စဉ်မှာပင် ကျွန်မကို မကြည့်လိုတော့ပြီထင်ပါသည်။ နောက်ဘက်သို့ လှည့်ပြီး ကျွန်မနှင့်ဝေးရာဆီသို့ ပြေးထွက်သွားပါတော့သည်။

လူစိမ်းကားကြီးကိုစိန်ထွန်းတစ်ယောက် ဘယ်ဆီ ဘယ်ဝယ် ရောက်လေပြီကို ကျွန်မ မသိတော့ပါ။ ကြောဝဠာတံတိုင်းအပြင်ဘက်ရောက်လေပြီလား။ လူ့ဘဝကြီးကို စွန့်လွှတ်ပြီး ကျွန်မရဲ့ဘုံဘဝဆီသို့ ပြေးလာလေပြီလား။

လူ့ဘဝတွင် ကျန်ရစ်ခဲ့သော မောင်စိုးသန်းခမျာ ယခင်မိတ်ဆိုး ဘဝမှ ယခုအခါ ဖတဆိုးဘဝမျိုး ရောက်ရပြီး ကိုယ်ကျိုးနည်းရပါလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဖြစ်သမျှအားလုံးမှာ ကျွန်မ အမှားချည်းသာဖြစ်ရတာကြောင့် ဤ အမှားအတွက် ကိုစိန်ထွန်းအစား ကျွန်မသာ ၂ ခါပြန်သေလိုက်ချင်ပါ တော့သည်။

ကံဆိုးမမိစောမြရဲ့ဖြစ်အင်ကို လင်နှင့်သားတို့ သိမြင်အောင် ကူ လှည့်ကြဖို့ မှာလိုက်ပါရစေရှင်။

ဤမှာပင် အမှောင်ထဲတွင် စခဲ့ သည့် ကျွန်မတို့ မိသားစု၏ အိပ်မက် ဆိုးကြီးသည် အမှောင်ထဲမှာပင် နိဂုံး ချုပ်ခဲ့ရပါသည်ရှင်။ မိစောမြမှာ ရေး ရေးဘဝက သံသရာဝဋ်ကြွေးရှိခဲ့ သေးရင် ယနေ့ပင် ကျေအေးခွင့် လွှတ်ပေးပါတော့ ဗုဒ္ဓရှင်ဘုရား။

Embrose Bierce ၏ The Moon lit Road ကိုမှီငြမ်းပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com